
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၂၃၀၃၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၀၅၀၄၀၉

ထုတ်ဝေခြင်း - ၂၀၀၉-မေလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၃၀၀ ကျပ်

ထုတ်ဝေသူ - ဦးလှမိုး(ဇေယျာမြေစာပေတိုက်
အမှတ်(၇၂၄) အခန်း ၁၈
ပထမထပ်၊မဟာဗန္ဓုလလမ်း။

အတွင်းပုံနှိပ် - အောင်သာ(မြ ၀၃၁၃၇)
အမှတ်(၁၇၂)၊၃၁လမ်း
ပန်းဘဲတန်းမြို့နယ်၊ရန်

မျက်နှာဖုံးပုံနှိပ် - ဦးကျော်စိန်(မြ ၀၂၉၀၉)
ကျောက်စိမ်းပုံနှိပ်တိုက်
အမှတ်(၁၇၁)၊၃၃လမ်း၊ရန်ကုန်မြို့

ကိတ္တိမ ၈၉၅.၈၃

စိတ္တဇဝိညာဉ် / ကိတ္တိမ ။ - ရန်ကုန် ။

ဇေယျာမြေစာပေ ၊ ၂၀၀၉ ။

၃၂၆ - စာ ၊ ၁၈၊ ၁၂.၅ စင်တီ။

(၁) စိတ္တဇဝိညာဉ်


BURMESE CLASSIC .com



# ကိတ္တိမ

စိတ္တဇဝိညာဉ်

www.burmeseclassic.com

www.burmeseclassic.com

## ပါဝင်သည့်အခန်းစဉ်များ


အခန်း (၁) စည်းအပြင်ကလူ

အခန်း (၂) ပရော်ဖက်ဆာကြီး၏ကံကြမ္မာ

အခန်း (၃) ကျွန်ပ်နှင့်ပုလိပ်မင်းကြီး

အခန်း (၄) ပုလိပ်မင်းကြီးခေါင်းကိုက်လေပြီ

အခန်း (၅) သဲလွန်စခြေရာ

အခန်း (၆) ဝိညာဉ်ထောင်ချောက်

အခန်း (၇) ဘယ်လိုဝိညာဉ်ပါလိမ့်

အခန်း (၈) ကျွန်ပ်နှင့်စက္ကူဒိဗ္ဗအင်း

အခန်း (၉) ထိပ်တိုက်ရင်ဆိုင်ရသောအခါ

အခန်း (၁၀) တစ္ဆေတစ်ကောင်၏ရာဇဝင်

အခန်း (၁၁) ဘာအခုမှကြောက်ပါပြီလဲ

အခန်း (၁၂) လျှို့ဝှက်ချက်ကိုသိရပြီ

အခန်း (၁၃) စားကျက်အတွင်း ရောက်ရှိလာသည့်တစ္ဆေ


အခန်း (၁၄) မေတ္တာခင်း၍ သတင်းပေးသူ

အခန်း (၁၅) ပရော်ဖက်ဆာကြီး၏ ရမ္မက်ဆန္ဒ

အခန်း (၁၆) သေမင်းခံတွင်းဝက ဆွဲထုတ်နိုင်ခဲ့ပြီ

အခန်း (၁၇) လေပွေဝဲတစ္ဆေ

အခန်း (၁၈) မရဏာကျိန်စာ


www.burmeseclassic.com

www.burmeseclassic.com

If you wish success in life, make perseverance your bosom friend, experience your wise counselor, caution your elder brother and hope your guardian genius.

သင့်အနေဖြင့် ဘဝတွင်အောင်မြင်လိုပါက လုံ့လဝီရိယကို သင်၏ငယ်ပေါင်းကြီးဖော်မိတ်ဆွေကဲ့သို့ မိတ်ဖွဲ့ထားရမည်။ သင့်အား သတိပေးသွန်သင်လေ့ရှိသည့် အစ်ကိုသဖွယ်ဖြစ်ပြီး၊ အကြံပေးပုဂ္ဂိုလ်သဖွယ်လည်းဖြစ်သော ဉာဏ်ပညာ၏အကူအညီကို ရယူပါ။ သင်၏အုပ်ထိန်းသူသဖွယ်ဖြစ်သောပါရမီကိုလည်း မျှော်လင့်ထားပါ။

ဂျိုးဇက်အက်ဒီဆန်

သူတစ်ပါးက တော်တယ်လို့ပြောတိုင်း

အဟုတ်မထင်ပါနဲ့ . . .။

ညံ့တယ်လို့ပြောတိုင်းလည်း

အဟုတ်မထင်ပါနဲ့ . . .။

ကိုယ် . . .

တော်သလား ညံ့သလားဆိုတာ

ကိုယ့်ကိုယ်တိုင်အသိဆုံးပါ . . .။

ပရော်ဖက်ဆာမိုးမောင်

www.burmeseclassic.com

www.burmeseclassic.com

လူတိုင်းမှာ အရောင်ဆိုတာရှိတယ်။
တချို့က ကိုယ့်မှာရှိတဲ့အရောင်ကို ဘယ်
လိုအခြေနေမျိုးမှာဖြစ်ဖြစ် မရိပ်မိအောင်
သိုသိုသိပ်သိပ်နေထိုင်ကြတယ်။
အရေးကြုံလာတဲ့အခါမှသာ . . . ကိုယ့်
အရောင်ကို ထုတ်သုံးကြတယ်။
အဲဒီအရောင်ဆိုတာ တခြားမဟုတ်ဘူး
. . . သူ့ရဲ့ဉာဏ်ပညာဖြစ်တယ်။

**အင်စပက်တော်မင်းမြတ်ကျော်စွာ**

## အခန်း (၁)

## စည်းအပြင်ကလူ

ထိုညကား လကွယ်ညဖြစ်၍ ဝန်းကျင်တစ်ခွင်လုံး သိပ်သိပ်သည်းသည်းမည်းမှောင်နေ၏။ တစ်နေ့ခင်းလုံး သာသာယာယာရှိနေခဲ့သည့် မိုးကောင်းကင်မှာ ညနေခင်းအချိန်သို့ ရောက်သောအခါ မိုးသားတိမ်စိုင်များ ထူထပ်စွာ ဖြန့်ကြက်အုပ်မိုးလာပြီး မိုးစက်မိုးပေါက်များ ပြင်းထန်စွာကျဆင်းလာလေ၏။

မိုးစက်မိုးပေါက်များသာမက လေပြင်းတိုက်ခတ်နေသ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် သစ်ပင်ကြီးများ ယိမ်းထိုးလှုပ်ရှားလျက်ရှိပြီး ဝန်းကျင်တစ်ခွင်လုံး တဝေါဝေါအသံများ ဆူညံလို့နေ၏။

မှတ်သုန်ရာသီ၏ ဖြစ်မြဲထုံးစံအတိုင်း လေရောမိုးပါတိုက်ခတ်ရွာသွန်းနေခြင်းဖြစ်သည်။

ဆိုးဝါးသည့်ရာသီဥတုကြောင့် အကြောင်းကိစ္စကြီးငယ်မရှိဘဲ မည်သူမျှ အပြင်မထွက်ကြပေ။

သို့ကြောင့်လည်း ဝန်းကျင်တစ်ခွင်လုံး လူသူကင်းမဲ့လျက် တိတ်ဆိတ်နေတော့၏။

ညဦးကတည်းက အရှိန်အဟုန်ပြင်းစွာ ရွာသွန်းနေသောမိုးမှာ ညဥ့်နက်ပိုင်းသို့ရောက်သည့်တိုင်အောင် ရပ်တန့်ခြင်းမရှိဘဲ မိုးစက်မိုးပေါက်များသာမက မိုးသက်လေပြင်းပါ တိုက်ခတ်လာလေရာ လွန်စွာရှေးကျသည့်နေအိမ်ကြီး၏ခြံဝင်းကြီးမှာ သစ်ပင်ကြီးများ ယိမ်းထိုးလှုပ်ရှားနေသဖြင့် တဝေါဝေါအသံများ ထွက်ပေါ်နေတော့၏။

အိမ်ကြီးမှာ လွန်စွာဟောင်းနွမ်းလျက် ရှေးကျလှသော အုတ်ခံနှစ်ထပ်အိမ်ကြီးဖြစ်သည်။ ခြံအတွင်းရှိ မရမ်းပင်၊ သရက်ပင်၊ စကားဝါပင်ကြီးများ အများအပြားရှိလေရာ ရုတ်တရက်ကြည့်သော် ခြံကြီးတစ်ခြံလုံးမှာ အုံ့ဆိုင်းမည်းမှောင်၍ အလင်းရောင်မရှိသည့် တောကြီးမျက်မည်းကဲ့သို့ထင်မှတ်ရလေ၏။





လမ်းပေါ်မှကြည့်လျှင်ပင် အိမ်ကြီးကိုမမြင်ရသလောက်ရှိလေ၏။ မြို့နှင့်မနီးသောဆိတ်ငြိမ်ရပ်ကွက်လည်း ဖြစ်ပြန်၊ အလွန်ကျယ်ဝန်းသောခြံကြီးတစ်ခြံအတွင်း၌လည်း ရှိနေပြန်သဖြင့် အချို့လူများသည် ထိုအိမ်ကြီးအနီးသို့သွားရန်ပင်ကြောက်ရွံ့ကြလေ၏။

သို့သော် ၎င်းအိမ်ကြီးအတွင်း၌ နှစ်ကာလကြာမြင့်စွာတစ်ဦးတည်းနေထိုင်သည့်ပုဂ္ဂိုလ်မှာ အသက်ခြောက်ဆယ်ဝန်းကျင်အရွယ် ဆရာဝန်ကြီးဖြစ်၏။

ဆရာဝန်ကြီး၏အမည်မှာ ဦးမိုးမှောင်ဟူ၍ ဖြစ်၏။ ထိုဆရာဝန်ကြီးသည် ဒေါက်တာမိုးမှောင်ဟူ၍ ထင်ရှားခြင်းမရှိဘဲ ပရော်ဖက်ဆာမိုးမှောင်အဖြစ် လူသိများထင်ရှားခဲ့သူဖြစ်သည်။

တချို့က သူ့ကို ဒေါက်တာဟူသည့်ဂုဏ်ပုဒ်ကို သုံးစွဲပြောဆိုကြ၏။ တချို့ကျတော့ ထိုသို့မဟုတ်မူဘဲ ပရော်ဖက်ဆာ (ပညာရှိ) ဟူသည့်ဂုဏ်ပုဒ်ကို သူ၏အမည်နှင့်တွဲဖက်၍ လေးစားရိုကျိုးစွာ ပြောဆိုဆက်ဆံကြ၏။

ဆရာဝန်ကြီးဦးမိုးမှောင်မှာ အမည်ထူးခြားသည်သာမက လူ၏ပုံပန်းသဏ္ဌာန်နှင့် ကိုယ်ရည်ကိုယ်သွေးမှာလည်း ထူးခြား၏။

သူသည် ဆေးပညာသင်ယူတတ်မြောက်ပြီးသည့်ကာလ



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမိုးမောင်ဟူ၍ ခံယူသော်လည်း ၎င်းဆေးပညာကို တစ်ဖက်ကမ်းခပ် ကျွမ်းကျင်တတ်မြောက်သည့်အထိ အနောက်ဥရောပနိုင်ငံကြီးများသို့တိုင် နှစ်ကာလကြာမြင့်စွာ သွားရောက်ဆည်းပူးပြီးသည့်နောက်ပိုင်းကာလများတွင်မှာတော့ ဒေါက်တာဟူသည့်ဂုဏ်ပုဒ်ကို နှစ်သက်ခြင်းမရှိတော့ပေ။

သူသည် မိမိကိုယ်မိမိ ပရော်ဖက်ဆာမိုးမောင်ဟူ၍ ခံယူပြီး အများက ဒေါက်တာဟုသုံးနှုန်းပြောဆိုသည့်အခါ ဟန်ပင်မဆောင်နိုင်လောက်အောင် ဘဝင်မကျဖြစ်သွားပြီး ထိုသူများကို ဒေါသတကြီးကြည့်လျက် . . .

"ကျုပ်ကို ဒေါက်တာဆိုတဲ့အသုံးအနှုန်းမျိုးနဲ့ နောင်အခါ ဘယ်တော့မှမဆက်ဆံပါနဲ့၊ ကျုပ်ဟာ သာမန်ဆရာဝန်တစ်ယောက်မဟုတ်ဘူး၊ ဆေးပညာကို စနစ်တကျ သုတေသနပြုနေတဲ့ ပညာရှင်အဆင့်ပျ ဒီတော့ . . . ခင်ဗျားတို့ ကျုပ်ကိုပြောဆိုဆက်ဆံတဲ့အခါမှာ ပရော်ဖက်ဆာကြီးလို့ သုံးနှုန်းပြောဆိုပါ၊ အဲဒီလိုပြောဖို့ လျှာခလုတ်တိုက်နေမယ်ဆိုရင် ရိုးရိုးရှင်းရှင်း ဆရာကြီးလို့ သုံးနှုန်းပြောဆိုနိုင်တယ်"

ဟူ၍ အတိအလင်းပြောဆိုလေရာ မည်သူမျှ စောဒကမတက်ဝံ့ကြတော့ဘဲ ၎င်း၏ဆန္ဒအတိုင်း သုံးနှုန်းပြောဆိုကြရာမှ သူသည် ပရော်ဖက်ဆာကြီးဦးမိုးမောင်ဟူ၍ လူသိများထင်ရှား





လာခဲ့တော့၏။

ထိုခေတ် ထိုကာလက လောကဓာတ်ပညာတွင် လွန်စွာထိပ်တန်းရောက်လျက်ရှိသည့်နိုင်ငံမှာ ဂျာမဏီနိုင်ငံဖြစ်သည်။ ဦးမိုးမောင်သည် ဂျာမဏီနိုင်ငံရှိ ဆေးဝါးသုတေသနအလုပ်ရုံတွင် နှစ်ကာလကြာမြင့်စွာ ပညာဆည်းပူးခဲ့သူဖြစ်ရာ မြန်မာနိုင်ငံဆရာဝန်လောကတွင် ပညာရှင်အချင်းချင်းကပင် အထင်ကြီးလေးစားခြင်းကို ခံရလေ၏။

သို့ကြောင့်လည်း လူပုဂ္ဂိုလ်နယ်ပယ်တွင်သာမက ပညာရှင်နယ်ပယ်တွင်လည်း ပရော်ဖက်ဆာမိုးမောင်ဟူ၍ ထင်ရှားခဲ့လေ၏။

သူသည် ပညာရပ်တစ်ခုခုကို စိတ်ရှည်ဖွဲ့သန်စွာဖြင့် ကြိုးစားလုပ်ကိုင်သူဖြစ်သည်။ အထူးသဖြင့် အချိန်အခါမဟုတ်ဘဲ ဆန္ဒစောသည့်အပြုအမူမျိုး ဘယ်တော့မှပြုလုပ်ခြင်းမရှိပေ။ စနစ်တကျ ကြိုတင်ပြင်ဆင်ပြီးပါက အချိန်မဆိုင်းဘဲ ဝီရိယကြီးစွာလုပ်ကိုင်၏။

မိမိ ဆောင်ရွက်ရမည့်ကိစ္စရပ်တိုင်းမှာ လိုအပ်သည့်အချက်အလက်များကို စိတ်ရှည်စွာစုဆောင်းနိုင်စွမ်းသူ ဖြစ်သည်။ အခြေအနေနှင့် အချိန်အခါကိုလည်း ကောင်းစွာတွက်ဆနိုင်သူဖြစ်၍ ၎င်းကုသပေးသည့်လူအများမှာ ဝေဒနာသက်သာပျောက်



www.burmeseclassic.com

www.burmeseclassic.com



ကင်းသွားသည်ချည်း ဖြစ်၏။

ခပ်ငယ်ငယ်အရွယ်ကောင်းစဉ်က သူသည် ရန်ကုန်မြို့၏ အထင်ကရနေရာဖြစ်သည့် ရွှေဘုံသာလမ်းတွင် ကိုယ်ပိုင်ဆေးခန်းဖွင့်လေရာ သူ၏ဆေးခန်းမှာ လူနာပြတ်သည်ဟူ၍ မရှိဘဲ အချို့လူနာများဆိုလျှင် မိမိတို့အလှည့်ရောက်ရှိဖို့ ကြိုတင်အမည်စာရင်းပေးသွင်းလျက် စောင့်ဆိုင်းကြရလေ၏။

ဆေးပညာ တစ်ဖက်ကမ်းခပ် ကျွမ်းကျင်သူဖြစ်၍ တချို့သော ဆရာဝန်များနှင့် ဆေးဝါးတတ်ကျွမ်းသူ ကွန်ပေါင်ဒါများသည် သူ့ထံတွင် တပည့်ခံ၍ ပညာဆည်းပူးရန် ချဉ်းကပ်လာကြသော်လည်း သူသည် ထိုသူများကို လိုလားခြင်းမရှိဘဲ ငြင်းပယ်ခဲ့သည်ချည်းဖြစ်၏။

ထိုလူများကလည်း အများနှင့်မတူ လူမှုဆက်ဆံရေးညံ့ဖျင်းလှသည့် သူ၏အကြောင်းကိုသိရှိသည်နှင့် ခပ်မြန်မြန်ပင်ရှောင်ဖယ်နောက်တွန့်သွားကြ၏။

သို့သော်လည်း ပရော်ဖက်ဆာကြီးဦးမိုးမှောင်သည် ထူးထူးခြားခြားဆိုသလိုပင် သူနှင့်အသက်အရွယ်အနည်းငယ်မျှ ငယ်ရွယ်သည့် ဆရာဝန်တစ်ဦးကိုတော့ မိတ်ဆွေရင်းပမာ ခင်မင်လေ၏။ ၎င်းဆရာဝန်ကိုလည်း သူ၏လက်ထောက်ဆရာဝန်အဖြစ် တာဝန်ပေးပြီး ဆေးပညာကိုသင်ကြားပေးလေ၏။





၎င်းဆရာဝန်၏အမည်မှာ ဒေါက်တာမျိုးဆွေဖြစ်၏။

ပရော်ဖက်ဆာကြီးမိုးမှောင်သည် မည်သည့်ဆရာဝန်ကလက်လျှော့သည်ဖြစ်စေ ... သူ့ထံသို့ရောက်ရှိလာပါက မျက်ဖြူဆိုက်နေသောလူနာပင်ဖြစ်လင့်ကစား အသက်ချမ်းသာရာရသည်ဟု လူနာရှင်တို့ ချီးကျူးပြောဆိုကြရလောက်အောင် ထင်ရှားကျော်ကြားသူဖြစ်သည်။

သို့ကြောင့်လည်း ငွေပဒေသာပင်ကြီးတွေပေါက်နေသကဲ့သို့ ဒီရေအလား ထားစရာမရှိအောင် စီးပွားရေးတက်ခဲ့လေ၏။ ထို့ပြင် ဂုဏ်ရှိန်မြင့်မားသည့် သူ၏ဘဝမှာ ဘယ်လိုမှထင်မှတ်မထားသည့် ကံကြမ္မာအလှည့်အပြောင်းနှင့် ရင်ဆိုင်ရလေရာ သူသည် ကြေကွဲဝမ်းနည်းစွာဖြင့် မိမိပိုင်ဆိုင်(?)သည့် ဂုဏ်ပကာသနများကို အပြီးတိုင်စွန့်လွှတ်လိုက်ရလေ(?)။

လွန်ခဲ့သော အနှစ်နှစ်ဆယ် ဝန်းကျင်ကာလဖြစ်သည်။

သူသည် မိမိတတ်ကျွမ်းသောဆေးပညာဖြင့် လူအမြောက်အမြား၏အသက်ကို ကယ်တင်နိုင်ခဲ့၏။ သူ လွန်စွာချစ်ခင်မြတ်နိုးသည့်ဇနီးကိုတော့ ကယ်တင်နိုင်ခြင်းမရှိခဲ့ပေ။

သူ၏ဇနီးမှာ သမီးငယ်လေး ခြောက်လအရွယ်မှာပင် သူ့ကိုပစ်ခွာလျက် သေမင်းရွာသို့ လိုက်ပါသွားလေ၏။

ထိုဖြစ်ပျက်မှုကြောင့် သူသည် ဝေဒနာနှစ်မျိုးခံစားခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



၏။ တစ်မျိုးမှာ မိမိလွန်စွာချစ်ခင်တွယ်တာသည့် ဇနီးသည် ဆုံးပါးသွားရခြင်းအတွက် လွမ်းတသသခံစားမှုဖြစ်ပြီး တစ်မျိုးမှာတော့ မိမိ၏ဂုဏ်သိက္ခာထိပါးစော်ကားခံရသည့် ခံစားမှုမျိုးဖြစ်သည်။

မည်သည့်ဝေဒနာသည်မျိုးကိုမဆို သေမင်းနှင့်အပြိုင် လွန်ဆွဲရင်း အောင်မြင်အောင်စွမ်းဆောင်နိုင်သည့် ဆရာဝန်ကြီးမှာ သူ၏ဇနီးကိုတော့ ထိုသို့စွမ်းဆောင်နိုင်ခြင်းမရှိသည့်အတွက် လူအများ၏လှောင်ပြောင်ပြစ်တင်ခြင်းကို ခံရသောကြောင့်ဖြစ်သည်။ ထိုအချိန်မှစ၍ ပရော်ဖက်ဆာကြီးမိုးမှောင်သည် လူအများနှင့်တရင်းတနှီးနေထိုင်ခြင်းကိုရှောင်ဖယ်လျက် တစ်ဦးတည်း တသီးတသန့်နေထိုင်လာခဲ့ရာ ကာလအနည်းငယ်ကြာလာသည်တွင် ဆရာဝန်လောကတွင် သူ၏အမည်မှာလည်း တဖြည်းဖြည်း မှေးမှိန်သွားတော့၏။

သူ၏ဆေးခန်းကိုလည်း အပြီးတိုင်ပိတ်လိုက်ရာ အချို့က နိုင်ငံခြားသို့ အပြီးတိုင်ထွက်သွားပြီဟု ထင်မှတ်ကြလေ၏။ အမှန်မှာ သူသည် မြို့ထဲရွာထဲတွင် နေထိုင်လိုစိတ်မရှိတော့၍ ပြင်ဦးလွင်မြို့စွန်ရှိ ကြီးမားသောခြံဝင်းကြီးကို ဝယ်ယူလျက် မည်သူနှင့်မျှအဆက်အဆံမပြုလုပ်ဘဲ တစ်ဦးတည်း နေထိုင်ခဲ့ခြင်းဖြစ်သည်။

◉ စေတနာလွင်စာပေ ◉



ထိုသို့နေထိုင်ရင်း သူသည် ရည်ရွယ်ချက်ကြီးစွာဖြင့် မိမိတတ်ကျွမ်းသည့်ဆေးပညာကို သုတေသနပြု စမ်းသပ်လုပ်ကိုင်နေလေရာ ထိုသို့လုပ်ကိုင်ရင်းဖြင့် မိမိဘဝအပေါ် ကျေနပ်နေလေတော့၏။

သူကိုယ်တိုင်ကား ပြင်ပသို့သွားလာခြင်းအမှုဟူ၍ လုံးလုံးမပြုသလောက် နည်းပါးလေ၏။ အိမ်ကြီးမှာ ဟောင်းနွမ်းနေသည်ဟု ထင်မှတ်ရသော်လည်း အတွင်း၌ကား ခိုင်ခံ့သစ်လွင်သော အခန်းကြီး၊ နံရံကြီးများ၊ အံဝှက်တံခါးဝှက်များနှင့် စိတ်တိုင်းကျပြုပြင်ဆောက်လုပ်ထား၏။

မန္တလေးမြို့တွင် ရှေးကျ၍ ကြီးကျယ်ခမ်းနားသော ဆေးတိုက်ကြီးရှိ၏။ ၎င်းဆေးတိုက်မှာ ပရော်ဖက်ဆာကြီးမိုးမှောင်၏ဆေးတိုက်ဖြစ်သော်လည်း သူသည် ထိုဆေးတိုက်သို့ တစ်ကြိမ်တစ်ခါမျှ သွားရောက်ခြင်းမရှိပေ။ မိမိ၏တပည့်ရင်းလည်းဖြစ်၊ လက်ထောက်ဆရာဝန်လည်းဖြစ်သော၊ သစ္စာလည်းရှိ၊ ညီရင်းအစ်ကိုတမျှလည်းချစ်ခင်သော ဒေါက်တာမျိုးဆွေကို အပြီးတိုင် လွှဲအပ်ပေးခဲ့၏။

လုပ်ငန်းကိစ္စများသာမက သူ၏ကိုယ်ရေးကိုယ်တာ အကြံအစည်အမျိုးမျိုးတို့အပြင် သားရေးသမီးရေး၊ စီးပွားရေးမှအစ ဒေါက်တာမျိုးဆွေကိုသာလျှင် တာဝန်လွှဲအပ်ထား၏။

◉ စေတနာလွင်စာပေ ◉

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမျိုးဆွေမှာလည်း ပရော်ဖက်ဆာကြီးမိုးမှောင်၏ ပညာဉာဏ်ကြီးမားခြင်းကိုလေးစားကြည်ညိုသူဖြစ်ရာ မိမိအပေါ်တွင်လည်း သွေးရင်းသားရင်းကဲ့သို့ ကူညီစောင့်ရှောက်သည့် စေတနာကို အထူးပင်တန်ဖိုးထားပြီး အစစအရာရာတွင် ပရော်ဖက်ဆာကြီးအလိုရှိသမျှ သေသပ်ကျနစွာ ဆောင်ရွက်လုပ်ကိုင်ပေးလေ၏။

ထိုသို့နေထိုင်လာခဲ့ရာမှ ဆယ်စုနှစ်နှစ်ခုမျှ ကုန်လွန်လာခဲ့သည်တွင် ၎င်းတို့၏အသက်အရွယ်များမှာလည်း ခြောက်ဆယ်ဝန်းကျင်အရွယ်သို့တိုင် ရောက်ရှိခဲ့ကြ၏။ ထိုကာလ၏ နေ့တစ်နေ့တွင် ပရော်ဖက်ဆာကြီးမိုးမှောင်သည် အထူးပင်ရွှင်လန်းတက်ကြွနေလေ၏။

ထိုနေ့ ညနေစောင်းအချိန်တွင် သူ၏လူယုံ ဒေါက်တာမျိုးဆွေကိုလည်း ရောက်ရှိလာရန် မှာကြားထားလေ၏။ ဒေါက်တာမျိုးဆွေလည်း ပရော်ဖက်ဆာကြီးမိုးမှောင်က အစစအရာရာဖွင့်ဟပြောဆိုထားပြီးဖြစ်၍ ပရော်ဖက်ဆာကြီးကဲ့သို့ပင် အားတက်သရောအမူအရာဖြင့် ရောက်ရှိလာခဲ့၏။

ဒေါက်တာမျိုးဆွေသည် ပရော်ဆက်ဆာကြီးမိုးမှောင်နှင့် တွေ့ဆုံရန်ရောက်ရှိလာတိုင်း မည်သို့ရင်းနှီးသည့်မိတ်ဆွေပင်ဖြစ်စေ အဖော်ခေါ်လာခြင်းမရှိဘဲ သူတစ်ဦးတည်း ကားကို





ကိုယ်တိုင်မောင်း၍ ရောက်ရှိလာစမြဲဖြစ်သည်။

မိတ်ဆွေအပေါင်းအသင်းကိုသာမက သူ၏သားသမီးများကိုပင် အဖော်ခေါ်ခြင်းမပြုပေ။ ထိုနေ့မှာလည်း သူသည် အဆောတလျင်အမူအရာဖြင့် ကားကိုကိုယ်တိုင်မောင်းလျက် အခြား မည်သူ့ကိုမျှဂရုမစိုက်ဘဲ ဆင်ဝင်အောက်သို့ လျှောခနဲထိုးရပ်လိုက်၏။

ထို့နောက် သူသည် ကားနောက်ပိုင်းတွင်ယူဆောင်လာသည့် ဆယ့်နှစ်လက်မပတ်လည်ခန့်မျှရှိသော သားရေလက်ဆွဲသေတ္တာကလေးကို ပွေ့ယူလျက် အိမ်အဝင်တံခါးမကြီးဆီသို့ သုတ်သီးသုတ်ပျာသွားပြီး တံခါးကိုခေါက်လိုက်ရာ အတွင်းမှ ပရော်ဖက်ဆာကြီး၏မျက်နှာတစ်ခြမ်းထွက်ပေါ်လာ၏။

ဒေါက်တာမျိုးဆွေရောက်ရှိလာပြီး မကြာခင် ကောင်းကင်တစ်ပြင်လုံး မိုးသားတိမ်စိုင်များ အုံ့ဆိုင်းလာသကဲ့သို့ ပုံမှန်တိုက်ခတ်နေသောလေပြည်လေညင်းမှာ တဖြည်းဖြည်း ပြင်းထန်လို့လာ၏။ မကြာမီ မိုးသက်လေပြင်းများကျရောက်မည့်လက္ခဏာပင် ဖြစ်သည်။

ပရော်ဖက်ဆာကြီးမှာ ဒေါက်တာမျိုးဆွေကို မြင်လျှင်မြင်ချင်း တံခါးကို အလျင်စလိုဖွင့်ပေးပြီး . . .

“တော်သေးတာပေါ့ . . . တစ်နေ့ခင်းလုံး သာယာနေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ရာသီဥတုက ညနေခင်းရောက်မှ ကောက်ကာငင်ကာပြောင်းလဲသွားတယ်၊ မင်း အချိန်မီရောက်လာပါ့မလားလို့ စိုးရိမ်သွားတာ ...မိုးနဲ့လေနဲ့ဆိုရင် ကားမောင်းရတာ အန္တရာယ်များတယ်''

ဟူ၍ ပြောဆိုနှုတ်ဆက်ပြီး ဒေါက်တာမျိုးဆွေ အိမ်အတွင်းဝင်ရောက်ပြီးသည်နှင့် တံခါးကို လေသလပ်ပင်မခံ ... လျှင်မြန်စွာ ပြန်ပိတ်လိုက်လေ၏။

ပရော်ဖက်ဆာကြီးမိုးမှောင်သည် အရပ်မြင့်၍ ကိုယ်လုံးကိုယ်ထည် အတော်အသင့်ထွားကျိုင်း၏။ အသက်အရွယ်မှာ ခြောက်ဆယ်နီးပါးရှိသူဖြစ်သော်လည်း အတော်ပင် ဖျတ်လတ်သွက်လက်သူဖြစ်၏။

ဒေါက်တာမျိုးဆွေသည် သူလေးစားချစ်ခင်သော ပရော်ဖက်ဆာကြီး၏စိတ်နေသဘောထားကို သိထားသူဖြစ်၍ ထိုညတွင် အစစအရာရာအဆင်ပြေချောမွေ့စေရန် ပရော်ဖက်ဆာကြီးမှာကြားသည့်အတိုင်း စီစဉ်ဆောင်ရွက်ခဲ့၏။ ထို့နောက် သူသည် ပရော်ဖက်ဆာကြီးခေါ်ဆောင်ရာ တိုက်အပေါ်ထပ်သို့လိုက်ပါသွား၏။

အပေါ်ထပ်ဧည့်ခန်း၏ ဆိုဖာပေါ်တွင် တစ်ပတ်နွမ်းအဝတ်အစားများဝတ်လျက် အကျအနထိုင်လျက်ရှိသည့် လူငယ်





တစ်ဦးကိုတွေ့လိုက်ရ၏။ လူရွယ်သည် အသားမဖြူ မညို၊ မျက်နှာသွယ်သွယ်ရှိပြီး ခင်မင်နှစ်လိုဖွယ်အမူအရာမျိုး ဖြစ်သည်။

ကိုယ်လုံးကိုယ်ထည်အချိုးအစားအားဖြင့်လည်း ပြေပြစ်ကျနလျက်ရှိရာ ကျန်းမာရေးအထူးကောင်းမွန်သူဖြစ်ကြောင်း ထင်ရှားပေါ်လွင်လှပေ၏။

ပရော်ဖက်ဆာကြီးက ထိုလူငယ်မှာ လွန်ခဲ့သော တစ်နာရီခန့်ကတည်းက ရောက်ရှိလာခဲ့ကြောင်း ပြောပြပြီးနောက် ဒေါက်တာမျိုးဆွေကို နောက်ဖေးဘက်ရှိအခန်းကျယ်ကြီးသို့ ခေါ်ဆောင်သွားလေ၏။

ထိုအခန်းမှာ ပေနှစ်ဆယ်ခန့်ရှည်လျား၍ အခန်းနံရံတစ်ဖက်ရှိစင်များပေါ်တွင် ဆေးပုလင်းများ၊ ဖန်ဘူးဖန်ခွက်များ၊ အရက်ပြန်မီးဖိုနှင့် ခွဲစိတ်ကိရိယာများ၊ ဖန်ပြွန်များ၊ ဓာတ်မီးလုံးများ ...စသော ဆရာဝန်သုံးကိရိယာများကို တွေ့ရလေ၏။

အခြားနံရံတစ်ဖက်တွင်လည်း စာအုပ်များဖြင့် ပြည့်နှက်လျက်ရှိ၏။ ထိုအခန်းမှာ ပရော်ဖက်ဆာကြီးမိုးမှောင်၏ ဆယ်စုနှစ်နှစ်စုကျော်မျှ ကာလတိုင်အောင် သူ၏ဆေးသုတေသနလုပ်ငန်းများကို အဓိကဆောင်ရွက်လုပ်ကိုင်သည့် အခန်းပင်ဖြစ်သည်။

အခန်းမျက်နှာကြက်များတွင်လည်း အလင်းအား



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသည့် မီးမောင်းကြီးများတပ်ဆင်ထားလေရာ ထိုအခန်းအတွင်းသို့ သာမန်လူတစ်ဦးတစ်ယောက်သာ ဝင်ရောက်လာပါက ကြက်သီးမွေးညင်းများထလျက် တုန်လှုပ်ချောက်ချားသွားပေလိမ့်မည်။

ဒေါက်တာမျိုးဆွေသည် သူယုံကြည်ကိုးစားသည့် ဦးမိုးမောင်၏ဆေးပညာကို အနီးကပ်ဆည်းပူးသင်ယူခဲ့သူဖြစ်၍ ဦးမိုးမောင်၏ပညာဉာဏ်စွမ်းကို ယုံကြည်သူဖြစ်၏။ ဆေးခန်းဖွင့်ပြီး ဆေးကုခြင်းအလုပ်ကို စွန့်လွှတ်ပြီးသည့်အချိန်မှစ၍ နှစ်ပေါင်းနှစ်ဆယ်ကြာမြင့်သည့်ကာလအတွင်း သူ၏ဆရာဦးမိုးမောင်မှာ ၎င်းစိတ်အားထက်သန်သည့် ဆေးသုတေသနလုပ်ငန်းကိုသာ အချိန်ပြည့်အာရုံစိုက်လျက် တီထွင်ကြံဆနေသူဖြစ်ကြောင်း သိရှိထားပြီး စမ်းသပ်မှုတစ်မျိုးတွေ့ရှိလေတိုင်း မိမိအားခေါ်ယူ၍ လျှို့ဝှက်မှတ်တမ်းတင်နိုင်းလေ၏။

ဦးမိုးမောင်သည် ပရော်ဖက်ဆာကြီးဟူသော ဂုဏ်ထူးဝိသေသနှင့်လိုက်ဖက်ပါပေ၏။

အကြောင်းကား ထိုသို့သုတေသနပြု၍ ရရှိခဲ့သည့် အချက်အလက်များမှာ ဆေးပညာလောကတွင် မည်သည့်ပညာရှင်မှ ဖော်ထုတ်နိုင်စွမ်းမရှိသည့်လွန်စွာအရေးပါသော တွေ့ရှိချက်များဖြစ်ကြောင်း မိမိကိုယ်တိုင် ဆရာဝန်တစ်ဦးဖြစ်၍ ကောင်းစွာ





သိရှိနေသောကြောင့်ဖြစ်သည်။

ထိုအခါ ... ဒေါက်တာမျိုးဆွေသည် ယခင်ရှိရင်းစွဲရှိသေလေးစားခြင်းထက် အဆများစွာသာလွန်ပြီး မိမိဆရာ၏ဉာဏ်ပညာကြီးမြင့်မှုကို လေးစားကြည်ညိုမိတော့၏။

ဦးမိုးမောင်သည် သူ၏သုတေသနတွေ့ရှိချက်များကို လျှို့ဝှက်မှတ်တမ်းပြုစုလေတိုင်း ဒေါက်တာမျိုးဆွေကို ခေါ်ယူစမြဲဖြစ်၏။

ထိုမှတ်တမ်းများကို သတင်းပေါက်ကြားခြင်းမရှိစေရန် အတွက်လည်း ဒေါက်တာမျိုးဆွေကို စောင့်စည်းထိန်းသိမ်းနေထိုင်ရန် အထူးမှာကြားလေ၏။

ဒေါက်တာမျိုးဆွေမှာလည်း ကတိသစ္စာတည်ကြည်သူဖြစ်၍ မိဘသဖွယ်ယုံကြည်ကိုးစားသူ၏ဆန္ဒကို အသက်နှင့်လဲ၍ စောင့်ထိန်းလိုက်နာသူဖြစ်ကြောင်း ဦးမိုးမောင်လည်းသိရှိသဖြင့် ၎င်း၏ဆန္ဒကို ထိုသို့သိရှိစေခြင်းဖြစ်၏။

လွန်ခဲ့သည့် နှစ်အနည်းငယ်ခန့်က ဒေါက်တာမျိုးဆွေက ထိုမျှလျှို့ဝှက်နက်နဲသည့် စမ်းသပ်တွေ့ရှိချက်များကို ဆေးပညာလောကသို့ ထုတ်ဖော်ကြေညာမည်ဆိုပါက မြန်မာနိုင်ငံသာမက လောကဓာတ်ပညာတွင် လွန်စွာရှေ့တန်းရောက်နေသည့် အနောက်ဥရောပနိုင်ငံများကပါ အံ့သြတုန်လှုပ်သွားကြမည်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ ထိုအခါ ပရော်ဖက်ဆာကြီးမှာ အောင်မြင်မှုကိုသာမက ကမ္ဘာ့သန်းကြွယ်သူဌေးကြီးကဲ့သို့ပင် ငွေကြေးကြွယ်ဝမည်ဟူ၍ မိမိဆရာကျေးဇူး၏အကျိုးအတွက် တိုက်တွန်းပြောဆိုခဲ့ဖူး၏။

ထိုစဉ် ဦးမိုးမောင်သည် ပြုံးကျယ်သောသူ၏ မျက်ဝန်းကြီးဖြင့် မျက်နှာကြက်ကို အတန်ကြာမျှစူးစိုက်ကြည့်ပြီးနောက် ဦးခေါင်းကို လေးပင်စွာခါယမ်းလိုက်လေ၏။

''မင်း ... ကို ... ငါ မေးခွန်းတွေမေးမယ် ... မင်း စိတ်ထဲရှိတဲ့အတိုင်း ဖြေရမယ်''

''ဟုတ်ကဲ့ ... ဖြေပါ့မယ်''

''ငါ့နေရာမှာ မင်းဆိုရင် ဘာလုပ်မလဲ''

''ဟား ... ဘာပြောကောင်းမလဲ ဆရာကြီးရယ် ... မိမိရဲ့အောင်မြင်မှုကို ထုတ်ဖော်ပြီး ပညာရှင်လောကကြီးကို လွှမ်းမိုးလိုက်မှာပေါ့၊ အောင်မြင်မှုသာမကဘူး ... ငွေကြေးဆိုတာလည်း တာကျိုးလို့လွှတ်ထွက်လာတဲ့ရေလို တသဲသဲ မစဲအောင် အရယူရမှာပေါ့ ...''

ဟူ၍ အားရဝမ်းသာပြောလေရာ သူ၏ အမူအရာကို ကြည့်၍ ပရော်ဖက်ဆာကြီးသည် ပြုံးကျယ်သည့်မျက်ဝန်းများ မှေးစင်းသည်အထိ ရယ်မောလေ၏။ ထို့နောက် နားမလည်နိုင်သည့်မျက်ဝန်းဖြင့် ၎င်းအားကြည့်နေသည့် ဒေါက်တာမျိုး





ဆွေ၏မျက်ဝန်းကို စူးစိုက်ကြည့်လိုက်ပြီး ...

''မင်း ဒီလိုပြောလိမ့်မယ်လို့ ငါ တွေးမိသားပဲ၊ တစ်နေ့နေ့မှာ အခုလိုပဲ မင်း ... ငါ့ကိုတိုက်တွန်းပြောလာမှာကိုလည်း ငါ တွေးပြီးသားပါ''

ဟု ပြောလိုက်ပြီးနောက် ပရော်ဖက်ဆာကြီးသည် တစ်စုံတစ်ရာကို အလေးအနက်ပြောရန်ဟန်ပြင်လေတိုင်း ပြုနေကျအပြုအမူဖြစ်သည့် ဆင်စွယ်ရိုးတပ်ဆေးတံအိုးအတွင်း ဆေးတစ်ဆုံဖြည့်၍ မီးညှိဖွာရှိုက်လိုက်လေ၏။

ထိုသို့ဖွာရှိုက်ရင်း ပြောလာသည့်စကားများကို ကြားရစဉ်မှာတော့ ဒေါက်တာမျိုးဆွေသည် မိမိ၏ကျေးဇူးရှင် ပရော်ဖက်ဆာကြီး၏ ကြီးကျယ်ခမ်းနားသော ရည်ရွယ်ချက်များကို တအံ့တသြ သိလိုက်ရတော့၏။

ပရော်ဖက်ဆာကြီးသည် သူ၏သုတေသနတွေ့ရှိချက်များကို မိမိတစ်ဦးတည်းကိုယ်ကျိုးအတွက် ရည်ရွယ်ခြင်းမဟုတ်ကြောင်း၊ သူ့ကျွန်ဘဝရောက်နေသည့် မိမိတိုင်းပြည်နှင့်လူမျိုးအကျိုးစီးပွားအတွက် ရည်ရွယ်ထားကြောင်း၊ ပညာရှင်တစ်ဦးစမ်းသပ်ဖော်ထုတ်လိုက်သည့် နည်းပညာရပ်တစ်ခုသည် လူသားထုတစ်ရပ်လုံးအတွက် အကျိုးကိုဖြစ်ထွန်းနိုင်သလို အဆိုးကိုလည်း ကျရောက်သွားနိုင်ကြောင်း၊ အင်ပါယာဆိုတာ စစ်နှင့်ချည်



www.burmeseclassic.com

www.burmeseclassic.com



ဆောက်ရတယ်ဆိုသည့် ကိုလိုနီစနစ်ဆိုးမှာ မကြာခင် ကျဆုံးတော့မည်ဖြစ်ကြောင်း၊

ခေတ်ကာလရေစီးကြောင်းမှာ ပြောင်းလဲနေပြီဖြစ်၍ ထိုသို့ယူဆနေသည့် နိုင်ငံကြီးတွေမှာ ပညာရှင်တွေကို အထူးအခွင့်အရေးများပေး၍ ချီးမြှင့်မြှောက်စားလျက် အင်ပါယာဆိုတာကို ပညာနှင့်လွှမ်းမိုးဖို့ ကြိုးစားနေကြသည်မှာ ထင်ရှားကြောင်း၊ သို့ကြောင့်လည်း မိမိမှာ မိမိနိုင်ငံနှင့်လူမျိုးအတွက် သုတေသနလုပ်ငန်းကို လျှို့ဝှက်စွာလုပ်ကိုင်နေခြင်းဖြစ်ကြောင်း စသဖြင့် သူ၏ခံယူချက်များကို ဖွင့်ဟပြောပြလေ၏။

ပရော်ဖက်ဆာကြီးသည် သူ အဆုံးစွန်မျှော်မှန်းထားသည့် အခြေအနေသို့ရောက်ရှိရန် ကာလများစွာကြာမြင့်တော့မည်မဟုတ်ကြောင်း၊ ထိုအခါတွင် နှစ်ပေါင်းများစွာလျှို့ဝှက်ပြီး သုတေသနပြု၍ ရှာဖွေတွေ့ရှိချက်များကို အတိအလင်းထုတ်ဖော်ကြေညာရန် ဆုံးဖြတ်ထားကြောင်း ဒေါက်တာမျိုးဆွေသိရှိခဲ့ရ၏။

ပရော်ဆက်ဆာကြီးသည် ၎င်းခံယူချက်များကို တစ်ကြိမ်တစ်ခါမှ ထုတ်ဖော်ပြောပြခြင်းမရှိခဲ့ပေ။ ထိုသို့သိလိုက်ရသည့်အခါ ဒေါက်တာမျိုးဆွေသည် ပရော်ဖက်ဆာကြီး၏ အာဇာနည်စိတ်နေသဘောထားအပေါ်တွင် အတိုင်းအဆမဲ့ ကြည်ညိုလေးစားသွားလေ၏။





ထို့နောက်ပိုင်းကာလများတွင် ဒေါက်တာမျိုးဆွေသည် ပရော်ဖက်ဆာကြီး၏ သုတေသနလုပ်ငန်းများကို ယခင်ကနှင့်မတူ အထူးပင်အလေးထားလျက် ပံ့ပိုးလုပ်ကိုင်ပေးလေ၏။

ထိုနေ့မှာတော့ ဒေါက်တာမျိုးဆွေသည် ယခင်ကနှင့်မတူ အထူးပင်စိတ်လှုပ်ရှားနေလေ၏။

အကြောင်းကား တစ်ချိန်ကပရော်ဖက်ဆာကြီး အလေးအနက်ပြောကြားခဲ့သည့် မိမိမျှော်မှန်းသည့်အခြေအနေမျိုး ရောက်ရှိတော့မည်ကိုသိရှိနေ၍ဖြစ်သည်။

၎င်းသုတေသနပြုလုပ်မှု အောင်မြင်ပြီးမြောက်ပါက ပရော်ဖက်ဆာကြီးသည် သူ၏ရည်ရွယ်ချက်အတိုင်း နှစ်ကာလများစွာ ကြံစည်လုပ်ကိုင်ခဲ့သည့် နည်းပညာရပ်များကို ကမ္ဘာသို့ အတိအလင်းထုတ်ဖော်ကြေညာတော့မည်ဖြစ်၏။

ထို့ကြောင့်လည်း ပရော်ဖက်ဆာကြီးသည် ခါတိုင်းနေ့များနှင့်မတူ ထူးထူးကဲကဲ စိတ်အားထက်သန်နေခြင်းဖြစ်သည်။ ထိုဆောင်ရွက်မှုမှာ လွန်စွာအန္တရာယ်ကြီးသကဲ့သို့ အနည်းငယ်မျှ တိမ်းစောင်း၍မရသည်ကြောင့် သူတို့နှစ်ဦးသည် ကာလများစွာအချိန်ယူ၍ စနစ်တကျပြင်ဆင်ခဲ့ရ၏။

ဒေါက်တာမျိုးဆွေရောက်ရှိပြီး မကြာခင်မှာပဲ ပရော်ဖက်ဆာကြီးသည် ကြိုတင်စီစဉ်ရမည့်ကိစ္စများကို စနစ်တကျ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်လေတော့၏။ ထိုအခါ ဒေါက်တာမျိုးဆွေလည်း ဘန်ကောက်လုံချည်၊ သင်္ကလတ်အင်္ကျီမဟုတ်တော့ဘဲ ရှပ်အင်္ကျီအဖြူနှင့် ဘောင်းဘီရှည်ပေါ်တွင် ဆရာဝန်များဝတ်သည့် အင်္ကျီရှည်အဖြူကြီးကို ပြောင်းလဲဝတ်ဆင်လိုက်လေ၏။ ပရော်ဖက်ဆာကြီးလည်း သူ၏ကြီးမားသောခန္ဓာကိုယ်ပေါ်တွင် ထိုသို့ပင် ဝတ်ဆင်ထားလေ၏။

သူတို့နှစ်ဦးသည် မျက်နှာကြက်ပေါ်တွင်တပ်ဆင်ထားသည့် မီးမောင်းများ၏အလင်းရောင်ဖြင့် သုတေသနစမ်းသပ်ခန်းအတွင်း၌ အချိန်ကိုပင် အမှတ်မထားနိုင်လောက်အောင် အာရုံဝင်စားလျက်ရှိနေလေရာ ကိစ္စများ နေသားတကျဆောင်ရွက်ပြီးစဉ်မှာတော့ ညဥ့်နက်ပိုင်းကျော်လွန်ခဲ့ပြီဖြစ်သလို မိုးသက်လေပြင်းများလည်း ငြိမ်သက်သွားပြီဖြစ်ကြောင်း သတိပြုမိလိုက်၏။

၎င်းအခန်းတွင်းမှထွက်လာခဲ့ပြီး ညှော့ခန်းသို့ သူတို့နှစ်ဦးရောက်ရှိသည့်အခါ ညှော့ခန်းအတွင်းရှိနေသောလူငယ်မှာ ၎င်းအတွက် ခင်းကျင်းပြင်ဆင်ပေးထားသည့်အိပ်ရာပေါ်တွင် နှစ်ခြိုက်စွာအိပ်မောကျလျက်ရှိနေ၏။

ပရော်ဖက်ဆာကြီးသည် ဆေးတံအိုးအတွင်းသို့ ဆေးတစ်ဆုံကိုအသစ်ဖြည့်ကာ မီးညှိဖွာရှိုက်လိုက်ပြီး ထိုလူငယ်ကိုကြည့်လျက် ပြုံးလိုက်လေ၏။





ဒေါက်တာမျိုးဆွေသည် ပရော်ဖက်ဆာကြီးနှင့် ဘေးတိုက်အနေအထားရှိနေ၍ လူငယ်ကိုကြည့်လိုက်သည်။ ၎င်း၏အမူအရာကိုမြင်လိုက်သည့်တွင် မည်သို့ကြောင့်မှန်းမသိ ... ရုတ်တရက်ပင် ကျောပြင်အနှံ့ စိမ့်ခနဲဖြစ်သွားပြီး ခန္ဓာကိုယ်တစ်ခုလုံး ကြက်သီးမွေးညင်းများပင် တဖြန်းဖြန်းဖြစ်ပေါ်သွားလေ၏။

ပရော်ဖက်ဆာကြီး၏ သာမန်ထက်ပို၍ပြူးကျယ်သောမျက်ဝန်းတွေက စိတ်အားထက်သန်မှုဖြင့် စူးစူးရဲရဲရှိလွန်းလှ၏။ သူသည် ထိုသို့သောအကြည့်ဖြင့် လူငယ်ကို အတန်ကြာမျှကြည့်နေလျက်က ကျေကျေနပ်နပ်ကြီးပြုံးနေလေရာ ဒေါက်တာမျိုးဆွေမှာ ပရော်ဖက်ဆာကြီးနှင့် နီးကပ်စွာနေထိုင်လာသူဖြစ်၍ သူ၏စိတ်နေအကျင့်စရိုက်ကိုသိရှိထားသဖြင့် လှ့န်စွာထိတ်လန့်တုန်လှုပ်သွားလေ၏။

အမြင်အာရုံ၌ သုတေသနစမ်းသပ်မှုပြုလေတိုင်း ပရော်ဖက်ဆာကြီးအသုံးပြုသည့် သက်ရှိတိရစ္ဆာန်လေးများကို မြင်ယောင်လိုက်မိသည်။ တိရစ္ဆာန်လေးများနှင့်စမ်းသပ်လုပ်ကိုင်သည့်အခါတိုင်း ပရော်ဖက်ဆာကြီးသည် ထိုတိရစ္ဆာန်လေးများကိုစိတ်အားထက်သန်စွာကြည့်ရှုလေရာ ၎င်းလူငယ်ကိုလည်း ထိုသို့သောအကြည့်မျိုး၊ အမူအရာမျိုးဖြင့် ကြည့်ရှုနေလေ၏။

ထိုလူငယ်မှာ သက်ရှိလူသားဖြစ်၏။ သို့သော်ငြည်း



www.burmeseclassic.com

www.burmeseclassic.com



နောက်နာရီအနည်းငယ်အကြာတွင် ပရော်ဖက်ဆာကြီးကိုင်တွယ် စမ်းသပ်ခြင်းကိုခံကြရသည့် တိရစ္ဆာန်များပမာ ထိုလူငယ်မှာလည်း အသုံးချခံရပေတော့မည်။

ဒေါက်တာမျိုးဆွေသည် မိမိကျေးဇူးရှင်ဆရာသမား၏ ပညာဉာဏ်ကြီးမားမှုကို အကြွင်းမဲ့ယုံကြည်၏။ သို့သော်လည်း ကံကြမ္မာဟူသည်က မည်သို့ပင် ဟာကွက်မရှိ ပြင်ဆင်ထားသော်လည်း လက်သီးပုန်းပမာ ချုံခိုတိုက်ခိုက်လာပါက ...။

ဒေါက်တာမျိုးဆွေသည် ရှေ့ဆက်မတွေးဝံ့တော့ပေ။ ရင်တစ်ခုလုံး တင်းကျပ်ခံစားလိုက်ရပြီး မျက်နှာတစ်ပြင်လုံး ချွေးသီးချွေးပေါက်များစိမ့်ထွက်လာတော့၏။

ဒေါက်တာမျိုးဆွေသည် တစ်ကိုယ်တည်း ကျိတ်၍ခံစားလျက်ရှိနေစဉ်မှာပဲ ပရော်ဖက်ဆာကြီးက တိုက်ပွဲဝင်ရန်အသင့်ဖြစ်နေသည့် စစ်သူရဲကောင်းတစ်ဦး၏ တက်ကြွမှုမျိုးဖြင့် ...

"မျိုးဆွေ ... တို့တွေလည်း ရရှိတဲ့အချိန်လေးမှာ အနားယူလိုက်ကြရအောင်၊ နောက်တစ်နေ့မနက်ခင်းဆိုရင် ဒီလူငယ်လည်း အရင်ကထက်ပိုပြီး အားအင်ပြည့်ဖြိုးနေလိမ့်မယ်၊ သူ့ကို စနစ်တကျစမ်းသပ်ပြီးပြီ၊ ပြီးတော့ ... သူရောက်လာကတည်းက သူ့တစ်သက်မှာ ဘယ်တုန်းကမှမစားခဲ့ဖူးတဲ့ အာဟာရရှိမယ့်အစားအသောက်တွေကိုလည်း ကျွေးမွေးထားပြီးပြီ၊





ကြည့်ပါဦး ... သူ့အိပ်မောကျနေတာ တကယ့်နတ်ပြည်ရောက်နေ သလိုပဲ"

ဟူ၍ ပြောလိုက်ပြီး သဘောကျစွာရယ်လိုက်လေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

## ပရော်ဖက်ဆာကြီး၏ကံကြမ္မာ

နောက်တစ်နေ့ နံနက်ခင်းသည်လည်း သာသာယာယာနှင့် ကြည်လင်ခြင်းမရှိဘဲ မိုးသားတိမ်စိုင်များဖြင့် အုံ့ဆိုင်းနေဆဲပင်ဖြစ်၏။

ညဥ့်နက်ပိုင်းကတည်းက မိုးသက်လေပြင်းတိုက်ခတ်မှု ငြိမ်သက်သွားသော်လည်း အရှိန်သေရပ်တန့်ချင်ပုံမရသေး၍ နောက်တစ်ကြိမ်အတွက် အားယူနေသကဲ့သို့ ထင်မှတ်ရလေ၏။

သစ်ကိုင်းသစ်ရွက်များပေါ်တွင် ခိုတွယ်လျက်ရှိနေကြ





သည့် မိုးစက်မိုးပေါက်များမှာ လေအဝေ့တွင် လွင့်စဥ်ကျဆင်းလျက်ရှိရာ အချို့မှာ အိမ်ကြီးအမိုးပေါ်သို့ကျရောက်သဖြင့် တဖြောင်းဖြောင်းအသံများ ထွက်ပေါ်လေတော့၏။

သစ်ပင်ကြီးများ ယိမ်းယိုင်လှုပ်ရှားသဖြင့် တရှဲရှဲအသံကြီးမှာလည်း လေတိုးဝှေ့တိုင်း ထွက်ပေါ်လျက်ရှိရာ အုံ့ဆိုင်းမည်းမှောင်လျက်ရှိသည့် အိမ်ခြံဝန်းကြီးအတွင်း၌ မကောင်းဆိုးဝါးများ လမ်းသလားနေသည့်အလား အသည်းထိတ်ဖွယ်ကောင်းလှလေ၏။

ထိုမျှသာမက တစ်ခါတစ်ရံတွင် လေတိုးဝှေ့သဖြင့် ခြေသံများလိုလို၊ လူအချင်းချင်းစကားပြောသံလိုလို ထင်မှတ်ရပြန်၏။ အချို့သောတံခါးရွက်များမှာ ပတ္တာချောင်နေလေရာ လေပြင်းတိုးလိုက်တိုင်း နံရံနှင့်ဆောင့်ပြီး ဒိုင်းခနဲအသံများ ထွက်ပေါ်နေလေ၏။

အချိန်မှာ နံနက် ရှစ်နာရီဝန်းကျင်ခန့်ဖြစ်သည်။

အလင်းရောင်အင်အားနည်းပါးသည့်အပြင် ပတ်ဝန်းကျင်မှသစ်ပင်များ၏ အမှောင်ရိပ်များကလည်းရှိနေသဖြင့် ဆင်ဝင်နှစ်ထပ်အိမ်ကြီးကိုမြင်ရသည်မှာ အမှောင်ထဲတွင် ငုတ်တုတ်ထိုင်နေသည့် မကောင်းဆိုးဝါးပမာ ထိတ်လန့်ဖွယ်ကောင်းလှပေ၏။



www.burmeseclassic.com

www.burmeseclassic.com



အရပ်မြင့်၍ ကိုယ်လုံးကိုယ်ထည်ထွားကျိုင်းသော ပရော်ဖက်ဆာကြီးဦးမိုးမှောင်သည် ပတ်ဝန်းကျင်ကို အလျဉ်းသတိမပြုနိုင်လောက်အောင် စိတ်အားထက်သန်လျက်ရှိလေရာ သူ၏အကြည့်များက နံရံတွင်ကပ်လျက်ရှိသည့် နာရီဆီသို့ မကြာခဏရောက်ရှိနေ၏။

ထိုသို့ကြည့်လျက်က သူသည် မိမိကိုယ်တိုင်သာမက သူ၏လူယုံတပည့် ဒေါက်တာမျိုးဆွေကိုလည်း စနစ်တကျညွှန်ကြားနေလေ၏။

သူတို့နှစ်ဦးသည် နက်နဲသိမ်မွေ့၍ လွန်စွာထူးခြားဆန်းကြယ်သည့် သုတေသနလုပ်ငန်းကိုအကောင်အထည်ဖော်နေသည်မှာ တစ်နာရီနီးပါးမျှကြာမြင့်ခဲ့ပြီဖြစ်၏။

အနည်းငယ်မျှ တိမ်းစောင်းလွဲချော်၍ မဖြစ်သည်ကြောင့် သတိဝီရိယကြီးစွာဖြင့် ဆောင်ရွက်နေကြခြင်းဖြစ်သည်။ ပရော်ဖက်ဆာကြီးသည် မကြာခဏဆိုသကဲ့သို့ မှန်သေတ္တာကြီးအနီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးလေ၏။ ထိုသို့ကြည့်ရှုရင်း တွေ့ရှိချက်များကို စနစ်တကျမှတ်သားလျက်ရှိရာ ထူးခြားမှုတစ်ခုတွေ့လေတိုင်း "ဟုတ်ပြီ ... ဟုတ်ပြီကွ" ဟူ၍ သူ၏အသံသြသြကြီးဖြင့် အော်ဟစ်နေတော့၏။

လျှပ်စစ်ဓာတ်အိုး၊ ဝါယာကြိုးတို့ဖြင့် ပြုပြင်စီရင်ထား





သည့် မှန်သေတ္တာရှည်ကြီးမှာ နှစ်ကာလများစွာအချိန်ယူပြီး ပရော်ဖက်ဆာကြီးကိုယ်တိုင် တီထွင်ကြံဆထားခြင်းဖြစ်သည်။

ထိုမှန်သေတ္တာကြီးအတွင်း၌ အသက်နှစ်ဆယ့်ငါးနှစ် အရွယ်လူငယ်ကို ပက်လက်အနေအထားဖြင့်လဲလျောင်းစေလျက် ထွက်သက်ဝင်သက်ကို မှန်မှန်ရှူရှိုက်ရန်စေခိုင်းပြီးနောက် သူ၏လုပ်ငန်းကိုစတင်ခဲ့လေ၏။

မှန်သေတ္တာရှည်ကြီး၏ ခေါင်းရင်းပိုင်းတွင်ကား မော်တော်ကားအင်ဂျင်တစ်လုံးကဲ့သို့ ရှုပ်ထွေးနေသည့် အစိတ်အပိုင်းများ ရှိလေ၏။ ပိုင်ယာကြိုး ကြိုးငယ်အပေါင်းနှင့် ဆက်သွယ်တပ်ဆင်ထားသော ဖန်ဘူး၊ ဖန်ပြွန်၊ ဖန်အိုး၊ ဖန်ချောင်းများ အတိုင်းအထွာအမှတ်အသားပြသည့် ကိရိယာများ၊ စက်အဖွင့်အပိတ်အသုံးပြုရန်အတွက် အရွယ်အစားအမျိုးမျိုးရှိသည့် ခလုတ်များ စသဖြင့်တည်ရှိနေသည့် စက်ကြီးတစ်လုံးကို ခုံတန်းရှည်ကြီးပေါ်တွင် တင်ထားလေ၏။

ပရော်ဖက်ဆာကြီးသည် သူ၏သုတေသနလုပ်ငန်းအတွက် အချိန်ကို သုံးနာရီသတ်မှတ်ထား၏။

ပထမဦးစွာ သူသည် လူငယ်၏ထွက်သက်ဝင်သက်ကို သတိပြုစောင့်ကြည့်လေ၏။ စိတ်တိုင်းကျသောအခြေအနေသို့ ရောက်ရှိရန် စောင့်ကြည့်နေစဉ်အတွင်း သူ၏လူယုံတပည့် ဒေါက်



www.burmeseclassic.com

www.burmeseclassic.com



တာမျိုးဆွေကို စက်ကိရိယာအစိတ်အပိုင်းများအနီးတွင် အသင့်အနေအထားဖြင့်ရှိနေစေ၏။

ပရောဖက်ဆာကြီးက သူ၏ညာလက်ကိုမြှောက်လျက် အချက်ပြလိုက်သည်နှင့်ဒေါက်တာမျိုးဆွေသည် သတ်မှတ်ထားသည့် အစိမ်းရောင်ခလုတ်ကလေးကို နှိပ်လိုက်လေ၏။ ထိုအခါ တရွရွ တခြိမ့်ခြိမ့်အသံများမှာ အင်ဂျင်စက်ပမာ လည်ပတ်လာလေရာ ထိုအရာများမှာ ဖန်ပြွန်၊ ဖန်ချောင်း၊ ဖန်ပြောင်းတို့၏ နီမှိန်ချည်ပြင့်ချည်လှုပ်ရှားသဖြင့် ထွက်ပေါ်လာသည့်အသံများပင် ဖြစ်၏။

ထို့နောက် ပရော်ဖက်ဆာကြီးက အချိန်ကိုမှတ်သားလျက် အခြားလုပ်ဆောင်ရမည့်ကိစ္စများကို တစ်ဆင့်ပြီးတစ်ဆင့် ညွှန်ကြားပြီးသည့်နောက်တွင် သူတို့နှစ်ဦးသည် မှန်သေတ္တာရှည်ကြီးအတွင်းရှိလူငယ်ကို စိတ်အားထက်သန်သည့်မျက်ဝန်းဖြင့် အကဲခတ်စောင့်ကြည့်နေလေ၏။

ဖန်သီး၊ ဖန်အိုးများ၏လှုပ်ရှားမှုအတိုင်းအထွာကို ညွှန်ပြလျက်ရှိသည့် ဒီဂရီမှတ်ခွက်က တဖျပ်ဖျပ်လှုပ်နေသည့် အိမ်မြှောင်လက်တံလေးသည် တဖြည်းဖြည်းနှေးကွေးသွားသည်ကို သတိပြုမိလိုက်၏။

ထိုနှေးကွေးမှုနှင့်အတူ မှန်သေတ္တာအတွင်းမှ လူငယ်၏





အသက်ရှူသံများမှာလည်း တစ်စတစ်စလေးငြိမ်လာပြီး ဒီဂရီမှတ်ခွက်ရှိ အိမ်မြှောင်လက်တံကလေး ငြိမ်သက်သွားသည်နှင့် သူ၏အသက်ရှူခြင်းသည် လုံးဝရပ်စဲသွားလေရာ လူသေပကတိကဲ့သို့ ဖြစ်သွားလေတော့၏။

ထိုအခါ ပရော်ဖက်ဆာကြီးသည် လူငယ်ကို နားကြပ်ဖြင့် စမ်းသပ်စစ်ဆေးပြီးနောက် ကျေနပ်အားရသည့်အမူအရာဖြင့် ဦးခေါင်းကိုသွက်လက်စွာ ညိတ်လိုက်လေ၏။ ထို့နောက် ဒေါက်တာမျိုးဆွေကိုကြည့်လိုက်ပြီး ''အောင်ပြီကွ . . . မျိုးဆွေ၊ ငါ လုပ်ငန်းပထမအဆင့် အောင်ပြီ၊ လူငယ်အသက်မရှိတော့ဘူး၊ သေသွားပြီ၊ မိုးမှောင်ကြီးစည့်ရင် မဖြစ်တာမရှိစေရဘူး''

ဟု အားရဝမ်းသာအော်ဟစ်လိုက်ပြီး ၎င်းပြုလုပ်ချက်ကို အသေးစိတ်မှတ်တမ်းတင်ရန် ဒေါက်တာမျိုးဆွေကိုညွှန်ကြားလိုက်၏။ ဒေါက်တာမျိုးဆွေလည်း အားရကျေနပ်စွာဖြင့် ဆေးပိုင်ယာရီစာအုပ်ကြီးအတွင်း ရေးမှတ်လေ၏။

ထိုခေါင်းစဉ်ကို ''အသက်ကိုထုတ်ပစ်ခြင်း''ဟူ၍ အမည်တပ်လိုက်လေ၏။

ထို့နောက် ပရောက်ဖက်ဆာကြီးသည် အချိန်ကိုမှတ်သားလိုက်ပြီး ဒေါက်တာမျိုးဆွေယူဆောင်လာသည့် သားရေသေတ္တာကိုဖွင့်လိုက်လေ၏။ သေတ္တာအတွင်း၌လက်သီးဆုပ်



www.burmeseclassic.com

www.burmeseclassic.com



ပမာဏခန့်အရွယ်အစားရှိသည့် ဖန်သီးကိုလက်အိတ်ဖြင့် ကိုင်တွယ်ထုတ်ယူလိုက်ရာ မျက်နှာကြက်ရှိ မီးမောင်းများ၏အလင်းဖြင့် စူးရှသည့် အရောင်များ ဖြာထွက်လာလေ၏။

ပရော်ဖက်ဆာကြီး၏ မျက်လုံးတွေကလည်း ၎င်းဖန်သီးနှင့်အပြိုင် ဝင်းလက်တောက်ပလို့နေ၏။

သူသည် ၎င်းဖန်သီးကို မိမိ၏သွေးရင်းသားရင်းပမာ ချစ်မြတ်နိုးစွာဖြင့် ပွတ်သပ်ကိုင်တွယ်နေလျက်က ဒေါက်တာမျိုးဆွေရပ်နေသည့် ဓာတ်ဖန်ခွက်အိုးဆီသို့ယူဆောင်သွားပြီး ဓာတ်ဖန်အိုး၏အလယ်တွင် တပ်ဆင်လိုက်လေ၏။

ထို့နောက် သူသည် သုတေသနပစ္စည်းများဖြစ်သည့် ပိုက်လုံး၊ ဖန်ပြွန်အသေးစားများနှင့် လူငယ်၏မှန်သေတ္တာကို စနစ်တကျဆက်သွယ်တပ်ဆင်လေရာ ၎င်းကိစ္စများမှာ လွန်စွာအနုစိပ်ပြီးဆောင်ရွက်ရသဖြင့် ဆယ့်ငါးမိနစ်ခန့်အချိန်ယူ ဆောင်ရွက်ပြီးသည်နှင့် ဒေါက်တာမျိုးဆွေကို အချက်ပြလိုက်လေ၏။

ထိုအခါ အသံများမှာ ယခင်ကထက်ပို၍ ကျယ်လောင်စွာ ထွက်ပေါ်လာလေ၏။ သုတေသနအခန်းကြီးအတွင်း၌ကား လျှပ်စစ်ဓာတ်သံတို့ဖြင့် ဆူညံလျက်ရှိသော်လည်း သူတို့နှစ်ဦးမှာတော့ ၎င်းအသံများကို အာရုံဝင်စားခြင်းမရှိဘဲ မှန်သေတ္တာအတွင်းက လူငယ်၏လျှပ်ရှားသက်ဝင်မှုကိုသာ မျက်တောင်မခတ်





စူးစိုက်ကြည့်နေလေ၏။

ထိုသို့ကြည့်နေလျက်က ပရော်ဖက်ဆာကြီးသည် ပါမောက္ခတစ်ဦးက ကျောင်းသားများကို လက်ချာပေးနေသကဲ့သို့ ပြောဆိုနေလေရာ ဒေါက်တာမျိုးဆွေလည်း ဆေးမှတ်တမ်းစာအုပ်အတွင်း၌ စနစ်တကျရေးမှတ်ရလေ၏။

"ဒီ တင်ပရေချာမှတ်ခွက်ဟာ ဒီ ... သုတေသနလုပ်ငန်းရဲ့ ဒုတိယအသက်သွေးကြောပဲမျိုးဆွေ၊ အသက်ကိုထုတ်ပစ်တဲ့အခါမှာလည်း အဲဒီ ... အိမ်မြှောင်လက်တံကလေးငြိမ်သွားရင် အသက်ထွက်သွားပြီဆိုတာ သိရမယ်"

"အခု ... ဒုတိယအဆင့်ဆောင်ရွက်တာက အသက်ကိုပြန်သွင်းနေတာဖြစ်တယ်၊ လူရဲ့အသက်ပြန်ဝင်ပြီး နှလုံးသွေးလှုပ်ရှားလာတာနဲ့တစ်ပြိုင်နက် အိမ်မြှောင်လက်တံကလေးဟာ ပြန်ပြီး လှုပ်ရှားလာလိမ့်မယ်၊ ဒီအိမ်မြှောင်လက်တံကလေးဟာ မှန်သေတ္တာထဲကလူရဲ့ အသက်ရှိတယ်,မရှိဘူးဆိုတာကို အမြဲသတိပေးနေလိမ့်မယ်၊

ပရော်ဖက်ဆာကြီး အဓိက,အလေးထားသည့်အရာမှာ မော်တော်ကားတစ်စီး၏အင်ဂျင်တစ်လုံးကဲ့သို့ ဖန်ချောင်းများ၊ ဖန်ပြွန်များဖြင့် ရှုပ်ထွေးစွာသွယ်တန်းထားသည့်အစိတ်အပိုင်းများ တပ်ဆင်ထားသည့် မာတ်ရောင်ခြည်ဖန်သီးနှစ်လုံးပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



''တို့တွေအသက်နဲ့လဲပြီး ကာကွယ်ထိန်းသိမ်းရမှာက တော့ ဒီ . . . ဖန်သီး နှစ်လုံးပဲ၊ ထုတ်လိုက်တဲ့အသက်ကို ပြန် ဝင်လာစေဖို့ ဒီဖန်သီးတွေက အလုပ်လုပ်ပေးတဲ့အတွက် ဒီကိစ္စ ကြီးတစ်ခုလုံးမှာ ဘယ်လောက်အရေးပါတယ်ဆိုတာ အထူးရှင်းပြ စရာမလိုတော့ပါဘူး၊ လူတွေဟာ သေမယ့်လမ်းကို မလွှဲမသွေ ရောက်ကြမှာပဲလေ၊ မသေအောင် ဘယ်လိုတန်ခိုးရှင်မှ တားဆီး လို့မရဘူး၊ သေပြီးလူကို အသက်ပြန်ရှင်ဖို့ သေဆုံးသွားတဲ့အသက် ကိုပြန်သွင်းဖို့ ကမ္ဘာပေါ်မှာ ဘယ်လိုပုဂ္ဂိုလ်ကများ ကြံစည်စိတ်ကူး ခဲ့လို့လဲ၊ အေး . . . အခု ငါသုတေသနပြုလုပ်ပြီး စမ်းသပ်ဖော် ထုတ်ခဲ့တဲ့ အဲဒီဓာတ်ရောင်ခြည်ဖန်လုံးလေးတွေက သေသူရဲ့ အသက်ကို သူ့ခန္ဓာကိုယ်ထဲရောက်အောင် ပြန်သွင်းပေးလိမ့်မယ်''

ပရော်ဖက်ဆာကြီးသည် အကြောင်းမဲ့ခိုင်လုံမှုမရှိဘဲ ပြောနေခြင်းမဟုတ်ပါ၊ သူသည် အခြားသောစမ်းသပ်မှုများဖြင့် လက်တွေ့ဆောင်ရွက်ခဲ့ရာ အောင်မြင်ခဲ့သည်ကို ဒေါက်တာမျိုး ဆွေကိုယ်တွေ့ သိရှိထားပြီးဖြစ်၏။

ပရော်ဖက်ဆာကြီးသည် ဒိုင်ခွက်နာရီကိုတစ်ချက်ကြည့် လိုက်ပြီး

''အင်း . . . တို့တွေသတ်မှတ်ချိန်ရောက်ဖို့ သိပ်မလို တော့ဘူး၊ ဒီနည်းသာအောင်မြင်သွားရင် တို့လူသားတွေ ရင်ဆိုင်





နေရတဲ့ ရုပ်နာမ်သခါရတို့ အနိစ္စတို့ဆိုတဲ့တရားတွေ ကွယ် ပျောက်သွားမယ်၊ ဒီသုတေသနဖော်ထုတ်ချက်ဟာ ဘယ်လောက် တန်ဖိုးရှိတဲ့အရာနဲ့မှနှိုင်းယှဉ်လို့မရဘူး၊ ဒီနည်းပညာကို စမ်း သပ်တွေ့ရှိတယ်ဆိုလို့ ကမ္ဘာမှာ မင်းနဲ့ငါနဲ့ နှစ်ယောက်တည်းပဲ ရှိမယ်၊ ဒါကြောင့် ငါကလွဲရင် ဒုတိယအသုံးချရမှာ မင်းပဲ မျိုးဆွေ၊ ဒီနည်းပညာကို တို့နှစ်ယောက် ရည်ရွယ်ချက်ရှိရှိ အသုံး ချရမယ်၊ သြော် . . . ငါရဲ့နှစ်ကာလများစွာ လူကွေနဲ့ ကင်းကွာ နေခဲ့ရတဲ့ဘဝက လွတ်မြောက်ပြီး လူတွေနှင့်ပြန်ပြီး အရောတဝင် နေခွင့်ရတော့မှာပေါ့လေ''

ဟူ၍ လေးပင်စွာပြောလိုက်ပြီး အားရကျေနပ်စွာ ပြုံး လေ၏။

သူတို့နှစ်ဦးသည် မိမိတို့၏လုပ်ငန်းအပေါ်တွင်သာ အာ ရုံဝင်စားလျက်ရှိနေသဖြင့် အပြင်ဘက်က အခြေအနေများကို အနည်းငယ်မျှသိရှိခြင်းမရှိကြပေ။

မနက်ခင်းကတည်းက အုံ့ဆိုင်းနေသည့် မိုးသားတိမ် တိုက်များမှာ မိုးစက်မိုးပေါက်များကျဆင်းလာပြီး အချိန်အနည်း ငယ်အတွင်း လေရောမိုးပါတိုက်ခတ်လာလေ၏။

မိုးရောလေပါသည်းထန်စွာရွာသွန်းစဉ်မှာပဲ အနက် ရောင်အော်စတင်ကားတစ်စီးသည် အရှိန်ပြင်းစွာမောင်းနှင်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ခြံဝန်းတံခါးရှေ့တွင် ထိုးရပ်လိုက်၏။ ဝန်းတံခါးပိတ ထား သဖြင့် တံခါးဖွင့်ရန်ကားဟွန်းကိုအဆက်မပြတ်တီးသော်လည်း ဝန်းတံခါးဖွင့်ပေးခြင်းမရှိသဖြင့် ကားထဲရှိနေသူများမှာ စိတ်မရှည် စွာဖြင့် ကားပေါ်ကဆင်းလျက် မိုးထဲလေထဲမှာပင် ခြံတံခါးတွင် ချိတ်ဆွဲထားသည့် ခေါင်းလောင်းကို အရှိန်ပြင်းစွာတီးခတ်လေ ၏။

ထိုသူများမှာ အပြာရောင်ယူနီဖောင်းဝတ်ဆင်ထားသည့် ပုလိပ်များဖြစ်၏။ ပုလိပ်အရာရှိမှာ ကားထဲတွင်ကျန်ရစ်ခဲ့ပြီး သူ၏တပည့်ပုလိပ်နှစ်ဦးက မိုးစက်မိုးပေါက်များကြားမှ ခြံဝန်း တံခါးခေါင်းလောင်းကို တီးခတ်နေခြင်းဖြစ်၏။

အရှိန်အဟုန်ပြင်းစွာ ရွာသွန်းနေသည့်မိုးကြောင့် ထို ပုလိပ်နှစ်ဦးမှာ မိုးရေတို့ဖြင့်ရွှဲနစ်သွားလေ၏။

ကားထဲရှိ ပုလိပ်အရာရှိနံဘေးတွင် လိုက်ပါလာသူမှာ အသက်နှစ်ဆယ်ကျော်အရွယ်ဟု ခန့်မှန်းရသည့် အမျိုးသမီးငယ် ဖြစ်၏။ နှမ်းပါးချို့တဲ့သည့် ပုံပန်းအသွင်အပြင်ရှိနေပြီး ခြံဝန်း တံခါးဆီသို့ အထိတ်တလန့်မျက်ဝန်းဖြင့်ကြည့်နေ၏။ အချိန်ကြာ မြင့်စွာငိုကြွေးထားခြင်းဖြစ်ကြောင်းကိုလည်း သူမ၏ မို့အစ်နေ သော မျက်ခွံနှင့်အနီရောင်သန်းလျက်ရှိသည့် မျက်လုံးတွေက သက်သေပြနေ၏။





ထိုအမျိုးသမီးငယ်သည် တစ်စုံတစ်ရာ ထူးခြားခြင်းမရှိ သည့်အတွက် လွန်စွာစိုးရိမ်ထိတ်လန့်သည့်အမူအရာဖြင့် သူမနှင့် အတူရှိနေသည့် ရဲအရာရှိကိုကြည့်၍

"ဒုက္ခပါပဲ ရဲအရာရှိမင်းရယ် . . . အခုအချိန်ထိ တံ ခါးလည်း မဖွင့်ပေးဘူး။ ကျွန်မယောက်ျားတော့ ကိုယ်ကျိုးနည်းပြီ ထင်ပါရဲ့"

ဟူ၍ ငိုရှိုက်ပြောဆိုပြီး ရုတ်တရက်ပင် ဘေးတံခါးကို ဖွင့်လိုက်ပြီး ခြံဝန်းတံခါးဆီသို့ ပြေးထွက်သွားလေ၏။ ရဲအရာရှိ မှာလည်း ဟန့်တားဖို့ပင်အချိန်မရလိုက်သဖြင့် စိတ်ပျက်လက် ပျက် ခေါင်းကုတ်လိုက်လေ၏။

ခြံတံခါးဝရှေ့သို့ရောက်ရှိသွားသည်နှင့် အမျိုးသမီးသည် အသံကုန်ဟစ်၍

"ကိုတိုးရေ . . . ကိုတိုး . . . အေးသန်းခေါ်တာ ကြား တယ်မဟုတ်လား၊ ကျွန်မ တစ်ညလုံး အိပ်မက်ဆိုးတွေ မက်နေ လို့ ကိုတိုးအတွက်စိုးရိမ်ပြီးလိုက်လာခဲ့တာ၊ သူတို့ ကိုတိုးကို ဘာလုပ်လိုက်ကြပြီလဲ၊ သူတို့ပြောတာကိုလက်မခံနဲ့နော် . . . သူတို့ပေးတဲ့ငွေကို အေးသန်းပြန်ယူလာခဲ့ပြီ၊ မချမ်းသာရင် နေ ပါတော့ ကိုတိုးရယ်၊ သူတို့ဟာ လူကြီးလူကောင်းဆရာဝန်တွေ မဟုတ်ဘူး၊ ကိုတိုး . . . ကိုတိုး"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့အော်ဟစ်သကဲ့သို့ တံခါးကိုလည်း တဘုန်းဘုန်း ထုရိုက်နေလေရာ အနီးတွင်ရှိနေသည့်ပုလိပ်နှစ်ဦးပင် ဘာလုပ်၍လုပ်ရမှန်းမသိဖြစ်နေကြ၏။

ထိုအခိုက်အတန့်မှာပဲ စေ့ထားသည့်တံခါးရွက်မှာ အနည်းငယ်ဟသွားပြီး ၎င်းတို့အားစူးစမ်းကြည့်သည့်မျက်ဝန်းတစ်စုံကို တွေ့လိုက်ရ၏။ သို့သော် . . . လျှပ်တစ်ပြက်အတွင်း တံခါးပြန်စေ့သွားလေရာ ထိုအဖြစ်ကြောင့် အမျိုးသမီးမှာ ထိန်းသိမ်း၍ မရလောက်အောင် အပြင်းအထန်အော်ဟစ်လျက် တံခါးကို သူမခန္ဓာကိုယ်ဖြင့်အားကုန်တွန်းကန်လိုက်လေရာ ခြံဝန်းအတွင်းရှိနေသူမှာ တံခါးချက်ချလိုက်သော်လည်း အံချက်လွဲသွားလေ၏။

အနီးရှိပုလိပ်နှစ်ဦးမှာလည်း ၎င်းအခြေအနေကို အခွင့်ကောင်းယူ၍ တံခါးကိုအားကုန်တွန်းလိုက်သဖြင့် အတွင်းမှ လူမှာ မည်သို့မျှမဟန်နိုင်ဖြစ်သွားပြီး တံခါးဖွင့်ပေးလိုက်ရတော့၏။ ပုလိပ်နှစ်ဦးက ထိုသူကို ကြိမ်းမောင်းအော်ဟစ်နေစဉ်မှာပဲ အမျိုးသမီးမှာ အိမ်ကြီး၏ဆင်ဝင်တံခါးပေါက်ဆီသို့ အလျင်အမြန်ပြေးထွက်သွား၏။

ဆရာဝန်ကြီးက ထိုနေ့တစ်နေ့လုံး မည်သည့်ဧည့်သည်ကိုမျှ လက်ခံတွေ့ဆုံမည်မဟုတ်သဖြင့်. ဝန်းတံခါးပြန်ပိတ်ခြင်း





ဖြစ်ကြောင်း ခြံစောင့်ပုဂ္ဂိုလ်ကြီးကရှင်းပြလေ၏။ ခြံစောင့်ပုဂ္ဂိုလ်ကြီးသည် မထင်မှတ်သည့်အဖြစ်နှင့် ကြုံတွေ့ရသဖြင့် အထူးပင် တုန်လှုပ်လျ[illegible]များ ဆရာဝန်ကြီးဦးမိုးမှောင်မှာ အရေးကြီးကိစ္စတစ်ခုကို ဆောင်ရွက်နေသောကြောင့် ဖြစ်နိုင်ပါက ထိုနေ့ညနေပိုင်းအချိန်တွင်သာ လာရောက်တွေ့ဆုံရန် တောင်းပန်ပြောဆိုလေ၏။

ထိုစကားမှာ ပုလိပ်များအတွက် ယခင် သက်္ကာမကင်းဖြစ်နေခြင်းကို ပို၍ပင်ကြီးထွားသွားစေရန် တွန်းပို့လိုက်သကဲ့သို့ဖြစ်သွားလေရာ သူတို့သည် ဆရာဝန်ကြီးဦးမိုးမှောင်နှင့် အချိန်မဆိုင်းဘဲတွေ့ဆုံရန် ဆုံးဖြတ်လိုက်ပြီး အိမ်ကြီး၏ဆင်ဝင်တံခါးမကြီးဆီသို့ ထွက်လာခဲ့ကြ၏။

ထိုသို့ရှုပ်ထွေးနေစဉ်မှာပဲ အရှိန်[illegible]ဟုန်ပြင်းစွာ ရွာသွန်းနေသည့် မိုးစက်မိုးပေါက်များမှာ အရှိန်လျော့ကျသွားလေ၏။ သို့သော်လည်း လေပြင်းတိုက်ခတ်မှု ပြင်းထန်လာပြီး အိမ်ကြီးအားဝန်းရံလျက်ရှိသည့် အုံ့ဆိုင်းနေသောအပင်ကြီးများမှာ တရှဲရှဲအသံကြီးများထွက်ပေါ်လာပြီး အချို့အပင်များ၏သစ်ကိုင်းများက အိမ်ကြီး၏အမိုးအကာများကို ရိုက်ခတ်နေသဖြင့် တဖြောင်းဖြောင်းအသံကြီးက ထွက်ပေါ်လာလေ၏။

တိတ်ဆိတ်မည်းမှောင်နေသည့် ဝန်းကျင်တစ်ခွင်လုံးမှာ



www.burmeseclassic.com

www.burmeseclassic.com



ထိုအသံများကြောင့် မကောင်းဆိုးဝါးများ စုရုံးအော်ဟစ်နေသည့် အလား အသည်းထိတ်ဖွယ်ကောင်းလှပေ၏။

အမျိုးသမီးမှာ အော်ဟစ်ငိုယိုရလွန်းသဖြင့် အသံများ ပင် ကွဲအက်နေတော့၏။

ပုလိပ်များမှာလည်း တံခါးကို အကြိမ်ကြိမ်ထုရိုက်ခေါ် သော်လည်း အနည်းငယ်မျှထူးခြားခြင်းမရှိသည့်တွင် ပုလိပ်အရာ ရှိက ငယ်သားပုလိပ်နှစ်ဦးကို တံခါးကိုရိုက်ဖျက်ရန်အမိန့်ပေး လိုက်ပြီး ၎င်းကိုယ်တိုင်ကလည်း ခါးကြားမှ ပစ္စတိုသေနတ်ကို အသင့်အနေအထား ကိုင်ဆောင်လိုက်၏။

တံခါးရွက်မှာ အသက်အရွယ်ကြီးမားသည့် ကျွန်းတံခါး ကြီးဖြစ်၍ ပုလိပ်များမှာ အချိန်အတော်ကြာသည့်တိုင်အောင် ထုရိုက်ရသဖြင့် တဒုံးဒုံးတဒိုင်းဒိုင်းအသံများ ထွက်ပေါ်လျက်ရှိရာ ထိုအသံများမှာ သစ်ကိုင်းများရိုက်ခတ်၍ထွက်ပေါ်နေသည့် အသံ များနှင့် အပြိုင်အဆိုင်ဖြစ်နေသည့်အတွက် သုတေသနအခန်း တွင် ရှိနေကြသည့် ပရော်ဖက်ဆာကြီးနှင့်ဒေါက်တာမျိုးဆွေမှာ အပြင်ဘက်ကအခြေအနေကို အနည်းငယ်မျှမသိရှိကြပေ။

သူတို့နှစ်ဦးမှာလည်း မိမိတို့၏လုပ်ငန်းအပေါ်တွင် လွန် စွာစိတ်ဝင်စားလျက်ရှိနေကြ၏။ သူတို့၏မျက်လုံးတွေက တင်ပ ရေချာမှတ်ခွက်ပေါ်ရှိ အိမ်မြှောင်လက်တံကလေးဆီသို့ စူးနစ်စွာ





ကျရောက်လျက်ရှိနေလေရာ အသက်ပင်မရှူနိုင်အောင်ဖြစ်နေ ကြ၏။

ပရော်ဖက်ဆာကြီးမှာ သူ၏ကြီးမားသော လက်ဖဝါး ကြီးကိုမြှောက်လျက်

''ကြည့်စမ်း မျိုးဆွေ . . . ကြည့်စမ်း . . . အိမ်မြှောင် လက်တံကလေး တုန်တုန်ယင်ယင်ဖြစ်လာပြီ၊ မကြာခင်မှာ လှုပ် တော့မယ် . . . သေချာကြည့်ထား''

ထိုသို့ပြောပြီး ပရော်ဖက်ဆာကြီးသည် ဆောက်တည် ရာမဲ့သည့် အမူအရာဖြင့် မှန်သေတ္တာအတွင်းရှိ လူငယ်ကို ပြေး ၍ကြည့်လိုက်၊ တင်ပရေချာမှတ်ခွက်ကို ပြေးကြည့်လိုက်ဖြင့် ယောက်ယက်ခတ်နေတော့၏။ ပရော်ဖက်ဆာကြီးက သူတို့ မျှော် မှန်းသည့်အခြေအနေသို့ရောက်ရန် မိနစ် နည်းငယ်မျှသာလို တော့ကြောင်း အားရဝမ်းသာပြောဆိုနေသကဲ့သို့ ဒေါက်တာမျိုး ဆွေမှာလည်း လွန်စွာစိတ်အားထက်သန်သည့် အမူအရာဖြင့် ဆေးမှတ်တမ်းကြီးကို အသင့်ကိုင်ဆောင်ထားလေ၏။

ဖန်ပြောင်း၊ ဖန်ချောင်း၊ ဖန်ပွန်များသွယ်တန်းလျက် တပ်ဆင်ထားသည့် အစိတ်အပိုင်းပစ္စည်းများမှာလည်း အလျဉ် မပြတ်လည်ပတ်လျက်ရှိနေသဖြင့် ပြင်ပအသံများမှာ အခန်း တွင်းသို့ ထိုးဖောက်နိုင်စွမ်းမရှိဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



တင်ပရေချာမှတ်ခွက်ပေါ်ရှိ အိမ်မြှောင်လက်တံကလေးမှာ လှုပ်သည်ဆိုရုံမျှသာလှုပ်ပြီး ငြိမ်သက်သွားပြန်၏။ တစ်ဖန်ပြန်၍လှုပ်လာပြန်၏။ တစ်ခါတွင် တစ်ချက်ကလေးမျှသာ လှုပ်ပြီး အချိန်အတော်ကြာသည်အထိ ငြိမ်သက်သွားပြန်ရာ ၎င်းတို့နှစ်ဦးမှာ အသက်ပင်ရဲရဲမရှူဝံ့လောက်အောင် ရှိနေကြတော့၏။

မှန်သေတ္တာအတွင်းရှိလူငယ်မှာ ပကတိငြိမ်သက်လျက်ပင်ရှိ၏။ ပရော်ဖက်ဆာကြီးမှာ နားကြပ်ဖြင့်နှလုံးခုန်သံကို အကြိမ်ကြိမ်စမ်းသပ်နေသကဲ့သို့ ဒေါက်တာမျိုးဆွေကိုလည်း ညွှန်ကြားချက်များ မပြတ်ပြောဆိုနေလေ၏။

ဒေါက်တာမျိုးဆွေသည် အခန်းတံခါးဝနှင့် နီးကပ်စွာရှိနေသူဖြစ်၍ တံခါးကိုထုရိုက်နေသည့်အသံများကို သတိပြုမိလိုက်သဖြင့် တအံ့တသြဖြင့် မျက်နှာတစ်ခုစာမျှ ချောင်းကြည့်ရသော အပေါက်ကလေးမှကြည့်လိုက်ရာ မြင်လိုက်ရသည့် အခြေအနေကြောင့် တအံ့တသြဖြစ်သွားလေ၏။

''ဟင် ... ဘယ် ... လိုဖြစ်တာပါလိမ့်၊ ဒုက္ခတော့များပြီထင်တယ်''

ပရော်ဖက်ဆာကြီးသည် မှန်သေတ္တာအနီးတွင်ရှိနေပြီး အခြေအနေကို အနည်းငယ်မျှရိပ်မိခြင်းမရှိပေ။ ဒေါက်တာမျိုးဆွေ





က အထိတ်တလန့်အမူအရာဖြင့် ပြောပြလိုက်ရာ ပရော်ဖက်ဆာကြီး၏မျက်ဝန်းမှာ အံ့သြခြင်း၊ မယုံနိုင်ခြင်း၊ ဒေါသဖြစ်ခြင်းတို့ရောယှက်လျက် အဆမတန်ပြူးကျယ်သွားပြီး တံခါးအနီးသို့ အလျင်အမြန်သွား၍ ဒေါက်တာမျိုးဆွေကဲ့သို့ ကြည့်လိုက်ပြီးနောက် ...

''ဒီကိစ္စကို သဘောတူပါတယ်လို့ ဝန်ခံကတိပြုပြီးမှ ပုလိပ်တွေကိုခေါ်တာ ဒီမိန်းကလေးအတော်မိုက်မဲတာပဲ၊ တကယ်ဆိုရင် အ...ကတည်းက ပွင့်ပွင့်လင်းလင်းပြောရောပေါ့''

ဟူ၍ပြောပြီး ခပ်ပြင်းပြင်းတောက်ခေါက်လိုက်၏။

အပြင်ဘက်တွင် ပုလိပ်များနှင့် ထိုမိန်းကလေးရောက်ရှိနေသည်။ သူတို့၏ အခန်းတံခါးကို လက်နက်ကိရိယာများဖြင့် ရိုက်နှက်၍ ဖွင့်နေခြင်းဖြစ်၏။

ပရော်ဖက်ဆာကြီးသည် မှန်သေတ္တာအတွင်းရှိလူငယ်ကိုကြည့်၍ စိတ်ပျက်လက်ပျက်အမူအရာဖြင့် ...

''အနှစ် နှစ်ဆယ်လုံး ငါ့ဘဝကိုမြှုပ်နှံပြီး ကြိုးစားကြံစည်ခဲ့သမျှ အလဟဿအဖြစ်မခံနိုင်ဘူး''

ဟူ၍ပြောပြီးနောက် ထိုကိစ္စကို အတတ်နိုင်ဆုံးဟန့်တားမည်ဟု ပြောလေ၏။ တစ်ဆက်တည်းမှာပင် ဒေါက်တာမျိုးဆွေကို သုတေသနမှတ်တမ်းနှင့်တကွ လွှန်စွာအရေးကြီးလှသည့်



www.burmeseclassic.com

www.burmeseclassic.com



ဖန်သီးလုံးကိုယူဆောင်၍ စနစ်တကျထိန်းသိမ်းရန် မှာကြားပြီး ၎င်းဖန်သီးလုံးကို သေတ္တာငယ်တွင်သေချာစွာထည့်လျက် ဒေါက်တာမျိုးဆွေလက်သို့ ပေးအပ်လိုက်၏။

ထိုပြဿနာကို သူတစ်ဦးတည်း ရင်ဆိုင်ဖြေရှင်းမည်ဟု ပြောဆိုပြီးနောက် သုတေသနအခန်း၏အတွင်းဘက်လျှို့ဝှက်တံခါးပေါက်မှထွက်ခွာသွားရန် ဒေါက်တာမျိုးဆွေကို ပြောဆိုလေ၏။ ပထမတွင် ဒေါက်တာမျိုးတွေက ငြင်းဆန်သော်လည်း တစ်သက်လုံး မိမိဆရာ၏ဆန္ဒကို လိုက်နာခဲ့သူဖြစ်လေရာ ထိုတစ်ကြိမ်တွင်လည်း ပရော်ဖက်ဆာကြီး၏ဆန္ဒအတိုင်း နာခံလျက် လျှို့ဝှက်တံခါးပေါက်မှတစ်ဆင့် ထွက်ခွာခဲ့လေ၏။

ဒေါက်တာမျိုးဆွေမှာ လက်မတင်လေး လွတ်မြောက်သွားခြင်းဖြစ်၏။ သူထွက်သွားသည်နှင့် အခန်းတံခါးမှာ ပွင့်သွားပြီး ရှေ့ဆုံးမှကတိုက်ကရိုက်ပြေးဝင်လာသူမှာ ပုလိပ်များကို ဦးဆောင်၍ခေါ်လာသည့် အမျိုးသမီးဖြစ်လေရာ ပရော်ဖက်ဆာကြီးမှာ မီးတောက်မတတ်မျက်ဝန်းများဖြင့် ၎င်းအမျိုးသမီးကို ဒေါသတကြီးကြည့်လေ၏။

ပုလိပ်များမှာလည်း ပရော်ဖက်ဆာကြီးကို ဝိုင်းရံထားလေ၏။

အမျိုးသမီးမှာ မှန်သေတ္တာကြီးအတွင်း၌ အသက်ဝိညာဉ်





ကင်းမဲ့နေသော လူငယ်ကိုတွေ့ရှိလေရာ . . .

"အမလေး . . . ကျွန်မထင်တဲ့အတိုင်းပါပဲလား . . . ရဲမင်းကြီးတို့ရယ်၊ ကျွန်မယောကျ်ားကို သတ်ပစ်လိုက်ကြပြီ"

ဟု အထိတ်တလန့်အော်ဟစ်ပြီး တစ်ခါတည်းပင် မေ့မြောသွားတော့၏။

ထိုစဉ်မှာပဲ ပရော်ဖက်ဆာကြီးအဖို့ မခံမရပ်နိုင်လောက်သည့်အခြေအနေမျိုး ဖြစ်သွားရပြန်၏။

ထိုအမျိုးသမီးက မှန်သေတ္တာအနီးတွင်ရပ်လျက် လဲကျမေ့မြောသွားသည်တွင် သူမ၏ခန္ဓာကိုယ်က မှန်သေတ္တာကို ဆွဲချလိုက်သကဲ့သို့ဖြစ်သွားပြီး ကြမ်းပြင်ပေါ် ကျကွဲသွားသောကြောင့်ဖြစ်သည်။

ထိုအခါ မှန်သေတ္တာအတွင်းရှိနေသည့် အသက်ဝိညာဉ်ကင်းမဲ့နေပြီဖြစ်သည့် လူငယ်မှာလည်း မှန်သေတ္တာနှင့်အတူ ကြမ်းပြင်ပေါ်သို့ တလိမ့်ခေါက်ကွေးပြုတ်ကျသွား၏။

ပရောက်ဖက်ဆာကြီးသည် မိမိ၏ဂုဏ်သိက္ခာ ပျက်စီးရုံမက မိမိအား လူသတ်မှုနှင့် ပုလိပ်များ၏ဖမ်းဆီးခြင်းကိုခံရသောအခါ ကြိတ်မနိုင်ခဲမရ ခံရခက်နေရှာ၏။ မိမိဖမ်းဆီးခံရခြင်းထက် အသက်ကို တစ်ဝက်တစ်ပျက်မျှသာ ပြန်သွင်းရသေးသည့် လူငယ်အတွက် ပို၍ပင် မခံမရပ်နိုင်ဖြစ်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပုလိပ်အရာရှိမှာ မှန်သေတ္တာအတွင်းရှိလူငယ်ကို ကြည့်ရှုစစ်ဆေးပြီး အသက်ဝိညာဉ်ကင်းမဲ့နေသည်ကိုတွေ့ရသဖြင့် ပရော်ဖက်ဆာကြီးဦးမိုမှောင်ကို လက်ယိတ်ခတ်လိုက်လေ၏။ ထိုမှမက ဥပဒေလမ်းကြောင်းအရ ပရော်ဖက်ဆာကြီးကို စုံစမ်းမေးမြန်းနေစဉ်မှာပဲ မေ့မြောနေသော အမျိုးသမီးသည် သတိပြန်လည်ရရှိလာပြီး လူငယ်၏အလောင်းကိုပွေ့ဖက်လျက် . . .

''အဖြစ်ဆိုးလှချည်လား ကိုတိုးရဲ့ . . . ငွေကလေး သုံးထောင်ရတာနဲ့ ရှင့်အသက်ကို ရက်ရက်ရောရောလုပ်ပစ်ရသလား၊ ရှင့်အသက်နဲ့လဲပြီးရတဲ့ငွေကို ကျွန်မ ဘယ်နေရာမှာသုံးရမှာလဲ . . . ရက်စက်ပါပေ့ ဆရာဝန်ကြီးရဲ့၊ ရှင့်အသက်အရွယ် ပညာဂုဏ်ကိုမှ မထောက် . . . လူတစ်ဖက်သားကို တရားမဲ့ သတ်ပစ်တာ ရှင်တို့လိုပညာတတ်ကြီးတွေရဲ့အပြုအမူလား၊ ရှင်ဟာ သိပ်ယုတ်မာတာပဲ၊ သားသတ်ငါးသတ်လူတစ်ဦးရဲ့ အသက်ကိုလည်း ပုရွက်ဆိတ်လောက်တောင် တန်ဖိုးမထားတဲ့လူကြီးပါလား၊ ကျွန်မယောကျ်ားကို ဘာရန်ငြိုးရှိလို့ လှည့်စားပြီး သတ်ပစ်တာလဲ''

ဟူ၍ ဒေါသတကြီး ရန်တွေ့ပြောဆိုလေရာ ပရော်ဖက်ဆာကြီးလည်း ကြိတ်မနိုင်ခဲမရဖြစ်နေရာမှာ လွန်စွာဒေါသထွက်သွားပြီး . . .





''ဟဲ့ . . . မိန်းကလေး . . . နင်ပြောတဲ့စကားတွေဟာ ခွေးလောက်တောင်တန်ဖိုးမရှိဘူး၊ နင့်လင် အခုလိုသေရတာ ငါ့ကြောင့်မဟုတ်ဘူး . . . နင့်ကြောင့်၊ နင် ပုလိပ်တွေခေါ်လာပြီး ငါ့အလုပ်တွေပျက်စီးအောင် ဖျက်ဆီးလိုက်လို့ နင့်လင်သေရတာ၊ နောက်ထပ် အချိန်တစ်နာရီ၊ နှစ်နာရီလောက်စောင့်ဆိုင်းလိုက်ရင် နင့်လင် အခုလိုသေမှာမဟုတ်ဘူး၊ ဒီလိုဆန္ဒမျိုးရှိရင် အစောကြီးကတည်း ဒီကိစ္စကို လက်မခံပါနဲ့လား . . . နင်တို့လင်မယားနှစ်ယောက်စလုံး လိုလိုလားလား သဘောတူလက်ခံကြပြီးမှ ငါ့လုပ်ငန်းကိုဖျက်ဆီးတဲ့နင့်ကို ငါ ခွင့်မလွှတ်နိုင်ဘူး''

ဟူ၍ တုံ့ပြန်ပြောဆိုလေ၏။

အမျိုးသမီးကလည်း မိန်းမသဘာဝ ကာက်ကာက်လန်အောင် ပြန်လည်ရန်တွေ့ပြန်၏။ ထိုအမျိုးသမီးသာမက ပုလိပ်များကလည်း ပရော်ဖက်ဆာကြီး၏စကားများကို လက်ခံနိုင်ခြင်းမရှိသည့်အပြင် ထိုစကားများက ၎င်းတို့အတွက် ဟာသပြက်လုံးများ ရယ်စရာများ ဖြစ်နေလေ၏။ ထိုအခါ ပရော်ဖက်ဆာကြီး၏ဒေါသများမှာ မီးကုန်ယမ်းကုန်ပေါက်ကွဲလေတော့၏။

သူ၏ဒေါသများမှာ ထိုအမျိုးသမီးကိုသာမက ပုလိပ်များအပေါ်သို့လည်း ကူးစက်လောင်ကျွမ်းသွားလေ၏။

ပုလိပ်အရာရှိသည် အချိန်များစွာ အကုန်ခံလိုဟန်မရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့၍

"ကဲ . . . အဘိုးကြီး . . . ခင်ဗျားရှုးတိုင်း ကျုပ်တို့လိုက်မရှုးနိုင်ဘူး၊ သေပြီးတဲ့လူတစ်ယောက်အသက်ကို ခင်ဗျားလိုအိုနာကျိုးကန်းဆရာဝန်အဘိုးကြီး မဆိုထားနဲ့ . . . မိုးပေါ်ကသိကြားမင်းတောင် တတ်နိုင်မှာမဟုတ်ဘူး၊ ခင်ဗျားဟာ စေတစ်လုံးပိုင်ရှင် ပုဂ္ဂိုလ်ထူးလည်း မဟုတ်ဘူး၊ သွေးရူးသွေးတန်းကယောင်ချောက်ချားနဲ့လူတွေရဲ့အသက်ကိုသတ်ဖြတ်နေတဲ့ခင်ဗျားကို အခုလို သက်သေအခိုင်အမာနဲ့ ဖမ်းဆီးရမိတာ ကျုပ်အတွက် တကယ့်ကိုကုသိုလ်ထူးတာပဲ၊ ဒီအမှုကို စုံစမ်းဖော်ထုတ်နိုင်တဲ့အတွက် ပုလိပ်မင်းကြီးက ကျုပ်ကို နာမည်ကောင်းဆုတံဆိပ်ချီးမြှင့်ပေးအပ်ပြီး ရာထူးတိုးမြှင့်ပေးမှာကို မြင်ယောင်သေးရဲ့ဗျာ"

ဟူ၍ ပြောလျက် သဘောကျစွာ ရယ်လိုက်လေ၏။

ပရော်ဖက်ဆာကြီးဦးမိုးမောင်သည် မည်သည့်စကားကိုမျှပြောဆိုခြင်းမပြုတော့ဘဲ မေးကြောကြီးများထောင်ထသည်အထိ အံကိုတင်းတင်းကြိတ်လိုက်ရင်း ပုလ်ပ်အရာရှိကို ရွံရှာစက်ဆုပ်သည့်အကြည့်ဖြင့် ကြည့်နေလေ၏။

* * *

## အခန်း (၃)

## ကျွန်ုပ်နှင့်ပုလိပ်မင်းကြီး

ကျွန်ုပ်သည် အထက်မြန်မာနိုင်ငံပုလိပ်အဖွဲ့တွင် နှစ်ကာလအတန်ကြာ တာဝန်ထမ်းဆောင်ပြီး ရာထူးတစ်ဆင့်တိုးမြှင့်ခြင်းခံရပြီးနောက် မြန်မာနိုင်ငံစုံထောက်ဌာနအင်းစိန်စီအိုင်ဒီသို့ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရ၏။

ကျွန်ုပ်၏ရာထူးမှာ ပုလိပ်အင်စပက်တော် အိုင်ပီရာထူးဖြစ်သည်။ စီအိုင်အေတွင် လောကဓာတ်ဌာန၊ လက်ဗွေဌာန၊ ငြင်းပွားစာချုပ်စာတမ်းဌာန၊ ဓာတ်ပုံဌာန၊ လက်နက်ဌာနနှင့်



www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းစစ်ဆေးရေးဌာနတို့ရှိသည့်အနက် ကျွန်ုပ်တာဝန်ထမ်းဆောင်ရသည့်ဌာနမှာ မှုခင်းစုံစမ်းစစ်ဆေးရေးဌာနဖြစ်သည်။

ကျွန်ုပ်တို့ပုလိပ်ဘက်တွင် အမှုကို စုံထောက်စစ်ဆေးသူတိုင်းကို အမှုစစ်အရာရှိ အိုင်အိုဟူ၍ သုံးနှုန်းခေါ်ဝေါ်လေ့ရှိသည်။ ကျွန်ုပ်၏လက်အောက်တွင် အိုင်အိုရာထူးဖြင့် တာဝန်ထမ်းဆောင်သူ နှစ်ဦးရှိသော်လည်း အချို့သောအမှုအခင်းများတွင် စုံထောက်မင်းကြီးက မှုခင်းဖြစ်ပွားသည့်ပုံသဏ္ဍာန်၊ လေးနက်မှုအခြေအနေပေါ်မူတည်ပြီး တာဝန်ကိုခွဲခြားမနေဘဲ တစ်ဦးချင်း၏စွမ်းဆောင်နိုင်မှုအရည်အချင်းအပေါ်သုံးသပ်၍တာဝန်ပေးသည်။

ကျွန်ုပ်သည် ငယ်စဉ်ကတည်းက စုံထောက်ပညာကို အထူးပင် ဝါသနာထုံသူဖြစ်၏။ သို့ကြောင့်လည်း ထိုခေတ်ထိုအခါက ဘီအေအောင်သူများသည် ဘီစီအက်ခေါ် မြန်မာနိုင်ငံဝန်ထမ်းအကြီးတန်းသို့ဝင်ရောက်၍ မြို့ပိုင်နယ်ပိုင်များအဖြစ် ခံယူကြသူများ၏။

ထိုသူများမှာ သမီးရှင်များအလယ်တွင် အလွန်ပင် မျက်နှာပွင့်လန်း ရေပန်းစားသူများဖြစ်၏။ ၎င်းရာထူးရာခံကို ခေတ်ပညာတတ်လူငယ်တိုင်း မျှော်မှန်းကြသော်လည်း ကျွန်ုပ်ကတော့ ဆွေမျိုးများနှင့် မိတ်ဆွေအပေါင်းအသင်းများကန့်ကွက်ပြောဆိုနေသည့်ကြားမှ စိတ်လွန်စွာထက်သန်သည့် ဆပ်ကျောင်းသို့





တက်ရောက်ပြီး ပုလိပ်အရာရှိအဖြစ်ဝင်ရောက်လုပ်ကိုင်ခဲ့၏။

ဝါသနာနှင့်အသက်မွေးဝမ်းကျောင်း တစ်ထပ်တည်းကျသည့် လုပ်ငန်းဖြစ်၍အောင်မြင်မှုများစွာရရှိခဲ့လေရာ နှစ်အနည်းငယ်အတွင်း ရာထူးအဆင့်ဆင့်တိုးမြှင့်ခြင်းခံခဲ့ရ၏။ လူ့လောကတွင်ကြုံတွေ့ရင်ဆိုင်ရသည့် ဖြစ်မြဲထုံးစံအတိုင်း အချို့သောပြိုင်ဘက်ပုဂ္ဂိုလ်များ၏ မနာလိုစောင်းမြောင်းခြင်းကိုပင် ခံရလေ၏။

စီအိုင်ဒီ စုံထောက်မင်းကြီးမစ္စတာဝဲလ်ဘုန်းသည် လွန်စွာပါးနပ်သူဖြစ်၏။

အမှုအခင်းကိုင်တွယ်ရာတွင်သော်လည်းကောင်း၊ စုံစမ်းဖော်ထုတ်ရာတွင်သော်လည်းကောင်း အသိအမြင်ကြွယ်ဝသကဲ့သို့ တာဝန်ပေးစေခိုင်းရာတွင်လည်း မည်သူသည် မည်သည့်လုပ်ငန်းမျိုးတွင် ကျွမ်းကျင်သည်စသဖြင့်ရွေးချယ်ပြီး တာဝန်ပေးနိုင်စွမ်းသူဖြစ်သည်။

သို့ကြောင့်လည်း လွန်စွာလျှို့ဝှက်ခက်ခဲသည့် အမှုအခင်းများကို ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်၏။

မစ္စတာဝဲလ်ဘုန်း၏စွမ်းဆောင်နိုင်မှုကို မြန်မာနိုင်ငံသားမက ၎င်းတို့၏ ဝိတိုရိယဘုရင်မကြီးကိုယ်တိုင် ချီးကျူးဂုဏ်ပြုသည်အထိ အောင်မြင်မှုရရှိခဲ့၏။

နွေရာသီ၏ တစ်ခုသော ရုံးဖွင့်ရက်နေ့တစ်နေ့တွင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုနေ့တွင် ကျွန်ုပ်၏လက်အောက်တွင် တာဝန်ထမ်းဆောင်သည့် ရာဇဝတ်အုပ်အိုင်ပီအဆင့်ရှိသူ မိတ်ဆွေနှစ်ဦးကို အဖော်ပြု၍ ကျိုက္ကဆံကွင်းတွင်ကျင်းပပြုလုပ်သည့် လက်ဝှေ့ပွဲသို့သွားရောက်ကြည့်ရှုပြီး အင်းစိန်စီအိုင်ဒီသို့ရောက်ရှိလာခဲ့၏။

ကျွန်ုပ်၏ခန္ဓာကိုယ်မှာ ကိုင်ရိုက်ထားသကဲ့သို့ နာကျင်နေလေ၏။ နဖူးနှင့်ညာဘက်ပါးပြင်မှာလည်း အနည်းငယ်ဖူးရောင်နေလေရာ ကျွန်ုပ်၏မိတ်ဆွေနှစ်ဦးက အရောင်ကျဆေးများတိုက်ကျွေးကြ၏။

သူတို့နှစ်ဦးမှာ ကျွန်ုပ်အားပြုစုရင်းဖြင့်လက်ဝှေ့ပွဲတွင် ပြိုင်ဘက်ကို အလဲထိုးယှဉ်ပြိုင်နိုင်ခဲ့သည့် ကျွန်ုပ်ကို အားပါးတရချီးကျူးပြောဆိုကြလေ၏။

အမှန်မှာ ထိုလက်ဝှေ့ပွဲသို့ ဝါသနာအလျောက် သွားရောက်ကြည့်ရှုခြင်းဖြစ်သော်လည်း ကြိုးဝိုင်းပေါ်တွင် စကားကြီးစကားကျယ်ဖြင့်လက်သီးလက်မောင်းတန်းလျက် စိန်ခေါ်နေသည့် ဘိုကပြားကို မခံချင်စိတ်ဖြင့် တက်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

ကျွန်ုပ်သည် စုံထောက်ပညာကို ဝါသနာထုံသကဲ့သို့ ရဲစွမ်းသတ္တိနှင့်ယှဉ်သော အနောက်တိုင်းလက်ဝှေ့ထိုးခြင်း၊ ဂျူဒို





ကစားခြင်းတို့ကိုလည်း နှစ်သက်စွဲလမ်းသူဖြစ်၍ ဆပ်ကျောင်းတွင်နေစဉ်ကတည်းက ဖယ်သာဝိတ်တန်းတွင် လက်ဝှေ့ချန်ပီယံအဆင့်အထိ အသိအမှတ်ပြုခြင်းခံခဲ့ရ၏။

ထိုမျှသာမက ဆရာကြီးဦးပြည်သိန်းနှင့် ဦးချစ်သန်းတို့ထံတွင် တပည့်ခံ၍ မြန်မာ့ရိုးရာသိုင်းပညာများကို လေ့လာသင်ကြားခဲ့၏။

"ဂျူဒိုပညာဟာ ဂျပန်လူဆိုးတွေနဲ့ယှဉ်ဖို့ ပိုပြီး အသုံးကျပြီး မြန်မာလူဆိုးတွေနဲ့တိုက်ခိုက်ဖို့ဆိုရင် ဗန်တိုဗန်ရှည်သိုင်းပညာက ပိုပြီးအသုံးကျတယ်၊ လျှပ်တစ်ပြက်တိုက်ခိုက်တဲ့နေရာမှာတော့ အနောက်တိုင်းလက်ဝှေ့ဟာ ပွဲသိမ်းမြန်စေတယ်"

ဆရာကြီးဦးပြည်သိန်း၏ အထက်ပါစကားမှာ မှတ်သားဖွယ်ကောင်းလှပေ၏။ တိုက်ခိုက်နိုင်သောစွမ်းရည်မြင့်မားသည့် ပုစရိုက်သမားများနှင့် အသက်လုရင်ဆိုင်ထိုးသတ်ကြရာတွင် ကျွန်ုပ်သာလျှင် အနိုင်ရခဲ့သည်ချည်းဖြစ်၏။

အော်စတင်ကားတစ်စီးသည် အင်းစိန်စီအိုင်ဒီဝင်းထဲသို့ မောင်းဝင်လာပြီး မကြာခင်မှာပဲ စုံထောက်မင်းကြီးမစ္စတာဝဲလ်ကုန်းက ကျွန်ုပ်အား အရေးတကြီးတွေ့လိုကြောင်း ဂေါ်ရာပုလိပ်တစ်ဦးက ဆီးကြိုပြောကြားလေ၏။

ထိုအခါ အမှုစုံစမ်းထောက်လှမ်းရာတွင် အဖြစ်မရှိသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း တရားခံရိုက်နှက်ရာတွင် လက်သံပြောင်၍ စိန်ဖေဒါဟု နာမည်ကျော်သော အိုင်ပီသန်းစိန်က ...

''ကိုကျော်စွာရေ ... ဒီတစ်ခါ ခင်ဗျားရင်ဆိုင်ရမှာ လက်ဝှေ့ကြိုးဝိုင်းထက် ပိုဆိုးလိမ့်မယ် ထင်တယ်၊ ခင်ဗျား မရောက်သေးဘူးလားလို့မေးနေတာ ဆယ်မိနစ်ခြားတစ်ခါ ဆို သလိုပဲ''

''အေးဗျာ ... အခုတလော အမှုအခင်းတွေ နည်းပါ သွားလို့ပျင်းနေတာနဲ့ လက်ဝှေ့ပွဲသွားကြည့်ဖြစ်တာ၊ ဟိုလက် ဝှေ့ပွဲမှာ အနိုင်ယူနိုင်ပေမယ့် ဒီလက်ဝှေ့ပွဲမှာ ကျုပ်တော့ အလ ထိုးခံရမယ်ထင်တယ်''

ဟုပြောလိုက်ရာ ကျွန်ုပ်စကားကို သဘောကျ၍ ရယ် ကြလေ၏။

ထို့နောက် ကျွန်ုပ်လည်းအချိန်မဆိုင်းဘဲ စုံထောက်မင်း ကြီး၏ရုံးခန်းသို့ထွက်ခဲ့လေ၏။ ကျွန်ုပ်ရောက်ရှိသွားသောအခါ စုံထောက်မင်းကြီးသည် လိုလိုလားလားဖိတ်ခေါ်၍ သူနှင့်မျက်နှာ ချင်းဆိုင်ကုလားထိုင်တွင် ထိုင်ခိုင်းလေ၏။

စုံထောက်မင်းကြီးသည် ကျွန်ုပ်ကိုစောင့်ဆိုင်းနေသည့် အချိန်အတွင်း သူ၏ရှေ့တွင်ရှိသောအမှုတွဲဖိုင်ကို စိတ်ဝင်တစား လှေ့လာဖတ်ရှုနေလေ၏။





ကျွန်ုပ်အားတွေ့လိုသည့်အကြောင်းကိစ္စမှာလည်း ၎င်း အမှုတွဲနှင့်သက်ဆိုင်နေခြင်းဖြစ်ကြောင်း ကျွန်ုပ်သိရလေ၏။

စုံထောက်မင်းကြီး မစ္စတာဝဲလ်ဘုန်းသည် အမှုနှင့် မသက်ဆိုင်သည့်အကြောင်းအရာများကိုမေးမြန်းဆွေးနွေးနေသ ဖြင့် ကျွန်ုပ်မှာ နားမလည်နိုင်အောင်ဖြစ်ရလေ၏။ ၎င်းအကြောင်း အရာများမှာ ဝိညာဉ်လောကနှင့်သက်ဆိုင်သည့် ဖြစ်ပျက်မှုများ ပင် ဖြစ်သည်။

သို့သော် ကျွန်ုပ်၏နားမလည်မှုများမှာ မစ္စတာဝဲလ်ဘုန်း ၏ရှေ့တွင်ရှိသည့် အမှုတွဲဖိုင်ကို ဖတ်ရှုလေ့လာရသည့်အခါ သဘောပေါက်နားလည်သွားတော့၏။

ကျွန်ုပ်သည် မစ္စတာဝဲလ်ဘုန်း၏ရှေ့မှာပင် ၎င်းအမှုတွဲ ကို အချိန်တိုတိုအတွင်း ဖတ်ရှုလိုက်၏။ အမှုမှာလွန်ခဲ့သော ခြောက်လခန့်က ဖြစ်ပွားခဲ့သည့် လူသတ်မှုဖြစ်၏။

အမှုဖြစ်ပွားပုံမှာလည်း လွန်စွာအံ့သြဖွယ်ကောင်း၏။ ဆေးဘက်ဆိုင်ရာ ဆရာဝန်ကြီးတစ်ဦးက လုပ်ကြံသတ်ဖြတ် သည့်လူသတ်မှုဖြစ်ပြီး ထိုလူသတ်မှုမှာ ရန်ငြိုးရန်စကြောင့်မဟုတ် ဘဲ သုတေသနလုပ်ငန်းအတွက် လူသတ်မှုကျူးလွန်ခဲ့ခြင်းဖြစ် သည်။

ကျွန်ုပ်လည်းသမားရိုးကျမဟုတ်သည့် အမှုအခင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



၍ အုံသြသွားလေ၏။ ထိုလူသတ်မှုကျူးလွန်သည့် ဆရာဝန်ကြီးကိုလည်းစက်ရှင်မင်းကြီးက ကြိုးမိန့်ကျခံစေသဖြင့် သေဆုံးခဲ့ပြီးဖြစ်၏။

လူသတ်မှုမှာ သက်သေအခိုင်အမာနှင့် ထင်ရှားသည့် လူသတ်မှုဖြစ်ပြီး ပြစ်ဒဏ်လည်းချမှတ်ထားပြီးဖြစ်ရာ ၎င်းအမှုမှာ ပြီးဆုံးနေပြီဖြစ်၏။

သို့သော် ... နောက်ဆက်တွဲဖြစ်ပွားသည့် လူသတ်မှုနှစ်ခုမှာ ထိုအဖြစ်အပျက်ကိုအခြေခံပြီး ဖြေရှင်း၍မရလောက်အောင်ရှုပ်ထွေးသည့်လူသတ်မှုဖြစ်ကြောင်း စုံထောက်မင်းကြီးက ရှင်းပြလေ၏။

သူသည် အထက်မြန်မာပြည်၊ ပြင်ဦးလွင်ခရိုင်ဝန်၏ အစီရင်ခံစာကိုလည်း ကျွန်ုပ်အားဖတ်ရှုစေပြီး ထိုအမှုတွဲနှင့် ပတ်သက်၍ ကျွန်ုပ်၏ထင်မြင်ချက်ကို နောက်တစ်နေ့မနက် ရုံးချိန်တွင် ၎င်းအားလာရောက်အစီရင်ခံရန် ပြောလေ၏။

ကျွန်ုပ်နှင့် မစ္စတာဝဲလ်ဘုန်းသည် အချိန်တစ်နာရီကျော်မျှ စကားပြောဆိုလျက်ရှိနေကြ၏။

အဓိကပြောဆိုသည့် အကြောင်းအရာများမှာ ပြင်ဦးလွင်ခရိုင်တွင်ဖြစ်ပွားသည့် လူသတ်မှုနှစ်မှုနှင့်ဆက်စပ်ပြီး ပရလောက၊ ဝိညာဉ်လောကအကြောင်းများပင်ဖြစ်၏။





ထို လူသတ်မှုနှစ်မှုဖြစ်ပွားပုံမှာလည်း လွန်စွာရှုပ်ထွေးသည့်အပြင် ပြင်ဦးလွင်ခရိုင်ရှိစုံထောက်များနှင့် ပုလိပ်များမှာ ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းမရှိသလို ကိုင်တွယ်ဖို့လည်း မဝံ့မရဲဖြစ်နေကြောင်းသိရပြန်၏။

သို့ကြောင့်လည်း ထိုအမှုတွဲကို အင်းစိန်စီအိုင်ဒီရုံးသို့ လွှဲ၀ှက်ပေးပို့အကူအညီတောင်းခံခဲ့ခြင်းဖြစ်သည်။

မစ္စတာဝဲလ်ဘုန်းနှင့် တွေ့ဆုံနေစဉ်တွင် ရုံးခန်းတွင်း၌ ကျန်ရစ်ခဲ့ကြသည့်စုံထောက်များမှာ ကျွန်ုပ်အခြေအနေကိုစောင့်ကြည့်နေလျက်က ထင်မြင်ချက်အမျိုးမျိုး ပြောဆိုဝေဖန်နေကြ၏။ အချို့မှာ အကောင်းမြင်သကဲ့သို့ အချို့ကလည်း မနာလိုဝန်တိုသည့်စိတ်ကလေးဖြင့် ထိလုံး၊ ရိလုံး၊ ကလိလုံးဟူသည့် လေယူလေသိမ်းဖြင့် ပြောနေကြမည်မှာ သေချာပါ၏။

လူ့လောကသဘာဝအရ မည်သည့်အသက်မွေးဝမ်းကျောင်းနယ်ပယ်တွင်မဆို အချို့သောသူများမှာ မိမိတို့၏ လုပ်ဖော်ကိုင်ဖက်များအပေါ်တွင် ကိုယ့်ထက်သာမနာလိုဟူသည့် စိတ်ထားမျိုးရှိကြစမြဲပင်ဖြစ်၏။

ကျွန်ုပ်တို့သည် ဥပဒေဘက်တော်သားများဖြစ်၏။ ထို့အပြင် ကျွန်ုပ်တို့နိုင်ငံကိုအုပ်ချုပ်နေသည့် ကိုလိုနီအစိုးရ၏ဥပဒေကိုကာကွယ်စောင့်ရှောက်နေကြရ၏။ ၎င်းဥပဒေဖြင့် ကျွန်ုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



တိုင်းပြည်နှင့်ပြည်သူလူထုကို ဗြိတိသျှအစိုးရက အုပ်ချုပ်နေခြင်းဖြစ်ရာ ထိုသဘောတရားကို အထူးပင်အလေးထားဆင်ခြင်ရမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် လုပ်ငန်းသဘာဝအရ ဒုစရိုက်သမားအမျိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ရစမြဲဖြစ်သည်။ အသက်အန္တရာယ်နှင့်နီးကပ်သော စွန့်စားဆောင်ရွက်ရသည့်အခါများလည်း ရှိ၏။ ကျွန်ုပ်တို့နှင့်ရင်ဆိုင်ရသည့် ဒုစရိုက်သမားများမှာ အများအားဖြင့် ကျွန်ုပ်တို့ကိုင်းသူပြည်သားများပင် ဖြစ်သည်။

၎င်းဒုစရိုက်သမားများကို ပြစ်မှုကျူးလွန်သည့် အခြေအနေအပေါ်တွင် အမှုတည်ဆောက်ပြီးစက်ရှင်မင်းကြီးရုံးသို့ လွှဲပြောင်းပေးရ၏။ စက်ရှင်တရားသူကြီးများမှာလည်း ကိုလိုနီအစိုးရ၏ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီဆောင်ရွက်ကြရ၏။

လေးနက်စွာ သုံးသပ်ဆင်ခြင်ရသော် ကျွန်ုပ်တို့ဥပဒေဘက်တော်သားများသည် အာဏာရှင်ကိုလိုနီအစိုးရ၏ ထားရာနေ စေရာသွားဟူသည့် ရုပ်သေးရုပ်ပမာ ကျင်လည်နေကြရခြင်းဖြစ်သည်။

သို့ဆိုလျှင် ၎င်းအစိုးရလက်အောက်၌ မည်သို့ကြောင့်အမှုပါမ်းနေရသနည်းဟုမေးခွန်းထုတ်စရာဖြစ်နေပါလိမ့်မည်။

အခြားသူများတွင် မည်သို့ရှိမည်မသိသော်လည်း ကျွန်ုပ်





မှာတော့ ခိုင်မာသောသန္နိဋ္ဌာန်ချထားသည့် ယုံကြည်ချက်ဖြင့် ဖြေကြားနိုင်ပါသည်။

၎င်းတို့၏ ဥပဒေအမှုထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်ပြီး မိမိတို့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို တရားသဖြင့် ကာကွယ်စောင့်ရှောက်လိုသည့်ခံယူချက်ပင် ဖြစ်သည်။

ကျွန်ုပ်သည် တရားခံများကို လိုအပ်သည်ထက် ပိုပြီးဖိနှိပ်ခြင်းမျိုးမရှိစေရန် အထူးသတိထားဆင်ခြင်၏။ မျက်နှာဖြူအရာရှိများကို မျက်နှာလိုမျက်နှာရစိတ်မျိုးဖြင့် တရားခံများကိုဒုက္ခဆင်းရဲရောက်အောင် ဘယ်တုန်းကမှ မပြုလုပ်ခဲ့ပေ။

ကိုလိုနီအစိုးရလက်အောက်တွင် ဥပဒေဘက်တော်သားအဖြစ် တာဝန်ထမ်းဆောင်ကြရသည့် ကျွန်ုပ်တို့စုံထောက်များတွင် သာမန်အဆင့်ရှိ ပုလိပ်များမှာဆိုခဲ့ပြီးသည့် သဘောထားမျိုး၊ ခံယူချက်မျိုးထားရှိကြလျှင် အဘယ်မျှကောင်းလေမလဲဟု ကျွန်ုပ် အကြိမ်ကြိမ်တွေးမိသည်။ အကြိမ်ကြိမ်လည်း ဆုတောင်းမိသည်။

သို့သော်လည်း ကျွန်ုပ်အတွေးနှင့်ဆုတောင်းခြင်းများမှာ အနည်းငယ်မျှပင် ပြည့်ဝခြင်းမရှိခဲ့ပေ။

၎င်းတို့အများစုမှာ မျက်နှာဖြူအရာရှိကြီးများ၏ မျက်နှာသာပေးမှုကိုသာ အထူးပင်ခုံမင်ကြပြီး ၎င်းအခွင့်အရေးအတွက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် မိမိပြည်သူများကို အဘယ်မျှနှိပ်စက်ညှဉ်းပန်းရမလဲ၊ အရိုးကွဲအောင်နှိပ်စက်ကြဖို့ ဝန်မလေးကြသူများဖြစ်၏။

လွန်စွာစိတ်ပျက်ဖွယ်ကောင်းလှပေ၏။

မစ္စတာဝဲလ်ဘုန်းအခန်းမှ ထွက်လာသည့်တွင် အချိန်မှာ ရုံးဆင်းချိန်ပင် ကျော်လွန်ခဲ့လေပြီ၊ ကျွန်ုပ်တွေးထင်ထားသကဲ့သို့ပင် ကျွန်ုပ်နှင့်ပြိုင်ဘက် စီအိုင်စီစုံထောက်အချို့မှာ ရုံးခန်းအတွင်း မစ္စတာဝဲလ်ဘုန်းအခန်းထဲမှ ကျွန်ုပ်ပြန်ထွက်လာသည်နှင့် စပ်စုမေးမြန်းရန် စောင့်ဆိုင်းနေကြ၏။

သူတို့သည် မစ္စတာဝဲလ်ဘုန်းက ထိုမျှအချိန်ကြာမြင့်စွာ တွေ့ဆုံစကားပြောခြင်းအပေါ် နားမလည်နိုင်အောင်ဖြစ်နေကြ၏။ ထိုထက်ပို၍ အံ့သြနေကြသည်မှာ ကျွန်ုပ်ပွေ့ယူလာသည့် အမှုတွဲဖိုင်ကြီးကို တွေ့မြင်လိုက်၍ဖြစ်သည်။

သူတို့၏အရိပ်အခြည်ကို သိရှိနေသဖြင့် ကျွန်ုပ်ကလည်း လွန်စွာမသက်သာသည့်အမူအရာဖြင့် မျက်နှာကို အစွမ်းကုန်ရှုံ့မဲ့ပြလိုက်ပြီး ...

''အိုင်ပီတို့ စုံထောက်ပီသပါရဲ့ဗျား၊ ကျုပ်တော့ တကယ့်ကို မတ်တတ်က လဲကျမတတ် အလူးအလဲခံလိုက်ရပြီ''

ဟုပြောလိုက်ပြီး မင်းကြီးက မည်သို့မည်ပုံကြိမ်းမောင်းလိုက်ကြောင်း၊ ထိုမျှနှင့်အားမရဘဲ အိပ်စက်ခွင့်မရအောင် အ





လုပ်တွေပေးလိုက်ကြောင်း ညည်းတွားပြောလိုက်လေရာ ၎င်းတို့လည်း ကျေနပ်အားရသွားပြီး စုံထောက်မင်းကြီး၏ အကြိမ်းအမောင်းမခံရအောင် မည်သို့နေထိုင်ရကြောင်း၊ သူ၏အရိပ်အကဲကို မည်သို့နားလည်ရမည်ဖြစ်ကြောင်း စသည်ဖြင့်အထက်အရာရှိလေသံဖြင့် နှိမ်ချပြောဆိုတော့၏။

ကျွန်ုပ်လည်း ပြုံး၍နားထောင်နေရာမှ ၎င်းတို့စကားမဆုံးခင်မှာပဲ ထိုနေရာမှထွက်ခွာလာခဲ့တော့၏။

✳ ✳ ✳

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

# ပုလိပ်မင်းကြီးခေါင်းကိုက်လေပြီ

''ဒီအမှုတွဲကို လေ့လာဖတ်ရှုပြီး ကျွန်ုပ် ... အားကြီးခေါင်းရှုပ်တယ် လူကလေး၊ ဝိညာဉ်လောက, တစ္ဆေသရဲဆိုတာ ကျွန်ုပ်ကြားဖူးပါတယ်၊ မြင်ဖူး,ကြုံဖူးခြင်းတော့ မရှိဘူး၊ ကျွန်ုပ် ငယ်ငယ်က ကြားဖူးတာတော့ရှိတယ်၊ ဗမ်ပိုင်းယားလို့ခေါ်တဲ့ သွေးစုပ်ဖုတ်ကောင်ပေါ့၊ သို့ပေမယ့် အဲဒါတွေဟာ ကလေးသူငယ်တွေကိုကြောက်လန့်အောင်ခြောက်ခြင်းတစ်မျိုးပါပဲ ... လူကလေး မောင်ဂျော်ဇွာ ဘယ်လိုယူဆသလဲ''





''ကျွန်တော့်အနေနဲ့တော့ တိတိကျကျအဖြေပေးဖို့ စောပါသေးတယ်၊ အသတ်ခံရတဲ့လူတွေရဲ့ အခြေအနေကို စူးစမ်းလေ့လာပြီးမှဖြစ်နိုင်ခြေကိုပြောရမှာပါ၊ သံသယရှိတဲ့ တရားခံဟာ သေဆုံးပြီးသူဖြစ်နေတော့ အတော်လေးစဉ်းစားရခက်နေတယ်''

''ဟုတ်တယ် လူကလေး ... သေဆုံးသူတွေရဲ့ သေမှုသေခင်းတွေဟာ တစ်ထပ်တည်းတူညီနေတယ် ... ဖြစ်လေ့ဖြစ်ထရှိတဲ့ပုံစံမျိုးမဟုတ်တော့ အဲဒီအဖြစ်နှင့်ဆက်နွှယ်သူတွေအားလုံး အထိတ်တလန့်ဖြစ်နေကြတယ်၊ တရားခံ ဖော်ထုတ်ဖို့ဆိုတာကလည်း သေဆုံးသူတွေမှာ လုပ်ကြံသတ်ဖြတ်ခံရတဲ့ သဲလွန်စမျိုးမတွေ့ရဘူး၊ ဒါပေမဲ့ အားလုံးက လူသတ်တရားခံကို ကြိုးမိန့်နဲ့သေဆုံးသွားတဲ့ ဆရာဝန်ကြီးလို့ ယူဆနေကြတယ်၊ ဒါကြောင့် ကျွန်ုပ်က လူကလေးတို့မြန်မာပြည်ရဲ့ တစ္ဆေသရဲတွေအကြောင်း မေးမြန်းရခြင်းဖြစ်တယ်''

''ဒီအကြောင်းနဲ့ပတ်သက်လို့ပြောရရင်တော့ ကျွန်တော်တို့ ကိုးကွယ်ဆည်းကပ်တဲ့ ဂေါတမမြတ်စွာဘုရားလက်ထက်က စချိပြီးပြောရမလိုဖြစ်နေပြီ၊ ပရလောက၊ ဝိညာဉ်လောကဆိုတာ သိပ္ပံနည်းကျဖော်ထုတ်လို့မရနိုင်တဲ့ကိစ္စဖြစ်ပေမယ့် အပါယ်ကျသွားလို့ မြတ်စွာဘုရားကိုယ်တိုင်တိတိကျကျညွှန်ပြထားတော့



www.burmeseclassic.com

www.burmeseclassic.com



နယ်ပယ်တစ်ခုပါ . . . ၊ မင်းကြီးပြောတဲ့ ဗမ်ပိုင်းယားဆိုတာကိုတော့ ဖော်ပြထားတာမရှိပါဘူး၊ ဗမ်ပိုင်းယားဆိုတဲ့သူရဲဟာ မင်းကြီးတို့တိုင်းပြည်က အင်္ဂလိပ်သူရဲပဲ ဖြစ်မယ်ထင်တယ်''

''ကျွန်ုပ်လိုက်မမီတော့ဘူး လူကလေး၊ ဒီကိစ္စကို အထူးကိစ္စတစ်ရပ်အနေနဲ့ လူကလေးကို တာဝန်ပေးဖို့ ကျွန်ုပ် ရည်ရွယ်ထားတယ် . . . အထူးသဖြင့် အဲဒီအမှုအခင်းမှာ ဆက်နွယ်ပတ်သက်နေတဲ့ပုဂ္ဂိုလ်တစ်ဦးအတွက် ကျွန်ုပ်အလွန်စိုးရိမ်မိတယ်၊ အဲဒီလူကိုယ်တိုင် ကျွန်ုပ်ထံ တိုက်ရိုက်အကူအညီတောင်းခံထားတယ်၊ အဲဒီလူဟာ စိတ်ရှုးပေါက်ပြီးထင်ရာလုပ်တဲ့ လူသတ်သရာဝန်ကြီးကို ကြိုးမိန့်ချမှတ်ခဲ့တဲ့ စက်ရှင်တရားသူကြီး ဦးငွေစိုးဖြစ်တယ်''

''ကောင်းပါပြီ မင်းကြီး၊ ဒီအမှုအခင်းအတွက် မင်းကြီးဆန္ဒရှိတဲ့ပုံစံကိုပြောပါ''

''ဒီအမှုတွဲနဲ့ စက်ရှင်မင်းကြီးဦးငွေစိုးအကူအညီတောင်းတဲ့အစီရင်ခံစာကိုဖတ်ပြီး နောက်တစ်နေ့မနက်မှာ လူကလေးဘယ်လိုစိတ်ကူးကြံစည်ထားတယ်ဆိုတာ ကျွန်ုပ်သိချင်တယ်၊ ကျွန်ုပ် သူတို့ကို အားချင်းအကြောင်းပြန်ရလိမ့်မယ်''

ကျွန်ုပ်သည် အမှုတွဲကိုဖတ်ရှုရင်းဖြင့် စုံထောက်မင်းကြီးမစ္စတာဝဲလ်ဘုန်းနှင့် တွေ့ဆုံဆွေးနွေးပြောဆိုခဲ့သည့် စကားများ





ကို ပြန်လည်ကြားယောင်မိခြင်းဖြစ်သည်။ မစ္စတာဝဲလ်ဘုန်းသည် ပရလောက၊ ဝိညာဉ်လောကများနှင့်ပတ်သက်၍ သူနားလည်ထားသလို ပြောဆိုလေရာ အချို့စကားများမှာ အမြီးအမောက်မတည့်ဘဲ ရယ်စရာကောင်းလှပေ၏။

ကျွန်ုပ်သည် အမှုသွားအမှုလာဖြစ်စဉ်နှင့် သေဆုံးသူများ၏ဖြစ်စဉ်၊ စက်ရှင်မင်းကြီး၏အစီရင်ခံစာများကို ဆက်စပ်ပြီး အကြိမ်ကြိမ်ဖတ်ရှုခဲ့ပြီးဖြစ်၏။

သေဆုံးသူမှာ အသက်နှစ်ဆယ်ကျော်အရွယ် အမျိုးသမီးတစ်ဦး၊ ဌာနအုပ် ပုလိပ်အရာရှိတစ်ဦး၊ ပုလိပ်နှစ်ဦးစုစုပေါင်း လေးဦးတို့ ဖြစ်သည်။ ၎င်းတို့လေးဦးသေဆုံးပုံမှာ တူညီနေ၏။ အချိန်ကာလကိုဖော်ပြရသော် လူသတ်မှုကျူးလွန်၍ ကြိုးမိန့်ကျခံပြီးသေဆုံးသွားသည့် ဆရာဝန်ကြီးဦးမိုးမှောင် အမှုအခင်းပြီးဆုံး၍ သုံးလခန့်အကြာတွင် ၎င်းတို့လေးဦးမှာ ကာလများစွာမခြားခြင်းမရှိဘဲ တစ်ဦးပြီးတစ်ဦး သေဆုံးသွားကြခြင်းဖြစ်သည်။

အမျိုးသမီးမှာ ပထမဦးဆုံးဖြစ်ပြီး ဌာနအုပ်မင်းမှာ ဒုတိယ၊ ပုလိပ်နှစ်ဦးမှာ တတိယ၊ စတုတ္ထဟူ၍ တစ်ဦးပြီးတစ်ဦး သေဆုံးသွားခြင်း ဖြစ်သည်။ မသေဆုံးခင်နေ့ရက်အချို့တွင် ၎င်းတို့သည် စိတ်ကယောင်ချောက်ချားဖြင့် ကြိုးမိန့်ဖြင့်သေဆုံးသူ



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီးက ၎င်းတို့ထံရောက်လာပြီး ခြိမ်းခြောက်သည်ဟု ပြောကြလေ၏။

ထိုအဖြစ်ကြောင့် တုန်လှုပ်ချောက်ချားလျက်ရှိနေရာ သုံး ကြိမ်မြောက် လာရောက်ခြိမ်းခြောက်သည်နှင့် သူတို့လည်း သေ ဆုံးသွားကြလေ၏။ သေဆုံးပုံမှာလည်း ၎င်းတို့ကို မြို့နှင့်အလှမ်း ဝေးကွာသည့် ဆင်ဝင်နှစ်ထပ်အိမ်မည်းကြီးတွင် ရောက်ရှိသေဆုံး နေခြင်းဖြစ်သည်။

ခန္ဓာကိုယ်တစ်ခုလုံးမှာ မိုးကြိုးပစ်ခံရသည့်ပမာ ရုပ်ပျက် ဆင်းပျက်သေဆုံးခဲ့ကြခြင်း ဖြစ်သည်။

ထိုသတင်းကို အချို့က အမျိုးမျိုးဝေဖန်ပြောဆိုကြလေ ၏။ ကြိုးမိန့်ပြင့်သေဆုံးသွားသော ဆရာဝန်ကြီးကမကျေနပ်၍ တစ္ဆေသရဲဘဝသို့ရောက်ရှိပြီး ထိုသူများအား ပြန်လည်ကလဲ့စား ချေခြင်းဟု ပြောဆိုကြလေရာ ထိုသတင်းကိုကြားရသည့် စက်ရှင် မင်းကြီးဦးငွေစိုးမှာ လွန်စွာ စိတ်သောကရောက်လျက်ရှိနေတော့ ၏။

သူသည် ဆရာဝန်ကြီးကို ကြိုးမိန့်ချမှတ်ခဲ့သူဖြစ်၍ ရုပ် ပျက်ဆင်းပျက်သေဆုံးသူများအဖြစ်မျိုး ရောက်ရှိမှာကိုတွေးမိပြီး အပြင်းအထန်တုန်လှုပ်ချောက်ချားနေတော့၏။ သူတွေးထင်နေ သကဲ့သို့ပင် တစ်ခုသောညဉ့်နက်သန်းခေါင်အချိန်တွင် ထိုဆရာ





ဝန်ကြီးသည် သူ၏အခန်းတွင်းသို့ရောက်ရှိလာပြီး ပြူးကျယ် သောမျက်ဝန်း၊ ရှည်လျားသည့်လည်တိုင်နှင့် ရုပ်ပျက်ဆင်းပျက် အမွှာအရာဖြင့်ရောက်ရှိလာပြီး ခြောက်လှန့်နေတော့၏။

သူ့အား ၎င်းနှင့်လိုက်ခဲ့ရမည်ဟုပြောဆိုနေရာ စက်ရှင် မင်းကြီးသည် အကြောက်အလန့်ငြင်းဆန်ရင်း မေ့မြောသွားလေ ၏။ ထိုအဖြစ်ကို သူ၏အိမ်သားများသိရှိသောအခါ စက်ရှင်မင်း ကြီးအတွက် လွန်စွာစိုးရိမ်ကြလေ၏။

ဩဇာရှိန်ဝါကြီးမားသည့်အပြင် အခြံအရံအသိုင်းအဝိုင်း ကြီးမားသူဖြစ်၍ သူ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ် စောင့်ရှောက်ရန် နည်းအမျိုးမျိုးကြံစည်ကြလေ၏။ ယခင်သေဆုံး သွားသူများမှာ ထိုသို့ခြိမ်းခြောက်ခံရပြီး သုံးကြိမ်မြောက်တွင် မြို့ပြင်ရှိ ဆင်ဝင်နှစ်ထပ်အိမ်ကြီးသို့ ရောက်ရှိသေဆုံးကြခြင်းကို သိရှိထားလေရာ ထိုတစ်ကြိမ်မှာ စက်ရှင်မင်းကြီးအတွက် ပထမ ဆုံးအကြိမ် ဖြစ်သည်။

သို့ကြောင့် ဒုတိယအကြိမ်နှင့် တတိယအကြိမ်ရောက်ရှိ မလာစေရန် နည်းလမ်းကြံစည်ကြလေ၏။ စက်ရှင်မင်းကြီးမှာ လည်း ၎င်းစိတ်ကြောင့်ပင် ကျန်းမာရေးချို့ယွင်းလာပြီး သူ၏ တာဝန်များကို ထမ်းဆောင်နိုင်ခြင်းမရှိ ဖြစ်နေတော့၏။

မစ္စတာဝဲလ်ဘုန်းထံသို့ အကြံဉာဏ်တောင်းခံထားသည်



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတွင် ရယ်စရာကောင်းလှသည့်အဖြစ်အပျက်တစ်ခုကို ဖော်ပြ ထားပေ၏။ ထိုကိစ္စများတွင် လွန်စွာအစွမ်းထက်လှသည့် ပယော ဂဆရာများ၊ ဗိန္ဓောဆရာများအကြောင်းပင် ဖြစ်သည်။

ဆရာဝန်ကြီး လာရောက်ခြောက်လှန့်မည်ကို စိုးရိမ် သဖြင့် ၎င်းဆရာများကို အခကြေးငွေများပေးပြီး ပင့်ဖိတ်ခေါ် ယူထားသည်။ တစ်နေ့တွင် ညဉ့်နက်ပိုင်းသို့ရောက်သောအခါ သေဆုံးသူ ဆရာဝန်ကြီး၏ဝိညာဉ် ရောက်ရှိလာပြီး အခြား မည်သူ့ကိုမျှ ခြောက်လှန့်ခြင်းမပြုဘဲ ထိုဗိန္ဓောဆရာတစ်ဦးတည်း ကိုသာ ခြောက်လှန့်လေရာ ဗိန္ဓောဆရာလည်း ပညာစွမ်းပြနေ လျက်က မည်သို့မျှမတတ်နိုင်ဘဲ အော်ကြီးဟစ်ကျယ်ဖြင့် ဆင် ပြေးသွားရသည့်အခြေအနေမျိုး ဆိုက်ရောက်သွားခြင်းပင် ဖြစ် သည်။

ထိုအဖြစ်ကြောင့် စက်ရှင်မင်းကြီးသာလျှင်မကဘဲ ၎င်း တို့မိသားစုများမှာ ညဘက်တွင် အိပ်စက်ခြင်းမပြုဝံ့အောင်ဖြစ် နေကြ၏။

ပြိတ္တာသူ့အစိုးရသည် ၎င်းတို့၏ဥပဒေကို ကာကွယ်စော င့် ရှောက်သူများအပေါ်တွင် အထူးပင်အလေးထား၏။ စက်ရှင်မင်း ကြီးဦးငွေစိုးမှာ ၎င်းတို့ထားရာနေစေရာသွားဆိုသကဲ့သို့ လက် ကိုင်တုတ်သဖွယ် အားထားရသူဖြစ်သောကြောင့် အတတ်နိုင်ဆုံး





ကာကွယ်စောင့်ရှောက်လိုသဖြင့် ကျွန်ုပ်အား တာဝန်ပေးခြင်းပင် ဖြစ်သည်။

ကျွန်ုပ်သည် အခြေအနေတစ်ခုလုံးအပေါ်တွင် သုံးသပ် တွေးတောနေမိသည်။ ဥပဒေလမ်းကြောင်းအရ အကျုံးမဝင် သည့် အချက်အလက်များဖြစ်သောကြောင့် ရိုးရိုးရှင်းရှင်းအမြင် ဖြင့် မှန်းဆတွေးမိပြန်၏။

တစ်ဖန် သာမန်အရပ်သားအမြင်မျိုး၊ ဈေးသည်အမြင် မျိုး၊ ထိုမျှသာမက ကလေးငယ်တစ်ဦး၏အသိဉာဏ်မျိုးဖြင့်လည်း တွေးတောပုံဖော်မိ၏။ တချို့သောကိစ္စရပ်များသည် ပညာရှင် ကြီးကဲ့သို့ အချက်အလက်ကိုဦးစားပေး၍ ရသည်များရှိသလို စဉ်းစား၍မရသည့်ကိစ္စများမှာ ပညာရှင်ကဲ့သို့ ကျင့်သုံးနေပါက လိုရင်းမရောက်ဘဲ ဝေလည်လည်ဖြစ်ကြသည်များကို မကြာခဏ ကျွန်ုပ် ကြုံတွေ့ခဲ့ဖူးပြီးဖြစ်၏။

စုံထောက်အတွေးအခေါ်ဖြင့် ချဉ်းကပ်မည်ဆိုပါက လည်း ပစ္စည်းသက်သေ၊ လူသက်သေ၊ သဲလွန်စဟူ၍အနည်း ငယ်မျှ မရရှိသောကြောင့် ထိုသို့ချဉ်းကပ်ရန် ဖြစ်နိုင်မည်မဟုတ် ပေ။

ကျွန်ုပ်သည် အကျရည်နှပ်ထားသော လက်ဖက်ရည် ခါးခါးကိုသောက်ရင်း ညဉ့်နက်သည့်တိုင်အောင် တွေးတောကြံ



www.burmeseclassic.com

www.burmeseclassic.com



စည်နေလေရာ သန်းခေါင်ယံအချိန်တွင် အတွေးတစ်ချက်ရရှိလိုက်သဖြင့် မိမိကိုယ်မိမိ ကျေနပ်အားရဖြစ်သွားလေ၏။

ကျွန်ုပ်သည် အချိန်မဆိုင်းဘဲ ထိုအကြံအစည်အတိုင်း စာရွက်ပေါ်တွင် ရေးမှတ်လိုက်ပြီး နောက်တစ်နေ့မနက်တွင် မစ္စတာဝဲလ်ဘုန်းထံသို့ပေးမည့် စာတစ်စောင်ကို ရေးသားလိုက်လေ၏။

ထို့နောက်မှာတော့ လေးလံကြီးမားသည့် ဝန်ထုပ်ဝန်ပိုးကို လွှတ်ချလိုက်သကဲ့သို့ ခန္ဓာကိုယ်တစ်ခုလုံး ပေါ့ပါးလန်းဆန်းသွားလေရာ အိပ်ရာပေါ်လှဲလိုက်သည်နှင့် နှစ်ခြိုက်စွာအိပ်ပျော်သွားလေ၏။

* * *

## အခန်း (၅)

## သဲလွန်စခြေရာ

နောက်သုံးရက်ခန့်ကြာမြင့်သည့်တွင် ကျွန်ုပ်သည် သာမန်ခရီးသွားပုဂ္ဂိုလ်တစ်ဦးကဲ့သို့ ဝတ်စားဆင်ယင်ပြီး ပြင်ဦးလွင်မြို့သို့ ရောက်ရှိလာခဲ့၏။

ကျွန်ုပ်ထွက်လာခြင်းကို မစ္စတာဝဲလ်ဘုန်းသည် ၎င်းမှလွဲ၍ မည်သူတစ်ဦးတစ်ယောက်ကိုမှ ပြောကြားခြင်းမပြုဘဲ လျှို့ဝှက်ထား၏။ မေးမြန်းလာသူများကိုလည်း ကျွန်ုပ်၏ကိုယ်ရေးကိုယ်တာကိစ္စအတွက် ခွင့်ရက်ရှည်ခံစားခွင့်ပြုထားကြောင်းပြော၍



www.burmeseclassic.com

www.burmeseclassic.com



ပြောဆို၏။

ငင်းမှာ ကျွန်ုပ်အကြံပြုတင်ပြထားခြင်းကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့စုံထောက်ပဋိညာဉ်တွင်မည်သည့်အကြောင်းကိစ္စရပ်ကို ဖြစ်ပါစေ အချိန်အခါမဟုတ်ဘဲ သတင်းပေါက်ကြားခြင်းမရှိစေရန် ဖြစ်၏။

ထိုသည်မှာလည်း ပြဿနာ၏ လေးနက်မှုအပေါ်တွင် အခြေခံ၍သတ်မှတ်ခြင်းဖြစ်လေရာ အချို့သောအမှုအခင်းများမှာ မိမိတို့၏လှုပ်ရှားမှုများကို ဒုစရိုက်သမားက ကြိုတင်ခြေရာကောက် ရိပ်မိသွားပြီး အစပျောက်တိမ်းရှောင်သွားမှာကို မလိုလားသောကြောင့် ဖြစ်သည်။

ဥပဒေဘက်တော်သားနှင့် ဒုစရိုက်သမားဟူသည်မှာ မုဆိုးနှင့်သားကောင်ပင်ဖြစ်၏။ တစ်ခါတစ်ရံတွင် မုဆိုးဟူသည့် ဥပဒေဘက်တော်သားမှာ ဒုစရိုက်သမား၏ သားကောင်ဘဝသို့ ကျရောက်နေသည့်အဖြစ်မျိုးလည်း ကြုံတွေ့ရတတ်၏။

ထိုကိစ္စတွင် ကျွန်ုပ်သည် သားကောင်အဖြစ်ခံယူကျင့်သုံးပြီး ချဉ်းကပ်ရန်ဆုံးဖြတ်ထားသောကြောင့် သားကောင်ဟူသည်မှာ မုဆိုး၏အန္တရာယ်ကိုကြိုတင်ရှောင်ရှားရသကဲ့သို့ သွားလာလှုပ်ရှားနေခြင်း ဖြစ်သည်။

ပြင်ဦးလွင်မြို့သို့ ရောက်ရှိပြီး ကျွန်ုပ်တွေ့ဆုံရမည့်သူ





နှင့် သွားရောက်တွေ့ဆုံခြင်းမပြုသေးဘဲ အတော်အသင့်ကောင်းမွန်သည့် စားသောက်ဆိုင်တွင် တစ်ညတာတည်းခိုရင်း အခြေအနေကို စူးစမ်းလေ့လာ၏။

ကျွန်ုပ်တည်းခိုသည့် စားသောက်ဆိုင်မှာ မြို့ပြင်အစပ်တွင်ဖြစ်ပြီး ကြိုးမိန့်ကျခံခဲ့၍သေဆုံးခဲ့သည့် ဆရာဝန်၏ဆင်ဝင်အုတ်ခံနှစ်ထပ်အိမ်ကြီးနှင့် ကွမ်းတစ်ယာညက်ခန့်မျှသာ ကွာဝေး၏။

မြို့အဝင်အထွက်လမ်းမကြီးဘေးတွင်ရှိနေပြီး စားသောက်သူများနှင့် ညဉ့်အိပ်တည်းခိုသူများ မပြတ်ရှိနေသဖြင့် လူစုံ၊ သတင်းစုံသည့် စားသောက်ဆိုင်ဖြစ်၍ ငင်းဆိုင်တွင် တည်းခိုရန်ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ ဧည့်သည်များလာရောက်တည်းခိုလျှင် စူးစမ်းကြသည့်သဘာဝအတိုင်း ဆိုင်ရှင်နှင့် အလုပ်သမားများမှာ ကျွန်ုပ်ကို တစေ့တစောင်းအကဲခတ်ကြလေ၏။ ထိုအခြေအနေကို ကျွန်ုပ်တွက်ဆထားပြီးဖြစ်၍ ကျွန်ုပ်သည် ရှမ်းပြည်နယ်ဘက်မှ ရောက်ရှိလာသည့်ကုန်သည်တစ်ဦးကဲ့သို့ အဝတ်အစား၊ အနေအထိုင်နှင့် အသုံးအဆောင်များမှအစ စနစ်တကျပြင်ဆင်ထားလေရာ ကျွန်ုပ်အား အမှန်ပင် ကုန်သည်တစ်ဦးဟု ယုံကြည်သွားကြ၏။

ကျွန်ုပ်၏အကြံအစည်မှာ ငင်းစားသောက်ဆိုင်တွင်



www.burmeseclassic.com

www.burmeseclassic.com



ကည်းခိုရင်းကြိုးမိန့်ဖြင့် သေဆုံးသွားသည့်ဆရာဝန်ကြီးအပေါ်တွင် ပြောဆိုသည့် အရပ်သတင်းစကားများကို ကြားသိလို၍ဖြစ်၏။ သတင်းဟူသည်မှာ နေရာတိုင်းတွင်ရရှိနိုင်သည်မဟုတ်ပါလား၊ လေ့လာစူးစမ်းနိုင်သည့် ဉာဏ်ပညာရှိဖို့သာ လိုအပ်၏။

အင်္ဂလိပ်စကားပုံ တစ်ခုရှိ၏။ ကျွန်ုပ်တို့[illegible]တာက်များအတွက် အထူးပင် မှတ်သားဖွယ်ကောင်းလှပေ၏။ နံရံတိုင်းတွင် နားတွေရှိသည်ဟူ၍ ဖြစ်၏။

သက်ရှိသာလျှင် မဟုတ်၊ သက်မဲ့အရာဝတ္ထုများမှလည်း သတင်းအချက်အလက်များရရှိနိုင်ကြောင်းကို ဆပ်ကျောင်းတွင် ကျွန်ုပ်သင်ကြားခဲ့ရ၏။

ကျွန်ုပ်ကြံစည်ထားသည့်ဆန္ဒမှာ နောက်တစ်နေ့ ညနေခင်းအချိန်တွင် အမှန်ပင်ပြည့်ဝသွားလေ၏။

ကျွန်ုပ် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ကျွန်ုပ်သိရှိရသည်မှာ အရပ်သတင်းစကားပင် ဖြစ်သည်။

ထိုနေ့က ကျွန်ုပ်သည်တည်းခိုဆောင်၏ စားသောက်ခန်းမှာပင် နေ့လယ်စာစားသောက်ပြီး အနီးဝန်းကျင်သို့ လမ်းလျှောက်ထွက်လာခဲ့၏။

မြို့ပြင်သို့ရောက်သည်နှင့် လန်းဆန်းလတ်ဆတ်သောလေကို အားပါးတရရှူရှိုက်လိုက်ရသဖြင့် ခန္ဓာကိုယ်တစ်ခုလုံး





စိတ်လက်ပေါ့ပါးသွားသလိုခံစားလိုက်ရသည်။ အောင်ပင်လယ်ကို ကျော်လွန်သည်နှင့် အော်ရေးရှားပင်များသည် လမ်းဘေးနှစ်ဖက်စလုံးကို ထူထပ်စွာအုပ်မိုးထားမှုကြောင့် အပူရှိန်အား အလိုအလျောက် နည်းပါးသွားလေ၏။

တစ်နာရီနီးပါးမျှ လျှောက်လှမ်းခဲ့ရာ မည်သူမျှအနားသို့ မကပ်ဝံ့လောက်အောင် ချောက်ချားဖွယ်ကောင်းသည့် အိမ်ကြီးအနီး ချဉ်းကပ်ရောက်ရှိလာ၏။ ကျွန်ုပ်သည် ဧည့်သူစိမ်းတစ်ဦးပမာ ဟိုသည်ငေးရီကြည့်ရင်း ၎င်းအိမ်ကြီးကို အနီးကပ်လေ့လာကြည့်၏။

ချုံနွယ်ပိတ်ပေါင်း ထူထပ်သည့်အပြင် ခြံတွင်း၌ လွန်စွာရှည်လျားသည့် မြက်ရိုင်းပင်ကြီးများရှိနေလေရာ ၎င်းခြံကြီးမှာ လူမနေဘဲပစ်ထားသည်မှာ ထင်ရှားပေါ်လွင်လှ၏။ ကြီးမားသောသစ်ပင်ကြီးများလိမ်ယှက်လျက် အုံ့ဆိုင်းနေသဖြင့် အောက်ခြေသို့ နေပျောက်မထိုးနိုင်အောင်ရှိနေသောကြောင့် အလင်းရောင်ကောင်းစွာရရှိသည့်အချိန်မှာပင် ခြံဝန်းတစ်ခုလုံး အမှောင်ရိပ်ကြီးစိုးနေလေ၏။

သို့ကြောင့်လည်း အနည်းငယ် လေတိုးဝှေ့သည်နှင့် များပြားလှသည့်သစ်ပင်ကြီးများနှင့် အကိုင်းအလက်များ လှုပ်ရှားယိမ်းယိုင်ကြသဖြင့် တဝေါဝေါ . . . တရှဲရှဲအသံကြီးများ မပြတ်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါ်လျက်ရှိလေရာ ၎င်းအသံများကြောင့် ခြံဝန်းအတွင်း၌ တစ္ဆေများထကြွသောင်းကျန်းနေသည့်အလား ကြောက်ရွံ့ဖွယ် ကောင်းလှလေ၏။

အားလုံးခြုံ၍သုံးသပ်ရသော် လူအများ အနားသို့မကပ် ဝံ့လောက်အောင်ဖြစ်ရသည်မှာ မလွန်ဟု ယူဆရမည်ဖြစ်၏။

ကျွန်ုပ်သည် ရှမ်းဘောင်းဘီအပွနှင့် အနက်ရောင်ပိုး တိုက်ပုံကိုဝတ်ဆင်ထားသဖြင့် အမှောင်ရိပ်ထူထပ်သည့်နေရာ ကိုရွေးချယ်ပြီး ခြံဝန်းအတွင်း ဝင်ရောက်ခဲ့၏။

အိမ်ကြီးကို အနီးကပ်မြင်ရသည်တွင် အနည်းငယ်မျှ ပြုပြင်မွမ်းမံခြင်းမရှိသဖြင့် အတော်ပင်အိုမင်းပျက်စီးလျက်ရှိ၏။ ကျွန်ုပ်သည် အိမ်ကြီး၏အဝင်ဝကို အတန်ကြာမျှ အကဲခတ် ကြည့်ရှုပြီး ခြံဝန်းအတွင်းသို့ ကြည့်လိုက်ရာ တစ်စုံတစ်ရာကို တွေ့ရှိလိုက်ရသဖြင့် အတော်လေးအံ့ဩသွား၏။

ကျွန်ုပ်သည် အိမ်ကြီး၏ခေါင်းရင်းဘက်သို့ ကပျာကယာ လျှောက်လှမ်းသွား၏။ သစ်အိုပင်ကြီးနှစ်ပင်အောက်သို့ရောက် သောအခါ ၎င်းအပင်နှစ်ပင်ကြားတွင် ထုံးဖြူဖွေးဖွေးနှင့်ကျောက် ဂူကလေးကိုအနီးကပ်ကြည့်လိုက်၏။

ဂူကလေးမှာ သေသပ်နိုင်ခန့်သော အုတ်၊ ကျောက်၊ အင်္ဂတေတို့နှင့်ပြုလုပ်ထားပြီး ဂူနံရံမှာကပ်ထားသည့်ကျောက်ဖြူ





ပြားတစ်ခုတစ်ခုပေါ်တွင် ပရော်ဖက်ဆာဦးမိုးမှောင်၏ဂုဏ်ပုဒ် နှင့် ကွယ်လွန်အနိစ္စရောက်သည့် နေ့စွဲ ရက်စွဲများရေးသားထွင်း ထုထားသည်ကိုတွေ့ရလေ၏။

ထိုကျောက်ဂူကလေးအတွင်း၌ ဦးမိုးမှောင်၏အလောင်း ကို မီးသင်္ဂြိုဟ်ပြီးမှ အရိုးကိုဂူသွင်းထားလေရာ ကျွန်ုပ်သည် ကျောက်ဂူကလေးကိုစေ့စေ့စပ်စပ်ကြည့်ပြီး တွေတွေကြီးစဉ်းစား နေမိသည်။ ဂူကလေးမှာလက်ရာသေသပ်ကောင်းမွန်လျက် လက်စလက်နစေ့စပ်ပုံမှာလည်း အတော်ပင်ချီးကျူးဖွယ်ကောင်း ၏။

ကျွန်ုပ်သည် ဂူကလေးကိုလည်းကောင်း၊ ဟောင်းနွမ်း အိုမင်းနေသည့် ဆင်ဝင်အုတ်တိုက်အိမ်ကြီးကိုလည်းကောင်း၊ ချုံနွယ်ပိတ်ပေါင်းများဖြင့်ထူထပ်နေသည့် ခြံဝန်းကြီးကိုလည်း ကောင်း နာရီဝက်ခန့်ကြာမြင့်သည်အထိ အသေးစိတ် လေ့လာ ရှုစမ်းနေမိသည်။

ထိုသို့ရှိနေစဉ်အတွင်း ကျွန်ုပ်ရရှိထားသည့်အချက်အ လက်များပေါ်တွင် အခြေခံ၍ စဉ်စားသုံးသပ်မိလေ၏။

ပရော်ဖက်ဆာကြီးဦးမိုးမှောင်သည် စက်တိုင်တွင် ကြိုး ပိန့်ကျ၍အသက်သေဆုံးခဲ့သည်မှာ သက်သေအခိုင်အမာပင်ဖြစ် သည်။ ၎င်း၏လက်ထောက်ဆရာဝန်ဒေါက်တာမျိုးဆွေကိုပင်တိုင်



www.burmeseclassic.com

www.burmeseclassic.com



မီးသဂြိုဟ်ထားပြီး အုတ်ဂူသွင်းထားသည်မှာလည်း အထင်အရှားပင်ဖြစ်သည်။

သို့ဆိုလျှင် စက်ရှင်မင်းကြီးဦးငွေစိုးနှင့် သေဆုံးသူ လေးဦးတို့၏ထွက်ဆိုချက်များအရ ပရော်ဖက်ဆာကြီးဦးမိုးမောင်သည် သေပြီးနောက် အယူလွဲ၍ တစ္ဆေဘဝဖြင့် လူ့ဘဝတွင် သူ မကျေမချမ်းဖြစ်ခဲ့သူများကို ခြောက်လှန့်လက်စားချေသည်ဟူသော ယူဆချက်မှာ ယုံတမ်းစကားပင်ဖြစ်ပါလိမ့်မည်။

သို့သော်လည်း ၎င်းထွက်ဆိုချက်ကို ပစ်ပယ်၍လည်း မရသည့်အခြေအနေ ဖြစ်နေပြန်၏။ ထိုသူတို့သာမက လူအများကလည်း ယုံကြည်လက်ခံပြီးပြောဆိုနေသောကြောင့် အလေးထားစဉ်းစားရမည့်အနေအထားတစ်ခုပင် ဖြစ်သည်။

ကျွန်ုပ်သည် အခြားသောရှုထောင့်က ဖြစ်နိုင်ခြေကို စဉ်းစားကြည့်မိသည်။

ပရော်ဖက်ဆာဦးမိုးမောင်သည် အမှန်တကယ်သေဆုံးခြင်းမရှိဘဲ သရဲတစ္ဆေယောင်ဆောင်နေသည်ဟုဆိုရအောင်လည်း သေရုံမျှမက အလောင်းကိုပင် အုတ်ဂူသွင်းထားသည်ကို မျက်စိရှေ့မှာပင်မြင်နေရပြီဖြစ်ရာ ထိုအရာမှာလည်း ဖြစ်နိုင်ခြေ အနည်းငယ်မျှမရှိပေ။

အကယ်၍ သေပြီးမှ တစ်နည်းနည်းကြောင့်သော်လည်း





ကောင်း၊ အလောင်းကိုဖုတ်ဝင်၍သော်လည်းကောင်း၊ ဦးငွေစိုးသောလူများထံသို့ လာရောက်၍ခြောက်လှန့်နေသည်ဟု ယူဆမည်ဆိုပါကလည်း ပရော်ဖက်ဆာကြီးဦးမိုးမောင်၏အလောင်းမှာ ရိုးရိုးမြေမြှုပ်ခြင်းမဟုတ်ဘဲ မီးရှို့သဂြိုဟ်ပြီးမှ အရိုးပြာကို ဂူသွင်းထားခြင်းဖြစ်သောကြောင့် ပြာကျနေသောဘင်ရောက်ရှိလေရာကိုအတွေးမှာလည်း အနည်းငယ်မျှဖြစ်နိုင်ခြေမရှိပေ။

ရှေးဟောင်းပုံပြင်လေးတစ်ပုဒ်ကို အမှတ်ရမိသည်။

သုဝဏ္ဏဗာရီ မင်းသမီးဖြတ်ထုံးတွင် မောင်ဒဂုန်၏လက်မှ အရိုးပြာထုပ်ကို ဝိဇ္ဇာဓိုရ်တစ်ဦးက ဆေးတောင်ဝေ့နှင့် အသက်သွင်းပေးလိုက်သဖြင့် လူနှစ်ယောက် အသက်ရှင်လာသည်ဟူသော ရှေးဟောင်းပုံပြင်လေးပင်ဖြစ်သည်။

ကြားသိရသည့်အနေအထားအရဆိုလျှင် ပရော်ဖက်ဆာကြီး၏အရိုးပြာကိုလည်း ဝိဇ္ဇာဓိုရ်တစ်ဦးက ဆေးတောင်ဝေ့နှင့်ကိုထိလိုက်၍ ပြန်လည်အသက်ရှင်လာခြင်းဟု ယူဆရမလိုဖြစ်နေ၏။

ပရောက်ဖက်ဆာကြီးသည် ဆေးပညာသုတေသနလုပ်ငန်းကို အထောက်အကူရရှိစေရန် ဝိဇ္ဇာဓိုရ်တစ်ဦးကိုကြိုတင်မှာကြားစီစဉ်ခဲ့လေသလား မသိပါ။

ထိုသို့တွေးပြီး ကျွန်ုပ်ပြုံးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့အဖို့တော့ ကျွန်ုပ်သည် နာရီဝက်ခန့်မျှ အကဲခတ် ကြည့်ရှုပြီး မှတ်သားစရာများကို မှတ်သားလျက် လွန်စွာကြောက် မက်ဖွယ်ကောင်းသည့် ထိုအိမ်ကြီး၏ခြံဝန်းတွင်းမှ ထွက်ခွာလာ ၏။

* * *

အခန်း (၆)

## ဝိညာဉ်ထောင်ချောက်

"အို ... ဖြစ်မှဖြစ်ရလေ သူဌေးလေးရယ်၊ စိတ်ပြေ လက်ပျောက်လမ်းလျှောက်ထွက်ချင်ရင် တခြားနေရာတွေအ များကြီးရှိပါရဲ့နဲ့ ဘာလို့များ အဲဒီမကောင်းဆိုးဝါးခြံကြီးဘက်ကို မှသွားရတာလဲ၊ မသေကောင်း ... မပျောက်ကောင်း သူဌေး လေးရယ် ... ဖွဟဲ့ ... လွဲပါစေ ... ဖယ်ပါစေ"

ကျွန်ုပ်ဖြစ်ချင်သည့်ဆန္ဒမှာ အမှန်ပင်ပြည့်ဝတော့မည် ဖြစ်၍ ကျွန်ုပ်လည်း ၎င်းအမျိုးသမီးကြီးထံမှ စကားကုန်အောင်ကျ



www.burmeseclassic.com

www.burmeseclassic.com



လာစေရန် အပင့်အမြှောက်စကားလုံးလေးများဖြင့် ဖိအားပေး ပြောလိုက်သည်။

''ဒေါ်ကြီး စကားကိုကြားရတာ ကျွန်တော်ဖြင့်နားမ လည်နိုင်အောင်ဖြစ်ရတယ်၊ ကျွန်တော် ... ရောက်သွားတော့ ခြံကြီးက သိပ်ကိုသာယာလွန်းလို့ ခြံထဲဝင်ပြီး ဟိုသည် လျှောက် ကြည့်မိသေးတယ်''

''ဟင် ... ခြံထဲအထိဝင်ခဲ့သေးတယ် ... ဟုတ်လား''

''ဟုတ်တယ် ... ဒေါ်ကြီး၊ ဟား ... သိပ်ကိုသာယာ တာပဲဒေါ်ကြီးရာ၊ တကယ့်နက်ရှိုင်းတဲ့တောကြီးထဲရောက်နေ သလိုပဲ၊ သာသာယာယာရှိလွန်းလို့ တစ်နာရီလောက် လျှောက် ကြည့်နေမိသေးတယ်''

အမျိုးသမီးကြီးမှာ အံ့သြလွန်းမကရှိနေသဖြင့် ပါးစပ် ကိုဟလျက် မျက်ဝန်းကိုပြူးပြီး ကျွန်ုပ်ကိုကြည့်လေ၏။ ထိုအမူအ ရာတွင် ကြောက်လန့်တုန်လှုပ်မှုများရောစွက်နေသည်မှာ သိ သာထင်ရှားနေပါသည်။

ကျွန်ုပ်ကပေါ့ပေါ့ပါးပါးအမူအယာဖြင့် သာသာထိုးထိုး လေးဆက်ပြောလိုက်သည်။

''ဒီလိုနဲ့ ကျွန်တော်လည်း တစ်ရေးတစ်မောမေးချင်စိတ် ဖြစ်တာနဲ့ ခြံထဲလျှောက်ကြည့်တော့ ထူးထူးခြားခြားနေရာလေး





ကို တွေ့လိုက်ရတယ်၊ အိမ်ကြီးရဲ့ခေါင်းရင်းဘက် သစ်အိုပင်ကြီး နှစ်ပင်ကြားက ဖြူဖွေးဖွေးအုတ်ဂူလေးပေါ့၊ ကျွန်တော်လည်း အုတ်ဂူပေါ်က အမှိုက်သရိုက်တွေကိုဖယ်ရှားပြီး အုတ်ဂူလေးပေါ် မှာ တစ်ရေးအိပ်လိုက်တာ ... အားပါး ... တကယ့်ကိုအရသာ ရှိလိုက်တာ ဒေါ်ကြီးရယ်''

''ဘုရား ... ဘုရား သမ္မာဒေဝနတ်ကောင်းနတ်မြတ် များ ဤသူငယ်ကလေးကို စောင့်ရှောက်တော်မူပါ''

အမျိုးသမီးကြီးသည် အထိတ်တလန့်ဖြင့် ထိုသို့ရေရွတ် ပြီး ရုတ်တရက်ပင် ထိုင်ရာမှ ကပျာကယာထသွားလေ၏။ ကျွန် တော့်စကားကြောင့် ထိုအမျိုးသမီး အဘယ်မျှအထိတ်တလန့် ဖြစ်သွားသလဲဟူမူ မီးညှိဖွာရှိုက်ရန် ပါးစပ်တွင်တေ့ထားပြီးသည့် ဖက်ကြမ်းဆေးပေါ့လိပ်ကြီးမှာ ပါးစပ်မှပြုတ်ကျ၍သွားသည်အထိ ဖြစ်၏။

အတန်ငယ်ကြာသည်တွင် အမျိုးသမီးကြီးမှာ လူလတ် ပိုင်းအရွယ်ယောကျ်ားကြီးနှစ်ဦးနှင့်အတူ ကျွန်ုပ်အနီးသို့ ပြန်လည် ရောက်ရှိလာ၏။

ထိုသူနှစ်ဦး၏ မျက်နှာအမူအရာမှာလည်း အမျိုးသမီး ကြီးက အကျိုးသင့်အကြောင်းသင့် ရှင်းပြခဲ့ပုံရသဖြင့် စိုးရိမ်တုန် လှုပ်မှုများကို မြင်လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ၎င်းစားသောက်ဆိုင်တွင် တည်းခိုရန် ရောက်ရှိခဲ့စဉ်က ဆိုင်ရှင်နှင့်တကွ အလုပ်သမားများကိုလည်း ကောင်းစွာအကဲခတ်လေ့လာခဲ့၏။ ထိုသူများကလည်း လာရောက်တည်းခိုသူများကို လူ့သဘာဝထုံးစံအတိုင်း လေ့လာစပ်စုကြ၏။ အဝတ်အစားအသုံးအဆောင်မှ နေထိုင်သုံးစွဲပုံအထိ မသိမသာ တစ်မျိုး၊ သိသိသာသာတစ်မျိုး လေ့လာစပ်စုကြ၏။

ကျွန်ုပ်သည် ရှမ်းပြည်နယ်ဘက်မှ အရောင်းအဝယ်ဖြင့် ရောက်ရှိလာသည့် ကုန်သည်ဖြစ်ကြောင်း ၎င်းတို့အားပြောပြပြီး အစားအသောက်၊ အနေအထိုင်နှင့် သုံးစွဲရာမှာလည်း တကယ့်ကုန်သည်တစ်ဦးကဲ့သို့ သုံးစွဲခဲ့လေရာ သူတို့သည် အခြားသူများထက် ကျွန်ုပ်အပေါ်တွင် မျက်နှာသာပေးလိုက်လျော ဆက်ဆံကြ၏။

ကျွန်ုပ်ကလည်း ထိုအခြေအနေကိုသိရှိ၍ အကွက်ကျကျ အသုံးချလိုက်ခြင်းဖြစ်သည်။

ဖြစ်တည်လာသည့်အခြေအနေမှာလည်း ကျွန်ုပ်တွေး ထင်ထားသည်ထက်ပင် ပို၍အဆင်ပြေချောမွေ့သွား၏။

အကြောင်း ကား ထိုအမျိုးသမီးကြီးသည် ပရော်ဖက်ဆာကြီးဦးမိုးမှောင်က အခကြေးငွေသုံးထောင်ကျပ်ပေးပြီး လုပ်ကြံသတ်ဖြတ်ခဲ့သည့် လူငယ်၏ဇနီးဖြစ်သူနှင့် ဆွေမျိုးရင်းချာ တော်





ပ်နေသောကြောင့်ဖြစ်၏။

၎င်းလူငယ်၏ဇနီးဖြစ်သူ အမျိုးသမီးမှာ ပရော်ဖက်ဆာကြီးက ဝိညာဉ်ဘဝဖြင့်ပထမဆုံးခြောက်လှန့်သတ်ဖြတ်ခြင်းကို ခံခဲ့ရသူဖြစ်သည်။ အမျိုးသမီးကြီးမှာ သေဆုံးသူအမျိုးသမီး၏ အဒေါ်ရင်းဖြစ်၏။

သူတို့ဖွင့်လှစ်ထားသည့် စားသောက်ဆိုင်နှင့် တည်းခိုဆောင်မှာလည်း သေဆုံးသူအမျိုးသမီး၏ဆိုင်ဖြစ်ပြီး ၎င်းအမျိုးသမီးသေဆုံးသွားလေရာ အဒေါ်ရင်းဖြစ်သူ သူမက ဆက်လက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်၏။

အမျိုးသမီး၏အပြုအမူကြောင့် ကျွန်ုပ်လည်း ငိုအားရယ်အားသန်ဆိုသလို ဖြစ်ရလေ၏။ သို့သော်လည်း စေတနာအပြုအမူဖြစ်၍ အောင့်သက်သက်ဖြင့် ငြင်းပယ်ခြင်းမပြုဘဲ အသာငြိမ်နေလိုက်ရ၏။

သူမ ယုံကြည်၍ ကိုးကွယ်ပူဇော်ထားသည့် ဘုရားစင်၊ နတ်စင်များနှင့် အမျိုးအမည်များပြားလှသည့် ရုပ်တုများပေါ်မှ ရေဖန်ခွက်များ၊ အမွှေးနံ့သာရေများဖြင့် ကျွန်ုပ်တစ်ကိုယ်လုံးကို ပက်ဖျန်းလေ၏။ ထိုသို့ပြုလုပ်ရင်းက ပါးစပ်ကလည်း အကူညီတောင်းခံသကဲ့သို့ ၎င်းနတ်ရုပ်များ၏အမည်ကို တိုင်တည်ပြောဆိုနေပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



သူမသာလျှင် မဟုတ်၊ သူမ၏အဖော် အမျိုးသားကြီး နှစ်ဦးကလည်း ကျွန်ုပ်အား ကရုဏာဒေါသဖြင့် အပြစ်တင်ပြော ဆိုကြလေ၏။

ကျွန်ုပ်လည်း ၎င်းတို့ပြောသမျှကို တစ်စုံတစ်ရာပြန် လည်ပြောဆိုခြင်းမပြုဘဲ ပြုံးလျက်ငြိမ်နေလိုက်သည်။ ကျွန်ုပ်၏ အဝတ်အစားများမှာလည်း အမျိုးသမီးကြီး ဆွတ်ဖျန်းသည့် ရေ များနှင့် အမွှေးနံ့သာရည်များကြောင့် စိုရွှဲသွားလေ၏။

အတန်ကြာသည်တွင် ကျွန်ုပ် ဘီအေအောင်သည်အထိ ခေတ်ပညာသင်လာခဲ့ရသူဖြစ်၍ ၎င်းတို့ပြောသည့် နာနာဘာဝ၊ တစ္ဆေ၊ သရဲ၊ ပုတ်၊ သဘက်ဆိုသည်မှာ ယနေ့တိုးတက်ထွန်း ကားလာပြီဖြစ်သည့် ခေတ်ကာလကြီးတွင် မည်သူမျှလက်ခံခြင်း မရှိတော့ကြောင်း အကောင်အထည်ဒြပ်ဝတ္ထုမရှိဘဲ ဝိညာဉ်ဘဝ ဖြင့် မည်သူ့ကိုမျှအန္တရာယ်ပြု၍မရကြောင်း၊ သို့ကြောင့် မိမိကိုယ် မိမိ ညှဉ်းဆဲသကဲ့သို့ အယူမှား၊ အစွဲမှားမျိုးမထားကြစေလို ကြောင်း ကျွန်ုပ်က အချက်အလက်များနှင့်ပြောဆိုလိုက်သည်ကို ၎င်းတို့က ပျာပျာသလဲငြင်းဆိုကြပြီး သူတို့စကားများကို ယုံကြည် စေရန်နှင့် နောက်နောင် ထိုသို့သောမိုက်ရူးရဲအပြုအမူမျိုး မပြု လုပ်ရန်ကိုသာ အတင်းအကျပ်ပြောဆိုကြ၏။

ထိုအခြေအနေမှာ ကျွန်ုပ်မျှော်လင့်သည့် အကွက်ဆိုက်





ပြီဖြစ်၍ အမျိုးသမီးကြီး၏တူမနှင့်ပရော်ဖက်ဆာကြီးတို့ မည်သို့ မည်ပုံဆက်နွယ်ပတ်သက်ခဲ့ကြသည်ကို မေးမြန်းလိုက်ရာ အမျိုး သမီးကြီးမှာလည်း ပြောချင်ရဲ့လက်တို့ဆိုသကဲ့သို့ စကားများကို သာမက အမူအရာများဖြင့်လည်း မဲ့ကာရွဲ့ကာသရုပ်ပြပြောလေ တော့၏။

"တကယ်တော့ . . . ကျွန်မတို့က ဒီမြို့ဇာတိမဟုတ်ပါ ဘူး။ မြန်မာပြည်အလယ်ပိုင်းအညာကျေးလက်ဒေသကပါ၊ ကျွန် မတို့ဒေသမှာက မိုးခေါင်ရေရှားလွန်းလို့လုပ်ကိုင်စားသောက်ရ တာ အတော့်ကိုပင်ပန်းဆင်းရဲကြတဲ့အတွက် ကြီးပွားတိုးတက် ချင်တဲ့ ကျွန်မတူမနဲ့ သူ့ယောက်ျားဟာ မန္တလေးမြို့ကိုထွက်ခွာ ခဲ့ကြတယ် . . . ငွေရင်းကြေးရင်းမရှိကြသူတွေရဲ့ သဘာဝအတိုင်း ကြုံရာကျပန်းလုပ်ကိုင်စားသောက်ပေမဲ့ ဝမ်းဝရုံကလွဲပြီး မ ထူးခြားလှပါဘူး . . .။

ကျွန်မတူမက ထမင်းဆိုင်မှာအလုပ်သမားဝင်လုပ်သလို သူ့ယောက်ျားကလည်း မြင်းလှည်းအငှားအမောင်းသမားအဖြစ် လုပ်ကြတယ်၊ ကျွန်မတူမက ထမင်းဆိုင်ရဲ့လုပ်ငန်းကို အောက် ခြေကအစလုပ်ကိုင်ရသူဆိုတော့ အလုပ်ကိုကောင်းကောင်း ကျွမ်း ကျင်သလို အဲဒီအလုပ်ရဲ့အကျိုးအမြတ်ဘယ်လောက်ရှိတယ်ဆို တာကိုလည်းသိလေတော့ ကိုယ်ပိုင်ထမင်းဆိုင်ဖွင့်ချင်ပြီးနေ



www.burmeseclassic.com

www.burmeseclassic.com



အလွန်ပဲထက်သန်နေတာပေါ့၊ ငွေရင်းကြေးရင်းဆိုလို့ အိုးတစ်လုံး, ပန်းကန်တစ်ချပ်တောင် မဝယ်နိုင်တဲ့ဘဝမှာ စိတ်ကူးယဉ်ရုံကလွဲပြီး ဘာများတတ်နိုင်မလဲလေ ...။

သူ့ယောကျ်ားက လူရိုးလူအေး၊ သူ့မိန်းမကိုလည်း အလွန်ပဲချစ်ရှာတဲ့သူငယ်ပါကွယ်၊ ပြီးတော့ သူမှာ မြင်းလှည်း အငှားမောင်းနေသူဆိုတော့ တစ်နေ့ ... တစ်နေ့ မြင်းလှည်းပိုင်ရှင်ရဲ့အရိပ်အကဲကိုကြည့်နေရတဲ့ဘဝကိုလည်း အလွန်စိတ်ပျက်ပြီး သူ့မိန်းမစိတ်ကူးသလိုမျိုး ကိုယ်ပိုင်ထမင်းဆိုင်လေးဖွင့်ပြီး ဘယ်သူ့ကိုမှအောက်ကျမခံရတဲ့ဘဝမျိုးနဲ့ နေထိုင်ချင်တာပေါ့၊ လင်မယားနှစ်ယောက်လုံးဟာ သူတို့ဆန္ဒတွေကို အကောင်အထည်မဖော်နိုင်ကြပေမယ့် စိတ်ကူးအယဉ်ကြီးယဉ်နေခဲ့ရာက တစ်နေ့မှာ အဲဒီဆန္ဒပြည့်ဝစေဖို့ အကြောင်းဖန်လာတော့တယ်။

သူ့မြင်းလှည်းကို ငှားစီးတဲ့ဆရာဝန်ကြီးတစ်ဦးက သူ့ကိုကူညီနိုင်မယ်ဆိုရင် သူတို့တစ်သက်မှာ မမျှော်မှန်းနိုင်တဲ့ အခကြေးငွေတွေကိုပေးမယ်လို့ ပြောတယ် ... အဲဒီဆရာဝန်ကြီးက မောင်တိုးကို စားကောင်းသောက်ဖွယ်တွေနဲ့ကျွေးမွေးပြီး ပြောလေရဲ့၊ အဲ ... နောက်တော့ မောင်တိုးမြင်းလှည်းနဲ့လိုက်ပါရင်း မြို့ပြင်ဘက်ကို မောင်းနိုင်းတယ်၊ မြို့ပြင်ရောက်လို့ လူသူရှင်းလင်းတဲ့နေရာမှာ မြင်းလှည်းကိုရပ်နိုင်းတယ်၊ အဲဒီအချိန်မှာပဲ





သူ့ ရဲ့ဘေးလွယ်အိတ်ကြီးထဲက စမ်းသပ်ကိရိယာတွေနဲ့ မောင်တိုးကို စိတ်တိုင်းကျစမ်းသပ်စစ်ဆေးပြီး အားရကျေနပ်တဲ့အမူအရာနဲ့ ...

"မင်းရဲ့ကျန်းမာရေးက ဘာတစ်ခုမှစိုးရိမ်စရာမရှိဘူး၊ ငါပြောတာကို မင်းလက်ခံမယ်ဆိုရင် မင်း တစ်သက် ကုန်းရုန်းပြီး ရှာဖွေတာတောင် ဘယ်လိုမှမရနိုင်တဲ့ငွေကြေးမျိုး ငါပေးမယ်၊ မင်းရဲ့အသက်အန္တရာယ်အတွက်လည်း အနည်းငယ်မျှစိုးရိမ်စရာမရှိဘူး၊ ငါ့ရဲ့စမ်းသပ်မှုကလည်း အလွန်ဆုံးကြာမှ သုံးနာရီလောက် စမ်းသပ်ခံရုံနဲ့ နာရီပိုင်းအတွင်း နတ်ပြည်ရောက်သွားသလို အကျိုးခံစားရမယ့်အခွင့်အရေးကို မင်းလက်လွှတ်မခံသင့်ဘူး"

မောင်တိုးလည်း အံ့သြလွန်းလို့ ဘယ်လိုပြောရမှန်းမသိဖြစ်နေတာပေါ့၊ စဉ်းစားကြည့်ပေါ့ သူဒွေးလေးရယ် ... သူတို့လိုအောက်ခြေလူတန်းစားနင်းပြားဘဝမှာ ငွေသုံးထောင်ဆိုတာ တစ်သက်မပြောနဲ့ ဆယ်သက်မျှော်မှန်းဝံ့တဲ့ငွေကြေးမဟုတ်ဘူးလေ၊ ပြီးတော့ ... သူ့မိန်းမ,အေးသန်းကလည်း ကိုယ်ပိုင်ထမင်းဆိုင်ဖွင့်ဖို့ အလွန်တောင့်တနေတော့ ဆရာဝန်ကြီးဆီက ရလာမယ့် ငွေနဲ့ရင်းနှီးလိုက်မယ်ဆိုရင် သူ့မိန်းမအလုပ်လုပ်နေတဲ့ထမင်းဆိုင်ထက် ဆယ်ဆလောက်ကြီးမားတဲ့ ဆိုင်မျိုးဖွင့်



www.burmeseclassic.com

www.burmeseclassic.com



လို့တောင်ရတယ်၊ အဲဒီ ... ဆရာဝန်ကြီးဟာ ပညာတတ်ရုံတင် မက လူရိပ်လူကဲခတ်ရာမှာပါးနပ်လေတော့ မောင်တိုး ဘာတွေ လိုအပ်နေတယ်၊ ဘယ်လိုကြံစည်စိတ်ကူးနေတယ်ဆိုတာ သိရှိ တွက်ဆပြီး အကယ်၍ သူ့ဆန္ဒအတိုင်းလိုက်လျောမယ်ဆိုရင် မောင်တိုးဖြစ်ချင်တဲ့အတိုင်း အပြည့်အဝဆောင်ရွက်ပေးမယ့်အ ပြင် ငွေပိုငွေလျှံလည်းများစွာပေးမယ်လို့ ကတိပြုပြန်တယ် ...။

မောင်တိုးက စိတ်အားထက်သန်လွန်းလို့ ဆရာဝန် ကြီးဆန္ဒအတိုင်းလိုက်နာဖို့ချက်ချင်းဆုံးဖြတ်ပြီး သူ့မိန်းမအေးသန်း နဲ့တိုင်ပင်တယ်၊ အေးသန်းကလည်း ပထမတော့ သူ့ယောက်ျား အတွက်စိုးရိမ်သွားပေမယ့် စိုးရိမ်နေတဲ့ကြားထဲကပဲ သဘော တူလက်ခံလိုက်မိတယ်၊ ဆရာဝန်ကြီးက အထူးသတိထားဖို့ ကတိတစ်ခုတောင်းခံတယ်၊ အဲဒီကိစ္စကို သူတို့ကလွဲလို့ မည်သူ့ ကိုမျှပြောဆိုခြင်း မပြုဖို့ပေါ့၊ အဲဒီကိစ္စကို မဖြစ်မနေလက်ခံဖို့ အဓိကတွန်းအားပေးသလိုဖြစ်သွားတာက ကျွန်မတို့ကြောင့် လည်းပါတာပေါ့ သူ့ဒွေးလေးရယ် ...။

ရွာမှာက ဘယ်လိုမှ လုပ်စားကိုင်စားလို့မရတော့ ကျွန် မတို့လည်း တူမကြီးအားကိုးနဲ့မန္တလေးကိုလိုက်လာခဲ့တာပေါ့၊ တူမကြီးကလည်း အလွန်စိတ်ကောင်းရှိတော့ ကျွန်မတို့ကို ကယ် တင်စောင့်ရှောက်လိုတယ်လေ၊ ဒါကြောင့် သူတို့လင်မယားဟာ





ဆရာဝန်ကြီးနဲ့တွေ့ဆုံပြီး ပြင်ဦးလွင်ကိုလိုက်သွားတယ်၊ ဆရာ ဝန်ကြီးက အလွန်ပဲကတိတည်ပါတယ် ... သဘောတူဝန်ခံ ကတိ ရရှိတာနဲ့ သူတို့ကို ငွေသုံးထောင်ထုတ်ပေးပြီး ထမင်းဆိုင် ကိုသာမက တည်းခိုဆောင်ပါဖွင့်နိုင်တဲ့နေရာကောင်းရှိတယ်လို့ ပြောပြီး ပြင်ဦးလွင်မှာ သူကိုယ်တိုင်ရွေးချယ်ပေးခဲ့တယ် ... အခု ဒေါ်ကြီးတို့ဖွင့်လှစ်ထားတဲ့ စားသောက်ဆိုင်နဲ့ တည်းခိုဆောင်ဟာ အဲဒီဆရာဝန်ကြီး ရွေးချယ်ဖွင့်လှစ်ခိုင်းတဲ့နေရာပေါ့''

ကျွန်ုပ်သည် ပိုလိုစီးကရက်ကိုသောက်ရင်း လက်ဖက် ခြောက်နှပ်ထားသည့် အခါးရည်ကိုသောက်လျက် ထိုမိန်းမကြီး ၏စကားများကို စိတ်ဝင်တစားနားထောင်နေမိသည်။ ထူးဆန်း လှသည့် အဖြစ်အပျက်များဖြစ်၍ မယုံနိုင်လောက်အောင် အံ့သြ မိ၏။

ကျွန်ုပ်သိရှိထားသည်မှာ ပရောက်ဖက်ဆာကြီးဦးမိုး မှောင်သည် လောကဓာတ်ပညာတွင် လွန်စွာထူးချွန်သကဲ့သို့ လွန်စွာမှလည်းရက်စက်ကြမ်းကြုတ်သူဟူ၍ ဖြစ်၏။ ၎င်းအသိမှာ လည်း မစ္စတာဝဲလ်ဘုန်းနှင့် စက်ရှင်မင်းကြီးဦးငွေစိုးက အစီရင် ခံချက်ဟုသာ သိရှိထားခြင်းဖြစ်ရာ ထိုမိန်းမကြီးစကားများကို ကြားရသည်တွင် ပရော်ဖက်ဆာကြီးမှာ သူတစ်ပါးအပေါ်တွင် စိတ်ရင်းစေတနာဖြင့် ကူညီစောင့်ရှောက်မည့်စိတ်ထားမျိုးရှိသူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်း သိရှိလိုက်သဖြင့် ကျွန်ုပ်အံ့သြမိခြင်းဖြစ်သည်။

"တကယ်တော့ သူငွေးလေးရယ် . . . ဆရာဝန်ကြီး စိတ်ဆိုးအမျက်ထွက်မယ်ဆိုလည်း ထွက်လောက်စရာပေါ့၊ ကျွန်မတူမက အစတုန်းက ကောင်းပြီကောင်းရဲ့လက်ခံပြီးကာမှ တကယ်တမ်းလည်းကျရော ကပျက်ယပျက်လုပ်သလို ဖြစ်သွားတယ်လေ၊ ဒါကလည်း သူ့ယောက်ျားအသက်အန္တရာယ်အတွက် စိုးရိမ်လွန်ပြီး ဖြစ်သွားတာပါ . . .။

ဆရာဝန်ကြီးက . . . သူ့ကတိအတိုင်း မောင်တိုးကို စမ်းသပ်မယ့်နေ့မှာ သူ့အိမ်ကို ခေါ်သွားတယ်၊ အေးသန်းက အဖော်အဖြစ်လိုက်မှာကို ကန့်ကွက်တယ်၊ လိုက်မယ်ဆိုရင် နောက်တစ်နေ့မနက်ခင်း ဆယ်နာရီလောက်မှ လိုက်လာဖို့ပြောတယ်၊ မောင်တိုးကို စမ်းသပ်ခြင်းကိစ္စမပြုခင် အာဟာရပြည့်ဝစေမယ့်ဓာတ်စာတွေ ကျွေးရမယ်၊ ပြီးတော့ အားအင်ပြည့်ဝအောင် အိပ်စက်ဖို့လိုတယ်လို့ ပြောတယ်၊ မောင်တိုးက အသာတကြည်ပဲ လိုက်သွားပါတယ်၊ ခက်တာက ကျွန်မတူမပေါ့၊ ဆရာဝန်ကြီးက သူ့ရဲ့ကတိအတိုင်း ငွေသုံးထောင်ကိုလည်းပေးချေပြီးပြီဆိုတော့ စောဒကတက်လို့လည်း မဖြစ်ဘူးလေ . . .။

တိုက်ဆိုင်တယ်လို့ပြောရမလားပဲ သူငွေးလေးရယ် . . . အဲဒီနေ့မှာပဲ ရာသီဥတုက ဆိုးဆိုးဝါးဝါးကျရောက်လာတယ်၊





မိုးသက်လေပြင်းတွေလည်း တိုက်လိုက်တာမှ အရမ်းပဲ၊ ညနေခင်းကတည်းက သဲကြီးမဲကြီးရွာလိုက်တဲ့မိုးဟာ ညဉ့်နက်သန်းခေါင်အထိ မရပ်မနားဘဲ၊ မောင်တိုးကို ဆရာဝန်ကြီးလာခေါ်တဲ့အချိန်က ညနေခင်း မိုးထဲလေထဲမှာ . . . ဆရာဝန်ကြီးရဲ့ ကားနဲ့လိုက်ပါသွားတဲ့မောင်တိုးကို အေးသန်းက စိုးရိမ်ထိတ်လန့်တဲ့မျက်ဝန်းနဲ့ ကြည့်ရင်းကျန်ရစ်ခဲ့တာပေါ့ . . .။

အဲဒီညက အေးသန်းလည်း သူ့ယောက်ျားအတွက် စိုးရိမ်လွန်းလို့ တစ်ညလုံးမအိပ်ဘဲ ဘုရားစာတွေရွတ်ဆိုနေတယ်၊ လူဆိုတာ ညဉ့်သုံးယံမှာတစ်ယံတော့အိပ်စမြဲမဟုတ်လား . . . မိုးလင်းပိုင်းရောက်မှ မှေးခနဲအိပ်ပျော်သွားတဲ့အေးသန်းဟာ အိပ်မက်ဆိုးတွေမက်ပြီး အော်ဟစ်လေရဲ့ . . . သူ့ယောက်ျားအတွက် စိုးရိမ်နေတဲ့စိတ်သောကတွေဟာ အဲဒီအိပ်မက်ဆိုးကြောင့် အကြီးအကျယ်တုန်လှုပ်ချောက်ချားသွားပြီး . . .

"သူ့ယောက်ျားကို ဆရာဝန်ကြီးက သတ်ပစ်လိုက်ပြီ . . . သူ့ယောက်ျားအသက်ကို ငွေသုံးထောင်နဲ့ဝယ်သွားတာ သူမကျေနပ်ဘူး၊ ဒီငွေကို ပြန်ပေးပြီး သူ့ယောက်ျားကိုစမ်းသပ်တဲ့ကိစ္စကို ငြင်းမယ်၊ ပုလိပ်ကိုပါ ခေါ်သွားမယ်"

အဲဒီလို ငိုယိုအော်ဟစ်ပြီး မိုးလင်းတဲ့အထိ စောင့်ဆိုင်းမနေတော့ဘဲ ဂိတ်ကိုသွားပြီး အကူအညီတောင်းတော့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့လည်း ဘာလုပ်လို့လုပ်ရမှန်း မသိဘူးပေါ့ သူဌေးလေးရယ်၊ ကျွန်မတူမကိုပဲ တားရမလား၊ သူနဲ့အတူတူပဲ ဆရာဝန်ကြီးအိမ်ကို လိုက်ရမလားဖြစ်နေတာပေါ့၊ နောက်ဆုံးတော့ ကျွန်မတို့လည်း ဂိတ်ကိုလိုက်သွားတော့ ကျွန်မတူမကို မတွေ့ရတော့ဘူး၊ ဌာနအုပ်မင်းနဲ့ ပုလိပ်နှစ်ဦးကိုဦးဆောင်ပြီး ဆရာဝန်ကြီးအိမ်ကိုလိုက်သွားပြီလေ ...။

ကျွန်မတို့သိလိုက်တဲ့အချိန်မှာ အားလုံးနောက်ကျသွားပါပြီ၊ အေးသန်းရောက်ရှိသွားတဲ့အချိန်မှာ သူ့ယောက်ျားကို မှန်သေတ္တာအခေါင်းကြီးထဲမှာ အသက်သေဆုံးလျက် တွေ့ရတယ်လို့ သိရတယ်၊ ဆရာဝန်ကြီးက သူ့ယောက်ျားမောင်တိုးကို စမ်းသပ်နေစဉ်မှာပဲရောက်ရှိသွားလို့ ဝင်ခွင့်မပေးတာကို ပုလိပ်တွေက တံခါးတွေကိုရိုက်ချိုးပြီး အတင်းဝင်ရောက်ဖမ်းဆီးကြတယ်လေ ...။

အဲဒီကိစ္စအပေါ်မှာ ဆရာဝန်ကြီးဟာ ကျွန်မတူမ အေးသန်းကို အတော့်ကိုမကျေမနပ်ဖြစ်သွားတယ်၊ သူ့လုပ်ငန်းမပြီးပြတ်ခင်မှာ လာရောက်နှောင့်ယှက်လို့ သူ့ယောက်ျားသေဆုံးရတယ်လို့ စွပ်စွဲပြောဆိုတယ်၊ အေးသန်းဟာလည်း ဆက်ဆက်ထိမခံ ရန်တွေ့တယ်၊ အေးသန်းကိုသာ မကဘူး ...တံခါးကို ရိုက်ချိုးပြီး သူ့ကိုဖမ်းဆီးတဲ့ ပုလိပ်တွေကိုလည်း မကျေမနပ်





အပြစ်တင်ပြောဆိုတယ်၊ အို ... သူဌေးလေးရယ် ... တရားရုံးမှာဆို အဲဒီအမှုကို စိတ်ဝင်စားလွန်းလို့ လာပြီးနားထောင်ကြတာ ဂုန်းအုန်းကျွက်ကျွက်ပါပဲ ...။

ကျွန်မတို့လည်း မောင်တိုးသေဆုံးပြီးမှ ပြဿနာကို အပြည့်အစုံသိရတာပါ ... အံ့သြလွန်းလို့ ဘယ်လိုယုံကြည်ရမှန်းတောင် မသိပါဘူး သူဌေးလေးရယ်၊ ဒီနေ့ ... လောကဓာတ်ပညာဆိုတာ ဒီလောက်တောင်မှ အံ့မခန်းဆန်းကြယ်လှပါလား၊ မြတ်စွာဘုရားကိုယ်တိုင် ရှောင်လွှဲနိုင်စွမ်းမရှိတဲ့ သေခြင်းတရားကို ဆရာဝန်ကစမ်းသပ်တယ်ဆိုတော့ ဘယ်မအံ့သြဘဲရှိပါတော့မလဲ၊ အဖြစ်အပျက်တစ်ခုလုံးဟာ စိတ်မကောင်းစရာပါပဲ သူဌေးလေးရယ်''

အမျိုးသမီးကြီးသည် စကားကိုမရပ်မနားပြောလာရသဖြင့် အနည်းငယ် မောပန်းသွားပုံရ၏။ သို့ကြောင့် ... အခါးရည်ကို ဖန်ခွက်တွင်းငှဲ့၍သောက်လိုက်ပြီး မီးသေနေပြီဖြစ်သည့် ဆေးပေါ့လိပ်ကို မီးတရဲရဲကူးစက်သည်အထိ မီးညှိပြီး နှစ်ဖွာ၊သုံးဖွာခန့်၍ ဖွာရှိုက်လေ၏။

သူမသည် အတန်ကြာသည်အထိ နှုတ်ဆိတ်ငြိမ်သက်နေလေရာ မျက်နှာကြက်တွင် ချိတ်ဆွဲထားသည့် မီးအိမ်အလင်းဖြင့် သူမမျက်နှာကို အကဲခတ်ကြည့်လိုက်သည်တွင် တစ်စုံတစ်



www.burmeseclassic.com

www.burmeseclassic.com



ရာကို အမှတ်ရနေသည်ထင်၏။ ညှိုးငယ်သည့်အမူအရာကို တွေ့ရလေ၏။

"နားရှိလို့သာ ကြားရတယ် ... တကယ့်ကိုမယုံနိုင်စရာကောင်းလိုက်တာဗျာ"

"ဟုတ်တယ် သူဌေးလေးရယ်၊ ဆရာဝန်ကြီးလည်း အဲဒီအမှုကြောင့် ကြိုးမိန့်ကျခံခဲ့ရတယ်"

ထိုသို့ပြောလိုက်သူမှာ တစ်ချိန်လုံးငြိမ်သက်လျက်ရှိသည့် အမျိုးသားကြီးဖြစ်၏။

အမျိုးသားကြီးမှာ အသက်ငါးဆယ်အရွယ်ခန့်ရှိပြီး ခန္ဓာကိုယ်မှာ တုတ်ခိုင်ထွားကျိုင်းသူဖြစ်၏။ အချမ်းဒဏ်မှကာကွယ်ရန် ထူထဲသည့်အင်္ကျီကို ဝတ်ဆင်ထားခြင်းမရှိဘဲ အညာစောင်ကြမ်းကြီးကို ခန္ဓာကိုယ်မှာ လွှမ်းခြုံရစ်ပတ်ထား၏။

သူသည် အမျိုးသမီးကြီး၏ မောင်တော်စပ်သူဖြစ်သည်။ တစ်ချိန်လုံး သူသည် ကွမ်းအစ်ထဲမှကွမ်းကို မပြတ်ဝါးလျက် နားထောင်နေခဲ့၏။ အမျိုးသမီးကြီးမောပန်းသွားပုံရသဖြင့် သူက ဝင်ရောက်ပြောဆိုလိုက်ခြင်းဖြစ်သည်။

သူက အနားရှိ ထွေးခံထဲသို့ ကွမ်းတံတွေးကို ထွေးထုတ်လိုက်ပြီး ...

"တကယ်တော့ ကျုပ်တို့ အခုလို နေနိုင်,စားနိုင်တာ





ဟာ အဲဒီဆရာဝန်ကြီးကျေးဇူးကြောင့်ပါပဲ သူဌေးလေးရယ်၊ ပါကြောင့်လည်း သူ ကြိုးမိန့်ကျပြီးသေဆုံးသွားလို့ သူရဲ့တစ္ဆေဘဝနဲ့ကျင်လည်နေရတာက လွတ်မြောက်ဖို့, ကောင်းမွန်တဲ့ ကိုဘဝမှာရောက်ရှိစေဖို့ ကျုပ်တို့ အမြဲမေတ္တာပို့ပါတယ်"

"ဪ ... ကျွန်တော်အိပ်စက်ခဲ့တဲ့အုတ်ဂူက သူ့ရဲ့ အရိုးပြာတွေကို ဂူသွင်းထားတဲ့အုတ်ဂူပေါ့"

"ဟုတ်တယ် သူဌေးလေး"

သူက ထွေးခံထဲကို ကွမ်းတံတွေးထွေးလိုက်ပြန်၏။ တစ်ဆက်တည်း ချောင်းဟန့်လိုက်ပြီး ...

"အဲဒီနောက်တော့ လူ့ဘဝမှာ သူ့ကိုအန္တရာယ်ပေးခဲ့တဲ့လူတွေကို လက်စားချေတော့တာပဲ"

"ဖြစ်နိုင်ပါ့မလားဦးကြီးရယ်၊ အကောင်အထည်မမြင်ရတဲ့ ဝိညာဉ်တွေက လူတွေကိုအန္တရာယ်ပြုတယ်ဆိုတော့"

"ကျုပ်တို့က ကိုယ်တွေ့ရင်ဆိုင်ခဲ့ရတာပါ၊ အဲ ... ပြောရရင် ကျုပ်တို့က အငွေ့လောက်ပဲကြုံလိုက်ရတာပါ၊ သူ အမိက မကျနပ်တာက ကျုပ်တူမ အေးသန်းကိုပေါ့၊ သူ့ကို အမျိုးမျိုးခြောက်လှန့်ပြီး သတ်ပစ်လိုက်ပေမယ့် ကျုပ်တို့ကို ဘာအန္တရာယ်မှ မပြုခဲ့ဘူး"

"အမလေး ... ပြောရင်းနဲ့ ကြက်သီးတောင်ထတယ်"



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီးက ထိုသို့ပြောပြီး သူ့မောင်အနီးသို့ တိုးကပ်သွား၏။ ထိုသူကလည်း စကားဆက်ဖို့ တုံ့ဆိုင်းတုံ့ဆိုင်း ဝန်လေးနေဟန်ဖြင့် ...

''တကယ်ပါ သူဌေးလေးရယ် ... ကျုပ်တူမကြီး သေပြီးလို့ ရက်လည်ဆွမ်းသွပ်ပြီးတော့ ကျုပ်တို့လည်း ဒီနေရာမှာ မနေရဲလို့ ဆိုင်ကို ရသလောက်နဲ့ရောင်းပြီး ကိုယ့်ဒေသကိုပြန်ဖို့ ဆုံးဖြတ်တဲ့ညက ဆရာဝန်ကြီးက ကျုပ်တို့ကိုခြောက်လှန့်ပြီး

'ငါ မကျေနပ်တာ ခင်ဗျားတို့တူမကို၊ ခင်ဗျားတို့ကို မဟုတ်ဘူး၊ ခင်ဗျားတို့ကိုလည်း ကျုပ် အန္တရာယ်မပြုဘူး၊ ခင်ဗျားတို့ဘာသာ ဆိုင်ကို ဆက်ပြီးဖွင့်လှစ်ရောင်းချကြပါ'

လို့ပြောဆိုပြီး အမှောင်ထဲမှာပျောက်ကွယ်သွားတယ်''

''အား ... တကယ့်ကို ထူးဆန်းတဲ့သရဲပဲ''

''ကျုပ်တို့လည်း သူ့စကားအတိုင်း ဒီဆိုင်ကိုမပိတ်ဘဲ ပြန်ပြီးဖွင့်ခဲ့တယ်၊ တကယ်လည်း ကျုပ်တို့ကို အန္တရာယ်မပေးခဲ့ပါဘူး၊ အန္တရာယ်ပေးတာက သူ့ကိုဖမ်းဆီးတဲ့ ပုလိပ်တွေကိုပေါ့၊ သူတို့တွေလည်း ကျုပ်တူမလို သေဆုံးကြရတယ်''

''ဩော် ... ဒါကြောင့် ဒေါ်ကြီးတို့က ကျွန်တော့်ကို တားမြစ်ကြတာကိုး''

''ဟုတ်တာပေါ့ကွယ်၊ ဒီမြို့ကလူတွေဆိုရင် အဲဒီဖြ





အနားကိုသာမန်လူမပြောနဲ့ ပုလိပ်တွေတောင် မသွားရဲကြဘူး''

မိန်းမကြီးက ထိုသို့ပြောပြီး စိတ်လက်ပေါ့ပါးဟန်ဖြင့် အကြမ်းရည်ကိုတစ်ကျိုက်သောက်လိုက်၏။

အချိန်မှာလည်း ညဥ့်နက်ပိုင်းသို့ရောက်ရှိလာပြီး နောက်တစ်ရက်၊ နှစ်ရက်မျှနေထိုင်ပြီး မန္တလေးသို့ဆင်းရမည်ဖြစ်ကြောင်း စသဖြင့် ပြောဆိုနှုတ်ဆက်ပြီး မိမိတည်းခိုဆောင်သို့ ထွက်လာခဲ့လေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

## ဘယ်လိုဝိညာဉ်ပါလိမ့်

လူကလေးငွေစိုး ...

သင်ထံသို့ ဤစာနှင့်အတူရောက်ရှိလာသူမှာ ကျွန်ုပ် ကိုယ်တိုင်စိတ်တိုင်းကျရွေးချယ်ပြီး လူကလေးရင်ဆိုင်နေရတဲ့ ဘေးအန္တရာယ်ကိုကာကွယ်စောင့်ရှောက်ဖို့ စေလွှတ်လိုက်တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်၊

စီအိုင်စီက စုံထောက်တစ်ယောက်အနေနှင့် မယုံနိုင် အောင်အလွန်အစွမ်းရှိတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်၊ သင့်အသက်အ





အတွက် ယုံကြည်စိတ်ချစွာဆည်းကပ်ပါ၊

သင့်ကိုအန္တရာယ်ပြုနေတဲ့ သင်တို့မြန်မာသရဲ၊ တစ္ဆေ ကိုသာမက ဗန်ပိုင်းယားလို့ခေါ်တဲ့ ကျွန်ုပ်တို့အင်္ဂလန်သွေးစုပ် ဖုတ်ကောင်သရဲတွေကိုတောင် သူသောက်နေတဲ့ဂိုးဖလိပ်စီးက ရက်လို ဖွာရှိုက်မှုတ်ထုတ်နိုင်တဲ့အစွမ်းရှိသူပါ၊

မစ္စတာဝဲလ်ဘုန်း
စီအိုင်ဒီစုံထောက်မင်းကြီး

စက်ရှင်မင်းကြီးဦးငွေစိုးသည် အသက်ခြောက်ဆယ်နီး ပါး အရွယ်ခန့်ရှိပြီဖြစ်သော်လည်း သူ၏ရုပ်လက္ခဏာမှာ အသက် အရွယ်နှင့်မလိုက်အောင် များစွာအိုစာနေတော့၏။ အသက် အရွယ် ဆယ်နှစ်ခန့်ကြီးရင့်သွားသည့်ကဲ့သို့ ထင်မှတ်ရ၏။

လမ်းပင်ကောင်းစွာမလျှောက်နိုင်အောင် ခန္ဓာကိုယ်က ယိမ်းယိုင်နေလေရာ ဘေးမှတစ်ဦးတစ်ယောက်က ဖေးမတွဲကူ ပေးနေရ၏။

သူ၏အမူအရာကိုကြည့်ခြင်းအားဖြင့် ကိုယ်စိတ်နှစ်ပါး ချိုးချိုးကျလျက်ရှိနေသည်မှာ ထင်ရှားပေါ်လွင်လှပေ၏။

ကျယ်ပြန့်သည့် နဖူးပြင်။ ပါးရိုးသွယ်သွယ်ဖြင့် အစဉ် သဖြင့်လှုပ်ရှားနေသောမျက်ဝန်းတို့မှာ အပျော်အပါးကို သူ



www.burmeseclassic.com

www.burmeseclassic.com



လူသားထက်ခုံမင်လိုက်စားတတ်သူဖြစ်ပေလိမ့်မည်။

စက်ရှင်မင်းကြီးမှာ ပညာဉာဏ်ကြီးမြင့်သည့်ဂုဏ်သရေရှိလူကြီးလူကောင်းဖြစ်သည်။

ထိုသို့သော ပုဂ္ဂိုလ်ကြီးများသည် အများ၏ရှေ့တွင် လူရှိသေ၊ ရှင်ရိုသေအမူအရာမျိုးဖြင့်နေထိုင်ကြပြီး ဆိတ်ကွယ်ရာအရပ်သို့ရောက်သည်နှင့်အပျော်အပါးကိုအလွန်အကျွံလိုက်စားသူများဖြစ်လေရာ ထိုသို့လိုက်စားရာတွင်လည်း ၎င်းတို့နှင့် အဆင့်အတန်းတူ သို့မဟုတ် အဆင့်မြင့်သည့်ပုဂ္ဂိုလ်များနှင့် တိတ်တဆိတ်ပျော်ပါးကြခြင်းဖြစ်သည်။

ကျုပ်တို့၏ စီအိုင်အေစုံထောက်မင်းကြီး မစ္စတာဝဲလ်ဘုန်းမှာလည်း ထိုသို့သောလူစားမျိုးဖြစ်သည်။

မစ္စတာဝဲလ်ဘုန်းသည် တစ်ခါတစ်ရံတွင် နယ်မြို့များရှိခရိုင်ဝန်ရုံးများသို့ အမှုစစ်အဖြစ်လှည့်လည်သွားရောက်သူဖြစ်၏။ စက်ရှင်မင်းကြီးဦးငွေစိုးမှာ မစ္စတာဝဲလ်ဘုန်းနှင့် လွန်စွာရင်းနှီးသူဖြစ်သည်။

မန္တလေးမြို့သို့ မစ္စတာဝဲလ်ဘုန်းရောက်ရှိသည်နှင့် စက်ရှင်မင်းကြီးဦးငွေစိုးသည် မန္တလေးမြို့သို့ကိုယ်တိုင်သွားရောက်ပြီး ကြိုဆိုညှော်ခံပြီးနောက် ပြင်ဦးလွင်သို့အလည်အပတ်အဖြစ်ဖိတ်ခေါ်ခဲ့ဖြစ်သည်။





မြို့ပြင်သို့ရောက်သည်နှင့် ဘိုတဲတွင် အများနှင့်မတူသည့် ညှော်ခံမှုမျိုးစုံဖြင့်ညှော်ခံလေရာ ၎င်းညှော်ခံမှုများတွင် လူ့ပြည်တွင်သာမက နတ်ပြည်စည်းစိမ်မျိုးကဲ့သို့ ကောင်းပေ့ညွှန့်ပေ့ဆိုသည့် ပျော်ရွှင်မှုများစီစဉ်ဆောင်ရွက်ပေးသဖြင့် မစ္စတာဝဲလ်ဘုန်းသည် စက်ရှင်မင်းကြီး၏အစီအစဉ်ကောင်းမွန်မှုကို ချီးကျူးမဆုံးဖြစ်ရလေ၏။

နှစ်ဦးစလုံးမှာလည်း ဝါသနာတူ၊ စရိုက်တူများဖြစ်၏။ အပျော်အပါးအတွက် အထူးပင်ညှိနှိုင်းစရာမလို လွန်စွာအတိုင်အဖောက်ညီကြလေ၏။

သို့ကြောင့်လည်း မစ္စတာဝဲလ်ဘုန်းမှာ စက်ရှင်မင်းကြီး၏အခက်အခဲကို ပံ့ပိုးကူညီပေးခဲ့ခြင်းဖြစ်သည်။

စက်ရှင်မင်းကြီးသည် ကျွန်ုပ်အား ကောင်းမွန်စွာ ညှော်ဝတ်ပြုလေ၏။ ထိုမျှသာမက သူ၏မိသားစုများလည်း ကျွန်ုပ်အနီးအပါးတွင် စုရုံးရောက်ရှိနေကြပြီး အားကိုးတကြီး မျက်ဝန်းများဖြင့်ကြည့်၍ ကြိုဆိုညှော်ခံကြ၏။

စက်ရှင်မင်းကြီးသည် မစ္စတာဝဲလ်ဘုန်းထံမှပေးလိုက်သည့်စာကိုဖတ်ရင်း ခန္ဓာကိုယ်တဆတ်ဆတ်တုန်ယင်သည်အထိဝမ်းသာပီတိဖြစ်နေတော့၏။

ရေနစ်သူအတွက် ကောက်ရိုးတစ်ပင်သည် မှီကွယ်အား



www.burmeseclassic.com

www.burmeseclassic.com



ကိုးရာဆိုသကဲ့သို့ အသုံးစွန်မျှော်လင့်ချက်မဲ့နေသည့် သူအဖို့ ရုတ်တရက်ရောက်ရှိလာသည့် ကျွန်ုပ်အပေါ်တွင် အပြည့်အဝ ယုံကြည်ကိုးစားလျက် သူ၏အခက်အခဲများကို ဖွင့်ဟပြောပြလေ၏။

မစ္စတာဝဲလ်ဘုန်း၏စာကိုဖတ်ရှုစဉ်က ကျွန်ုပ်သည် မည်သူမျှမရိပ်မိအောင် ပြုံးလိုက်မိသည်။

အကြောင်းကား ထိုစာမှာ ကျွန်ုပ်ကိုယ်တိုင် အင်္ဂလိပ်လိုရေးသားပြီး မစ္စတာဝဲလ်ဘုန်းကို လက်မှတ်ထိုးခိုင်းခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က မစ္စတာဝဲလ်ဘုန်းမှာ နားမလည်အောင်ဖြစ်နေ၍ ကျွန်ုပ်သဘောပေါက်အောင် အတန်ကြာရှင်းပြလေတော့မှ သူသည် ကျွန်ုပ်၏စိတ်ကူးကိုလွန်စွာသဘောကျသွားပြီး ကျေနပ်စွာပြုံးလေ၏။

ထို့နောက် ကျွန်ုပ်ပြောဆိုသည့်အတိုင်း ၎င်းမှပေးပို့လိုက်သကဲ့သို့ စာ၏အောက်ခြေတွင်လက်မှတ်ရေးထိုးလိုက်ခြင်းဖြစ်သည်။ မစ္စတာဝဲလ်ဘုန်းဟူသည့် ပုဂ္ဂိုလ်ကြီးကိုယ်တိုင်ကိုးကွယ်ဆည်းကပ်ရသည်ဆိုတော့ ၎င်းတို့အဖို့ ဆိုဖွယ်ရာမရှိဖြစ်ရလေပြီ၊

စက်ရှင်မင်းကြီးဦးငွေစိုးသည် ကျွန်ုပ်အား အိမ်ဦးခန်းတွင် အလေးအမြတ်နေရာပေးပြီး ၎င်း၏အခက်အခဲများကို အားကိုး





တကြီး ဖွင့်ဟပြောပြလေ၏။

တည်းခိုခန်းပိုင်ရှင် အမျိုးသမီးကြီးက ကျွန်ုပ်ကို သူဌေးလေးရယ်ဟူ၍ ပြောဆိုသလို စက်ရှင်မင်းကြီးကတော့ ကျွန်ုပ်၏ ပျို့ရွယ်သည့်အသွင်အပြင်ကိုကြည့်၍ ဆရာလေးဟု ပြောသဖြင့် ကျွန်ုပ်မှာ ပြုံးမိပြန်၏။

''ဆရာလေးရယ် . . . ကျုပ်တော့ ဘာလုပ်ရမှန်းမသိလောက်အောင် ကြောက်ဇောမွှန်နေပါပြီ၊ ကယ်ပါဦးဆရာလေးရယ်၊ စုံထောက်မင်းကြီးကိုယ်တိုင် ကိုးကွယ်ဆည်းကပ်ရတဲ့ ဆရာလေးရဲ့ပညာဂုဏ်ကို ကျုပ်အားကိုးပါရဲ့''

ဟု အစချီပြောလျက် ၎င်း ရင်ဆိုင်နေရသည်များကို ဖွင့်ဟလေတော့၏။

သူ၏မျက်နှာမှာ ဖြူဖပ်ဖြူရော်[illegible]ပြီး မျက်လုံးကြီးမှာလည်း ကြောက်အားနှင့်ဝိုင်း၍နေ၏။

ကျွန်ုပ်သည် လူများဖိမ့်ဖိမ့်တုန်အောင် ရှိသေလေးစားရသည့် စက်ရှင်မင်းကြီးမှာ ထိုမျှကြွေပျက်အောင်ကြောက်လန့်စိုးရိမ်နေရှာသည့်အဖြစ်ကိုကြည့်၍ ကရုဏာသက်ရမလိုဖြစ်နေ၏။

သို့ကြောင့်လည်း . . .

''မင်းကြီးခင်ဗျား . . . ဒါလောက်လည်း စိုးရိမ်နေ[illegible]က



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ပါနဲ့၊ နာနာဘာဝနဲ့ ပယောဂအစွဲသာမှန်ရင် ကျွန်တော့်တာဝန်ထားပါ၊ မင်းကြီးကို မွှဲတစ်ပေါက်မစွန်းစေရပါဘူး၊ စိုးရိမ်သောကခံစားမှုဆိုတာ လိုတာထက်ပိုသွားရင် ဥပါဒါန်ကြောင့် ဥပဒ်ရောက်ဆိုသလိုဖြစ်သွားပြီး ကျန်းမာရေးထိခိုက်နိုင်ပါတယ်''

ဟု နှစ်သိမ့်ပြောဆိုလိုက်ရာ စက်ရှင်မင်းကြီးဦးငွေစိုးမှာ ပင့်သက်ကိုလေးပင်စွာရှိုက်လျက် ဦးခေါင်းကိုခါယမ်းလိုက်ပြီး . . .

''ဆရာလေးရဲ့ စေတနာစကားကို ကျုပ်နားလည်ပါတယ်၊ ကျုပ်လည်း ဒီလောက်ကြောက်တတ်တဲ့သူမဟုတ်ပါဘူး၊ ငယ်ငယ်ကတည်းက မင်းမှုထမ်းလာသူဖြစ်လို့ နေ့မရှောင်ညမရှောင် နေပူမိုးရွာမရှောင် စိတ်ကြမ်းကိုယ်ကြမ်းနေထိုင်လာခဲ့သူပါ၊ တစ္ဆေသရဲဆိုတဲ့အယူအစွဲမျိုး နည်းနည်းမှရှိခဲ့သူမဟုတ်ပါဘူး၊ သို့ပေမယ့် . . . ယခုကြုံရတဲ့အဖြစ်ကိုတော့ ဘယ်လိုကြောက်ပုံမျိုးကြောက်မှန်းမသိဖြစ်ရပါတယ် ဆရာလေးရယ်''

ဟုပြောပြီး ထိုအဖြစ်မျိုးနှင့် ကြုံတွေ့ကြရသူများ၏ အကြောင်းကိုပြောပြလေ၏။

ထိုအဖြစ်အပျက်များကို နှစ်ညတာ ကျွန်ုပ်တည်းခိုခဲ့သည့် စားသောက်ဆိုင်ပိုင်ရှင်အမျိုးသမီးကြီးပြောပြ၍ သိရှိပြီးဖြစ်၏။





''ကောင်းပါပြီ၊ အခု . . . ကျွန်တော်နှင့်တွေ့နေပြီဆိုတော့ မင်းကြီးဘာမှကြောက်လန့်မနေပါနဲ့တော့၊ မင်းကြီးကို ဘယ်လို ရန်သူမျိုးမှမနှောင့်ယှက်စေရဘူး''

ဟု ထပ်မံနှစ်သိမ့်လိုက်ပြီး ကျွန်ုပ်ကြိုတင်ကြံရွယ်ထားသည့်အတိုင်း ဂုဏ်တော်ပုတီးကို သူ၏လည်ပင်းတွင် ဆွဲပေးလိုက်ပြီး

''ဒီပုတီးကိုအမြဲဆောင်ထားပေတော့၊ ဒီပုတီးဟာ အောက်တန်းစားတစ္ဆေသရဲကိုမဆိုထားနဲ့ အာဠာဝကလို တန်ခိုးကြီးတဲ့နတ်ဘီလူးများတောင် ဖိမ့်ဖိမ့်တုန်အောင်ကြောက်ပြီး ထွက်ပြေးရလောက်အောင် တန်ခိုးသိဒ္ဓိပြီးပြည့်စုံတယ်''

ဟု ပြောလိုက်လေရာ ဦးငွေစိုးမှာ သိသိသာသာရွှင်လန်းသွားပြီး အတော်အတန်စိတ်အားတက်လာသည်ကိုတွေ့ရတော့၏။ ကျွန်ုပ်အပေါ်တွင်လည်း တွေ့စတုန်းကထက် သာလွန်ပြီး ယုံကြည်ကိုးစားမှုများရှိလာပြီး သူရင်ဆိုင်နေရသည့် ဘေးအန္တရာယ်ဆိုးကြီးအကြောင်းကို စီကာပတ်ကုံးပြောပြလေတော့၏။

သူသည် လူသတ်မှုကျူးလွန်သူဆရာဝန်ကြီးဦးမိုးမောင်ကို ကြိုးမိန့်ကျခံစေရန် စီရင်ချက်ချခဲ့သူဖြစ်သည်။ သူ့အတွက်ကြောက်မည်ဆိုလျှင်လည်း ကြောက်စရာအဖြစ်ပင်။

ဦးမိုးမောင်သည် ထောင်ထဲတွင် ကြိုးစင်တင်၍အသတ်



www.burmeseclassic.com

www.burmeseclassic.com



ခံရပြီး သေဆုံးသွားစဉ်က ထောင်အရာရှိများပြောပြ၍ သိရသည်မှာ သတ်ပြီး ကြိုးစင်ကဖြုတ်ချသည်နှင့် သူ၏လည်ပင်းကြီးမှာ နကိုထက် လေးလက်မလောက်ရှည်ပြီး အပေါ်ပိုင်းရှုံးလျက် ပုံပျက်ပန်းပျက်ဖြစ်သွား၏။ ဦးမိုးမောင်၏ဝိညာဉ်ခြောက်လှန့်ခံရသူများမှာ ထိုသို့သောပုံသဏ္ဌာန်ဖြင့် ခြောက်လှန့်ခံရခြင်းဖြစ်သည်။

ထိုမျှသာမက ပါးစပ်ကလည်း အက်ကွဲကြမ်းရှသော အသံဖြင့် ....

"ငါမသေဘူး၊ နင်တို့ ငါ့ကို မတရားဝိုင်းသတ်ပေမယ့် ငါ မသေဘူး၊ အခု နင်တို့ ငါ့အကြောင်းသိစေရမယ်၊ နင်တို့ကို လူ့ပြည်မှာ မထားဘူး၊ ငရဲပြည်ပို့ပစ်မယ်"

ဟူ၍ ကြိမ်းမောင်းပြောဆို၏။

ထိုသို့ပြောဆိုခြောက်လှန့်ခြင်းခံရသူများမှာ သည်းခြေပျက်မတတ် ကြောက်လန့်တုန်လှုပ်ပြီးရှိနေရာမှ သူ၏ ခြောက်လှန့်ခြင်းကိုမခံလိုပါက သူ၏အိမ်သို့ အဖော်မပါတစ်ဦးတည်း အရောက်လာရမည်ဟုပြောဆိုလေရာ အခြောက်ခံရသူများမှာ သူ၏စကားအတိုင်း သူ့အိမ်သို့သွားရောက်သည်တွင် မည်သို့ကြောင့်မှန်းမသိ တစ်ကိုယ်လုံးမီးသွေးတုံးကဲ့သို့ မည်းပြီးသေဆုံးကြရလေ၏။

ထိုဖြစ်ပျက်မှုများကြောင့် ပရော်ဖက်ဆာကြီးဦးမိုးမောင်





နေထိုင်သည့် အိမ်ကြီးနှင့်ခြံဝန်းအနီးသို့ မည်သူမျှ မကပ်ဝံ့ကြတော့ပေ။ ခြံကြီးမှာ တောကြီးသဖွယ် အုံ့ဆိုင်းနေတော့၏။

ဦးမိုးမောင်သည် ငယ်စဉ်ကတည်းက ဂျာမဏီပြည်သို့ သွားပြီး ဆေးအတတ်ပညာ သွားရောက်သင်ယူခဲ့၏။ နှစ်အတန်ကြာ၍ လူလတ်ပိုင်းအရွယ်ရောက်ရှိသည့်တွင် မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာပြီး အိမ်ထောင်ပြုလျက် ဆေးဆိုင်ကြီးတစ်ဆိုင် ဖွင့်လှစ်ခဲ့၏။

ဆေးအတတ်နှင့် လောကဓာတ်ပညာတွင် တရားလွန်ပေါက်မြောက်သူဖြစ်၍ ပရော်ဖက်ဆာကြီးဦးမိုးမောင်ဟူသည့် အမည်နှင့် လွန်စွာထင်ရှားခဲ့လေ၏။ ဆေးဝါးများကိုလည်း ကိုယ်တိုင်ဖော်စပ်ထုတ်လုပ်ခဲ့သဖြင့် အချိန်တိုတိုအတွင်း ငွေကြေးများစွာရရှိခဲ့ပြီး လွန်စွာ ကြွယ်ဝချမ်းသာလာခဲ့၏။

သူသည် ချမ်းသာကြွယ်ဝမှုအပေါ်တွင် မက်မောတွယ်တာခြင်းမရှိပေ။ ရရှိလာသည့်ငွေကြေးများကို ဆေးပညာနှင့် ပတ်သက်ပြီး အမျိုးမျိုးချဲ့ထွင်ရန်အတွက် သုံးစွဲ၏။ အစဉ်သဖြင့်လည်း ကြံစည်စိတ်ကူး၏။ သူ့တွင် လွန်စွာယုံကြည်စိတ်ချရသည့် ဒေါက်တာမျိုးဆွေဟူသော လက်ထောက်ဆရာဝန်ရှိ၏။

သာမန်အချိန်များတွင် ဇနီးနှင့်သမီးကို ဂရုတစိုက်ရှိသော်လည်း ဆေးဝါးတစ်မျိုးမျိုးအပေါ်တွင် ကြံစည်စိတ်ကူးနေ



www.burmeseclassic.com

www.burmeseclassic.com



သည့်အချိန်များတွင် အရာရာကို မေ့လျော့နေတော့၏။ ထိုသို့ဖြင့် မထင်မှတ်ဘဲ သူ၏ဇနီးဆုံးပါးသွားသည့်တွင် သူသည် မယုံနိုင်လောက်အောင် ပြောင်းလဲသွားလေ၏။

ထို့နောက်မှာတော့ သူသည် လက်ထောက်ဆရာဝန် ဒေါက်တာမျိုးဆွေထံတွင် သူ၏သမီးစံပယ်မြိုင်ကို အနီးကပ်စောင့်ရှောက်ထိန်းသိမ်းရန်နှင့် သူ၏ဆေးတိုက်ကိုပါ လွှဲအပ်ပြီး သူကတော့ လူတွေနဲ့အလှမ်းဝေးသည့် ထိုအိမ်ကြီးတွင် အစေခံတစ်ဦးကိုသာထားရှိပြီး တစ်ကိုယ်တည်း နေထိုင်လေတော့၏။

ထိုခြံကြီးနှင့်အိမ်ကြီးကို သူ၏ဇနီးမဆုံးခင်ကတည်းက တစ်နေ့ သူအနားယူသည့်ကာလတွင် တိတ်တိတ်ဆိတ်ဆိတ်နေထိုင်ရန်ဟူသည့်ရည်ရွယ်ချက်ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်၏။ ထိုစဉ်ကတည်းက သူသည်စိတ်ကူးရှိသလို ထိုအိမ်ကြီးကို တဖြည်းဖြည်း အချိန်ယူပြီးဆောက်လုပ်ခဲ့လေ၏။

သူ၏လက်ထောက် ဒေါက်တာမျိုးဆွေမှာ သူ့အပေါ်တွင် လွန်စွာကြည်ညိုလေးစားသူဖြစ်သည်။ သူတို့ချင်းမှာလည်း ညီအစ်ကိုရင်းပမာ ချစ်ခင်ကြ၏။ ယုံကြည်လေးစားကြ၏။ လူချင်းခင်မင်ရုံမက သူတို့၏သားချင်းသမီးချင်းမှာလည်း ခင်မင်ကြ၏။

ဒေါက်တာမျိုးဆွေတွင် သားတစ်ယောက်၊ သမီးတစ်ယောက်ရှိလေရာ ဦးမိုးမှောင်၏သမီး စံပယ်မြိုင်နှင့် ငယ်စဉ်က





တည်းက မောင်နှမအရင်းများပမာ အတူနေထိုင်ကြီးပြင်းခဲ့ကြ၏။

သူတို့သုံးဦး အရွယ်ရောက်လာသောအခါ ဆေးကျောင်းပြီး ဆရာဝန်အတတ်ကိုသင်ကြားစေခဲ့၏။ ထို့အတူ သူတို့သည် သူတို့ပိုင်ဆေးတိုက်ကြီးတွင်လက်ထောက်ဆရာဝန်များအဖြစ် လုပ်ကိုင်ကြပြီး လူနာများကို လက်ခံပြုစုလေ၏။

ဒေါက်တာမျိုးဆွေသည် အသက်အရွယ်နှင့်အတွေ့အကြုံအရ ရင့်ကျက်သူဖြစ်၍ သူတို့ကို အကြီးအကဲအဖြစ် အုပ်ချုပ်လေ၏။ ထို့အပြင် သူ၏သားဖြစ်သူ မောင်နေလင်းနှင့်စံပယ်မြိုင်တို့မှာ လူငယ်သဘာဝ မေတ္တာမျှလျက်ရှိသကဲ့သို့ ဖခင်နှစ်ဦးကလည်း လက်ထပ်ပေးရန်ရည်ရွယ်ထားပြီးဖြစ်၏။

ဦးမိုးမှောင်သည် သူ၏ဇနီးဆုံးပါးသွားစဉ်ကတည်းက နှစ်ကာလများစွာ စိတ်ကူးကြံစည်ထားသည့်ကိစ္စကို အကောင်အထည်ဖော်ရန် အလို့ငှာထိုအိမ်ကြီးတွင်တစ်ကိုယ်တည်း တိတ်တဆိတ်နေထိုင်ခဲ့ခြင်းဖြစ်သည်။

သို့ကြောင့်လည်း သူ၏လုပ်ငန်းများနှင့်စီးပွားရေးသာမက သားရေးသမီးရေးကိစ္စများကိုပင် ဒေါက်တာမျိုးဆွေအား လုံးစုံလွှဲအပ်ခဲ့ခြင်းဖြစ်သည်။

သူသည် ထိုအိမ်ကြီးအတွင်း၌ ဓာတ်ခွဲ၊ ဓာတ်စမ်းကိရိယာများဖြင့် နေ့ညမပြတ်လုပ်ကိုင်နေလေရာ အဆောင်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



အခန်းခန်းများပြားကျယ်ဝန်းသောအိမ်ကြီးမှာ ဆေးဘူး၊ ဖန်ပြွန်၊ ဓာတ်ခွဲကိရိယာတန်ဆာပလာများဖြင့် ပြည့်နေလေတော့၏။

ထိုမျှသာမက တိရစ္ဆာန်အများအပြားကိုလည်း မွေးမြူထား၏။ လှောင်အိမ်တွင်းရှိနေသည့် ယုန်များ၊ ပူးသတ္တဝါများနှင့် မျောက်များမှာ ဆေးစမ်းရန်အတွက်ဖြစ်၏။ သည့်အပြင် ဓာတ်အားပေးဒိုင်နမိုစက်များ၊ အင်ဂျင်စက်များကိုလည်း စနစ်တကျ တပ်ဆင်ထားလေ၏။

သူသည် နှစ်ကာလကြာမြင့်သည်အထိ ထိုသို့လုပ်ကိုင်နေထိုင်စဉ်ကာလတွင် သူ၏အလုပ်တွင် အနှောင့်အယှက်ဖြစ်မှာကို မလိုလားသဖြင့် မည်သူနှင့်မျှဆက်ဆံခြင်းမပြုဘဲ အဆုံးစွန်အနေဖြင့် သမီးဖြစ်သူစပယ်မြိုင်ကိုယ်တိုင် တစ်ခါတစ်ရံ လာရောက်လည်ပတ်သည်ကိုပင် နှစ်သက်ခြင်းမရှိလှဘဲ သူ၏တပည့် ဒေါက်တာမျိုးဆွေမှတစ်ပါး မည်သူ့ကိုမှ တွေ့ဆုံခြင်းမပြုပေ။

တစ်နေ့တွင် ဒေါက်တာမျိုးဆွေသည် သူ၏ဆရာဦးမိုးမှောင်၏ အံ့မခန်းအောင်မြင်မှုကိုတွေ့ရှိရလေ၏။ ဒေါက်တာမျိုးဆွေသည် မြင်ရသည့်မြင်ကွင်းအပေါ်တွင် အိပ်မက်ကဲ့သို့ထင်မှတ်နေတော့၏။

လှောင်အိမ်အတွင်းရှိ မျောက်ကလေးတစ်ကောင်ကို ဦးမိုးမှောင်က သူ၏ဆေးဖြင့်နှလုံးခုန်ရပ်တန့်အောင် သတ်ပစ်လိုက်





၏၊ ၎င်းမျောက်အသေကို ပြန်လည်ရှင်သန်လာအောင် အသက်ပြန်သွင်းပြခြင်းဖြစ်၏။ မျောက်ကလေးမှာ အနည်းငယ်မျှ ထူးခြားမှုမရှိဘဲ ယခင်ကကဲ့သို့ပင် ဖျတ်လတ်စွာခုန်ပေါက်မြူးတူးနေ၏။

''မောင်မျိုးဆွေရေ ... ငါတော့အင်မတန်ထူးဆန်းတဲ့အောင်မြင်မှုကြီး ရတော့မယ်၊ ကမ္ဘာကြီးကို လက်ခမောင်းခတ်ပြနိုင်တော့မယ်''

ဟူ၍ အားပါးတရပြောဆိုလေတော့၏။

၎င်းကဲ့သို့ အောင်မြင်မှုရရှိစေရန် သူသည် နှစ်ကာလများစွာ အပတ်တကုတ်ကြိုးစားခဲ့ရသည်ကို ဒေါက်တာမျိုးဆွေသိဆုံးဖြစ်၏။

အခြားသော တိရစ္ဆာန်လေးများကိုလည်း ၎င်းနည်းအတိုင်း စမ်းသပ်ရာ မျောက်ကလေးကဲ့သို့ပင် အောင်မြင်မှုရရှိခဲ့သဖြင့် ဦးမိုးမှောင်သည် နောက်ဆုံးအဆင့်စမ်းသပ်မှုများ ပြုလုပ်ရန် ပြင်ဆင်လေတော့၏။

''ကဲ ... မျိုးဆွေ ... ဒီဆေးသေတ္တာကို မင်းအသက်နဲ့ထပ်တူထိန်းသိမ်းထားရလိမ့်မယ်၊ သေတ္တာထဲမှာ ထည့်ထားတဲ့ဆေးဓာတ်ဖန်လုံးတွေကိုငါမှာတဲ့အတိုင်း ဓာတ်အားပေးပြီး သိမ်းဆည်းထားပေတော့၊ ငါအလိုရှိတဲ့တစ်နေ့ အဲဒီသေတ္တာကို



www.burmeseclassic.com

www.burmeseclassic.com



ယူလာခဲ့ပေတော့''

ဒေါက်တာမျိုးဆွေလည်း ဦးမိုးမှောင်မှာကြားသည့်အတိုင်း လိုက်နာဆောင်ရွက်လေ၏။

ထို့နောက် ဦးမိုးမှောင်သည် ရက်အနည်းငယ်ကြာမျှ ခရီးထွက်သွားလေ၏။ ထိုသို့ထွက်သွားသည်မှာ ထိုအိမ်ကြီးတွင် နေထိုင်သည့်ကာလအတွင်း ပထမဆုံးအကြိမ်ဖြစ်သကဲ့သို့ မည်သည့်အရပ်သို့ သွားရောက်မည်ကိုလည်း ဘယ်သူ့ကိုမှ အသိပေးပြောကြားခဲ့ခြင်းမရှိပေ။

ပြန်လည်ရောက်ရှိလာသည့်အခါတွင် သူသည် လွန်စွာစိတ်အားထက်သန်လို့နေ၏။ ထို့နောက် ဒေါက်တာမျိုးဆွေကို အားချင်းမှာကြားပြီး သူ၏အစီအစဉ်များကို ရှင်းပြပြီးနောက် သူတို့နှစ်ဦးသည် ကြိုတင်ပြင်ဆင်မှုများကို ရက်အနည်းငယ်အချိန်ယူလျက်ဆောင်ရွက်ကြလေ၏။

ဦးမိုးမှောင်သည် အနှစ်နှစ်အလလ မျှော်မှန်းခဲ့သည့် စမ်းသပ်မှုကို လက်တွေ့အကောင်အထည်ဖော်ရန် ကြိုတင်ပြင်ဆင်ခြင်း ဖြစ်သည်။ ထို့နောက် နေ့ရက်ကိုသတ်မှတ်လေ၏။ သို့သော် သူသတ်မှတ်သည့်နေ့ရက်တွင် မထင်မှတ်ဘဲ ရာသီဥတုဖောက်ပြန်သဖြင့် မိုးသက်မုန်တိုင်းကျရောက်လေ၏။

သူသည် ဆုံးဖြတ်ပြီးသည့်ကိစ္စကို ဘယ်တော့မှ ပြင်သူ





မဟုတ်ပေ။ အစစအရာရာ ကြိုတင်စီစဉ်ထားပြီးဖြစ်၍ ၎င်းသတ်မှတ်သည့်နေ့နှင့်အချိန်တွင် သူ၏လုပ်ငန်းကို စတင်ရန် ဒေါက်တာမျိုးဆွေကို ချိန်းဆိုလိုက်၏။

အစမ်းသပ်ခံမည့်လူငယ်မှာ သွေးသားသန့်စင်ပြီး ကျန်းမာသည့်လူငယ်တစ်ဦးဖြစ်၏။ အခကြေးငွေဖြင့်ခေါ်ယူထားခြင်းဖြစ်သည်။ လူငယ်မှာလည်း သူ၏ရှေ့တွင် မျောက်ကလေးများကို လက်တွေ့စမ်းသပ်ပြခဲ့သဖြင့် ဦးမိုးမှောင်အပေါ်တွင် သံသယကင်းစွာ ယုံကြည်သွားလေ၏။

သို့ကြောင့်လည်း သတ္တိရှိစွာ စမ်းသပ်ခံလေ၏။

ထိုသို့စမ်းသပ်နေစဉ်မှာပဲ သတ်မှတ်ချိန်ရောက်ရှိရန် အချိန်အနည်းငယ်မျှအလိုတွင် မထင်မှတ်သောအဖြစ်နှင့် ရင်ဆိုင်ရ၏။ အစမ်းသပ်ခံလူငယ်၏ဇနီးက ပုလိပ်များကိုခေါ်ယူပြီး ရောက်ရှိလာသောကြောင့်ဖြစ်သည်။

*(အထက်ပါအဖြစ်အပျက်များကို ဤဝတ္ထု၏အဖွင့်တွင် စာဖတ်ပရိသတ်များ ဦးဦးဖျားဖျားဖတ်ရှုစေလိုသည့် စေတနာဖြင့် ရေးသားဖော်ပြခဲ့ပြီးဖြစ်၏။ **စာရေးသူ**)*

ထို့အပြင် ဦးမိုးမှောင်သည် အစားထိုးမရသည့် ဆံ့နှုန်း



www.burmeseclassic.com

www.burmeseclassic.com



မှုကြီးနှင့်ရင်ဆိုင်ရသူကဲ့သို့ ယူကျုံးမရခံစားရလေ၏။

သူ၏လုပ်ငန်းကြီးမှာ ပြီးလုပြီးခင်အခြေအနေရောက်မှ ပျက်စီးခဲ့ရ၏။ အစမ်းသပ်ခံလူငယ်မှာလည်း အကျိုးမရှိ သေခဲ့ ခဲ့ရ၏။ သူ၏ပညာနှင့်ဂုဏ်သိက္ခာဟူသမျှမှာလည်း အများ၏ ပြစ်တင်ရှုတ်ချခြင်းကိုခံရပြီး သုံးမရအောင် နိမ့်ကျသွားတော့ သည်။

* * *

## အခန်း (၈)

## ကျွန်ုပ်နှင့်စကျွဒိဗ္ဗအင်း

''အမှုက ရပ်သိ, ရွာသိ, နိုင်ငံကျော်အမှုဖြစ်တဲ့အပြင် သက်သေအထောက်အထားခိုင်မာတဲ့အတွက် ဥပဒေရှုထောင့် က ကြည့်ရင် ဘယ်လိုမှလျှော့ပေါ့စဉ်းစားလို့မရတာကြောင့် ကျုပ် လည်း ကြိုးမိန့်ချမှတ်ခဲ့ရတယ်၊ ဆရာလေးလည်း သိသင့်သ လောက် သိပါလိမ့်မယ်၊ ဥပဒေဆိုတာ လူသိရှင်ကြား အမှုအခင်း မျိုးကို ထိမ်ချန်လို့ဖြစ်စေ, လျှော့ပေါ့လို့ဖြစ်စေ ဆောင်ရွက်လိုက် ရင် အများက ဥပဒေကိုကြည်ညိုလေးစားမှာမဟုတ်ဘူး၊ ဒို့ပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် ကျုပ်က အယူခံဝင်ဖို့တိုက်တွန်းခဲ့ပါသေးတယ်၊ အဆင့်ဆင့် အယူခံဝင်မယ်ဆိုရင် ပြစ်ဒဏ်လျော့ပေါ့သွားနိုင်တဲ့အခြေအနေ ရှိပေမယ့် အံ့ဩစရာကောင်းတာက ဦးမိုးမှောင်ကိုယ်တိုင် သူ့ရဲ့ လျှောက်လှဲချက်တွေကို သူကိုယ်တိုင် ပြန်ရုပ်သိမ်းလိုက်ပြီး ကြိုး မိန့်ကိုသတ္တိရှိရှိ ရင်ဆိုင်သွားခဲ့တယ်''

''အဲဒီလို ရင်ဆိုင်သွားဝံ့တဲ့ သတ္တိကိုချီးကျူးပါရဲ့ဗျာ''

''ဦးမိုးမှောင်သေဆုံးပြီး ငါးရက်လောက်အကြာမှာပဲ မ ကျွတ်မလွတ်တဲ့တစ္ဆေအနေနဲ့ ခြောက်လှန့်တာကို ပထမဆုံး ကြုံတွေ့ရသူက အခကြေးငွေပေးပြီး စမ်းသပ်ခြင်းခံရလို့သေဆုံး သွားတဲ့ လူငယ်ရဲ့ဇနီး အေးသန်းဆိုတဲ့ မိန်းကလေးပေါ့''

''စိတ်ဝင်စားစရာပဲ၊ အဲဒီမိန်းကလေးရဲ့အဖြစ်ကို သိ ရစေ၊ ဒါမှလည်း ကျွန်တော် ဘယ်လို အစီအရင်တွေ ဆောင်ရွက် ရမယ်ဆိုတာ ခန့်မှန်းလို့လွယ်ကူသွားမယ်လေ''

''အလွန့်ကို အံ့ဩစရာကောင်းပါတယ်ဆရာလေးရယ် ဆရာဝန်ကြီးဦးမိုးမှောင်သေဆုံးပြီး ငါးလလောက်အကြာမှာပေါ့ ဆရာဝန်ကြီးကြောင့် သေဆုံးသွားတဲ့လူငယ်ရဲ့ဇနီး အေးသန်းလို့ ခေါ်တဲ့ မိန်းကလေးက သူ့ယောကျ်ားဆုံးပါးသွားပြီးနောက်ပိုင်း မှာ ဆရာဝန်ကြီးဆီကရရှိလိုက်တဲ့ငွေကို အရင်းတည်ပြီး မြို့ ဝင်အဝေးပြေးလမ်းမကြီးနံဘေးမှာ စားသောက်ဆိုင်ဖွင့်ထားတ





အတော်လေးအခြေအနေကောင်းတယ်၊ စားသောက်ဆိုင်နဲ့တွဲ ဖက်ပြီး တည်းခိုဆောင်ပါ ဖွင့်လှစ်ထားတယ် . . .။

တစ်ချိန်တုန်းက သူတို့ဟာ အလွန်ပဲ ပင်ပန်းဆင်းရဲကြ ပေမယ့် အဲဒီလိုအခြေအနေမျိုးရောက်ရှိခဲ့တာ ဆရာဝန်ကြီး ကျေး ဇူးကြောင့်ပေါ့၊ အဲဒီလိုဆိုင်မျိုးဖွင့်လှစ်ဖို့ နေရာနဲ့အရင်းအနှီးကို စိုက်ထုတ်ပေးခဲ့တာလည်း ဆရာဝန်ကြီးဦးမိုးမှောင်ပဲလေ၊ သူ့ ယောကျ်ားကိုစမ်းသပ်ဖို့ ပေးအပ်ခဲ့တဲ့အခကြေးငွေတွေက နည်းမှ မနည်းဘဲ၊ သေချာတွေးကြည့်ရင် ဆရာဝန်ကြီးဟာ သူ့အကျိုး ကိုယ့်အကျိုးမျှတအောင် ဆောင်ရွက်ပေးခဲ့တာဖြစ်လို့ အပြစ်ဆို ရက်စရာမရှိဘူးကွယ့် . . .။

သူ့ရဲ့ဆေးပညာစမ်းသပ်မှုကို အစောကြီးကတည်းက ပွင့်ပွင့်လင်းလင်းဖွင့်ပြောထားပြီးဖြစ်လို့ သူတို့လက်မခံရင် အစ ကတည်းက ငြင်းလိုက်ရောပေါ့၊ အခုတော့ . . . အဲလိုမဟုတ် ဘူး၊ ပြောတုန်းက ကောင်းပြီကောင်းရဲ့လက်ခံခဲ့ပြီးမှ တကယ့်အ ရေးအကြောင်းလည်းရောက်ရော အဲဒီမိန်းကလေးက ပြဿနာ ဖြစ်အောင် လုပ်လိုက်တော့ ဆရာဝန်ကြီးမျှော်မှန်းတဲ့ လုပ်ငန်း တစ်ခုလုံး ပျက်စီးသွားရတာပေါ့၊ ဒါကြောင့်လည်း ဆရာဝန်ကြီး က အဲဒီမိန်းကလေးကို ပထမဦးဆုံး လက်စားချေလိုက်တာလို့ ယူဆရတာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှာပေါ့လေ ... အားလုံးသဘောတူ ညှိနှိုင်းပြီး ဆိုတော့ ဒီလိုအဖြစ်မျိုးရင်ဆိုင်ရလိမ့်မယ်လို့ ဆရာဝန်ကြီးလည်း ဘယ်ထင်ပါ့မလဲ၊ အမျိုးသမီးဘက်က ကြည့်ပြန်တော့လည်း မှားတယ်လို့ယူဆလို့မရပြန်ဘူးပေါ့ မင်းကြီးရယ်၊ သူ့ယောကျ်ားရဲ့ အသက်နဲ့ ရင်းရတဲ့ကိစ္စမဟုတ်လား"

"သူ့ဘက်ကိုယ့်ဘက်တွေးရရင် နှစ်ဘက်စလုံး မမှားပါဘူးလေ၊ ဆရာဝန်ကြီးဦးမိုးမောင်အဖို့ရာမှာတော့ ပညာရှိသတိ ဖြစ်ခဲဆိုသလို ရင်ဆိုင်ခဲ့ရတာပေါ့"

စက်ရှင်မင်းကြီးဦးငွေစိုးသည် စားသောက်ဖွယ်ရာများဖြင့် ကျွန်ုပ်ကိုညှိခံကျွေးမွေးလေ၏။

သူ၏မိသားစုဝင်များကလည်း ကျွန်ုပ်ရောက်ရှိလာ၍ လန်းဆန်းသည့်အမူအရာဖြင့် စကားပြောဆိုနေသည့် စက်ရှင်မင်းကြီးကိုကြည့်၍ ဝမ်းသာနေကြ၏။ စက်ရှင်မင်းကြီးဦးငွေစိုးမှာလည်း ကျွန်ုပ်အပေါ်တွင် ယုံကြည်ကိုးစားမှုဖြင့် ဖွင့်ဟပြောနေခြင်း ဖြစ်သည်။

အစားအသောက်များကို ကျွန်ုပ်အားစားစေ၍ သူကိုယ်တိုင်လည်း စားသောက်လျက်က အဖြစ်အပျက်များကိုဆက်ပြီး ပြောပြလေ၏။

၎င်း၏စကားများကို နားထောင်မှတ်သားလျက်က သိရှိ





ထားခဲ့သည့်အချက်အလက်များအပေါ် သုံးသပ်ဆင်ခြင်နေမိသည်။ စားသောက်ဆိုင်နှင့်တည်းခိုဆောင်ပိုင်ရှင် အမျိုးသမီးကြီးထံမှ သိရသည့်အချက်အလက်များနှင့်ပေါင်းစပ်၍ သုံးသပ်ခြင်းပင် ဖြစ်သည်။

စက်ရှင်မင်းကြီးက ဆရာဝန်ကြီးဦးမိုးမောင် ဆေးဝါးစမ်းသပ်ခြင်းခံရ၍ သေဆုံးသွားသည့်အမျိုးသမီး ရင်ဆိုင်ကြုံတွေ့ရပုံများကို အသေးစိတ်ရှင်းပြလေရာ ကျွန်ုပ်သည် စိတ်ဝင်တစားဖြစ်ရပြန်၏။

ထိုအမျိုးသမီးမှာ သူမ၏လင်ယောကျ်ားသေဆုံးသွားခဲ့သော်လည်း ဆရာဝန်ကြီးထံမှရရှိခဲ့သည့်ငွေကြေးဖြင့် ထမင်းဆိုင်ဖွင့်လှစ်ပြီး အသက်မွေးဝမ်းကျောင်းပြုလေ၏။

ဆရာဝန်ကြီးဦးမိုးမောင်သေဆုံးပြီး ငါးလခန့်ကြာမြင့်သည့်တစ်နေ့တွင် ထမင်းဆိုင်အတွက် စားသောက်ဖွယ်ရာများဝယ်ယူပြီးအပြန်တွင် ဦးမိုးမောင်၏ဝိညာဉ်တစ္ဆေနှင့် ရင်ဆိုင်ခဲ့ရ၏။

အချိန်မှာ နေဝင်ဖျိုးဖျ မှောင်ရိပ်သန်းချိန်ဖြစ်သောကြောင့် လမ်းတစ်လျှောက်တွင် လူသူကင်းရှင်းလျက်ရှိ၏။ ထိုလမ်းခရီးမှာ သူမ,သွားလာနေကျဖြစ်၍ သူမလည်း အေးအေးဆေးဆေး လူ လျှောက်လှမ်းလာရင်း မျက်နှာချင်းဆိုင်မှလျှောက်လှမ်းလာ



www.burmeseclassic.com

www.burmeseclassic.com



သည့် ရှမ်းအဘိုးကြီးတစ်ဦးနှင့် တဖြည်းဖြည်းနီးကပ်လာလေ၏။

ထင်သာမြင်သာသည့်အကွာအဝေးသို့အရောက်တွင် အဘိုးကြီး၏ထူးခြားသည့်အသွင်အပြင်ကို သတိပြုမိလိုက်သည်နှင့် သူမသည် တအံ့တသြဖြစ်သွား၏။

အဘိုးကြီးမှာ မြက်ခမောက်ဦးထုပ်ကို ဆောင်းထားပြီး သက္ကလတ်ခြုံစောင်ကြီးကိုလည်း မျက်နှာတစ်ပိုင်းမြုပ်သည်အထိ သိုင်းခြုံထား၏။ လမ်းလျှောက်ရာတွင် တုံ့ဆိုင်းလိုက် ဆက်လျှောက်လိုက်ဖြင့်ရှိနေလေရာ သူမလည်း ဒုက္ခိတအဘိုးအိုဖြစ်မည်ဟု စိတ်ဝယ်ထင်မှတ်လိုက်လေ၏။

သို့ရှိနေလျက်က သူမနှင့်အဘိုးအိုသည် မျက်နှာချင်းဆိုင် အနီးဆုံးနေရာသို့ရောက်ရှိလာ၏။ ထိုအခါ အဘိုးအိုမှာ ခန္ဓာကိုယ်ကို ယိမ်းလျက် သူမကိုဝင်တိုက်လိုက်လေရာ ...

''အို ... ဘယ်လိုလုပ်လိုက်တာလဲ''

အရှိန်မှာ ပြင်းထန်ခြင်းမရှိ၍ လဲကျသွားခြင်းမရှိသော်လည်း သူမ,သယ်ဆောင်လာသည့် ပစ္စည်းအချို့မှာ ပြုတ်ကျသွားသဖြင့် ဒေါသမျက်ဝန်းဖြင့် ထိုအဘိုးအိုကိုကြည့်လိုက်၏။

အဘိုးအိုသည် သူမ,သွားမည့်လမ်းကို ကာဆီးလိုက်ပြီဖြစ်၏။ ထိုအခါ သူမက မကျေမနပ်ဖြစ်သွားပြီး

''ဒီမှာ အဘိုးကြီး ... ကိုယ့်ကိုယ်ကိုယ်လည်း သတိ





ထားဦးမှပေါ့၊ မျက်နှာချင်းဆိုင်ကလာတဲ့လူကို ဝင်တိုက်ရတယ်လို့၊ ဟွန်း ... ဒုက္ခိတမို့ ကြည့်နေတာနော်''

ဟုပြောပြီး ပြုတ်ကျသွားသည့် ပစ္စည်းအချို့ကိုကောက်ယူသိမ်းဆည်းနေလေရာ ...

''ဟင်''

သူမ၏ခန္ဓာကိုယ်က မတ်ခနဲတောင့်မတ်သွားပြီး အထိတ်တလန့်ဖြင့် နောက်သို့ဆုတ်လိုက်ပြီး အဘိုးအို စူးစိုက်ကြည့်သည်နှင့်

''အမေလေး ...''

'ဝုန်း ...'

'ခလွမ်း ...'

အသည်းတဆတ်ဆတ်တုန်ယင်သည်အထိ ကြောက်လန့်သွားလေရာ သူမလက်ထဲရှိ ပစ္စည်းများမှာလမ်းပေါ်သို့ လွင့်စဉ်ကျသွားတော့၏။

သူမသည် အဘိုးအိုထံသို့ လက်ညှိုးထိုးလျက် ...

''ဟို ... ရှင် ... ရှင် ...'' ဟူ၍ပြောလျက် ခြေလှမ်းကိုလည်း နောက်သို့ဆုတ်သွားလေရာ ထိုအဘိုးအိုမှာလည်း သူမအနီးသို့ တဖြည်းဖြည်းတိုးကပ်လာလေ၏။

မျက်နှာကိုသဲကွဲစွာမမြင်ရသော်လည်း အဘိုးအို၏ ရှေ



www.burmeseclassic.com

www.burmeseclassic.com



မောသံသြသြကြီးမှာ တိတ်ဆိတ်သည့်ဝန်းကျင်ကွင် ကြောက်မက်ဖွယ်ထွက်ပေါ်လာသဖြင့် သူမသည် လွန်စွာထိတ်လန့်တုန်လှုပ်သွားတော့၏။

မျက်နှာတစ်ပိုင်းမြုပ်သည်အထိ သိုင်းခြုံထားသော သက္ကလတ်စောင်ကြီးမှာ ရယ်မောလိုက်တိုင်း ပိန်လိုက်ဖောင်းလိုက် ဖြစ်နေလေ၏။

ထိုအနိုက်အတန့်မှာပဲ သူမသည် တစ်စုံတစ်ရာကို သတိရသွားသဖြင့် အသားများဆတ်ဆတ်တုန်သည်အထိ ထိတ်လန့်နေလျက်က ထိုအဘိုးအိုကိုအော်ဟစ်မေးမြန်းလိုက်ရာ အဘိုးအိုက ရုတ်ခြည်းဆိုသလို ၎င်း၏ခြုံစောင်ကြီးကို ဖယ်ခွာချလိုက်၏။

ထိုအခါ အဆမတန်ရှည်ထွက်နေသည့် လည်ပင်းကြီးကိုကိုင်းပြီး ပြူးဝိုင်းပြဲထွက်နေသည့်မျက်လုံးနှင့် စိုက်ကြည့်လိုက်သဖြင့် အမျိုးသမီးမှာ ဘယ်လိုမှရင်ဆိုင်နိုင်စွမ်းမရှိတော့ဘဲ သွေးရူးသွေးတန်းပြေးထွက်လေတော့၏။

ထို့နေမှုစ၍ သူမသည် ကြောက်ဖျား လန့်ဖျား၊ အပြင်းဖျားလေရာ ခုနစ်ရက်ခန့်ကြာမြင့်မှအတော်အတန်သက်သာလာ၏။ သို့သော်လည်း ... အဖျားဝေဒနာထက် အဆများစွာဆိုးဝါးသည့်ဝေဒနာမှာ ဘယ်လိုမှမေ့ပျောက်၍မရသည့် အဘိုးအို၏





မျက်နှာကြီးပင်ဖြစ်၏။

ညတွင် ကောင်းစွာအိပ်ပျော်နိုင်ခြင်းမရှိဘဲ ...

"ဦးမိုးမှောင် ... ဦးမိုးမှောင် ... သရဲကြီး ... ကြိုးဆွဲချခံရလို့ ရှည်ထွက်နေတဲ့ လည်ပင်းကြီးအတိုင်း ကျုပ်ကိုလာခေါ်နေတယ်"

ဟူ၍ ရေရွတ်မြည်တမ်းနေလေရာ အိမ်သားများမှာ ပယောဂဆရာအချို့ကိုပင် ခေါ်ယူကုသရလေ၏။ သို့တိုင် အနည်းငယ်မျှထူးခြားမလာဘဲ ညဥ့်အချိန်ရောက်သည်နှင့် ...

"ဟော ... ဦးမိုးမှောင်အလောင်းကြီးက ကျွန်မကိုလာခေါ်နေတယ်၊ သူ မသေဘူးတဲ့၊ သူခေါ်တဲ့နောက်ကို လိုက်ရမယ်တဲ့၊ အမလေး ... ကြောက်ပါပြီရှင်၊ ကျွန်မ လိုက်ခဲ့ပါ့မယ်၊ ကို ... မဟုတ်ရပါဘူးဆရာဝန်ကြီးရယ်၊ ကျွန်မယောကျ်ားကို ကျွန်မ မသတ်ပါဘူး၊ ကျွန်မလည်း ယောကျ်ားအတွက် စိုးရိမ်လွန်ပြီး လုပ်မိလုပ်ရာလုပ်လိုက်မိတာပါ၊

ထိုသို့ ကယောင်ချောက်ချားအော်ဟစ်နေသည်ကြောင့် အိမ်သူအိမ်သားများမှာ သူမအတွက် အမျိုးမျိုးဖျောင်းဖျနှစ်သိမ့်နေရ၏။ ညဆိုလျှင်လည်း သူမ စိတ်အားမငယ်စေရန် လူလဲပြီး မီးအလင်း စောင့်ရှောက်ကြလေ၏။

ထိုသို့ရှိနေလျက်က တစ်နေ့သောညဥ့်နက်သန်းခေါင်ယံ



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွင် မိုးအလင်းစောင့်ရှောက်နေသူများမှာ မည်သို့ဖြစ်သည်မသိ အတုံးအရုံးအိပ်ပျော်နေကြ၏။ ထိုညဥ့်သည် သူမအဖို့ လူ့ဘဝ၏အဆုံးသတ်နေ့ဝင်မီးငြိမ်းအချိန်ပင် ဖြစ်သည်။

အစောင့်အရှောက်များနှင့် အိမ်သူအိမ်သားများမှာ နေ့အတော်မြင့်မှနိုးလာပြီး မိမိတို့အဖြစ်ကို နားမလည်နိုင်အောင်ဖြစ်နေစဥ်မှာပဲ အမျိုးသမီးမှာလည်း ထူးဆန်းစွာပျောက်ဆုံးနေကြောင်း သိရှိလိုက်ကြ၏။

သူတို့သည် အထိတ်တလန့်ဖြင့် ဟိုဟိုဒီဒီရှာဖွေသော်လည်း မည်သည့်သတင်းအစအနကိုမျှ မရရှိဘဲဖြစ်နေလေရာ သူမအား နီးကပ်စွာစောင့်ရှောက်အိပ်စက်သည့် အမျိုးသမီး၏ အဖော်ဖြစ်သူက တစ်စုံတစ်ရာကိုသတိရသွား၏။

ညဥ့်နက်သန်းခေါင်တွင် ကယောင်ကတမ်းအော်ဟစ်သည့် အမျိုးသမီး၏စကားများတွင် ''လာခဲ့ပါ့မယ်၊ လိုက်ခဲ့ပါ့မယ်'' ဟူ၍ ပြောဆိုခြင်းပင်ဖြစ်သည်။

ထိုစကားအရ မှန်းဆပြီး သူတို့သည် ဆရာဝန်ကြီးဦးမိုးမှောင်၏နေအိမ်သို့ သွားရောက်ရှာဖွေရာ ပျောက်ဆုံးနေသည့် အမျိုးသမီးမှာ အိမ်ကြီး၏ဆင်ဝင်အောက်တွင်ရပ်ပျက်ဆင်းပျက်သေဆုံးနေသည်ကို တွေ့ရလေ၏။

၎င်းတို့နှင့်အတူ ပုလိပ်များလည်း လိုက်ပါသွားသဖြင့်





အလောင်းကိုကြည့်ရှုစစ်ဆေးကြသည်တွင် လုပ်ကြံသတ်ဖြတ်သည့် သဲလွန်စဟူ၍ အနည်းငယ်မျှမတွေ့ရှိရပေ။ ဆေးစစ်ချက်အရလည်း ကြောက်ရွံ့ထိတ်လန့်သည့်ခံစားမှုကြောင့် နှလုံးသွေးရပ်ပြီးသေဆုံးခြင်းဖြစ်ကြောင်း ထွက်ဆို၏။

အထက်ပါဖြစ်ပျက်မှုမှာ လွန်စွာထူးဆန်းလှသဖြင့် စက်ရှင်မင်းကြီးကိုယ်တိုင် သွားရောက်ကြည့်ရှုခဲ့ကြောင်း ပြောပြလေ၏။

ထို့နောက်ပိုင်းဖြစ်ပျက်မှုများမှာ ပို၍ပင် တုန်လှုပ်ဖွယ်ကောင်းနေပြန်၏။ ကျွန်ုပ်က ရုတ်တရက် သတိတရဖြစ်သွား၍ မေးလိုက်မိ၏။

''ဆရာဝန်ကြီးဦးမိုးမှောင်ရဲ့အစေခံတစ်ဦးက အဲဒီအိမ်ကြီးမှာ ရှိမနေဘူးလား''

''မနေတာကြာရောပေါ့ . . . ဆရာလေးရယ်၊ ဦးမိုးမှောင်သေပြီးကတည်းက အဲဒီခြံကြီးထဲကိုဘယ်သူမှမသွားကြဘူး၊ ခြံစောင့်ပုဂ္ဂိုလ်ကြီးလည်းမနေဝံ့လို့ မန္တလေးက ဦးမိုးမှောင်ရဲ့ လက်ထောက်ဆရာဝန်ဒေါက်တာမျိုးဆွေရဲ့ဆေးခန်းမှာ သွားပြီးနေထိုင်တော့တယ်၊ သူ့သမီး စံပယ်မြိုင်ဆိုတာ အဲဒီအိမ်ကြီးကို မီးရှို့ပစ်ချင်လောက်အောင် စိတ်နာနေတာပေါ့၊ သို့ပေမယ့် ဒေါက်တာမျိုးဆွေဟာ သူ့ဆရာအပေါ်မှာ အလွန်ပဲ သံယောဇဉ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးရှာတော့ ဆရာ့ရဲ့ခြေရာလက်ရာကို မပျက်ယွင်းစေလိုတဲ့အတွက် နဂိုအတိုင်း ပစ်ထားလိုက်တာလေ ...။

ဦးမိုးမှောင်ရှိစဉ်ကတည်းက လူအရောက်အပေါက် နည်းပြီး ကြောက်စရာကောင်းတဲ့အထဲ အိမ်ကြီးရှင်ဦးမိုးမှောင် စက်တိုင်တက်ပြီးသေဆုံးသွားတယ်၊ တစ္ဆေသရဲဖြစ်နေတယ်၊ တချို့ဆိုရင် ကိုယ်တွေ့ကြုံခဲ့ကြရတယ်၊ နေဝင်ရီသရောအချိန်မှာ နွားကျောင်းသားတွေ, ခရီးသွားတွေဟာ အဲဒီခြံကြီးနားက ဖြတ်သွားမိရင် ခြံထဲက မည်းမည်း ... မည်းမည်းနဲ့ သရဲဦးမိုးမှောင်ခြောက်လှန့်ပြတာနဲ့ကြုံရပြီး သေပြေးရှင်ပြေး ပြေးခဲ့ကြရတယ်။

စားသောက်ဆိုင်က အမျိုးသမီးလေး သေဆုံးတုန်းကကျုပ်လည်း ပုလိပ်တွေနဲ့အတူ ရောက်ရှိခဲ့တယ်၊ လူတွေကြောက်လန့်ကြတာလည်း မလွန်ပါဘူး ဆရာလေးရယ်၊ အိမ်ကြီးကအိမ်အိုကြီးမို့ အလိုလိုနေရင်း ကြောက်စရာကောင်းရတဲ့အထဲလူမနေဘဲပစ်ထားပြန်တော့ အိမ်ကြီးတစ်ခုလုံး ဖြစ်ချင်တိုင်းဖြစ်နေတော့တာပေါ့၊ အခန်းတိုင်းမှာ ဖုန်တွေ, မြူတွေ, ပင့်ကူအိမ်တွေဆိုတာ ရစရာကိုမရှိဘူး၊ ခြံကြီးလည်း တကယ် တောရိုင်းထနေတယ်၊ အိမ်ထဲက ပင့်ကူအိမ်ကြီးတွေဟာ ရောမ တောပင့်ကူကြီးတွေလိုပဲ၊ တချို့ပင့်ကူကြီးများဆိုရင် ပန်းကန်ပြားကလေးလောက်ကိုရှိတယ် ...။





အရင်တုန်းက သူမွေးထားခဲ့တဲ့ ပူးကလေးတွေ, ယုန်ကလေးတွေ, မျောက်ကလေးတွေကလည်း လွတ်လွတ်လပ်လပ်ရှိနေကြပြီး ဘေးမဲ့တောရိုင်းတိရစ္ဆာန်တွေ ဖြစ်နေကြတယ်၊ ျက်နှာကြက်ထောင့်တွေမှာလည်း လင်းနို့တွေ, လင်းဝက်တွေဟာ အိမ်ထောင်သားမွေး တိုင်းပြည်တည်နေသလိုပဲ၊ လက်လေးသစ်လောက်တက်နေတဲ့ဖုန်တွေဆိုတာ ကြမ်းပြင်အပြည့်ပဲ နံလိုက်တဲ့အနံ့တွေကလည်း ဟောင်လို့၊ လင်းနို့သေးရော, က်သေးရော, တစ်ကောင်နဲ့တစ်ကောင် ရန်ဖြစ်ကိုက်ခဲပြီး သေနေကြတဲ့တိရစ္ဆာန်ကောင်သေတွေရဲ့ အပုပ်နံ့ရော, သောသောပိုင်နေတာပဲ ...။

အဲဒီလောက် လူသူကင်းမဲ့ပြီး ကြောက်စရာကောင်းတဲ့အိမ်ကြီးကိုရောက်လာပြီး သေဆုံးသွားတဲ့မိန်းကလေးအပေါ်မှာ ားလို့မရဘူး၊ ပုလိပ်တွေကလည်း သဲလွန်စကိုလိုက်ကြပါသေး ... သို့ပေမယ့် ဘယ်ကမှ အစမပေါ်ဘူး၊ နောက်ဆုံးတော့ ရာဝန်စစ်ချက်ကိုပဲ အတည်ပြုပြီး သွေးပျက်ဖွယ်တစ်စုံတစ်ကိုမြင်တွေ့လိုက်ရလို့ နှလုံးသွေးရပ်ပြီး သေဆုံးသွားရတယ်လို့တည်ပြုလိုက်ကြတယ် ...။

"နောက်တစ်လဝန်းကျင်မှာပဲ ဦးမိုးမှောင်ကိုလာဖမ်းတဲ့ပ်အရာရှိဦးစိန်တိုး သေရပြန်တယ်၊ မသေခင်မှာ စားသောက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကအမျိုးသမီးလိုအခြောက်ခံရပြီး ကယောင်ကတမ်း အော်
ဟစ်ပြီး "မောင်တိုးကို ကျွန်တော်သတ်တာမဟုတ်ပါဘူး၊ သေနေ
တာတွေ့လို့ ဝတ္တရားအတိုင်းဆောင်ရွက်ရတာပါ၊ ဆရာဝန်ကြီးကို
တောင်းပန်ပါတယ်၊ အဲဒီလည်ပင်းကြီးကိုမကြည့်ပါရစေနဲ့ . . ."
အဲဒီလိုစိတ်ချောက်ချားနေတာကြောင့် အစောင့်အကြပ်တွေ ချ
ထားရတယ်၊ သို့ပေမယ့် . . . သူလည်းပဲ အစောင့်အကြပ် အိ
မောကျတဲ့တစ်နေ့မှာ ဦးမိုးမောင်ရဲ့ခြံထဲက အိမ်အိုကြီးထဲမှ
စားသောက်ဆိုင်အမျိုးသမီးလိုအဖြစ်မျိုးနဲ့ သေဆုံးခဲ့ရတယ် . . .

အဲဒီလို အဖြစ်မျိုးနဲ့ပဲ နောက်ထပ်သေဆုံးသူနှစ်ဦး
ကတော့ ဦးမိုးမောင်ကိုဖမ်းစဉ်အခါက ပုလိပ်အရာရှိလက်
အောက်က ပုလိပ်အမှုထမ်းနှစ်ဦးဖြစ်တယ်၊ အဲဒီအမှုထမ်းနှစ်
ဦးလည်း ရက်အနည်းငယ်သာခြားပြီး ရှေ့ဆင့်နောက်ဆင့်သေ
ဆုံးသွားပြီးတဲ့နောက်မှာ ဦးမိုးမောင်ကိုချောက်တွန်းရတဲ့ အစိုး
ရှေ့နေ ကုလားလူမျိုး ကာစင်ပေါ့၊ ဦးမိုးမောင်ကို စွဲချက်တ
တုန်းက အစိုးရရှေ့နေဆိုတော့ တာဝန်ဝတ္တရားအတိုင်း တရား
ကိုအပြစ်ပေးနိုင်အောင် ဆွဲချရတာပေါ့၊ အရင်သူတွေလိုပဲ ပထ
ဦးဆုံးခြောက်ပြတယ်၊ ကုလားကလည်း မပီကလာ ပီကလာ
ဦးမိုးမောင် . . . တရဲ တရဲလာတယ်၊ ငါကြောက်တယ်၊ နင့်
ငါမကြည့်ရဲဘူး၊ တွားတွား . . . နဲ့ အော်နေတာပဲတဲ့ . . .။





ပြီးတော့ တရားရုံးမှာ သူ့အနေနဲ့ မတရားဆွဲချက်တင်
တာမဟုတ်ခဲ့ပါဘူးလို့လည်း တောင်းပန်ရှာတယ်၊ မြန်မာလို
ပြောလိုက် . . . ကုလားလိုပြောလိုက်နဲ့ တောင်းပန်ပေမယ့် သူ
မှာလည်း အရင်လူတွေလမ်းစဉ်အတိုင်း သေဆုံးခဲ့ရတယ် . . .။

"အဲဒီသတင်းတွေကို ကြားရပြီးနောက်မှာ ကျုပ်လည်း
ကျောမလုံသလို ထိတ်လန့်မိတာပေါ့ ဆရာလေးရယ်၊ သေဆုံး
သူတွေအားလုံးဟာ ဦးမိုးမောင်နဲ့ အဓိကဆက်နွယ်ပတ်သက်ခဲ့
ကြတဲ့သူတွေဆိုတော့ သူ့ကိုကြိုးမိန့်ချမှတ်ခဲ့တဲ့ ကျုပ်အဖို့ရာမှာ
တော့ ဘယ်လောက်တုန်လှုပ်ခံစားရမယ်ဆိုတာ ဆရာလေး တွေး
ကြည့်နိုင်ပါတယ်၊ သူတို့သတင်းတွေကြားရတိုင်း ကျုပ်မှာ အိပ်
မပျော်စားမဝင်နိုင်ဖြစ်ရုံပြီး ဘယ်တော့များ ရောက်လာလေမလဲ
ဆိုတဲ့အတွေးနဲ့ အထိတ်တလန့်နေထိုင်ရတဲ့အဖြစ်ဟာ အရှင်
လတ်လတ်ငရဲကျနေသလို နေ့စဉ်နဲ့အမျှ ရင်ဆိုင်နေရတာပေါ့
ဆရာလေးရယ်"

စက်ရှင်မင်းကြီးသည် စကားကိုရပ်တန့်လိုက်ပြီး တစ်
စုံတစ်ရာကိုတွေးမိလိုက်ဟန်ဖြင့် ငြိမ်သက်သွားလေရာ ထိုအခိုက်
အတန့်မှာပဲ သူ၏အမူအရာများမှာ သိသိသာသာတုန်လှုပ်ချောက်
ချားသွားလေ၏။

သူသည် စက်ရှင်မင်းကြီးဟူသည့် ရာထူးဂုဏ်ရှိန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဝင့်ကြွားစွာ နေထိုင်ခဲ့သူဖြစ်သည်။ ထို့အတူ သူ၏ရှေ့မှောက်တွင် ဝပ်တွားစွာဆက်ဆံကြသည့် လူအများ၏ ဘုရားအထူးခံပုဂ္ဂိုလ် ကြီးဖြစ်သလို သူ၏နှုတ်ဖျားမှထွက်ကျလာသည့် စကားတစ် ခွန်းဖြင့် ထောင်ဒဏ်၊ သေဒဏ်၊ ကျွန်းဒဏ်၊ ကြိုးမိန့်စသဖြင့် ထိတ်လန့်ဖွယ်အပြစ်ဒဏ်မျိုး ကျရောက်သွားစေသည့် အာဏာ စက်ပြင်းထန်သူဖြစ်လေရာ ယခုတွင်မှာတော့ သူ့အားပြန်လည် ပြီး အပြစ်ဒဏ်ချမှတ်သကဲ့သို့ ရင်ဆိုင်ရသည့်တွင်သူသည် ဖြေ မဆည်နိုင်လောက်အောင် တုန်လှုပ်ချောက်ချားနေလေ၏။

သူသည် လွန်စွာဆိုးသွမ်းသည့် လူဆိုးဓားပြများကို မိမိ၏ရှေ့မှောက်တွင် ဒူးထောက်ဝပ်တွားသွားစေအောင် ဂုဏ်ရှိန် ကြီးမားသူဖြစ်သည်။ ယခုတော့ သရဲဦးမိုးမှောင်က သူ့ထံသို့ ခေါ်ယူပြီး သူ၏ရှေ့တွင် ဒူးထောက်ဝပ်တွားရုံသာမက ၎င်း၏အ သက်ကိုပင် နှုတ်ယူရန် ခြိမ်းခြောက်နေခြင်းကိုခံနေရပြီဖြစ်၏။

ထိုအဖြစ်မှာ တွေးကြည့်လျှင် ရယ်စရာကောင်းသလို သံဝေဂရစရာပင်ကောင်းလှပေ၏။ အနီရောင်ပိတ်ကုလားထိုင် ကြီးပေါ်တွင် ပိုးပဝါခေါင်းပေါင်းဖြင့် ကြီးမားသောဣန္ဒြေကို ဆောင်လျက် တရားခံများကို အာဏာစက်ဖြင့်စီရင်နိုင်စွမ်းသည့် ပုဂ္ဂိုလ်ထူးကြီးမှာ သူ့အား ပြန်လည်တရားစီရင်ခြင်းနှင့် ကြုံတွေ့ ရသည့်တွင် ကလေးငယ်တစ်ဦးပမာ ဆောက်တည်ရာမဲ့ တုန်





လှုပ်ချောက်ချားနေတော့၏။

သရဲဦးမိုးမှောင်၏ သေမင်းတမန်အာဏာစက်သည် သူ့ ထံသို့ တည့်မတ်စွာကျရောက်လာပြီဖြစ်သည်။

တစ်နေ့ ညနေစောင်းအချိန်တွင်ဖြစ်သည်။

သူ၏ အိမ်ရှေ့လမ်းမပေါ်တွင် ခေါက်တုံ့ခေါက်ပြန် စကြံ လျှောက်နေစဉ် မျက်နှာချင်းဆိုင်အရပ်ဆီမှ ကုန်းကုန်း . . . ကုန်း ကုန်းနှင့်လျှောက်လှမ်းလာသော ရှမ်းအဘိုးကြီးတစ်ဦးကို သတိ ပြုမိလိုက်၏။

အဘိုးကြီးမှာ အတော်အတန်ကွာလှမ်းသဖြင့် တရွေ့ရွေ့ လျှောက်လှမ်းလာရာမှ သူနှင့်နီးကပ်စွာ ရောက်ရှိလာသည့်တွင် ခြေလှမ်းကိုရပ်တန့်လိုက်ပြီး စက်ရှင်မင်းကြီး၏ရှေ့သို့ လျင်မြန်စွာ ခုန်လိုက်လေ၏။

စက်ရှင်မင်းကြီးဦးငွေစိုးလည်း အထိတ်တလန့်ဖြင့် ခြေ လှမ်းကိုနောက်သို့ဆုတ်လိုက်လေရာ ထိုအဘိုးကြီးမှာ မည်သို့ လုပ်လိုက်သည် မသိ၊ မိမိကိုယ်တိုင် ကြိုးမိန့်သတ်၍ အသတ်ခံရ သည့် ဦးမိုးမှောင်၏အလောင်းကြီးသည် ပုစွန်မျက်စိကဲ့သို့ ပြူး ထွက်နေသည့် မျက်လုံးများနှင့် ပဒေါင်လူမျိုးများကဲ့သို့ အထက် ရှည်တက်နေသည့် လည်ပင်းကြီးကိုစင်းပြီး အံသွားကိုကိုက်လျက် ကြည့်နေလေရာ သူသည် မှင်တက်မိသလို ကြောင်ကြောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ငေးကြည့်နေတော့၏။

ထိုစဉ်မှာပဲ အမွေးကြမ်းများထောင်ထနေသည့် လက်ကြီးနှစ်ဖက်ကိုမြှောက်လျက် ကောက်ကောက်ကွေးကွေးကြီးလုပ်ရင်း "ဟီး . . . ဟီး . . . ဟီး" ဟူသည့် အသံနက်ကြီးထွက်ပေါ်လာပြီးနောက် . . .

"နင် . . . အခု . . . ငါ့ကိုရင်မဆိုင်ဝံ့တော့ဘူးမဟုတ်လား၊ ငါပြောတဲ့စကားကို နားမထောင်ဘဲ ငါ့ကို လှောင်ပြောင်ခဲ့တယ်၊ ငါ့ကိုဒုက္ခပေးတဲ့သူတွေကို ငါ ဘယ်လိုလက်တုံ့ပြန်တယ်ဆိုတာ သိတယ်မဟုတ်လား . . . ဟား ဟား ဟား . . . အခုနင့်အလှည့်ရောက်ပြီ၊ နင့်ကိုလက်စားချေဖို့ အလှည့်ရောက်ပြီ . . . ဟီး ဟီး ဟီး"

လိုဏ်သံကြီးကဲ့သို့ ဟိန်းထွက်သွားလေရာ သူ၏လက်မည်းကြီးဖြင့် ဦးငွေစိုး၏လည်ပင်းကိုညှစ်ရန် ဟန်ပြင်လိုက်သည်တွင် ဦးငွေစိုးလည်း သေငယ်ဇောနှင့်မျောနေသလိုဖြစ်နေရာမှ ရုတ်တရက်သတိရပြီး ငယ်သံပါအောင်အော်လျက် အိမ်ပေါ်သို့ ပြေးတက်သွားလေ၏။

ထိုအဖြစ်အပျက်ကြောင့် ဦးငွေစိုးသည် ငါးရက်ခန့် အပြင်းဖျားရင်း . . .

"ဦးမိုးမှောင် . . . ဦးမိုးမှောင် . . . ကျုပ် ခင်ဗျားကို





မတရားသတ်တာမဟုတ်ပါဘူး၊ ခင်ဗျားအမှုက ထင်ရှားလွန်းလို့ အလုပ်ဝတ္တရားအတိုင်း ဆောင်ရွက်ရတာပါ"

ဟုလည်းကောင်း၊ တစ်ခါတစ်ရံတွင်မှာတော့ . . .

"ကျုပ်ကိုမခေါ်ပါနဲ့ ဦးမိုးမှောင်ရယ်၊ ကျုပ် ကြောက်လွန်းလို့ပါ . . . ဒီလောက်လက်စားချေရရင်တော်လောက်ရောပေါ့၊ မခေါ်ပါနဲ့ဗျာ . . . မခေါ်ပါနဲ့"

ဟူ၍လည်းကောင်း အော်ဟစ်ပြောဆိုလေတော့၏။

ခန္ဓာကိုယ်တုတ်ခိုင်ထွားကျိုင်းပြီး အသားအရေ စိုပြည်ဝင်းဝါသည့် စက်ရှင်မင်းကြီးဦးငွေစိုးသည် ထိုအချိန်မှစ၍ အဝတ်စကို ရေညှစ်လိုက်သကဲ့သို့ ညှိုးလျော်နွမ်းကျသွားတော့၏။ အအိပ်အစား ပျက်ယွင်းလာလေ၏။

ကျွန်ုပ်မြင်ရသည့် အနေအထား...မှာပင် ဦးငွေစိုးသည် အနီးပတ်ဝန်းကျင်သို့ ကြည့်ရှုရန်မဝံ့မရဲလောက်အောင် တုန်လှုပ်ချောက်ချားနေလေ၏။ သို့သော်လည်း . . . ကျွန်ုပ်အပေါ်တွင်မှာတော့ စုံထောက်မင်းကြီးကိုယ်တိုင် ယုံကြည်စိတ်ချစွာဖြင့် ဖွင့်ပြောလိုက်ခြင်းကြောင့် အထူးပင်ယုံကြည်ကိုးစားလျက်ရှိ၏။

ကျွန်ုပ်သည် ၎င်းတို့ရင်ဆိုင်ကြုံတွေ့ရသည့် ဘေးအန္တရာယ်ဆိုးကြီးကို အတော်အတန်သိရှိရပြီဖြစ်၍ ထိုအနေအထားပေါ်တွင် ကျွန်ုပ် မည်သို့ကိုင်တွယ်ဆောင်ရွက်ရမည်ကို ကြံစည်



www.burmeseclassic.com

တွေးတောလိုက်မိသည်။

ငင်းတို့ကိုယ်တိုင် သရဲဦးမိုးမှောင်ကလာရောက်ခြောက်လှန့်ပြီးသတ်ဖြတ်သည်ဟု အပြည့်အဝယုံကြည်ထားသဖြင့် ထိုကိစ္စကို ၎င်းတို့နှင့်အတိုက်အခံပြောပြီး ငြင်းခုန်၍မဖြစ်။ ထိုသို့ပြောလိုက်ပါက ကျွန်ုပ်အပေါ်တွင်ထားရှိသည့် ၎င်းတို့၏ယုံကြည်မှုပင်ပျက်ပြယ်သွားပြီး ကျွန်ုပ်ရည်ရွယ်ချက်များလည်း လမ်းကြောင်းလွဲသွားနိုင်၏။

ဆရာဝန်ကြီးဦးမိုးမှောင်သည် သရဲတစ္ဆေဘဝဖြင့် လူတွေကိုသတ်ဖြတ်နေသည်ဟု ၎င်းတို့ယုံကြည်သကဲ့သို့ ကျွန်ုပ်ယုံကြည်ရန် အချိန်များစွာစောနေပါသေး၏။ နိုင်လုံသည့်အကြောင်းပြချက် မလုံလောက်သေးဟုယူဆရသဖြင့် ၎င်းကိစ္စများကို ကျွန်ုပ်ကိုယ်တိုင် စူးစမ်းရှာဖွေရမည်ဖြစ်သည်။

လတ်တလောအခြေအနေအရ ကျွန်ုပ်အပေါ်တွင်ထားရှိသည့် ၎င်းတို့၏ယုံကြည်မှု ပျက်ပြားမသွားရန် အထူးအရေးကြီးသဖြင့် ကျွန်ုပ်လည်း ကြိုတင်ကြံစည်ထားသည့်စိတ်ကူးအတိုင်း စီစဉ်ဆောင်ရွက်ရတော့၏။

"ဒီသရဲက အတော့်ကိုအတင့်ရဲတာပဲ၊ ဒီလိုပုံစံမျိုးနဲ့ နောက်ထပ်လူတွေကို ဘယ်လောက်များသတ်ဖြတ်နေဦးမလဲ မသိဘူး"





ကျွန်ုပ်က မိမိအကြံအစည်ဖြင့် စကားလမ်းကြောင်းခင်းလိုက်ရာ ဦးငွေစိုးက ထိုလမ်းကြောင်းအတိုင်း လိုက်ပါလာသဖြင့် တစ်ကိုယ်တည်းပြုံးလိုက်မိ၏။

"ရဲသမှအတော့်ကိုရဲပြီလား ဆရာလေးရယ် . . . အရင့်အရင်လူတွေကတော့ သရဲခြောက်လို့ကြောက်တာလောက်ပဲ ရှိတယ်၊ ပယောဂဆရာကောင်းကောင်းနဲ့အကာအကွယ်လုပ်ဖို့ သတိမရကြဘူး၊ လုပ်ပြန်တော့လည်း တော်စွလျော်စွ ဆရာယောင်, သမားယောင်တွေနဲ့လုပ်ခဲ့ကြတော့ အကြောင်းမထူးဘူးပေါ့၊ 'သတိတမံ . . . ဉာဏ်မြေကတုတ်၊ ပညာစွန်း ချွန်းကဲ့သို့ အုပ်ရမယ်' ဆိုတဲ့စကားလို ဒူးနေရာနဲ့သူ သတိမဝင်ကြတဲ့အတွက် အသက်ပါသွားရှာရတာပေါ့ . . .။

ပယောဂအစွဲတို့, နာနာဘာဝင့်ဆိုတာမျိုးဟာ တော်စွလျော်စွဆရာမျိုးနဲ့ နိုင်ပေမယ့် တကယ်ကြမ်းတဲ့အစွဲကျတော့ တကယ်ကြမ်းတဲ့အလက်လမ်းဆရာမျိုးနဲ့ကာကွယ်မှ အနိုင်ရတာမျိုး မဟုတ်လား၊ တချို့အိမ်တွေမှာ ပုဏ္ဏကအတိုက်ခံရတယ်၊ ဒိုးသံကြားအင်း မြှုပ်ခံရတယ်၊ ဆရာကောင်းနဲ့မတွေ့ရတော့ အိမ်ပစ်အိုးပစ် ထွက်ပြေးကြရတယ်၊ အခုတော့ . . . ကျုပ်ကုသိုလ်ကံက သေဖို့ရာမဖန်သေးတော့ နတ်မိစ္ဆာ, တစ္ဆေသရဲတွေကို အမြဲနိုင်နင်းခဲ့တဲ့ ဆရာလေးနဲ့ ကြုံတွေ့ရတာပေါ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ဆရာလေးရယ် . . . ကျုပ်ရဲ့အသက်နဲ့ ခန္ဓာကိုယ်ကို ဒီအချိန်ကစပြီး ဆရာလေးရဲ့လက်ကိုအပ်လိုက်ပါပြီ၊ တတ်နိုင်သလောက် ကာကွယ်ပါတော့ ဆရာလေးရယ်၊ ဒီ သရဲဦးမိုးမှောင်ကိုသာ နိုင်မယ်ဆိုရင် ကျုပ်ရဲ့စည်းစိမ်တွေ ကုန်ခန်းသွားပါစေ . . . ကျုပ် ပေးဆပ်ဖို့ ဝန်မလေးပါဘူး"

ဦးငွေစိုးသည် အားတက်သည့်အမူအရာဖြင့် ပြောဆိုလေရာ သူ့စကားကြောင့် ကျွန်ုပ်ပင် ကျောချမ်းသလိုဖြစ်ရလေ၏။ ပြဿနာကြီးတစ်ခုလုံးကို ကျွန်ုပ်အပေါ် ပုံချလိုက်ပြီ၊ အကယ်၍ တစ်စုံတစ်ရာဖြစ်ခဲ့ပါက ကျွန်ုပ်အဖို့ များစွာအနေခက်ရမည့်ကိန်း ဆိုက်သွားမည်ဖြစ်ရာ ကျွန်ုပ်လည်း မကြံတတ်အောင်ဖြစ်သွားလေ၏။

သို့နှင့် ကျွန်ုပ်လည်း မထူးတော့သည့်အခြေအနေတွင် ဇွတ်တိုးရုံမှလွဲပြီး အခြားနည်းလမ်းကိုမရှိတော့သဖြင့် မူလကြံစည်ထားသည့်အတိုင်း အကောင်အထည်ဖော်လိုက်တော့၏။

"ကျွန်တော်ပြောပြီးပါပြီကောဦးမင်းရယ်၊ ပယောဂသာမှန်ရင် ဦးမင်းကို ရေကြည်တစ်ပေါက်တောင် မစင်စေဘူး၊ ကျွန်တော်တို့ အထက်လမ်းဆရာများရဲ့ထုံးစံအတိုင်း သမ္မာပတ် ဝင်စားပြီး ဒိဗ္ဗစက္ခုအင်းနဲ့ စီရင်ကြည့်ပါ့မယ်"

ဟူ၍ ဟန်ပါပါပြောလိုက်ရာ ၎င်းနှင့်တကွ အိမ်သား





များမှာ အထူးပင်ဝမ်းမြောက်သွားကြပြီး ကျွန်ုပ်ညွှန်ကြားသည့်အတိုင်း ဂရုတစိုက်လုပ်ကိုင်ကြလေ၏။

သူတို့သည် ပန်း၊ ဖယောင်းတိုင်နှင့် ကန်တော့ပွဲကလေးများကို အချိန်အနည်းငယ်အတွင်း ပြီးစီးအောင်လုပ်ကိုင်ကြ၏။ နာရီများစွာမကြာမီအတွင်း ကျယ်ဝန်းသောအိမ်ဦးဘုရားခန်းအတွင်း၌ ကန်တော့ပွဲခုနစ်ပွဲ၊ ပန်း၊ ဖယောင်းတိုင်၊ အမွှေးတိုင်များ အပြည့်အစုံရောက်ရှိလာလေ၏။

ထိုအခါ ကျွန်ုပ်လည်း ကန်တော့ပွဲများအနီးတွင် ပိတ်ဖြူခင်းလျက် ဂုဏ်တော်ပုတီးဆွဲထားသောဦးငွေစိုးအား ပိတ်ဖြူတစ်ဖက်စွန်းတွင်ထိုင်စေပြီးနောက် သရဏဂုံသုံးပါးနှင့် ပဥ္စသီလများကို ကျနစွာခံယူစေ၏။

ကျွန်ုပ်ကိုယ်တိုင်လည်း သရဏဂုံသုံးပါးနှင့် ငါးပါးသီလများကို ခံယူပြီး ကောင်းစွာလေ့ကျင့်ကျက်မှတ်ထားသည့် ဂါထာများကို ရွတ်ဆိုပူဇော်လိုက်လေ၏။ ကျွန်ုပ်သာလျှင်မဟုတ်ဘဲ ဦးငွေစိုးကိုလည်း တိုင်တည်ရွတ်ဆိုစေလိုက်၏။

ကျွန်ုပ်၏အမူအရာနှင့် သံနေသံထားဖြင့် ရွတ်ဆိုမှုများကိုကြားရသည့် ဦးငွေစိုးနှင့်တကွ အိမ်သားများမှာ အထူးပင်အားတက်ရှင်လန်းလာသည်ကိုတွေ့ရသဖြင့် ကျွန်ုပ်သာလျှင်သိနားလည်သော စိတ်မသက်သာမှုကို တစ်ကိုယ်တည်းကျိတ်၍



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းရှိုက်မိလေ၏။

မည်သို့ဆိုစေ ဦးငွေစိုးကိုယ်တိုင် ခိုင်ခိုင်မြဲမြဲစွဲမှတ်ထားသည့် ပယောဂအစွဲကို ၎င်းနည်းလမ်းဖြင့် စိတ်အေးချမ်းအောင် ဖျောင်းဖျကြံစည်နိုင်ခဲ့ပြီဖြစ်၏။

ထိုကိစ္စများဆောင်ရွက်ပြီးသည်နှင့် ကျွန်ုပ်သည် ဦးငွေစိုးနှင့်မိသားစုဝင်များ ယုံကြည်သက်ဝင်မှုရှိစေရန် . . .

''ဦးမင်းရဲ့ အသက်ခန္ဓာကိုယ်ကို ပယောဂအစွဲတွေ ကပ်ငြိမလာစေအောင် လုပ်သင့်လုပ်ထိုက်တဲ့ အစီအမံတွေပြုလုပ်ပြီးပါပြီ . . . ပိုပြီးလုံခြုံစိတ်ချရအောင် ကျွန်တော်ကိုယ်တိုင် အနီးကပ်စောင့်ကြည့်ပါ့မယ်၊ တစ်ခု ကျွန်တော်ပြောလိုတာက ပယောဂဆိုတာ ဘယ်လိုပုံသဏ္ဍာန်, ဘယ်လိုအနေအထားမျိုးနဲ့ ရောက်လာမယ်လို့ ခန့်မှန်းရခက်တဲ့အတွက် ညညကျရင် တံခါးတွေအားလုံးသော့ခတ်ရမယ်၊ အိမ်ဝင်းအပြင်ကိုလည်း ပုလိပ်တွေခေါ်ပြီး အစောင့်ချထားစေလိုပါတယ်''

ဦးငွေစိုးသည် ကျွန်ုပ်ကို နားမလည်သည့်မျက်ဝန်းဖြင့် ကြည့်လျက် . . .

''ဟို . . . ကျုပ် . . . တစ်ခုဆိတ်မေးပါရစေ၊ တခြားမဟုတ်ပါဘူး၊ အရင်လူတွေတုန်းက အစောင့်အရှောက်တွေရှိနေလျက်ကြားကပဲ သရဲဦးမိုးမှောင်က ရအောင်ကြံစည်သွားတာ





ဆိုတော့''

သူသည် စကားကိုတုံ့ဆိုင်းလျက် ကျွန်ုပ်ကိုအားတုံ့အားနာကြည့်လေ၏။ ကျွန်ုပ်လည်း သဘောပေါက်နားလည်စွာပြုံးလိုက်ပါသည်။ အမှန်မှာ သရဲဦးမိုးမှောင်၏ အန္တရာယ်ကို ကျွန်ုပ်၏ပညာစွမ်းတစ်ခုတည်းဖြင့် ကာကွယ်ရန်လုံလောက်နေပြီဟု ယုံကြည်ထားသဖြင့် ပုလိပ်သားကို အစောင့်အရှောက်ခေါ်ယူမည်ဟု ကျွန်ုပ်ကပြောလိုက်လေရာ ထိုသဘောကို နားမလည်နိုင်အောင်ဖြစ်သွားခြင်းပင်ဖြစ်၏။

ဦးငွေစိုး၏ဇနီးကလည်း သူမ၏ထင်မြင်ချက်ကို ပြောပြန်၏။

''ဆရာလေးရယ် . . . သရဲခြောက်လို့ ပုလိပ်တိုင်တယ်ဆိုတာ လူကြားလို့ကောင်းတဲ့ကိစ္စမဟုတ်လေတော့ ပုလိပ်တွေလည်း လက်ခံပါ့မလားရှင်၊ ပုလိပ်ဆိုတာ ရာဇဝတ်မှုကိုသာကိုင်တွယ်ဖို့အရေးမဟုတ်လား . . . သရဲတစ္ဆေခြောက်တာကို ကာကွယ်ပေးတာ မဟုတ်လေတော့ . . .''

ထိုသို့ဖြစ်လာလိမ့်မည်ကို ကျွန်ုပ်ကောင်းစွာသိရှိပြီးဖြစ်၍ ၎င်းတို့၏သံသယကို ဖယ်ရှားနိုင်သည့်စကားများကို ကြိုတင်ကြံစည်ထားပြီးဖြစ်၏။

''ဒီလိုရှိပါတယ်ဦးမင်း . . . တချို့ပယောဂတွေကို ပညာ



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်စွမ်းနဲ့ကာကွယ်ရုံလောက်နဲ့ရပေမယ့် တချို့ပယောဂတွေကျတော့ သူတို့ရဲ့ပညာစွမ်းကိုက မြင့်လွန်းအားကြီးနေတဲ့အတွက် နည်းမျိုးစုံအသုံးပြုပြီးကာကွယ်မှရပါတယ်၊ ဥပမာ . . . သရဲဦးမိုးမောင်လို ပညာမြင့်မားတဲ့တစ္ဆေမျိုးတွေကိုပေါ့''

ကျွန်ုပ်က ပိုလိုစီးကရက်ကိုမီးညှိလိုက်ပြီး ၎င်းတို့ကို အကဲခတ်ကြည့်လိုက်၏။ သူတို့မှာ မျက်ဝန်းအကြောင်သားဖြင့် ကျွန်ုပ်စကားများအပေါ်မှာ စိတ်ဝင်တစားရှိနေလေရာ ကျွန်ုပ်လည်း ကျေနပ်စွာပြုံးလိုက်ပြီး . . .

''ကျွန်တော့်စိတ်ကူးအရ ဒီလောက်ဆိုးသွမ်းတဲ့ သရဲဦးမိုးမောင်ကို ချည်ပြီးတုပ်ပြီးဖမ်းဆီးချင်တာပါ၊ ယနေ့လောကခေတ်ပညာတွေတိုးတက်လာတာနဲ့အမျှ ကျွန်တော်တို့ရဲ့ ပယောဂပညာတွေဟာလည်း ခေတ်နဲ့အညီတိုးတက်လာပါပြီ၊ ဦးမင်း စိတ်အေးသက်သာစွာနေထိုင်ပါ၊ အိမ်နှင့်ခြံဝန်းကျယ်ကြီးတစ်ခုလုံးကို ကျွန်တော်စက္ခုဒိဗ္ဗအင်းအစီအရင်နဲ့ အကာအရံပြုထားပြီးပါပြီ၊ ပုလိပ်တွေကိုခေါ်ယူရခြင်းကလည်း သရဲဦးမိုးမောင်ရဲ့ ဝိညာဉ်ကို လွတ်ထွက်မသွားစေဖို့ ခေတ်ရိုက်ခေတ်ဆင်နည်းနဲ့ ခေါ်ယူတာပါ''

ဟူ၍ ပြောဆိုပြီး ၎င်းတို့ယုံကြည်စေလောက်မည့် ဥပမာအချို့ဖြင့်နှိုင်းယှဉ်လျက်ရှင်းပြလိုက်သည်တွင် ကျွန်ုပ်အပေါ်





တွင် ယခင်ကထက်ပင်ပိုတိုးပြီး ယုံကြည်သက်ဝင်သွားတော့၏။

အစောင့်အရှောက်အတွက် ပုလိပ်များစေလွှတ်ပေးဖို့ ကျွန်ုပ်ကိုယ်တိုင် ဌာနအုပ်မင်းနှင့်တွေ့ဆုံပြီး စီစဉ်ဆောင်ရွက်ရန်တာဝန်ယူလိုက်သဖြင့် ပို၍ပင်အဆင်ပြေသွား၏။

* * *

BURMESE CLASSIC .com

www.burmeseclassic.com

## အခန်း (၉)

## ထိပ်တိုက်ရင်ဆိုင်ရသောအခါ

ကျွန်ုပ်သည် စက်ရှင်မင်းကြီးဦးငွေစိုးရင်ဆိုင်နေရသည့် ဘေးအန္တရာယ်ဆိုးကြီးနှင့်ပတ်သက်၍ အတော်အတန်ပြည့်ပြည့် စုံစုံသိလိုက်ရပြီဖြစ်၏။ ၎င်းတို့ထံမှသိရသည့်အချက်အလက်မျာ ကိုသာမက အခြားသူများ၏ထင်မြင်ယူဆချက်များကိုလည်း သိ ရှိလေရာ ကျွန်ုပ်သည် ပြဿနာကြီးတစ်ခုလုံးအခြေအနေကိုမြင် နိုင်စွမ်းရှိသည့် ရှုထောင့်များမှ သုံးသပ်တွေးတောနေမိ၏။

စက်ရှင်မင်းကြီးဦးငွေစိုးနှင့်တကွ ၎င်း၏အိမ်သားများမှ





လည်း ကျွန်ုပ်အပေါ်တွင်ယုံကြည်ကိုးစားကြသည့်အလျောက် ကျွန်ုပ်စေခိုင်းသည့်အတိုင်း လိုက်နာဆောင်ရွက်ကြလေ၏။ သူတို့ သည် ယခင်တုန်းကနှင့်မတူ အထူးပင် တက်ကြွလန်းဆန်းလျက် ရှိရာ ကျွန်ုပ်မှာတော့ ကိုယ်ဖော်သည့်ဆေး တောင်မှန်းမြောက် မသိဆိုသကဲ့သို့ စိုးရိမ်ထိတ်လန့်နေမိသည်။

ကျွန်ုပ်သည် စုံထောက်တစ်ဦးသာလျှင် ဖြစ်၏၊ ပယော ဂဆရာလည်း မဟုတ်၊ ဗိန္ဓောဆရာလည်း မဟုတ်သော ကျွန်ုပ် အဖို့ တစ္ဆေသရဲများနှင့် နပန်းသတ်ရမလိုဖြစ်နေလေပြီ။

တွေးကြည့်လျှင် ရယ်စရာကောင်းလှပေ၏။

ဦးငွေစိုးနေအိမ်သို့ရောက်ရှိသည့်နေ့မှစ၍ ကျွန်ုပ်သည် ယောဂီရောင်ရှမ်းဘောင်းဘီနှင့် ရှမ်းအင်္ကျီအပွကြီးကိုသာလျှင် ချွတ်စတမ်းဝတ်ဆင်ထားရ၏။ ကျွန်ုပ်ပြောဆိုသည့် စကား သုံးအနှုန်း၊ အမူအရာ၊ လေယူလေသိမ်းမှအစ အထူးပင်သတိ ထားနေရ၏။

သူတို့သည် ကျွန်ုပ်အနီးကပ်ရှိနေသည့်အတွက် ယခင် ကသို့ စိုးဝါထိတ်ထိတ်ကြောက်လန့်မှုမျိုးမရှိကြတော့ဘဲ ကျွန်ုပ်ကို လည်း သူတို့၏အသက်အိုးအိမ်စည်းစိမ်ကို အပြည့်အဝကာကွယ် မည့် မဟာဗံတိုင်းကြီးကဲ့သို့ အထူးပင်ယုံကြည်ထားကြလေ ရာ ကျွန်ုပ်မှာ များစွာအခက်ကြုံရတော့၏။

www.burmeseclassic.com



ကျွန်ုပ်မှာ အိပ်ကောင်းခြင်းမအိပ်ရ၊ စားကောင်းခြင်းမစားရ ဆိုသကဲ့သို့ သတိဝီရိယကြီးစွာဖြင့် စောင့်ကြည့်နေရ၏။ ကျွန်ုပ်သည် ဦးငွေစိုးအား အနီးကပ်စောင့်ကြည့်ရန် ၎င်း၏အခန်းတွင် သီးခြားခုတင်ဖြင့် အိပ်စက်ရလေ၏။

ကျွန်ုပ်က ထိုသို့ကူစောင့်ရှောက်ပေးသဖြင့် ဦးငွေစိုးမှာ လွန်စွာကျေးဇူးတင်လျက် ဝမ်းမြောက်ဝမ်းသာဖြစ်နေတော့၏။

နှစ်ရက်လွန်မြောက်သည်အထိ အခြေအနေအနည်းငယ်မျှ ထူးခြားမှုမရှိပေ။

ဦးငွေစိုးပြောပြချက်အရ သရဲဦးမိုးမှောင်သည် ၎င်းအား နှစ်ကြိမ်မြောက်ခြောက်လှန့်ခဲ့ပြီးဖြစ်ရာ သုံးကြိမ်မြောက် ခြောက်လှန့်ခြင်းမခံရဖို့ အထူးအရေးကြီးကြောင်း၊ ထိုတစ်ကြိမ်သည် ခြောက်လှန့်ခံရသူကို တစ်ပါတည်း ဇီဝိန်ချုပ်သွားစေမည်ဖြစ်ကြောင်း ကျွန်ုပ်သိရှိထားခဲ့၏။

ကျွန်ုပ်သည် ညဘက်တွင် အိပ်စက်ခြင်းမပြုဘဲ နေ့ဘက်တွင် နှစ်မြိုက်စွာအိပ်ခြင်းဖြင့် အခြေအနေကိုစောင့်ကြည့်နေခဲ့၏။

ညဘက်တွင် သိသာမြင်သာသည့် အမူအရာမျိုးဖြင့် နေထိုင်ခြင်းမပြုဘဲ အိပ်ရာတွင် လဲလျောင်းလျက်အိပ်ယောင်ဆောင်နေသည့်ဟန်ဖြင့် စောင့်ကြည့်နေခြင်းဖြစ်သည်။ ထိုအလေ့အကျင့်





များကို ဆပ်ကျောင်းတွင်ပညာသင်စဉ်ကတည်းက ကြိမ်ဖန်များစွာလေ့ကျင့်ခဲ့ရသဖြင့် များစွာအခက်အခဲမရှိလှပေ။

အကယ်၍ တစ်ဦးတစ်ယောက်က မိမိအား ချောင်းမြောင်းလုပ်ကြံရန်ရောက်ရှိလာပါက ထိုသူကို အထိရောက်ဆုံးတုံ့ပြန်နိုင်မည့်ပရိယာယ်ပင် ဖြစ်သည်။

ကျွန်ုပ်သည် အထက်တွင်ဆိုခဲ့သည့်အတိုင်း စုံထောက်တစ်ဦးဖြစ်၍ ဒုစရိုက်သမားများနှင့် အကြိမ်ပေါင်းများစွာ ရင်ဆိုင်ရသည်မှာ ထူးဆန်းသည့်ကိစ္စမဟုတ်သော်လည်း လက်ရှိရင်ဆိုင်ရသည့်အခြေအနေမှာ အကောင်အထည်ဟူ၍ တိကျစွာဖော်ပြခြင်းမရှိသည့် ဒုစရိုက်သမားကိုတော့ မည်သို့ရင်ဆိုင်ရမှန်းမသိအောင် အခက်ကြုံရလေ၏။

သို့သော် စုံထောက်ခြင်းအတတ်ပညာတွင် ကျွန်ုပ်သည် အထူးပင်ဝါသနာထုံသူဖြစ်ရာ ဥပမာဆိုရသော် အမဲလိုက်ခွေးသည် အမဲကိုရမှပျော်သည်မဟုတ်ဘဲ အမဲလိုက်နေရခြင်းကိုပင် ပျော်ရွှင်နေသကဲ့သို့ ကျွန်ုပ်သည်လည်း အမှုစုံထောက်နေရခြင်းကိုပင် ပျော်ရွှင်နေသူဖြစ်၏။

သို့ကြောင့်လည်း ကျွန်ုပ်သည် စိတ်အကြံကို အနားမပေးဘဲ ကျွန်ုပ်သိရှိခဲ့ရသည့်အချက်အလက်များအပေါ်တွင် အသေးစိတ်အစီအစဉ်များ ချမှတ်ရေးဆွဲခြင်းဖြင့် အခွင့်အရေး



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကို စောင့်ဆိုင်းနေခြင်းဖြစ်၏။

လေးရက်လွန်မြောက်သည့်တိုင် ထူးခြားမှုမရှိဖြစ်နေရာမှ လကွယ်ညဖြစ်သည့် ငါးရက်မြောက်ညဉ့်နက်သန်းခေါင်အချိန်တွင်မှာတော့ ကျွန်ုပ်စောင့်ဆိုင်းနေသည့် အခွင့်အခါနှင့် ကြုံဆုံရတော့၏။

စက်ရှင်မင်းကြီးသည် ကျွန်ုပ်ရောက်ရှိသည့် ရက်အနည်းငယ်အတွင်းမှာပဲ အစဉ်သဖြင့် တုန်လှုပ်ချောက်ချားခံစားနေရသည့်အမူအရာများ လျော့ပါးသွားပြီး သိသာစွာ လန်းဆန်းလာက်ကြွလာလေ၏။ အအိပ်အစားကိုဂရုစိုက်ရုံသာမက ကျန်းမာရေးအတွက် လေ့ကျင့်ခန်းများ ပုံမှန်ပြုလုပ်လာသဖြင့် သူ၏မိသားစုများလည်း အထူးပင်ဝမ်းမြောက်ဝမ်းသာရှိနေကြ၏။

၎င်းတို့ကဲ့သို့ပင် ကျွန်ုပ်လည်း စိတ်လက်ပေါ့ပါးစွာ နေထိုင်လိုပါသည်။

ကျွန်ုပ်အဖြစ်က ထိုသို့နေထိုင်ရန် အခွင့်မသာနိုင်ဖြစ်နေရ၏။ အကြောင်းကား ၎င်းတို့ရင်ဆိုင်ကြုံတွေ့နေရသည့် ဘာမှန်းမသိသောဘေးအန္တရာယ်ဆိုးကြီးနှင့်ပတ်သက်၍ များစွာအခက်ကြုံနေရသောကြောင့်ဖြစ်၏။

၎င်းတို့ကလည်း ကျွန်ုပ် အာမခံကတိပြုလိုက်သည့် စကားများကို အထူးပင်ယုံကြည်သက်ဝင်သွားပြီး ထိုအန္တရာယ်





ဆိုးကြီးကို အဆုံးတိုင်ချေမှုန်းနိုင်မည့်တန်ခိုးရှင်တစ်ဦးဟု ထင်မှတ်နေသဖြင့် ကျွန်ုပ်မှာ နေရထိုင်ရအတော့်ကို ကျဉ်းကျပ်နေတော့၏။

သို့ကြောင့်လည်း ထိုအန္တရာယ်ဆိုးကြီးအမြန်ဆုံး ရောက်ရှိလာပါစေဟု ဆုတောင်းနေမိသည်။ ကျွန်ုပ်၏ဆုတောင်းမှာ ငါးရက်မြောက်နေ့ လကွယ်ညတွင် အမှန်ပင်ပြည့်ဝခဲ့ပါသည်။

ကျွန်ုပ်နှင့်စက်ရှင်မင်းကြီးသည် ညဦးပိုင်းအချိန်များတွင် အိမ်ကြီး၏လသာဆောင်တွင် ကုလားထိုင်ကိုယ်စီဖြင့် ထိုင်လျက် ယခင်နေ့များကအတိုင်း စကားပြောဆိုနေကြ၏။

ကျွန်ုပ်တို့နှစ်ဦးစကားပြောဆိုနေကြခြင်းမှာ ညဆယ်နာရီအချိန်ထိသာ ဖြစ်သည်။

ကျွန်ုပ်မှာအထက်လမ်းဆရာတစ်ဦးဖြစ်၍ မကောင်းဆိုးဝါးများ ထကြွသောင်းကျန်းသည့် ညဉ့်ဦးယံအချိန်များတွင် ၎င်းတို့အန္တရာယ်ကျရောက်ခြင်းမရှိစေရန် ကျွန်ုပ်၏ပညာဖြင့်ဟန့်တားရမည်ဟုပြောဆိုထားသဖြင့် ဆယ်နာရီထိုးအချိန်သို့ရောက်သည်နှင့် စကားပြောဆိုခြင်းကိုရပ်နားလိုက်ခြင်းဖြစ်သည်။

ထိုအခါ စက်ရှင်မင်းကြီးမှာ ကျွန်ုပ်ကိုနှုတ်ဆက်ပြီး အိပ်ရာဝင်သွားစမြဲဖြစ်၏။

တကယ်တော့ ကျွန်ုပ်သည် ၎င်းတို့ယုံကြည်မှုရှိစေရန်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဘုရားခန်းသို့ဝင်ရောက်ခဲ့ရသော်လည်း ကျွန်ုပ်၏အာရုံမျာ မှာ အိမ်၏အနီးဝန်းကျင်ရှိထူးခြားမှုများအပေါ်တွင် အစွမ်းကု နားစွင့်နေခြင်းဖြစ်သည်။

ထိုနေ့က ကျွန်ုပ်သည် ထုံးစံအတိုင်း ဘုရားခန်းသို ဝင်ရောက်ပြီးပြုဖွယ်ကိစ္စများကိုဆောင်ရွက်ပြီးသည်တွင် စက်ရှ မင်းကြီးမှာ သူ၏အိပ်ရာပေါ်တွင် နှစ်ခြိုက်စွာအိပ်မောကျနေပြ ဖြစ်၏။

ကျွန်ုပ်လည်း မျက်နှာကြက်မီးအိမ်အလင်းကိုလျှော့ချပြီ အနက်ရောင်ဝတ်စုံကို အထက်အောက်ဝတ်ဆင်ပြီးနောက် အိမ ၏ အပြင်ဝရန်တာဘက်သို့ထွက်လာခဲ့၏။

တိတ်ဆိတ်ခြင်းနှင့်မှောင်မိုက်ခြင်းသည် ဝန်းကျင်တ ခွင်အပေါ်တွင်သိပ်သည်းစွာလွှမ်းမိုးထား၏။

ခြံဝန်းမျက်နှာစာတွင် စီတန်းလျက်ရှိသည့် ယူကလစ ပင်ကြီးများမှာ လေတိုးငွေ့တိုင်း တရှဲရှဲအသံများထွက်ပေါ်နေသ ကဲ့သို့ ညဥ့်ငှက်များ၏အော်သံများမှာလည်း ၎င်းအသံနှင့်အပြိုင် ထွက်ပေါ်နေလေ၏။

ကျွန်ုပ်သည် ဝရန်တာရှိ လက်တန်းကုလားထိုင်တွင် ထိုင် လျက်ရှိနေရာမှ စီးကရက်တစ်လိပ်ကိုမီးညှိဖွာရှိုက်နေစဉ် ၎င်း စီးကရက်ကုန်ဆုံးသည့်အခိုက်အတန့်မှာပဲ လွန်စွာအံ့သြဖွယ်





အခြေအနေကိုတွေ့ရှိလိုက်ရသဖြင့် နေရာမှရုတ်ခြည်းပင် ထရပ် လိုက်၏။

"ဟာ ... ဘယ်လိုဖြစ်တာပါလိမ့်"

ဖြစ်ပျက်မှုများမှာ အချိန်တိုတိုအတွင်းဖြစ်၏။

ဝရန်တာသို့ ကျွန်ုပ်ရောက်ရှိစဉ်က ခြံဝန်းတံခါးဝတွင် လက်နက်ကိုယ်စီဖြင့်ရှိနေကြသည့် ဂေါ်ယာပုလိပ်သုံးဦးသည် အ လယ်တွင်မီးပုံကိုဖိုလျက်စကားပြောဆိုနေကြ၏။ ယခင်နေ့များ မှာလည်း သူတို့သည် ထိုသို့ပင်မီးလှုံရင်း စကားပြောဆိုကြစမြဲ ဖြစ်သည်။

စက်ရှင်မင်းကြီး၏မိသားစုဝင်များကလည်း သူတို့၏ အ သက်အိုးအိမ်စည်းစိမ်အတွက် ကာကွယ်၊ စောင့်ရှောက်ပေးကြ သည့် ဂေါ်ယာပုလိပ်များကိုနွေးထွေးပျူငှာစွာ ဆက်ဆံကြပြီး စား ကောင်းသောက်ဖွယ်များဖြင့်မပြတ်ညှော်ခံကြသဖြင့် ပုလိပ်သုံးဦး မှာ လွန်စွာအကြိုက်တွေ့နေကြ၏။

သို့ကြောင့်လည်း ၎င်းတို့သည် တစ်ညလုံးမအိပ်မနေ ရှိကြပြီး အိမ်ရှင်များညှော်ခံသည့် အစားအသောက်များကို စား သောက်ရင်းဖြင့် မိုးလင်းသည့်တိုင်အောင် တာဝန်ကျေစွာရှိနေ ကြခြင်းဖြစ်သည်။

ထိုညမြင်ကွင်းကတော့ လွန်စွာထူးခြားနေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးဦးမှာ မီးဖိုကိုဝန်းရံပြီးထိုင်နေလျက်က တစ်ဦးနှင့်တစ်ဦးအပြိုင်အဆိုင်အိပ်ငိုက်နေခြင်းဖြစ်သည်။ ကျွန်ုပ်ကြည့်နေစဉ်မှာပဲ သူတို့သည်မိမိကိုယ်မိမိတည့်မတ်နိုင်စွမ်းမရှိလောက်အောင်ဖြစ်နေကြပြီး ထိုခဏမှာပဲ သတိလက်လွတ်အမူအရာဖြင့် လဲလျောင်းအိပ်စက်သွားကြ၏။

နာရီကိုကြည့်လိုက်ရာ အချိန်မှာ ဆယ့်နှစ်နာရီထိုးရန် မိနစ်အနည်းငယ်မျှသာလိုတော့၏။ ညဉ့်နက်ပိုင်းသို့ရောက်လာပြီဖြစ်၍ လေတိုက်နှုန်းမှာ ပို၍ပြင်းထန်လာ၏။

"ဟင် ..."

လေတစ်ချက်သုတ်ခနဲဝှေ့တိုက်လိုက်စဉ် သိသာစွာ ရှုရှိုက်လိုက်မိသည့် စိမ်းရွှေရွှေရနံ့ကြောင့် ကျွန်ုပ်လည်းအထိတ်တလန့်ဖြင့် ဝရန်တာမှထွက်ခွာလာခဲ့၏။

ကျွန်ုပ်တွေးထင်သည့်အတိုင်း အမှန်ပင်ဖြစ်လာချေပြီ၊

ကျွန်ုပ်သည် အခန်းတွင်းသို့ ကပျာကယာဝင်ခဲ့ပြီး ကျွန်ုပ်အသင့်ဆောင်ထားသည့် သံပရာသီးတစ်လုံးကိုဓားဖြင့်လှီး၍ပွတ်ချေလိုက်ပြီးနာခေါင်း၊ မျက်နှာနှင့်နားရွက်တို့ကို သုတ်လိမ်းလိုက်၏။

ပြီးနောက် မှန်မီးအိမ်ကိုလင်းသည်ဆိုရုံမျှ မီးစာကို လျှော့ချပြီးအခန်းတံခါးကိုသော့ဖြင့်လုံခြုံစွာခတ်လိုက်၏။ ထို့နောက်





အခန်းပြတင်းရှိရာမှ ခြံဝန်းတံခါးဝဆီသို့ သတိဖြင့်စောင့်ကြည့်နေလိုက်၏။

အရေးအကြောင်းတွင်အသုံးပြုနိုင်ရန်အတွက် ၃၈ ဘိုပစ္စတိုကိုလည်း ကျည်အပြည့်ထည့်လျက် အသင့်ကိုင်ဆောင်ထား၏။

ပုလိပ်သုံးဦးမှာ ရုပ်ပျက်ဆင်းပျက်အိပ်ပျော်နေဆဲပင်ရှိ၏။

၎င်းတို့အလယ်တွင်ရှိသည့် မီးဖိုအလင်းမှာမီးအရှိန်လျော့ကျနေလေရာ ဖျော့တော့သည့်အလင်းရောင်ဖြင့်ထင်ဟပ်လာသည့် အရိပ်သဏ္ဌာန်တစ်ခုကိုထင်ရှားစွာမြင်လိုက်ရ၏။

ထို သဏ္ဌာန်ရိပ်မှာ အိပ်ပျော်နေ[ကြ]သည့် ပုလိပ်များအနီးတွင်အခိုက်အတန့်မျှရပ်တန့်နေသည်[...]ကွက် ကျွန်ုပ်ကောင်းစွာတွေ့မြင်နေရ၏။ မျက်နှာကိုသဲကွဲစွာမြင်ရခြင်းမရှိသော်လည်း အသွင်သဏ္ဌာန်ကိုတော့ ကောင်းစွာခန့်မှန်း၍ရ၏။

မည်းမှောင်သည့် အသွင်သဏ္ဌာန်ရှိပြီး ရွေ့လျားရာတွင် မိမိကိုယ်ကိုတည့်မတ်ခြင်းမရှိဘဲ ရှေ့သို့ငိုက်မြည်းလျက် ဦးခေါင်းကုန်းဆရသည့်ခန္ဓာကိုယ်ရှေ့ပိုင်းကို သစ်ကုလားအုပ်ကဲ့သို့ ငိုက်ငိုက်၊ ငိုက်စိုက်ဖြင့် လှုပ်ရှားနေလေရာ ထိုအခြေအနေမှာ အိပ်မောကျနေသည့်ပုလိပ်များကို အကဲခတ်နေခြင်းဖြစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သဘောပေါက်နားလည်လိုက်၏။

လူဟူ၍ တိကျစွာသတ်မှတ်ပြောဆို၍ မရလောက်အောင် အသွင်သဏ္ဍာန်မှာထူးခြားနေသဖြင့် ကျွန်ုပ်လည်း သတိဝီရိယကြီးစွာစောင့်ကြည့်နေစဉ်မှာပဲ ၎င်းသဏ္ဍာန်ရိပ်သည် မီးအရှိန်လျော့ကျနေသည့် မီးဖိုအတွင်းသို့ တစ်စုံတစ်ရာကို ထည့်လိုက်လေ၏။

ထို လှုပ်ရှားမှုကြောင့် ကျွန်ုပ်ယူဆထားသည့် တင်မြင့်ချက်မှာပို၍ပင်ခိုင်မာသွားလေပြီ၊ မီးဖိုမှမီးခိုးငွေ့များဆူဝေလှိုင်တက်လာပြီး ခြံဝန်းအတွင်းပျံ့ထွက်လာ၏။ ထိုရနံ့မှာ လွန်စွာခံရခက်သည့် စိမ်းရွှေရွှေရနံ့ဖြစ်၏။

ထိုရနံ့ကြောင့် မူးဝေဝိုက်မြည်းသွားခြင်းမရှိစေရန် ကျွန်ုပ်သည် သံပရာသီးကိုနှာဝတွင်တေ့လျက် ခပ်ပြင်းပြင်းရှူရှိုက်နေရ၏။

ထိုသဏ္ဍာန်ရိပ်သည် ငိုက်စိုက် ငိုက်စိုက်ဖြင့် အိမ်မကြီးဆီသို့ဦးတည်ရွေ့လျားလာသည်ကိုတွေ့ရသည်နှင့် ကျွန်ုပ်လည်း အခန်းတံခါးသော့ကိုဖွင့်၍ တံခါး၏အောက်ခြေကြမ်းပြင်တွင် ပြာမှုန့်များကိုခပ်ပါးပါးကြဲချလိုက်၏။

အိမ်ကြီး၏ဆင်ဝင်အောက် တံခါးမကြီးအနီးတွင် အစောင့်အကြပ်ဖြင့်ရှိနေကြသည့် ဆွေမျိုးသားချင်းများ၏အသံကို





နားစွင့်သော်လည်း စကားသံဟူ၍အနည်းငယ်မျှကြားရခြင်းမရှိသဖြင့် ထိုသူများသည်စိမ်းရွှေရွှေရနံ့ကိုရှူရှိုက်မိ၍ ပုလိပ်များကဲ့သို့မူးဝေဝိုက်မျဉ်းလျက်အိပ်မောကျသွားခြင်းဖြစ်ပေလိမ့်မည်။

ကျွန်ုပ်သည် အချိန်ဖင့်နွဲ့မနေတော့ဘဲ တံခါးကိုကပျာကယာပြန်ပိတ်ပြီး သော့ကိုစနစ်တကျခတ်ပြီးသည်နှင့် ကျွန်ုပ်၏အိပ်ရာပေါ်တွင် ယခင်ညများကကဲ့သို့ လှဲလျောင်းရင်းဖြင့် အခြေအနေကိုစောင့်ကြည့်နေလိုက်၏။

စက်ရှင်မင်းကြီးမှာ နှစ်ခြိုက်စွာအိပ်မောကျဆဲပင်ဖြစ်၏။

မကြာခင်မှာပဲ အိမ်ကြီး၏ဝရန်တာတစ်လျှောက်ဆီမှ တလျှပ်လျှပ်အသံများကို ကျွန်ုပ်ကြားလိုက်ရ၏။ ထိုအသံများရပ်တန့်သွားသည်မှာ ကျွန်ုပ်နှင့်စက်ရှင်မင်းကြီးအတူတကွရှိနေသည့် အခန်းတံခါးဝရှေ့တွင်ဖြစ်သည်။

မျက်နှာကြက်မီးအိမ်အလင်းကိုအစွမ်းကုန်လျှော့ချပြီးဖြစ်၍ ကျွန်ုပ်တို့ရှိရာအခန်းမှာလည်း အလင်းရောင်ဟူ၍ မရှိသလောက်ဖြစ်နေ၏။

ထို့အပြင် မီးအိမ်ကိုတံခါးဝအနီးသို့ရွှေ့ပြောင်းလိုက်သဖြင့် မှိန်ဖျော့သည့်အလင်းရောင်မှာ အခန်း၏အတွင်းပိုင်းသို့ရောက်ရှိမလာဘဲ တံခါးဝအနီးတွင်သာကျရောက်နေ၏။ ထိုသို့အလင်းရောင်ကျရောက်စေရန် ကျွန်ုပ်စီစဉ်ထားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တံခါးမှာလည်း အောက်ခြေပိုင်းတွင်ကျွန်းသားဘောင်များဖြစ်ပြီး အထက်ပိုင်းမှာ မှန်တပ်ဆင်ထားသဖြင့် အခန်းအပြင်ဘက်ကမြင်ကွင်းကိုအတွင်းကတွေ့မြင်နိုင်၏။ သို့ကြောင့်လည်း ကျွန်ုပ်သည် မီးအိမ်ကို ၎င်းတံခါးဝတွင်နီးကပ်စွာရှိစေရန်ရွှေ့ပြောင်းလိုက်ခြင်းဖြစ်သည်။

ကျွန်ုပ်၏ခန္ဓာကိုယ်ကို အိပ်ရာပေါ်တွင် ဘေးတစောင်းအနေအထားဖြင့်လဲလျောင်းနေလျက်က တံခါးရှက်ဆီသို့ စူးစိုက်ကြည့်နေဆဲ တံခါးအပြင်ဘက်တွင်မြင်တွေ့လိုက်ရသည့်သဏ္ဍာန်ရိပ်ကြောင့် ကျွန်ုပ်သည် လွန်စွာထိတ်လန့်တုန်လှုပ်သွား၏။

အကယ်၍ ကျွန်ုပ်နေရာတွင် အခြားသူတစ်ဦးတစ်ယောက်ဆိုပါက သည်းခြေပျက်လောက်အောင်ကြောက်လန့်တုန်လှုပ်သွားမှာသေချာ၏။

လွန်စွာဂုဏ်ရှိန်ကြီးမားပြီး အာဏာစက်ပြင်းထန်သည့်စက်ရှင်မင်းကြီးကိုယ်တိုင်ထိတ်လန့်ကြောက်ရွံ့ခြင်းမှာ အပြစ်ဆိုဖွယ်မရှိဟု ယူဆရမည်ဖြစ်သည်။

ပြူးကျယ်သော မျက်ဝန်း၊ ရှည်လျားသည့်လည်တိုင်ကြီးကိုဘယ်ညာဝှေ့ယမ်းလျက် ကျွန်ုပ်တို့အခန်းတွင်းသို့ ချောင်းမြောင်းကြည့်ရှုနေခြင်းဖြစ်သည်။ ထိုသဏ္ဍာန်ရိပ်မှာ အများကယုံကြည်သက်ဝင်ကြသည့် သရဲဦးမိုးမှောင်ပင်ဖြစ်ကြောင်း ကျွန်ုပ်





ယုံကြည်ရပေတော့မည်။

ကျွန်ုပ်အိပ်စက်နေသည့်နေရာမှာ အခန်း၏ အမှောင်ရိပ်ကြီးစိုးသည့်နေရာတွင်ဖြစ်၍ ကျွန်ုပ်အား စက်ရှင်မင်းကြီးဦးငွေစိုးကဲ့သို့ နှစ်ခြိုက်စွာအိပ်မောကျနေသည်ဟု ထင်မှတ်ယူဆပေလိမ့်မည်။

ကျွန်ုပ်အကဲခတ်ကြည့်ရှုနေစဉ်မှာပဲ အခန်းတံခါးပွင့်ထွက်သွားစေရန် တံခါးလက်ကိုင်သော့သီးကို ကြိုးစားဖွင့်နေလေရာ ကျွန်ုပ်လည်း ပစ္စတိုသေနတ်ကိုအသင့်ဆုပ်ကိုင်လျက်စောင့်ကြည့်နေလိုက်၏။

ထိုစဉ် ကျွန်ုပ်တွေးလိုက်သည်မှာ ထိုသဏ္ဍာန်ရိပ်သည်အမှန်ပင် သရဲဦးမိုးမှောင်ဖြစ်ပါက မည်သို့ပင်အခိုင်အမာသော့ခတ်ထားသော်လည်း ဝိညာဉ်တို့၏သဘာဝအခန်းတွင်းသို့အခက်အခဲမရှိ ဝင်ရောက်နိုင်စွမ်းရှိရမည်။ ထိုသို့သော့ဖွင့်နေရန်ပင်လိုအပ်မည်မဟုတ်ပေ။

ဝိညာဉ်တစ္ဆေမည်သည် အချိန်၊ နေရာ၊ အကွာအဝေး၊ အတားအဆီးဟူသမျှကို ဖြတ်သန်းကျော်လွန်နိုင်စမြဲဖြစ်သည်။ ထိုသို့အစွမ်းသတ္တိမရှိသည့် သရဲ၊ တစ္ဆေ၊ စုန်း၊ ကဝေတို့ကို ကျွန်ုပ် တစ်ခါမှမကြားဖူးပေ။

သရဲဦးမိုးမှောင်သည် မည်သို့သော သရဲအမျိုးအစား



www.burmeseclassic.com

www.burmeseclassic.com



တွင်ပါဝင်နေ၍ ၎င်းအစွမ်းသတ္တိများ မရှိရလေသလဲ။ အမှန်ဆိုလျှင် တံခါးသော့ကို အချိန်ကုန်ခံပြီးဖွင့်နေရန်ပင်အကြောင်းမရှိ။

"ချောက် ..."

တံခါးသော့ချက်ပွင့်သွားလေပြီ။ ထိုအသံနှင့်အတူ ကျွီဟူ၍ ထွက်ပေါ်လာ၏။ သူ တံခါးကိုတွန်းလိုက်ခြင်းကြောင့်ဖြစ်သည်။ သို့သော် ...

တံခါးမှာ လုံးလုံးလျားလျားပွင့်မသွားဘဲ လက်တစ်ဝါးစာမျှသာ ပွင့်ဟသွားပြီး အတွင်းမှသံကြိုးဖြင့်ချည်နှောင်ပြီး သော့တစ်ဆင့်ခတ်ထားသဖြင့် တံခါးရွက်မှာ ထိုသံကြိုးကိုကျော်လွန်နိုင်စွမ်းမရှိ ဖြစ်သွားလေ၏။

အကယ်၍ တံခါးပွင့်လိုပါက အတွင်းမှတစ်ဆင့်ခတ်ထားသည့်သော့ကို ဖွင့်ရပေလိမ့်မည်။ တံခါးအပြင်တွင်ရှိနေသည့် သဏ္ဍာန်ရိပ်မှာ ထိုအခြေအနေကို ကောင်းစွာသိရှိသွားပုံရ၏။ သူ၏ပုစွန်မျက်လုံးကဲ့သို့ ပြူးကျယ်သည့်မျက်လုံးနှစ်လုံးကို အထက်အောက်ရွှေ့လျားလျက် မကြံတတ်အောင်ဖြစ်သွားလေ၏။

ထိုအခိုက်မှာပဲ ကျွန်ုပ်လည်း သေနတ်မောင်းကိုအသင့်တင်လိုက်ပြီးဖြစ်၏။ အကယ်၍မကောင်းဆိုးဝါးကောင်သည် အတွင်းရှိသံကြိုးဖြင့်ခတ်ထားသည့်သော့ကိုဖွင့်နိုင်မည်ဆိုပါက မလွဲ





မသွေ အတွင်းသို့ ဝင်ရောက်လာမည်ဖြစ်ရာ ကျွန်ုပ်အနေဖြင့် ထိပ်တိုက်ရင်ဆိုင်ဖို့သာရှိတော့၏။

သို့သော် ... ထိုသရဲမှာ အသွင်သဏ္ဍာန်အားဖြင့် သရဲဟုသတ်မှတ်ရမည်ဖြစ်သော်လည်း အစွမ်းအစအရာမှာတော့ သူ့ရဲမှူကြီးအဆင့်လောက်ပင် ရှိသူမဟုတ်ကြောင်း သတ်မှတ်ရမလိုဖြစ်၏။ သူသည် အပြင်တံခါးသော့ကို ပွင့်အောင်စွမ်းဆောင်နိုင်ခဲ့၏။ ထိုကိစ္စမှာလည်း များစွာခက်ခဲလှသည်မဟုတ်၊ သော့တူဖြင့် စနစ်တကျလေ့ကျင့်ထားပါက ဖြစ်မြောက်နိုင်စွမ်းပြီး သာမန်လူတို့စွမ်းဆောင်နိုင်သည့်ကိစ္စ ဖြစ်သည်။

ရှည်လျားသည့် လည်ပင်းကြီးကို ငုံ့ကိုင်းရင်း ပျာယာခတ်နေသည့် မကောင်းဆိုးဝါးတစ္ဆေ၏အဖြစ်ကိုကြည့်၍ ကျွန်ုပ်မှာ ရီအားထက်ရယ်အားသန်ဟု ဆိုရမလိုဖြစ်နေတော့၏။ ယခင်က တက်ရှင်မင်းကြီးသည် တံခါးရွက်ကိုသာ သော့ခတ်ပြီး အိပ်ရာဝင်သူ ဖြစ်၏။

ကျွန်ုပ်ရောက်ရှိသည့်နေ့မှစ၍ တံခါးရွက်ကိုသာမက အတွင်းမှလည်း သံကြိုးဖြင့် ထပ်ဆင့်ပြီးသော့ခတ်ခဲ့ခြင်းဖြစ်သည်။

"ဟိုက် ... ဘယ်လိုကြီးလဲဟ"

ကျွန်ုပ်ခန္ဓာကိုယ်မှာ အိပ်ရာပေါ်မှ အထိတ်တလန့် မြောက်တက်သွားမည်ကဲ့သို့ အံ့သြလိုက်ရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်းအတွင်းသို့ စူးခနဲဝင်ရောက်လာသည့် အလင်းရောင်ကြောင့် ဖြစ်သည်။ ထိုအလင်းမှာ အခန်းအတွင်း ဟိုမှသည်သို့ရွေ့လျားလျက်ရှိနေရာ စက်ရှင်မင်းကြီးအိပ်ရာပေါ်သို့ ကျရောက်သကဲ့သို့ ကျွန်ုပ်ထံသို့လည်း ကျရောက်လာ၏။

"မြတ်စွာဘုရား ... ဒီ ... သရဲဟာ ဘယ်လိုဘုံဘဝကရောက်ရှိလာတဲ့ သူရဲပါလိမ့်"

ကျွန်ုပ် ရုတ်ခြည်းပင် အခြေအနေကိုကောင်းစွာသိရှိလိုက်၏။ ထိုအလင်းတန်းမှာ လက်နှိပ်ဓာတ်မီးတစ်လက်၏ အလင်းရောင်ပင်ဖြစ်သည်။ နာနာဘာဝဟူသည့် ဝိညာဉ်ကောင်သည် လက်နှိပ်ဓာတ်မီးကိုလည်း အသုံးပြုနိုင်စွမ်းပါလား ...။

ထိုအခိုက်အတန့်မှာပဲ ကျွန်ုပ်သည် အခြေအနေတစ်ရပ်လုံးကို ကောင်းစွာနားလည်လိုက်တော့သည်။

✶ ✶ ✶

# အခန်း (၁၀)

## တစ္ဆေတစ်ကောင်၏ရာဇဝင်

"ဆရာရယ် ... အင်မတန်ဆိုးသွမ်းတဲ့ သရဲမိုးမှောင်ကို ထိထိရောက်ရောက်တုံ့ပြန်လိုက်တဲ့ ဆရာ့ပညာကိုကြားရကတည်းက ကျွန်တော်အလွန်ပျော်ရွှင်နေမိတယ်၊ အခု ... မင်မှတ်ဘဲ ဆရာက ကျွန်တော်နဲ့လာတွေ့တော့ ကျွန်တော်ဖြင့်ဘယ်လိုဝမ်းသာမှန်း ပြောမပြတတ်အောင်ပါပဲ၊ ကျွန် ... ကျွန်တော်လည်း သရဲမိုးမှောင် ဘယ်တော့လာသတ်လိမ့်မလဲလို့ကြောက် ... ကြောက်မိတယ်ဆရာ၊ ကျွန် ... ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း မင်းကြီးကိုကာကွယ်သလို စောင့်ရှောက်ကာကွယ်ပေးပါလို့ ရှိနိုးဝပ်တွားတောင်းပန်ပါရစေ''

ကြောက်ရွံ့ခြင်းနှင့်ဝမ်းသာခြင်းတို့ ရောယှက်ပြီးကတုန်ကယင်ဖြင့် အထက်ပါစကားများကိုပြောနေသူမှာ နှစ်ကြီးအကျဉ်းသားတစ်ဦးဖြစ်သည်။

အသက်အရွယ်မှာ သုံးဆယ်ဝန်းကျင်ခန့်ရှိပြီး အမည်မှာ မင်းပုညဖြစ်၏။

ပြစ်မှုများစွာဖြင့် ထောင်နန်းစံလာသူဖြစ်သည်။

မင်းပုညသည် ကျွန်ုပ်ကိုမြင်သည်နှင့် အားရဝမ်းသာဖြင့် ဟန်ပင်မဆောင်နိုင်လောက်အောင် ပျော်ရွှင်သွားလေ၏။ ကျွန်ုပ်က ထောင်ပိုင်ကြီးမှတစ်ဆင့် ၎င်းနှင့်တွေ့လိုကြောင်း ခွင့်ပြုချက်တောင်းခံခဲ့၏။

ထိုကိစ္စမှာ များစွာခက်ခဲခြင်း မရှိလှပေ။ စက်ရှင်မင်းကြီး ဦးငွေစိုး၏ရာထူးရှိန်ဝါကြောင့် ထောင်ပိုင်ကြီးက အသာတကြည် ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

နှစ်ကြီးအကျဉ်းသားမင်းပုညသည် ကြိုးမိန့်ကျခံခဲ့ရသည့် ဆရာဝန်ကြီးဦးမိုးမှောင်အား လည်ပင်းတွင်ကြိုးကွင်းစွပ်၍ ဒေါက်ဖြုတ်သည့်တာဝန်ကို ထမ်းဆောင်ခဲ့သူဖြစ်၏။

ထောင်တွင်း၌ သတ်မှတ်ထားသည့်ဥပဒေမှာ လူတစ်





ယောက်၏အသက်ကို ဒေါက်ဖြုတ်ပေးလျှင် ထိုဒေါက်ဖြုတ်အကျဉ်းသားသည် ဆုမှတ်ရက်ငါးရက် ရမည်ဖြစ်သည်။ သို့သော်လည်း ထိုတာဝန်ကို အကျဉ်းသားအများစုမှာ လိုလားနှစ်သက်ခြင်းမရှိကြပေ။

အကျဉ်းသားအချင်းချင်း ရက်စက်သည့်အပြုအမူမျိုးဟု ယူဆကြသောကြောင့်ဖြစ်သည်။

သို့သော်လည်း . . . အခွင့်ထူးတစ်ရပ်အနေဖြင့် ဆုမှတ်ငါးရက်လျှော့ပေါ့ခံရသည့်အတွက် ထိုတာဝန်ကိုယူသူ မင်းပုညကဲ့သို့အကျဉ်းသားများလည်း ရှိ၏။ သို့သော် . . . အနည်းငယ်မျှသာ ဖြစ်သည်။

မင်းပုညသည် ထောင်ဝါဒါများထက်ပင် ၎င်းအလုပ်ပေါ်တွင် ကျွမ်းကျင်စွာဆောင်ရွက်နိုင်စွမ်းသူဖြစ်သည်။ သို့ကြောင့်လည်း . . . သူသည် အခွင့်အရေးများစွာရရှိခဲ့၏။ ကြိုးမိန့်ကျခံသည့် ရာဇဝတ်သားတစ်ဦးကို ကြိုးစင်မှဒေါက်ဖြုတ်ပေးလေတိုင်းရရှိသည့် လျှော့ရက်များကြောင့် သူ၏လွတ်ရက်မှာ တဖြည်းဖြည်း လျော့နည်းလာလေ၏။

မင်းပုညသည် ကြိုးမိန့်ကျခံရသည့် ရာဇဝတ်သားများနှင့် အမျိုးမျိုးအဖုံဖုံကြုံတွေ့ခဲ့ဖူး၏။ လူတစ်ယောက်သည် မိမိအသက်ကို မိနစ်ပိုင်းအတွင်း ရက်စက်စွာဇိဝိနံချွေခြင်းခံရ



www.burmeseclassic.com

www.burmeseclassic.com



မည့်အဖြစ်နှင့် ရင်ဆိုင်ရမည့်အရေးကို မည်သူသည် တည်တည် ငြိမ်ငြိမ် ရင်ဆိုင်ဝံ့ပါ့မလဲလေ၊

သူ၏အတွေ့အကြုံအရ ၎င်းအပြစ်ဒဏ်ကျခံရသည့် ရာဇဝတ်သားကို ကြိုးတိုက်တွင်းမှခေါ်ထုတ်သည်နှင့် ထောင်ဝါဒါ များနှင့် ထောင်မှူးများမှာ ပြဿနာပေါင်းစုံဖြင့် ရင်ဆိုင်ရစမြဲဖြစ် သည်။

အချို့ဆိုလျှင် ကြိုးတိုက်ထဲမှထုတ်မရအောင် အခက်ကြုံ ရ၏။ အကြောင်းကား ရာဇဝတ်သားက ကြိုးတိုက်သံတိုင်များကို မလွှတ်တမ်းဆုပ်ကိုင်ထားသောကြောင့် ဖြစ်သည်။ ထိုကြိုးတိုက် တွင်းက အပြင်သို့ရောက်သည်တွင် သူသည် နာရီပိုင်းအတွင်း ကြိုးစင်ပေါ်တက်ရမည်ကိုသိနေသောကြောင့် တုန်လှုပ်ချောက် ချားစွာဖြင့် သံတိုင်ကို ဆုပ်ကိုင်ထားခြင်းဖြစ်၏။ ထိုအခါ အတွေ့ အကြုံရင့်ကျက်သည့် ထောင်ဝါဒါများက အတင်းဝင်ရောက်ဖြ ဖမ်းဆီးချုပ်နှောင်ရ၏။

မင်းပုညသည် ခန္ဓာကိုယ်တုတ်ခိုင်ထွားကျိုင်းသူဖြစ် ပြီ ထိုသူများကို မည်သို့ကိုင်တွယ်ချုပ်နှောင်ရမည်ကို ကောင်းစွာ ကျွမ်းကျင်သူဖြစ်၍ ၎င်းအဖြစ်မျိုး ကြုံလာသည်နှင့် သူသည် ရှေ့ဆုံးမှဦးဆောင်သူဖြစ်၏။ ထိုသို့ဆောင်ရွက်ရသည့်အတွက် သူသည် အနည်းငယ်မျှ စိတ်ပျက်ဝမ်းနည်းခြင်းမျိုး မရှိခဲ့ပေ





ထောင်ဝါဒါများနှင့်ထောင်မှူးများမှာ သူတို့မလုပ်ချင်သည့် အလုပ် ကို ဝင်ရောက်လုပ်ကိုင်ပေးသည့်အတွက် မင်းပုညကို အခြား အကျဉ်းသားများနှင့်မတူ အခွင့်အရေးပေးသဖြင့် သူသည် ပို၍ပင် တက်တက်ကြွကြွဆောင်ရွက်လေ၏။

အချို့အကျဉ်းသားများဆိုလျှင် အတော်ပင်ထိန်းရသိမ်း ရခက်၏။

ကြိုးစင်ရှိရာသို့ ခြေတရွတ်တိုက်ဆွဲ၍ ခေါ်ရသကဲ့သို့ ထိုသို့ခေါ်လာရင်းဖြင့် မစင်များထွက်ကျသည်အထိပင် ကြုံတွေ့ရ ၏။ သို့သော် . . . အကျဉ်းသားများအဖို့ မည်သို့ပင်တွန့်လိမ် ရုန်းကန်သော်ငြား အဆုံးမှာတော့ ကြိုးစင်ပေါ်သို့ရောက်သွားရ သည်ချည်းဖြစ်၏။

ကြိုးမိန့်ကျခံရသည့် ရာဇဝတ်သားသည် လူ့လောက တွင် ၎င်းတို့ကျူးလွန်ခဲ့ကြသည်များမှာ သာမန်အမှုအခင်းများ မဟုတ်ကြဘဲ လွန်စွာရက်စက်ကြမ်းကြုတ်သည့် အမှုအခင်းများ ဖြစ်၍ ဥပဒေလမ်းကြောင်းအရ ညှာတာစွာဆောင်ရွက်၍မရသည့် ကြောင့် ကြိုးမိန့်ဟူသည့် အမြင့်ဆုံးအပြစ်ဒဏ်မျိုး ကျခံကြရခြင်း ဖြစ်သည်။

လူအမြောက်အမြားကို တစ်ကြိမ်တည်း တစ်ပြိုင်တည်း သတ်ဖြတ်ခဲ့ကြ၏။ သို့သော် . . . မိမိ၏အသက်ကို ကြိုးစင်မှပြီး



www.burmeseclassic.com

www.burmeseclassic.com



အသတ်ခံရသောအခါ မည်မျှဆိုးသွမ်းသည့်ရာဇဝင်လူဆိုးများပင်ဖြစ်ပါစေ သည်းခြေပျက်မည့်ကဲ့သို့ တုန်လှုပ်ချောက်ချားလေတော့၏။

မင်းပုညသည် အထက်ပါကဲ့သို့ ကြိုးမိန့်ကျခံရသည့် ရာဇဝတ်သားများနှင့် အမြဲပင်ကြုံရင်ဆိုင်ခဲ့ရ၏။ သို့သော် ... ဆရာဝန်ကြီးဦးမိုးမှောင်နှင့် ကြုံတွေ့ရစဉ်မှာတော့ သူသည် မယုံနိုင်လောက်အောင် အံ့သြသွားလေ၏။ ထို့အတူ လွန်စွာမှလည်း ကြောက်လန့်တုန်လှုပ်ခဲ့ရ၏။ သူ၏တစ်သက်တွင် ၎င်းခံစားမှုမှာ ဘယ်တော့မှ မေ့ပျောက်၍ရတော့မည်မဟုတ်ပေ။

ကြိုးမိန့်ကျခံရသည့် ထိုဆရာဝန်ကြီး၏အမှုအခင်းကို ကြားသိရသောအခါ မယုံနိုင်လောက်အောင် အံ့သြမိ၏။ လူသေကို အသက်ပြန်သွင်းရန်စမ်းသပ်သည့်ဟုဆိုကာ လူတစ်ယောက်ရဲ့အသက်ကို ရက်စက်စွာသတ်ဖြတ်ခဲ့ခြင်းဟု သိလိုက်ရ၏။ ဘယ်လိုမှ နားလည်ခွင့်လွှတ်၍ မရနိုင်သည့်ပြစ်မှု။

ထိုဆရာဝန်ကြီးအားကြိုးမိန့်အပြစ်ဒဏ်ဖြင့် သတ်မည့်နေ့တွင် မင်းပုညမှာ ကြိုးစင်ဒေါက်ဖြုတ်ရန် တာဝန်ပေးခြင်းခံရ၏။ သို့ကြောင့် သူသည် ဆရာဝန်ကြီးရှိရာကြိုးတိုက်သို့ ရှေ့ဆုံးမှ ဦးဆောင်ပြီးသွားရောက်လေ၏။ သူသည် အစဉ်အလာအတိုင်း နိုင်လွန်ကြိုးခွေကိုယူဆောင်သွား၏။





ကြိုးမိန့်ရာဇဝတ်သားမှာ ရုန်းကန်အော်ဟစ်နေပါက ဖမ်းချုပ်ပြီး လက်ပြန်ကြိုးတုပ်နှောင်ရန်အတွက်ဖြစ်သည်။ ထိုကိစ္စများတွင် အထူးပင်ကျွမ်းကျင်သူဖြစ်၍ ထောင်ဝါဒါများက မင်းပုညကို ရှေ့မှဦးဆောင်စေခြင်းဖြစ်၏။

ထိုဆရာဝန်ကြီး၏ ကြိုးတိုက်ရှေ့သို့အရောက်တွင် အားကြိုးမာန်တက်ဖြင့်လျှောက်လှမ်းလာသော မင်းပုည၏ခြေလှမ်းများမှာ ကံ့ခနဲရပ်တန့်သွား၏။ သူ၏မျက်ဝန်းတွေလည်း အံ့သြမှုဖြင့် ပြူးကျယ်လို့သွား၏။ သူသာလျှင်မဟုတ်၊ သူ၏နောက်မှာ ကပ်လျက်လိုက်ပါလာမည့် ထောင်ဝါဒါနှစ်ဦးမှာလည်း ထိုသို့ပင် တအံ့တသြဖြစ်သွားကြ၏။

အကျဉ်းသားဆရာဝန်ကြီးသည် အနည်းငယ်မျှတုန်လှုပ်ဟန်မရှိဘဲ ကြိုးတိုက်ထဲမှနေ၍ အေးအေး[illegible]က်သာသာသည့်အမူအရာဖြင့် ပြုံးလျက်ကြည့်နေလေ၏။ ဝမ်းနည်းပူဆွေးသည့် အရိပ်အယောင်ဟူ၍ အနည်းငယ်မျှပင် မတွေ့ရပေ။

ကြိုးစင်ရှိရာသို့ ပို့ဆောင်မည့်သူများကို သူ၏ဆွေမိတ်ဆွေများနှင့်တွေ့ဆုံရသကဲ့သို့ လိုက်လှဲဝမ်းသာစွာ နှုတ်ဆက်လိုက်လေရာ မင်းပုညနှင့် ထောင်ဝါဒါနှစ်ဦးမှာ သူတို့တစ်သက်တွင် ဘယ်တုန်းကမှ မကြုံဖူးသည့်အဖြစ်ကြောင့် တစ်ဦးကိုတစ်ဦးကြည့်လျက် အူကြောင်ကြောင်ဖြစ်သွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ... မနက်တည်းက မောင်ရင်တို့ကိုမျှော်နေတာ၊ မောင်ရင်တို့ကလည်း တယ် ... နောက်ကျသကိုး၊ အချိန်ရှိနိုက် လှံ့လစိုက်ရတယ်ကွဲ့၊ အခု ကြည့်ပါဦး ... ကျုပ်ကို ကြိုးစင်ပို့မယ့်အချိန်က ရှစ်နာရီလို့ သတ်မှတ်ထားတယ်၊ အခု ရှစ်နာရီခွဲနေပြီ၊ နာရီဝက်နောက်ကျသွားပြီ၊ နာရီဝက်ဆိုတဲ့အချိန်ဟာ လူ့ဘဝမှာ ဘယ်လောက်အရေးပါတယ် ထင်သလဲ၊ အခွင့်အရေးများရရင် မောင်ရင်တို့ကို အချိန်ရဲ့အသုံးဝင်မှုတွေကို ရှင်းပြချင်ပါရဲ့၊ ကဲ ... ကဲ ... ကျုပ်ကို ကြိုးစင်ပို့ဖို့ လာခေါ်တာမဟုတ်လား ... အမြန်ဆုံးရောက်အောင် ပို့စမ်းပါ"

ထောင်အာဏာပိုင်များအဖို့ သူတို့တစ်သက်တွင် ဘယ်တုန်းကမှမကြုံဖူးသည့်အဖြစ်မျိုး ကြုံတွေ့ခဲ့ရ၏။ သူတို့သည် ကြိုးမိန့်ကျခံရသည့်ရာဇဝတ်သားကို ကြိုးစင်သို့ခေါ်ဆောင်ရာတွင် ရှေ့မှဦးဆောင်ရစမြဲဖြစ်၏။

၎င်းကြိုးမိန့်ကျခံရသည့် ဆရာဝန်ကြီးကတော့ ကြိုးစင်ရှိရာသို့ မိမိတို့ကိုပြန်လည်၍ဦးဆောင်ခဲ့လေ၏။ ဆရာဝန်ကြီးနှင့်အနီးကပ်ဆုံးရှိနေသူမှာ မင်းပုညဖြစ်၏။ သူသည် ဆရာဝန်ကြီးကို အကဲခတ်လိုက်၏။ ကြိုးမိန့်ဖြင့်အသတ်ခံရမည့်အရေးကိုကြောက်ရွံ့ပြီး ဦးနှောက်ပျက်ယွင်းသွား၍ ကယောင်ချောက်ချားပြောဆိုနေခြင်းလားဟူသည့် သံသယဖြင့် အကဲခတ် ကြည့်ရှုနေ





ခြင်းဖြစ်သည်။

သို့သော် ... ဆရာဝန်ကြီးမှာ သူတွေးထင်သကဲ့သို့ မဟုတ်ဘဲ စိတ်ပိုင်းဆိုင်ရာတွင်သာမက ရုပ်ပိုင်းဆိုင်ရာတွင်လည်း ကျန်းမာရေးအထူးကောင်းမွန်လျက်ရှိကြောင်းတွေ့ရလေ၏။

မင်းပုညသာလျှင် မဟုတ်ပေ။ အနီးရှိ ထောင်အာဏာပိုင်များကလည်း ကြိုးစင်ပေါ်သို့တက်ရန် အထူးပင်စိတ်အားထက်သန်နေသည့် ဆရာဝန်ကြီးကို နားမလည်နိုင်လောက်အောင် တအံ့တသြဖြစ်နေကြ၏။

ကြိုးဒဏ်စီရင်ခြင်းမပြုမီ ထောင်အာဏာပိုင်များသည် ဥပဒေအရ အကျဉ်းသားကိုစစ်ဆေးရ၏။ ကြိုးစင်အနီးတွင် ရာဇဝတ်တရားသူကြီး၊ ထောင်ပိုင်ကြီးနှင့် ထောင်ဆရာဝန်တို့ရှိနေကြ၏။

ထောင်ဆရာဝန်က ရာဇဝတ်သားဆရာဝန်ကြီး၏ ခန္ဓာကိုယ်များကိုစစ်ဆေး၏။ ကျန်းမာရေးအခြေအနေနှင့် ကိုယ်တွင်းနိုပ်စက်ထားသော ဒဏ်ရာများရှိ မရှိ စစ်ဆေးခြင်းဖြစ်၏။

အကျဉ်းသားဆရာဝန်ကြီးသည် ငြိမ်သက်စွာခံယူ၏။ ထိုသို့သာလျှင်မဟုတ် ထောင်ဆရာဝန်ကြီးကိုပင် ဆေးပညာဗဟုသုတများကို ဆရာတစ်ဦးက ကျောင်းသားကိုလက်ချာပေး



www.burmeseclassic.com

www.burmeseclassic.com



နေသကဲ့သို့ ပြောဆိုနေသဖြင့် ထောင်ဆရာဝန်ကြီးမှာ အံ့ဩမဆုံးဖြစ်နေတော့၏။

ရာဇဝတ်တရားသူကြီးနှင့် ထောင်ပိုင်ကြီးတို့ကိုလည်း မိတ်ဟောင်းဆွေဟောင်းများကဲ့သို့ တရင်းတနှီးနှုတ်ဆက်စကားပြောဆိုလေရာ ထိုသူနှစ်ဦးမှာလည်း ဘယ်တုန်းကမှမကြုံဖူးသည့် အတွေ့အကြုံဖြစ်၍ မည်သို့တုံ့ပြန်ပြောရမှန်းမသိအောင် တအံ့တဩဖြစ်နေလေ၏။

ထောင်ဆရာဝန်ကြီးက အတည်ပြုလက်မှတ်ရေးထိုးပြီးသည်နှင့် ထောင်ပိုင်ကြီးကရာဇဝတ်တရားသူကြီးကို ကြိုးစင်ပေါ်တင်ရန်အဆင်သင့်ရှိပြီဖြစ်ကြောင်း သတင်းပေးလိုက်၏။ ထိုအခါ ရာဇဝတ်တရားသူကြီးက ကြိုးဒဏ်စီရင်ရန် သဘောတူလိုက်လေ၏။

အကျဉ်းသားဆရာဝန်ကြီးသည် မည်သူ၏အကူအညီမှ မယူဘဲကြိုးစင်ပေါ်သို့တက်သွားလေ၏။ မင်းပုညသည် ၎င်း၏နောက်တွင်ကြိုးခွေကို ကိုင်လျက်လိုက်ပါသွား၏။

မင်းပုညက ဆရာဝန်ကြီးကို လက်ပြန်ကြိုးချည်နှောင်ရမည်ပြောလိုက်သောအခါ ဆရာဝန်ကြီးက နားမလည်သည့်မျက်ဝန်းဖြင့်ကြည့်လျက် ...

''လူတစ်ယောက်က သူကိုယ်တိုင်လိုလိုလားလားအ





သတ်ခံနေပါလျက် ဘာလို့များအလုပ်ရှုပ်ခံပြီးလက်ကိုကြိုးချည်ဦးမှာလဲ ... သူ့ဘာသာလွတ်လွတ်လပ်လပ်ရှိနေတာ မကောင်းဘူးလား''

မင်းပုညသည် မည်သို့တုံ့ပြန်ပြောရမှန်းမသိဖြစ်သွားပြီးအူကြောင်ကြောင်ဖြစ်နေစဉ်မှာပဲ ဆရာဝန်ကြီးသည် တစ်စုံတစ်ခုကို သဘောကျသွားဟန်ဖြင့် ...

''ဪ ... ကျုပ်သိပြီ ... မောင်ရင်က အာဏာပါးကွက်သားဆိုတော့ နီးရာခားကြောက်ရမှာပေါ့၊ ကျုပ် ... တစ်ဆိတ်မေးပါရစေ၊ ကြိုးကွင်းစွပ် ဒေါက်ဖြုတ်လိုက်တဲ့အခါ အဲဒီလူရဲ့အသက်ဟာ အချိန်ဘယ်လောက်အကြာမှာ သေဆုံးသွားလဲ''

မင်းပုည စိတ်ရှုပ်ထွေးသွားပြန်၏။ အကျဉ်းသား ဆရာဝန်ကြီးကလည်း သူ၏စကားများကို စိတ်အားထက်သန်စွာ စောင့်မျှော်နေ၏။

''ကျုပ် ... ဘယ်သိနိုင်မလဲဗျ၊ အဲဒီမေးခွန်းကို ဖြေနိုင်ဖို့ဆိုတာ ကျုပ်ကိုယ်တိုင်ကြိုးကွင်းစွပ်ပြီး အရင်သေပြရမလိုဖြစ်နေပြီ ...''

ထိုစကားကြောင့် ဆရာဝန်ကြီးမှာ အားပါးတရ ရယ်မောလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"သို့ဆိုရင် ... မောင်ရင်ပြောနိုင်တာ တစ်ခုတော့ရှိမှာ ပေါ့ ..."

"ကျုပ်ကိုစိတ်ရှုပ်စရာမေးခွန်းတွေမေးမနေနဲ့ဗျာ၊ လူတစ်ယောက်ကိုကြိုးကွင်းစွပ်ပြီး ကြိုးစင်ပါကဒေါက်ဖြုတ်ရတာ အပြောလွယ်ပေမယ့် လက်တွေ့မှာ အလွန်ကို ပင်ပန်းဆင်းရဲတာဗျ၊ ကိုယ့်မျက်စိရှေ့မှာ လူတစ်ယောက် မချိမဆံ့ အသက်ထွက်သွားတာကိုမြင်ရတာ ဘယ်လောက်စိတ်ဒုက္ခကြီးမားတဲ့အဖြစ်လဲ၊ ဒါကြောင့် ... မြန်မြန်ကိစ္စပြတ်တာ ကျုပ်အတွက် အကောင်းဆုံးပဲ"

"အို ... ဟုတ်တာပေါ့ မှန်တာပေါ့ ... ကျုပ်မမေးတော့ပါဘူးလေ၊ ကဲ ... ကျုပ်လည်ပင်းကို ကြိုးကွင်းစွပ်လိုက်ပါတော့"

သို့သော် ... ပြဿနာမှာ ထိုမျှနှင့်ပြီးမသွားပေ။ အစဉ်အလာအတိုင်း အကျဉ်းသားကို လက်ပြန်ကြိုးချည်နှောင်ရမည်ဖြစ်ရာ ဤကိစ္စကို အကျဉ်းသားဆရာဝန်ကြီးက အပြင်းအထန်ကန့်ကွက်ပြောဆိုလေ၏။ ထိုအခါ မင်းပုညက စိတ်မရှည်သောလေသံဖြင့် ...

"ကျုပ်က ခင်ဗျားကို သက်သောင့်သက်သာအသက်ထွက်နိုင်အောင် စီစဉ်ပေးတာဗျ ... လက်ပြန်ကြိုးတုတ်မထား





ဘူးဆိုရင် ခင်ဗျားလက်နှစ်ဖက်ဟာ အကြောတွေရှုန်းပြီး ရုပ်သေးရုပ်တွေလို ကားတားတားကြီးဖြစ်နေရင် ခင်ဗျားသေပန်းပွင့်မှာ မဟုတ်ဘူး"

ဟု ဆောင့်ကြီးအောင့်ကြီးပြောလိုက်ရာ အကျဉ်းသားဆရာဝန်ကြီးမှာ ရုတ်တရက်တွေဝေပြီးနှုတ်ဆိတ်သွားလေ၏။ မင်းပုညကကြိုးဖြင့်ချည်နှောင်ရန် ဟန်ပြင်လိုက်သည့်အခါ အကျဉ်းသားဆရာဝန်ကြီးက ၎င်း၏လက်ကိုဆောင့်ရုန်းလိုက်ပြီး အားရကျေနပ်သည့်လေသံဖြင့်

"ကျုပ် ... နားလည်ပြီမောင်ရင်၊ ဒီကိစ္စအတွက် မောင်ရင်စိတ်ပင်ပန်းမခံပါနဲ့၊ ကျုပ်ကိုလက်ပြန်ကြိုးမတုပ်ဘဲကြိုးမိန့်အပြစ်ဒဏ်ခံယူချင်တယ်၊ ကျုပ်ဆန္ဒကို ထောင်ပိုင်ကြီးဆီမှာ ခွင့်ပြုချက်ယူချင်တယ် ... မောင်ရင် ကူညီပါ"

ထိုကိစ္စမှာ မင်းပုညအတွက်များစွာအပန်းမကြီးလှ ပေ။ အသက်ဇီဝိန်ချွေခံရမည့်လူတစ်ယောက်၏ နောက်ဆုံးဆန္ဒဖြစ်ပြီး ၎င်းဆန္ဒမှာ မည်သူ့ကိုမျှထိခိုက်ခြင်းမရှိသောကြောင့် ရာဇဝတ်တရားသူကြီးက အကျဉ်းသားဆရာဝန်ကြီးဆန္ဒကို ခွင့်ပြုလိုက်လေ၏။

အကျဉ်းသားဆရာဝန်ကြီးသည် ကြိုးကွင်းရှိရာ တည့်တည့်တွင် ဟန်ပါပါအမူအရာဖြင့် ခြေစုံရပ်နေ၏။ ကြော



www.burmeseclassic.com

www.burmeseclassic.com



လန့်သည့်အရိပ်အငွေ့ဟူ၍ အနည်းငယ်မျှမတွေ့ရပေ။

မင်းပုညသည် အကျဉ်းသားဆရာဝန်ကြီး၏ ဦးခေါင်းကိုအိတ်စွပ်ပေးလိုက်၏။ တစ်ဆက်တည်းပင် အကျဉ်းသားလည်ပင်းနှင့်တိုင်းထားသည့် မနီလာအုန်းဆံကြိုးကွင်းလျှောကို အကျဉ်းသား၏လည်ပင်းတွင် စွပ်လိုက်သည်။

ထိုခဏမှာပဲ အိတ်စွပ်ထားလျက်က အကျဉ်းသားဆရာဝန်ကြီးသည် မင်းပုညကိုစကားပြောလေ၏။

''ကြိုးမိန့်ကျပြီး ... ကျုပ်သေသွားတဲ့အခါမှာ ကျုပ်ခန္ဓာကိုယ်က ဘယ်လိုပုံစံမျိုးဖြစ်နေမလဲ''

''ခင်ဗျားက လက်ပြန်ကြိုးလည်းအတုပ်မခံဘူးဆိုတော့ ခင်ဗျားရဲ့အကြောတွေရှန်းကြွသွားပြီး ရုပ်သေးရုပ်လိုကုန်းကွကွ ဖြစ်သွားမှာသေချာတယ်''

''ကျုပ်ကို ... ကြိုးကဖြုတ်ချပြီး ကျုပ်ရဲ့ပုံသဏ္ဌာန်ကို မောင်ရင် သေချာကြည့်ထားစမ်းပါ''

''ဘာလဲ ... ကျုပ်က ရုပ်သေးရုပ်ဆိုပြီး ရုံ့သွင်းပြဖို့လား''

''ဟင်း ဟင်း ဟင်း ... မောင်ရင့်ဆီကို ကျုပ် အဲဒီပုံစံမျိုးနဲ့ လာနှုတ်ဆက်ချင်လို့ပါ''

''သိပ်ဟန်ကျတာပေါ့ဗျာ ... အဲဒါဆိုရင်တော့ ...





ခင်ဗျားကိုရုံ့သွင်းပြီးစီးပွားရှာရင် ကျုပ်တကယ်အလုပ်ဖြစ်မှာ''

အကျဉ်းသားဆရာဝန်ကြီးကလည်း မျက်နှာကို အိတ်စွပ်ထားလျက်က သဘောကျစွာရယ်လိုက်ပြီး တုံ့ပြန်ပြောလိုက်သည့်စကားမှာ မင်းပုညအဖို့ရယ်စရာပျက်လုံးကဲ့သို့ ထင်မှတ်ရသော်လည်း နောင်ကာလအတန်ကြာသည့်အခါ ထိုစကားကြောင့်ပင် သူသည် အထိတ်တလန့်တုန်လှုပ်ခံစားရလေ၏။

အကျဉ်းသားဆရာဝန်ကြီးက ...

''မောင်ရင်က ကျုပ်ကို မလေးမခန့်ပြောတယ်ပေါ့၊ ကောင်းပြီလေ ... မောင်ရင် ကိုယ့်စကားကိုယ်မှတ်ထားပါ၊ ကျုပ် လက်တုံ့ပြန်မယ့်စာရင်းထဲမှာ မောင်ရင့်ကိုလည်းထည့်သွင်းထားလိုက်ပြီ၊ ကျုပ် ... ကို ရုံ့သွင်းပြနိုင်မလား ... ကျုပ်လိုပဲ မောင်ရင်အသက်ထွက်မလားဆိုတာ စောင့်ကြည့်ဦးပေါ့''

ဟု ကြိမ်းမောင်းပြောဆိုလေ၏။

✳ ✳ ✳



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

## ဘာအခွင့်ကြောက်ပါပြီလဲ

"အဲဒီတုန်းက ကျွန်တော် ဘယ်လိုသဘောနဲ့မှ ပြောခဲ့တာ မဟုတ်ပါဘူးဆရာရယ်၊ ဒီလောက်သေအံ့မူးမူးအချိန်မှာ ဘုရားတရားကိုအာရုံမပြုဘဲ မလိုအပ်တာကိုပြောနေတာကို စိတ်မရှည်လွန်းလို့ ပြောမိပြောရာပြောလိုက်မိတာပါ၊ အခုတော့ ... ပြောခဲ့တဲ့ သူ့စကားတွေက အမှန်တကယ်ဖြစ်လာတော့ ကျွန်တော်လည်း အိပ်မပျော်စားမဝင်နိုင်လောက်အောင် ကြောက်လန့်နေမိတယ် ...။





သူ ... တံ့ပြန်လက်စားချေတဲ့သူတွေဟာ လူ့ဘဝတုန်းက ရန်ငြိုးရှိခဲ့တဲ့လူတွေချည်းပဲ၊ သူ့ကြောင့်သေဆုံးသွားတာငါးယောက်ရှိသွားပြီ၊ ကျွန်တော့်အလှည့်ကို ဘယ်နှစ်ယောက်မြောက်သတ်မှတ်ထားလဲ မသိဘူး၊ ညဆိုရင် သူ ကြိမ်းမောင်းပြောဆိုသွားတဲ့စကားကိုပြန်တွေးမိပြီး အိပ်မက်ဆိုးတွေ မက်နေမိတယ် ..."

ကျွန်ုပ်သည် မိမိ၏စိတ်ကူးအကြံအစည်ဖြင့် အကျဉ်းထောင်အတွင်းသို့ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ အကြောင်းကတော့ ထိုစဉ်က ဆရာဝန်ကြီးဦးမိုးမှောင်ကို ကြိုးမိန့်ဖြင့်သတ်ရာတွင် မည်သို့မည်ပုံသေဆုံးသွားသည်ကို သိရှိလို၍ဖြစ်၏။

မင်းပုညဟူသော နှစ်ကြီးအကျဉ်းသားသည် ဆရာဝန်ကြီးဦးမိုးမှောင်ကို ကြိုးမိန့်ဖြင့်သတ်ရာတွင် ကြိုးစင်ဒေါက်ကိုကိုယ်တိုင်ဖြုတ်ချရသူဖြစ်၍ ကျွန်ုပ်သိလိုသည့်အချက်အလက်များကို ၎င်းထံမှ မေးမြန်းနေခြင်းဖြစ်သည်။

ကျွန်ုပ်သိလိုသည့်အကြောင်းကိစ္စမှာ ရိုးရိုးရှင်းရှင်းဖြစ်သည်။ အကျဉ်းသားမင်းပုညက ဖြစ်ပျက်မှုကို ပြည့်စုံစွာ ရှင်းပြလေရာ ကျွန်ုပ်မှာ ထိုစကားကိုနားထောင်ရင်းဖြင့် ရယ်ချင်စိတ်ကို မနည်းမျိုသိပ်နေရ၏။

သို့သော်လည်း ...



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ဆရာဝန်ကြီးဦးမိုးမောင်၏ ထူးခြားသည့်အပြုအမူကို သိရှိလိုက်ရသဖြင့် ကျွန်ုပ်လည်း များစွာအံ့ဩမိ၏။ ကြိုးမိန့်ဖြင့် အသတ်ခံရမည့်ဆဲဆဲတွင် အနည်းငယ်မျှတုန်လှုပ်ချောက်ချားဟန်မရှိဘဲ ရင်ဆိုင်ခဲ့ခြင်းမှာ မြန်မာတွင်သာမက ကမ္ဘာတွင်စံထားရမည့် ရာဇဝတ်သားတစ်ဦးအဖြစ် ဂုဏ်ပြုရလောက်အောင် ရဲစွမ်းသတ္တိရှိလှပေ၏။

အကျဉ်းသားမင်းပုညပြောပြသည်မှာ ...

ဦးမိုးမောင်ကို မျက်နှာအိတ်စွပ်ပြီးနောက် ကြိုးကွင်းစွပ်လိုက်လေရာ အချို့ရာဇဝတ်သားများဆိုလျှင် ကြိုးကွင်းကို အသာတကြည်အစွပ်မခံဘဲ ခေါင်းငုံ့လိုက်၊ ခါယမ်းလိုက်ဖြင့် ကြိုးကွင်းကိုရှောင်တိမ်းကြသော်လည်း ဦးမိုးမောင်ကတော့ သူ့ကိုယ်တိုင် လိုလိုလားလားအစွပ်ခံခဲ့ကြောင်း၊ ထိုအခါ ကြိုးတိုက်ထောင်မှူးက လည်မျိုကိုညှစ်မည့် ဘုကလေးနှစ်ဘုကို စစ်ဆေးကြောင်း၊ ထိုကိစ္စများပြီးသည်နှင့် ၎င်းတို့သည် ကြိုးစင်သံပြားပေါ်မှ ခပ်သုတ်သုတ်ဆင်းခဲ့ကြောင်း၊ ကြိုးစင်သံပြားပေါ်တွင် ဒေါက်ဖြုတ်တာဝန်ယူသည့် အကျဉ်းသားမင်းပုညသာလျှင် ကျန်ရှိခဲ့ကြောင်း၊ ထောင်ပိုင်ကြီးက ဒေါက်ဖြုတ်ရန်ခေါင်းညိတ်ပြလိုက်သည်နှင့် မီးရထားလမ်းခင်းရာတွင် အသုံးပြုသည့်ကိရိယာကဲ့သို့ ဒေါက်ကို မင်းပုညက ဆွဲလိုက်သည်နှင့် ...





'ဂျိမ်း ...'

ဆရာဝန်ကြီးဦးမိုးမောင်၏ ခြေထောက်အောက်ရှိ ပတ္တာနှင့်ဆက်ထားသော သံပြားကြီးသည် အောက်သို့ပြုတ်ကျသွားပြီး ကြိုးစင်အုတ်နံရံနှင့် ပြေးဆောင့်သောအသံကြီးမှာ ကျယ်လောင်စွာထွက်ပေါ်သွားလေ၏။

ထောင်ကြီး၏ ကြိုးစင်အနီးရှိ သစ်ပင်များပေါ်တွင်ရှိကြသည့် ကျီးကန်းတစ်အုပ်သည် ၎င်းအသံကြီးကြောင့် ထပျံသဖြင့် ဆူညံသွားလေ၏။

ဆရာဝန်ကြီးဦးမိုးမောင်၏ ခန္ဓာကိုယ်ကြီးသည် ကြိုးကွင်းတန်းလန်းဖြင့်လေထဲတွင် အတန်ကြာသည်အထိ ဝဲနေရာမှ ရပ်တန့်သွားလေ၏။

သတ်မှတ်ချိန်ပြည့်သွားသည်တွင် ထောင်ဆရာဝန်က ဦးမိုးမောင်၏အလောင်းကို ကြိုးစင်မှဖြုတ်ချပြီး စစ်ဆေးလေ၏။ ဒေါက်ဖြုတ်သူမင်းပုညကိုယ်တိုင် ကြိုးစင်မှဖြုတ်ချခဲ့သဖြင့် ထိုစဉ်က ဆရာဝန်ကြီးဦးမိုးမောင်၏ရုပ်အလောင်းကို ကောင်းစွာ တွေ့မြင်ခဲ့ရသည်။

ကြိုးအစ်သောအရှိန်ကြောင့် ဦးမိုးမောင်၏အလောင်းမှာ လည်ပင်းကြီးအဆမတန်ရှည်ထွက်နေ၏။ မျက်လုံးကြီး နှစ်လုံးမှာလည်း ပြူးစွန်မျက်စိကဲ့သို့ မျက်ခွံ၏အပြင်ဘက်သို့ ထွက်



www.burmeseclassic.com

www.burmeseclassic.com



နေသည့်အပြင် မျက်နှာနှင့်ပါးစပ်ကြီးမှာလည်း ဖွေးဖွေးဖြူနေသော နုတ်ခမ်းမွေး၊ မျက်ခုံးမွေးများကြားမှများစွာ အရုပ်ဆိုးလျက် ရုပ်ပျက်ဆင်းပျက်သေဆုံးသွားလေ၏။

အထက်ပါ ဖြစ်ပျက်မှုများကို ထိုစဉ်က ကိုယ်တိုင်ကိုယ်ကျပါဝင်ခဲ့သော နှစ်ကြီးအကျဉ်းသမားမင်းပုညထံမှ သိရှိရခြင်းဖြစ်သည်။

နောက်ဆက်တွဲသိရှိရသည့် ဖြစ်ပျက်မှုများသည်လည်း စိတ်ဝင်စားဖွယ်ကောင်းနေပြန်၏။ ထိုအဖြစ်အပျက်ကြောင့်ပင် ကျွန်ုပ်အဖို့ တွေးစရာလမ်းစများ ရရှိခဲ့ခြင်းပင်ဖြစ်၏။

ဦးမိုးမှောင်အလောင်းကို စစ်ဆေးခဲ့သည့် ထောင်ဆရာဝန်ကြီးထံမှ ဖြစ်သည်။

''အစဉ်အလာအရဆိုရင်တော့ ကြိုးမိန့်ကျခံပြီး သေဆုံးတဲ့ အလောင်းမှန်သမျှ ထောင်ကပဲ တာဝန်ယူမြှုပ်နှံရပါတယ်၊ ဦးမိုးမှောင်ဟာ ဂုဏ်သရေရှိဆရာဝန်တစ်ဦးဖြစ်တာက တစ်ကြောင်း၊ မိသားစုကိုယ်တိုင်က သင်္ဂြိုဟ်ခွင့်ကို လိုလိုလားလားတောင်းခံထားလာတာကြောင့် ကျွန်တော်ကိုယ်တိုင် ခွင့်ပြုလိုက်ပါတယ်''

''ကြားရတာ တကယ့်ကိုအံ့သြစရာပဲ၊ သူ့အလောင်းကို ကြိုးစင်ကဖြုတ်ချပြီး ဘယ်အချိန်လောက်မှာ လာယူသွားတာ





လဲ''

''အချိန်မဆိုင်းဆိုသလို ယူသွားတာပါ၊ ယူသွားတဲ့သူကလည်း ဦးမိုးမှောင်ရဲ့တပည့်ရင်း ဒေါက်တာမျိုးဆွေပေါ့၊ သူက ကြိုးမိန့်ကျတဲ့အချိန်မတိုင်ခင်ကတည်းက အလောင်းယူဖို့ စောင့်နေတာလေ ...''

''ဦးမိုးမှောင်ရဲ့သမီး လိုက်ပါမလာဘူးပေါ့''

''မပါလာဘူး။ သူ့တပည့်ဒေါက်တာမျိုးဆွေတစ်ဦးတည်း ယူဆောင်သွားတာ၊ တစ်ယောက်တလေကိုမှ အဖော်ခေါ်မလာလို့ ကျွန်တော်တို့က လိုက်ပို့မယ်ပြောတာတောင် လက်မခံဘူး''

''တော်တော်ထူးဆန်းတဲ့ပုဂ္ဂိုလ်တွေလို့ ယူဆရမယ်''

''ထူးဆန်းတာတော့ ပြောမနေနဲ့ ဆရာလေးရေ၊ ကျွန်တော်တို့က တာဝန်အရဆောင်ရွက်ခဲ့ပေမယ့် ဆရာဝန်ကြီးဦးမိုးမှောင်လိုပညာရှင်တစ်ဦးဆုံးရှုံးလို့ တကယ်ပဲနှမြောမိတယ်၊ စိတ်မကောင်းဖြစ်နေမိတယ်၊ သူ့တပည့်ဒေါက်တာမျိုးဆွေကတော့ တကယ့်ကိုအေးအေးဆေးဆေး၊ ဘာခံစားမှု မရှိသလို အလောင်းကိုလော်ရီကားပေါ်တင်ပြီး သယ်ယူသွားတယ်လေ၊ နောက်တော့ အလောင်းကိုမီးသင်္ဂြိုဟ်ပြီး အရိုးပြာကို ဦးမိုးမှောင်နေထိုင်ခဲ့တဲ့ ခြံကြီးထဲမှာ ဂူသွင်းလိုက်တော့တာပဲ''



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ကျွန်ုပ်သိလိုသမျှကို စိတ်ရှည်စွာဖြင့် ပြည့်ပြည့်စုံစုံရှင်းပြလေ၏။ ထိုသို့ရှင်းပြလျက်က သူတို့မျက်နှာပေါ်တွင် ကြောက်ရွံ့ထိတ်လန့်သည့်အမူအရာများ သိသာစွာထင်ဟပ်နေလေ၏။

နှုတ်ကဖွင့်ဟပြောဆိုခြင်းမပြုသော်လည်း သူတို့ခံစားနေရသည့် ကြောက်ရွံ့တုန်လှုပ်မှုများတို့အတွက် ကာကွယ်စောင့်ရှောက်ပေးစေလိုသည့်ဆန္ဒများကို သူတို့၏မျက်နှာများမှတစ်ဆင့်ဖော်ပြနေကြ၏။

၎င်းတို့မှာလည်း ဦးမိုးမှောင်သေဆုံးခြင်းနှင့်ပတ်သက်၍ တစ်မျိုးတစ်ဖုံဆက်နွယ်ပတ်သက်ခဲ့သူများဖြစ်ရာ မိမိတို့ အလှည့်ရောက်ရှိလာမည့်အရေးကို စိုးရိမ်ထိတ်လန့်နေခြင်းဖြစ်၏။

သရဲဦးမိုးမှောင်၏ဘုန်းတန်ခိုးသည် ပြင်ပတွင်သာမက သံတိုင်များအထပ်ထပ်ကာရံထားသည့် အကျဉ်းထောင်အတွင်းသို့ပင် ဖြန့်ကြက်ရောက်ရှိနေလေပြီ၊

သူတို့သည် ကျွန်ုပ်၏အကြောင်းကို စက်ရှင်မင်းကြီးဦးငွေစိုးထံမှသိရှိခဲ့ပြီးဖြစ်၏။ အထူးသဖြင့် ယမန်နေ့က ညဉ့်နက်သန်းခေါင်အချိန်တွင် စက်ရှင်မင်းကြီးဦးငွေစိုးထံသို့ သရဲဦးမိုးမှောင်ရောက်ရှိလာသည့်အခါ ကျွန်ုပ်မည်သို့ရင်ဆိုင်တုံ့ပြန်လိုက်





ကြောင်း ကြားသိလိုက်ရသဖြင့် ကျွန်ုပ်အား ဝမ်းပန်းတသာကြိုဆိုကြသကဲ့သို့ ရိုကျိုးစွာဖြင့် ညွှတ်ဝတ်ပြုကြလေ၏။

သူတို့၏ခံစားမှုများကိုလည်း အားကိုးတကြီးပြောပြကြ၏။

ကျွန်ုပ်သည် ၎င်းတို့စိတ်ကျေနပ်မှုရှိစေရန် အတန်ကြာမျှစကားပြောဆိုပြီးနောက် ပြန်လည်ထွက်ခွာခဲ့၏။

အကျဉ်းသား မင်းပုညမှာထောင်ဗူးဝအထိ ကျွန်ုပ်ကိုလိုက်ပို့ရင်း ...

"ဆရာရဲ့ပညာစွမ်းက ဝရဇိန်မိုးကြိုးသွားလို အလွန်ပဲအစွမ်းထက်လှပါတယ်၊ တကယ်လို့များ ဆရာရယ် သရဲဦးမိုးမှောင်ကို ဆရာ့ရဲ့ပညာစွမ်းနဲ့ ဘယ်လိုနှိမ်နင်းမယ်ဆိုတာ သိခွင့်ရှိရင် သိပါရစေခင်ဗျား"

ဟူ၍ မျက်နှာသေလေးဖြင့် မေးလေရာ ကျွန်ုပ်လည်းဖြေစရာစကားကို စဉ်းစားမရသဖြင့် စိတ်ကူးပေါက်ရာစကားကိုပြောလိုက်လေ၏။

"ကျုပ် စဉ်းစားထားပြီးသားပါ၊ လူ့ဘဝမှာလည်း ရက်စက်တယ်၊ သရဲဘဝရောက်တော့လည်း ငြိမ်ငြိမ်မနေဘဲ လူတွေကို လိုက်ပြီးသတ်ဖြတ်နေတဲ့ ဦးမိုးမှောင်ကိုဖမ်းချုပ်ပြီးနောက်တစ်ကြိမ်ကြိုးမိန့်ပေးရမယ်၊ အဲဒီအခါမှာလည်း ကြိုး



www.burmeseclassic.com

www.burmeseclassic.com



ကိုဒေါက်ဖြုတ်ဖို့ ခင်ဗျားကိုပဲ တာဝန်ပေးရမယ်"

"ခင် . . . ဗျာ . . ."

ထိုအသံမှာ ထောင်ပူးဝအတွင်း၌ ကျန်ရစ်ခဲ့တော့၏။

✻ ✻ ✻

## အခန်း (၁၂)

## လျှို့ဝှက်ချက်ကိုသိရပြီ

ထိုနေရာသို့ ဒုတိယအကြိမ်မြောက် ကျွန်ုပ်ရောက်ရှိလာခဲ့၏။

အချိန်မှာ ညနေစောင်းညီအစ်ကိုမသိတသိအချိန်ဖြစ်သည်။ ထိုနေ့မှာတော့ ကျွန်ုပ်သည် ယခင်ရောက်ရှိခဲ့စဉ်ကနှင့်မတူ အထူးပင်သိုသိပ်စွာ ချဉ်းကပ်လှုပ်ရှား၏။

ကျွန်ုပ်သိလိုသမျှအချက်အလက်အတော်များများလည်း ရရှိထားပြီးဖြစ်ရာ တိကျစွာကောက်ချက်ဆွဲနိုင်ရေးအတွက် အ



www.burmeseclassic.com

www.burmeseclassic.com



ချိန်မဆိုင်းဘဲ ကျွန်ုပ်ထွက်ခွာလာခဲ့ခြင်းဖြစ်၏။ ခြံအိုကြီးမှာ ယခင် ကျွန်ုပ်ရောက်ရှိစဉ်ကကဲ့သို့ပင် နက်ရှိုင်းသည့်တောနက်ကြီးသ ဖွယ် အပြောင်းအလဲမရှိ တွေ့ရလေ၏။

အနက်ရောင်ဖျဉ်ကြမ်းအင်္ကျီနှင့် အနက်ရောင် သင် လတ်ဘောင်းဘီအပွကို အထက်အောက်ဝတ်ဆင်ထားပြီး ခြံအို ကြီး၏ အမှောင်ရိပ်ကိုအကာအကွယ်ယူရင်း သတိဖြင့်စောင့်ကြည့် နေလိုက်သည်။ အရေးကြုံလျှင် အသုံးပြုရန်အတွက် ၃၈ ဘို ပစ္စတိုသေနတ်ကိုလည်း ကျည်အပြည့်ထည့်၍အသင့်ယူဆော လာခဲ့၏။

ရှင်းလင်းဖယ်ရှားခြင်းမရှိသည့် သစ်ရွက်သစ်ခက်များမှ ခြံကြီးအတွင်း၌ ပြန့်ကျဲနေပြီး အောက်ခြေရှုပ်ထွေးလျက်ရှိရ လေတိုးငွေ့သည်နှင့် ရွေ့လျားနေကြသဖြင့် တရှဲရှဲ၊ တဖျော ဖျောက်အသံများထွက်ပေါ်နေလေ၏။ ရုတ်တရက်ဆိုသော် ထိုအ သံများမှာ မကောင်းဆိုးဝါးကြီးများ တိတ်တဆိတ်လမ်းလျှောက် နေ■ကဲ့သို့ သွေးပျက်ဖွယ်ကောင်းနေတော့သည်။

ကျွန်ုပ်သည် ယခင်ရောက်ရှိစဉ်ကနှင့်မတူ ခြံအိုကြီး၏ နေရာအနှံ့ကိုစူးစိုက်အကဲခတ်လေရာ အိမ်ကြီး၏အနောက်ဘက် ရှိ ချုံနွယ်များ၏အောက်ခြေတွင် အမှတ်မထင်မြင်တွေ့လိုက်ရ သည့် အရာဝတ္ထုများကိုသတိပြုမိသွား၏။ အမှုမဲ့ကြည့်သော်





ဘာမျှထူးဆန်းသည့်အရာများမဟုတ်သော်လည်း ကျွန်ုပ်အဖို့ တော့ အတိုင်းထက်အလွန်အားတက်ရှင်လန်းသွား၏။

ဘဲဥပုံငါးသေတ္တာအခွံတစ်ခုကို တွေ့လိုက်ရခြင်းပင်ဖြစ် သည်။ ထို ငါးသေတ္တာအခွံလေးကို ကပျာကယာကောက်ယူ ကြည့်ရှုလိုက်စဉ်မှာတော့ ကျွန်ုပ်သည် အတော်လေးအံ့အားသင့် သွားတော့၏။

ဖောက်စားပြီးစ ဆီအကပ်အသက်များကိုတွေ့ရသဖြင့် လောလောလတ်လတ်လွှင့်ပစ်ထားခြင်းဖြစ်သည်ကို သိရှိလိုက် သောကြောင့် ဖြစ်၏။ လွန်ခဲ့သည့်ရက်ပိုင်းအတွင်းက ကျွန်ုပ်သည် ၎င်းနေရာတစ်ဝိုက်သို့ရောက်ရှိခဲ့လေရာ ထိုစဉ်က တစ်စုံတစ် ရာမတွေ့ရဘဲ ယခုမှ ထူးထူးခြားခြားတွေ့ရသဖြင့် ထိုအိမ်ကြီးပေါ် တွင် လူတစ်ဦးတစ်ယောက်လျှို့ဝှက်စွာနေထိုင်သည်မှာ သံသယ ဖြစ်ဖွယ်မရှိတော့ပေ။

အဓိကအချက်အလက်ကို သဲလွန်စရရှိလိုက်သဖြင့် ကျွန်ုပ်သည် လွန်စွာအားတက်ပျော်ရွှင်မိ၏။

အိမ်ကြီးဆီသို့ မသိမသာအကဲခတ်ကြည့်လိုက်၏။ အ နည်းငယ်မျှထူးခြားမှုမရှိဘဲ ပကတိတိတ်ဆိတ်နေသဖြင့် ကျွန်ုပ် သည်းအခြေအနေကိုစောင့်ကြည့်ရန်ဆုံးဖြတ်လိုက်ပြီး ခြံဝန်း နောက်ဘက်ရှိပိန္နဲပင်ကြီးပေါ်သို့ တက်ရောက်ပုန်းခိုနေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အချိန်အတော်ကြာသည့်တိုင် အိမ်ကြီးပေါ်မှလှုပ်ရှားသွားလာသောလူရိပ်လူယောင်ဆို၍ အနည်းငယ်မျှပင်မတွေ့ရပေ။ ကျွန်ုပ်သည် ငါးသေတ္တာဘူးခွံကို ကြည့်မိပြန်၏။ လတ်ဆတ်သည့် ငါးသေတ္တာခွံကိုအကြောင်းပြု၍ ထိုအိမ်ကြီးပေါ်တွင် လူတစ်ဦးတစ်ယောက်သည် လျှို့ဝှက်စွာရှိနေမည်ဟု ကျွန်ုပ် အနိုင်အမာယူဆထားပြီးဖြစ်ရာ နေဝင်မိုးချုပ်သည့်အထိ စောင့်ကြည့်ရန် ဆုံးဖြတ်လိုက်တော့သည်။

ကျွန်ုပ်သည် အခြေအနေတစ်ခုလုံးပေါ်တွင် ဖြန့်ကြက်တွေးတောမိသည်။

ကျွန်ုပ်တွေးဆသကဲ့သို့ ထိုအိမ်ကြီးအတွင်း၌ ရှိနေသူသည် မည်သူမည်ဝါဖြစ်၍ မည်သည့်အကြံအစည်ဖြင့် ထိုသို့လျှို့ဝှက်နေထိုင်ရပါသလဲ၊ မရိုးဖြောင့်သောအကြံအစည်ရှိနေ၍သာ ထိုသို့နေထိုင်ခြင်းဟု စဉ်းစားမိ၏။

ကျွန်ုပ်သည် ပြဿနာတစ်ခုကို ချဉ်းကပ်ရာတွင် အလျင်စလိုအပြုအမူမျိုး၊ ထင်မြင်ယူဆမှုမျိုးဖြင့် အဆောတလျင် ဆုံးဖြတ်ခြင်းမပြုပေ။ ပြဿနာ၏ဖြစ်နိုင်ခြေရှိသည့် အချက်အလက်များကိုတစ်ခုချင်းဆွဲထုတ်ပြီး တိကျရှင်းလင်းသည့်အဖြေရရှိအောင်ကြိုးစားသူဖြစ်၏။

သို့ကြောင့်လည်း ကျွန်ုပ်သည် အချက်အလက် (သဲလွန်





စ) များကို တစ်ဆင့်ပြီးတစ်ဆင့်စုံစမ်းရှာဖွေနေခြင်းဖြစ်၏။

မနက်ခင်းတွင် ကျွန်ုပ်သည် ထောင်သို့သွားပြီး မိမိသိလိုသမျှကိုစုံစမ်းမေးမြန်းခဲ့၏။ ထိုအချက်အလက်များအရ ဆရာဝန်ကြီးဦးမိုးမောင်မှာ အမှန်ပင်သေဆုံးသွားခြင်းဖြစ်၏။ သို့ဆိုလျှင် ထိုအိမ်ကြီးအတွင်း၌ လျှို့ဝှက်စွာနေထိုင်သူမှာ မည်သူနည်း။ ဦးမိုးမောင်၏တပည့်ရင်း ဒေါက်တာမျိုးဆွေဖြစ်လေသလား။

ဦးမိုးမောင်သေဆုံးပြီးနောက် သရဲခြောက်သောထိုအိမ်ကြီးတွင် အိမ်စောင့်အဘိုးကြီးပင်မနေဝံ့၍ အခြားတွင် သွားရောက်နေထိုင်သည်ဟုသိရ၏။ ဒေါက်တာမျိုးဆွေသာလျှင် တစ်ခါတစ်ရံ ရောက်ရှိလာတတ်ကြောင်း ကြားသိရသဖြင့် ထိုသူမှာ ဒေါက်တာမျိုးဆွေမှတစ်ပါး အခြားသူဖြစ်နိုင်ခြေမရှိဟု ယူဆရမည်ဖြစ်၏။

သို့ဆိုလျှင် ဒေါက်တာမျိုးဆွေကို ဖမ်းဆီးရမည်လား။ ထိုအတွေးမှာ စိတ်ကူးသက်သက်ဖြစ်ပြီး သံသယအတွေးသာလျှင် ဖြစ်၏။ အချို့ကလည်း သံသယအတွေးဖြင့် ပြောဆိုကြပြန်၏။ ဒေါက်တာမျိုးဆွေသည် သူ၏ဆရာအတွက် အခဲမကျေသဖြင့် သရဲယောင်ဆောင်ပြီး လူတွေကိုခြောက်လှန့်သတ်ဖြတ်နေသည် ဟူသောစကားများပင် ဖြစ်သည်။

ကျွန်ုပ်သည် ဒေါက်တာမျိုးဆွေကို အကဲခတ်စေ့စေ့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီးဖြစ်သည်။ အစဉ်သဖြင့်ပြုံးရွှင်နေတတ်ပြီး တစ်ပါးသူအပေါ်တွင် ကိုယ်ချင်းစာတရားဖြင့် ကူညီရိုင်းပင်းသူဖြစ်၍ ထိုသို့ ရက်စက်ကြမ်းကြုတ်သည့်အပြုအမူမျိုး ဘယ်တော့မှ ပြုလုပ်မည်မဟုတ်ဟု ကျွန်ုပ်ယုံကြည်၏။

ရရှိသည့်သတင်းများအရလည်း သံသယဖြစ်ဖွယ်အနည်းငယ်မျှမတွေ့ရပေ။

ဒေါက်တာမျိုးဆွေသည် ဦးမိုးမှောင်ရှိစဉ်ကတည်းက မန္တလေး၊ ပြင်ဦးလွင်ကားလမ်းမကြီးနံဘေးတွင် ကိုယ်ပိုင်ဆေးခန်းဖွင့်လှစ်ပြီး လူနာများကို လက်ခံကုသနေသူဖြစ်သည်။ သူ၏ဆေးရုံသို့ရောက်လာသော ဝေဒနာသည်၊ ရောဂါသည်များနှင့် ကလေးသူငယ်များပါမကျန် ယုယအလိုလိုက်သကဲ့သို့ ပျော့ပျောင်းချိုသာစွာဆက်ဆံသူဖြစ်၏။

ကရုဏာ၊ မေတ္တာ၊ စေတနာရှေ့ထား၍ သနားကြင်နာစွာပြုစုကုသပေးသူဖြစ်၍ သူ၏ဆေးရုံမှာ လာရောက်ကုသသည့် ဝေဒနာသည်များမှာ မပြတ်စည်ကားနေတော့၏။

ထိုအိမ်ကြီးသို့ တစ်ခါတစ်ရံရောက်ရှိလာခြင်းမှာ သူ၏ဆရာကို သတိရအောက်မေ့သဖြင့် လာရောက်ခြင်းဟု ယူဆရမည် ဖြစ်၏။

ကျွန်ုပ်သည် ယမန်နေ့ညနေက အဖြစ်အပျက်ကိုတွေ့





မြင်ယောင်မိသည်။ သရဲဦးမိုးမှောင်သည် ဝိညာဉ်ဘဝဖြင့် သူ့အပေါ်တွင် ထောင်သွင်းသတ်ဖြတ်ခဲ့သူများကို တစ်ဦးပြီးတစ်ဦး ခြောက်လှန့်သတ်ဖြတ်နေသည်ဟု အားလုံးကယူဆထားကြ၏။ ၎င်းတို့ပြောပြသည့် ပုံပန်းသဏ္ဌာန်အရ ထိုညက ကျွန်ုပ်နှင့် ရင်ဆိုင်ကြုံတွေ့ရသူမှာ သရဲဦးမိုးမှောင်ပင်ဖြစ်သည်။

သို့ဆိုလျှင် ထိုသရဲသည် ဝိညာဉ်၊ နာနာဘာဝမဟုတ်ကြောင်း ကျွန်ုပ်အခိုင်အမာယုံကြည်ရပေတော့မည်။ အကြောင်းကား ဝိညာဉ်၊ နာနာဘာဝတို့ မတတ်ကျွမ်းသည့်အတတ်ပညာဖြင့် သူသည် စက်ရှင်မင်းကြီးကို လုပ်ကြံသတ်ဖြတ်ရန် ရောက်ရှိလာ၍ဖြစ်သည်။

ကျွန်ုပ်သည် ထူးဆန်းစွာအိပ်ငိုက်နေကြသည့် ဂေါ်ရာ ပုလိပ်သုံးဦးကို တွေ့လိုက်ရသည်နှင့် ခြံဝန်းတစ်ခုလုံးကို သတိထား စောင့်ကြည့်နေစဉ်မှာပဲ စိမ်းရွှေရွှေအနံ့ကြီးကို ရရှိလိုက်လေရာ ထိုအခြေအနေမှာ အကြောင်းမဲ့ဖြစ်ပေါ်လာခြင်းမဟုတ်ကြောင်း သိရှိလိုက်၏။ ၎င်းအနံ့ကြောင့်ပင် အိမ်တွင်းအိမ်ပြင် စောင့်ရှောက်သူများသည် တစ်ယောက်ကိုတစ်ယောက်မှီကာ အိပ်ငိုက်လာကြပြီး ငုတ်တုတ်ထိုင်လျက်က သတိအလျဉ်းမရဘဲ အိပ်မောကျသွားလေ၏။

ကျွန်ုပ်သာလျှင် သတိဝီရိယဖြင့် ကြိုတင်ကာကွယ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့၍ ထိုသူများကဲ့သို့ အခြေအနေဆိုးဝါးခြင်းမရှိခဲ့ခြင်း ဖြစ်၏

ကျွန်ုပ်၏သံသယကို ပို၍ခိုင်မာသွားစေသည်မှာ ကျွန်ုပ်နှင့်စက်ရှင်မင်းကြီးဦးငွေစိုး၏အိပ်ခန်းဝတွင် ထိုသရဲဦးမိုးမှောင်ရောက်ရှိလာသည့်အခါတွင် ဖြစ်သည်။ သူသည် အပြင်တံခါးကိုသာ ဖွင့်နိုင်ပြီး အတွင်းက သံကြိုးဖြင့်တုတ်နှောင်၍သော့ခတ်ထားသည်ကို ဖွင့်မရသည့်အခါ လက်တစ်ဝါးခန့်ပွင့်သွားသော တံခါးရွက်ကြားသို့ သူ၏လက်ကိုထိုးသွင်းပြီး အတွင်းကသော့ကိုဖြုတ်ယူရန် ကြိုးစားရှာဖွေ၏။

ကျွန်ုပ်သည် ထိုအခြေအနေကို အိပ်ရာထက်တွင်လှဲလျောင်းနေလျက်က ကောင်းစွာတွေ့မြင်နေရ၏။

သူသည် အတွင်းသော့ကိုဖွင့်နိုင်ရန် အကြိမ်ကြိမ်ကြိုးစားနေလေရာ ထိုအခြေအနေကိုအခွင့်ကောင်းယူ၍ ကျွန်ုပ်လည်း လျှပ်တစ်ပြက်လှုပ်ရှားလိုက်၏။ ထိုစဉ်ကတည်းက လက်ရဖမ်းဆီးရန်အခွင့်အရေးရှိသော်လည်း ကျွန်ုပ်သည် ပရိယာယ်ဖြင့်လက်လျှော့ပေးခဲ့၏။ ထိုအဖြစ်ကို ကျွန်ုပ်သာလျှင်သိရှိထားပြီး အခြားမည်သူ့ကိုမျှ ပြောပြခြင်းမပြုခဲ့ပေ။

မဆိုးသည် သားကောင်ကိုတိကျစွာ ချိန်ရွယ်ပစ်ခတ်လိုက်၏။ သားကောင်သည် ဒဏ်ရာရရှိသွားသော်လည်း လျှပ်ရှူးသွေးတန်းဖြင့်ပြေးထွက်လေရာ မဆိုးမှာ အထူးတလည်အား





ထုတ်ရန်မလိုတော့ဘဲ ၎င်းတောကောင်၏ခြေရာကို မှန်းဆလိုက်ပါသွားသည်နှင့် သားကောင်ကိုရရှိစမြဲဖြစ်သည်။ သားကောင်မှာ ထိုဒဏ်ရာဖြင့် တစ်နေရာတွင် လဲကျသေဆုံးသွားမည်ကို မုဆိုးက သိရှိနေ၍ဖြစ်သည်။

ထို့အတူပင် ကျွန်ုပ်လည်း ဒုစရိုက်သားကောင်ကို သိရှိလိုက်ရပြီမို့ ၎င်း ဘယ်အထိတိမ်းရှောင်နိုင်လေမလဲဟု သိရှိလို၍ စောင့်ကြည့်လိုက်ခြင်းဖြစ်သည်။ ကျွန်ုပ်သည် သားကောင်ကို အနာတရဖြစ်အောင် ပြုလုပ်နိုင်ခဲ့၏။

ထိုစဉ်က ကျွန်ုပ်သည် အိပ်ရာမှအသာအယာထပြီး အမှောင်ရိပ်ကျသည့် အခန်းနံရံအနီးမှ ဝပ်တွားလျက် တံခါးရွက်ဆီသို့ တိတ်တဆိတ်ချဉ်းကပ်သွားလိုက်၏။ သရဲဦးမိုးမှောင်ဟု ယူဆထားသည့် သတ္တဝါကြီးမှာ ကျွန်ုပ်ချဉ်းကပ်ရောက်ရှိလာသည်ကို အနည်းမျှရိပ်မိခြင်းမရှိဘဲ တံခါးဖွင့်နိုင်ရေးကိုသာ အာရုံစိုက်နေလေ၏။ သူ၏လက်တစ်ဖက်မှာ 'ဟ' နေသည့် တံခါးကြားမှ အတွင်းဘက်ရှိသော့ကိုဖွင့်နိုင်ရန် ကြိုးစားလျက်ရှိရာ ထိုလက်မှာ ကျွန်ုပ်ရှိရာအခန်းတွင်းသို့ ဟိုသည်ရွေ့လျားနေလေ၏။

စိမ်းရွှေရွှေအနံ့မှာလည်း ပို၍ပြင်းထန်လာသဖြင့် ကျွန်ုပ်လည်း ရုတ်တရက်ငိုက်မြည်းမသွားအောင်သတိထားလျက် နှာ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဝတွင် သံပရာသီးကိုတွေ့ရင်း မပြုတ်ရှုံ့ရှုံ့ကြက်နေရ၏။ ကျွန်ုပ်
အချိန်ဖင့်နွဲ့နေ၍ မဖြစ်တော့ပါ၊

ထိုအခိုက် ကျွန်ုပ်သိရှိလိုက်သည်မှာ ထိုသတ္တဝါကြီးမှာ
ဝိညာဉ်၊ နာနာဘာဝမဟုတ်ကြောင်းပင်ဖြစ်သည်။

အချိန်အနည်းငယ်ကြန့်ကြာသွားပါက ကျွန်ုပ်သည်
၎င်းထံမှရရှိသည့် စိမ်းရွှေရွှေရနံ့ကြောင့် ငိုက်မြည်းအိပ်ပျော်သွား
မှာသေချာသည်။ ထို့ကြောင့် ရုတ်တရက်ရရှိလိုက်သည့်စိတ်
ကူးကို ကပျာကယာအကောင်အထည်ဖော်လိုက်တော့၏။

"ဒီလောက်မျက်နှာပြောင်တဲ့ သရဲ . . . ကဲကွာ"

'ဒုန်း . .'

'ဝုန်း . . ဝုန်း'

ထိုအသံများမှာ ရုတ်တရက်ပင်ပြောင်းဆန်သွားလေ၏
စိမ်းရွှေရွှေရနံ့ကြောင့် မိသားစုဝင်များနှင့် အစောင့်အရှောက်
များအိပ်ပျော်နေကြသဖြင့် ထိုအဖြစ်ကိုသိရှိနိုင်ခြင်းမရှိခဲ့ပေ။ သို့
မဟုတ်ပါက ထိုအခြေအနေကို မျက်ဝါးထင်ထင်တွေ့မြင်ရပြီး
အခြေအနေတစ်မျိုးဖြစ်သွားပါလိမ့်မည်။

ကျွန်ုပ်က အတွင်းဘက်မှတံခါးရွက်ကို အားကုန်ဆောင့်
တွန်းလျက် အတွင်းသို့ကျုံဝင်လာသည့် ၎င်း၏လက်ကို တံခါး
ပေါင်နှင့်ညှပ်ထားလိုက်ရာ ထိုသတ္တဝါမှာမထင်မှတ်သည့် ထို





ပြန်မှုကိုရင်ဆိုင်လိုက်ရသဖြင့် အကြောက်အကန်ရုန်းလေ၏။

ကျွန်ုပ်ကလက်နှင့်တွန်းရုံမက ခန္ဓာကိုယ်အားကိုလည်း
အသုံးပြုထားသဖြင့် ထိုသတ္တဝါမှာ သူ၏လက်ကိုအလွယ်နှင့်
ဆွဲထုတ်မရသကဲ့သို့ လွန်စွာမှလည်းနာကျင်သွားသည့်ကြောင့်
ကြောက်မက်ဖွယ်အသံကြီးထွက်ပေါ်သွား၏။

ဂူးဂူး . . . ဝါးဝါး အော်ဟစ်ရင်း ရုန်းကန်သဖြင့် တဝုန်း
ဝုန်းအသံများထွက်ပေါ်နေတော့၏။ လွန်စွာသန်မာသည့် အား
အစွမ်းပင်ဖြစ်သည်၊ သတ္တဝါကြီးသည် ကျွန်ုပ်အားနှင့်တွန်းကန်
နေသည့်ကိုအပြင်ဘက်မှရအောင် ရုန်းထွက်နိုင်စွမ်း၏။

ထို့နောက် လျင်မြန်သောအဟုန်ဖြင့် အိမ်ပေါ်မှ ပြေး
ထွက်သွားလေရာ အတွင်းတံခါးသော့ကိုဖွင့်ပြီး အခန်းအပြင်သို့
ကျွန်ုပ်ရောက်ရှိသည်နှင့် ထိုသတ္တဝါကြီးမှာ ခြံအပြင်ရောက်ရှိ
သွားတော့၏။

ထူးခြားသည်မှာ ၎င်းပျောက်ကွယ်သွားသည်နှင့် စိမ်း
ရွှေရွှေအနံ့ကြီးမှာလည်း တဖြည်းဖြည်းလျော့ပါးလွင့်ပြယ်သွား
လေ၏။ စက်ရှင်မင်းကြီးနှင့် ၎င်း၏အိမ်သားများအစောင့်အ
ရှောက်များမှာ နံနက်မိုးသောက်အလင်းရောက်သည်နှင့် ထိုအ
ဖြစ်ကိုသိရှိကြပြီး အထူးပင်တုန်လှုပ်ချောက်ချားနေကြ၏။

ကျွန်ုပ်ကလည်း ညက သရဲဦးမိုးမှောင်မည်သို့မည်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာကြောင်း၊ အခန်းတံခါးဝတွင်အချိန်ကြာမြင့်စွာ ရပ်တန့်နေသော်လည်း အခန်းတွင်းသို့ဝင်ရောက်နိုင်ခြင်းမရှိကြောင်း၊ အခန်းဝမှာ ကျွန်ုပ်ဖြန့်ကျဲခဲ့သည့် ပြာမှုန့်များပေါ်တွင် သရဲဦးမိုးမောင်၏ခြေရာများကိုပြလျက် ရှင်းပြလိုက်လေရာ ထိုနေ့က စက်ရှင်မင်းကြီးအဖို့ ဘေးဥပဒ်တစ်စုံတစ်ရာကျရောက်ခြင်းမရှိခဲ့သည်မှာ ကျွန်ုပ်၏ဘုန်းတန်ခိုးများကြောင့်ဟု ယုံကြည်သက်ဝင်သွားပြီး ကျွန်ုပ်ကို ကျေးဇူးတင်မဆုံးဖြစ်နေတော့၏။

ကျွန်ုပ်သည် ပြုံး၍သာနေလိုက်၏။ ၎င်းတို့ယုံကြည်သတ်မှတ်ထားသည့် သရဲဦးမိုးမောင်နှင့် ကျွန်ုပ် မည်သို့မည်ပုံ ရင်ဆိုင်ကြုံတွေ့ရသည်ကိုရှင်းပြခြင်းမပြုဘဲ ထိမ်ချန်ထားလိုက်၏။ ထို့နောက်မှာတော့ ကျွန်ုပ်သည် ဦးမိုးမောင်အားကြိုးမိန့်ချ မှတ်ခဲ့သည့်ထောင်သို့သွားရောက်ပြီးဦးမိုးမောင်မည်သို့မည်ပုံသေ ဆုံးခဲ့ကြောင်းကို မေးမြန်းစုံစမ်းခဲ့၏။

ထိုမှတစ်ဆင့် ကျွန်ုပ်သည် အချိန်မဆိုင်းဘဲ ၎င်းနေ ထိုင်ခဲ့သည့် ခြံအိုကြီးသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ယခင်က ကျွန်ုပ်သည် ၎င်းတို့ပြောပြကြသည့် အခြေ အနေပေါ်တွင်သာ သိရှိခဲ့ရသဖြင့် ၎င်းတို့ရင်ဆိုင်နေရသည့် အန္တ ရာယ်ဆိုးနှင့်ပတ်သက်၍ တိကျစွာ သုံးသပ်နိုင်ခြင်းမရှိခဲ့ပေ။ သို့သော်လည်း ထိုညက ၎င်းတို့ယုံကြည်သတ်မှတ်ထားသည့်





ရဲ ဦးမိုးမောင်နှင့်ကျွန်ုပ်ကိုယ်တိုင်ရင်ဆိုင်ခဲ့ရသည့်တွင်မတော့ ကျွန်ုပ်၏အတွေးအာရုံမှာ တိကျရှင်းလင်းသွားတော့၏။

ထိုလူသတ်ကောင်သည် ၎င်းတို့ယုံကြည်သတ်မှတ်ထား သည့် တစ္ဆေ သရဲ၊ နာနာဘာဝစသဖြင့် ပရလောကမှလူသတ် ကောင်မဟုတ်ဘဲ သက်ရှိသတ္တဝါ၊ သို့မဟုတ် ထူးဆန်းသော သားတစ်ဦးဖြစ်မည်ဟု အခိုင်အမာယုံကြည်လိုက်သောကြောင့် ဖြစ်သည်။

ကျွန်ုပ်သာလျှင် ယုံကြည်လက်ခံ၍ ကိစ္စပြီးမည်မဟုတ် ။ အများကယုံကြည်လက်ခံစေရန် ထိုပြဿနာကိုစုံစမ်းဖော် ထုတ်ရမည့်တာဝန်မှာ ကျွန်ုပ်လိုဥပဒေဘက်တော်သားများ၏ တာဝန်နှင့်ဝတ္တရားပင်ဖြစ်သည်။

ဒုစရိုက်သမားများကို စုံစမ်းဖော်ထုတ်ရာတွင် ကျွန်ုပ်တို့ ကိုင်ဒီစုံထောက်လောက၌ သုံးနှုန်းပြောဆိုသည့် စကားတစ်ခွန်း ၏။

အိပ်နေသည့်ခြသေ့်၏ခံတွင်းထဲသို့ သားကောင်သည် ယ်ယော့မှ အလိုလိုတိုးဝင်လာမည်မဟုတ်’ ဟူသော စကား ဖြစ်သည်။ ဒုစရိုက်သမားသည် သားကောင်အဖြစ် ယူဆ သော်လည်း တစ်ခါတစ်ရံတွင်ဒုစရိုက်သမားက မုဆိုးဖြစ်သွားပြီး ဥပဒေဘက်တော်သားက သားကောင်အဖြစ်မျိုး ကျရောက်သွား



www.burmeseclassic.com

www.burmeseclassic.com



သည့်အခြေအနေမျိုးလည်းရှိ၏။

အထူးသဖြင့် ထိုသို့သော ဒုစရိုက်သမားမျိုးမှာ ဉာဏ် ပညာနုံနည်းသူများမဟုတ်ကြဘဲ ပညာဉာဏ်မြင့်မားပြီးလွန်စွာ ပါးရည်နပ်ရည်ရှိသည့်လူစားမျိုးဖြစ်လေရာ ၎င်းတို့နှင့်ရင်ဆိုင် ရသည့် ဥပဒေဘက်တော်သားများအဖို့ အထူးသတိဝီရိယကြိ စွာထားလျက် လှုပ်ရှားဆောင်ရွက်ရ၏။ အယူအဆ၊ အတွေးအ ခေါ်လွဲချော်ပါက ၎င်းဒုစရိုက်သမား၏ စားကျက်အတွင်းသို့ သာ ကောင်အဖြစ် ကျရောက်ခဲ့ရသည့်ဖြစ်စဉ်များမှာ ကျွန်ုပ်တို့ စီအိုင်ဒီ လောကတွင် မကြာခဏ ကြုံတွေ့ရစမြဲဖြစ်၏။

စက်ရှင်မင်းကြီးဦးငွေစိုးနှင့် အခြားသူများ ရင်ဆိုင်ကြ တွေ့ကြရသည့် ဘေးအန္တရာယ်ဆိုးကို နည်းပရိယာယ်ကြွယ် စွာဖြင့် ချဉ်းကပ်သတ်ဖြတ်ရန် ကြံစည်နိုင်စွမ်းသည့် ဒုစရိုက် သမားသည် ဉာဏ်ပညာနှင့်အတွေးအခေါ်အရာတွင် များစွာ ဆင့်အတန်းမြင့်မားသူဖြစ်ပေလိမ့်မည်။ သို့ကြောင့်လည်း ဥ ဒေဘက်တော်သားဖြစ်သည့် စက်ရှင်မင်းကြီးကိုယ်တိုင် သာ ကောင်ဘဝသို့ရောက်ရှိခဲ့ရခြင်းဖြစ်သည်။

ဆရာဝန်ဦးမိုးမောင်သည် ကြိုးမိန့်ဖြင့်အသတ်ခံရပြီ သရဲဘဝဖြင့် တုံ့ပြန်လက်စားချေသည်ဟူသော ထင်မြင်ယူ ချက်များကို ကျွန်ုပ်ကိုယ်တွေ့ရရှိသည့် သဲလွန်စများအပေါ် သုံ





သပ်၍ အနိုင်အမာငြင်းပယ်လိုက်၏။ သို့ဆိုလျှင် ထိုသို့ခြောက် လှန့်သူမှာ မည်သူဖြစ်လေမလဲ။

ကျွန်ုပ်သည်ရရှိထားသည့် သဲလွန်စများအပေါ် အခြေခံ ပြီး ဖြစ်နိုင်ခြေရှိသည့်ရှုထောင့်မှ တွေးဆပုံဖော်နေမိ၏။ ဦးမိုးမောင် ခြံအိုကြီးအနောက်ဘက် ချုံစပ်အနီးမှရရှိသည့် ငါးသေတ္တာဘူး အခွံကြောင့် ကျွန်ုပ်၏သိလိုသောဆန္ဒများမှာ ပို၍ပင်ကြီးထွားလာ ခဲ့၏။

ကျွန်ုပ်သည် ပိန္နဲပင်ကြီး၏အမြင့်ပိုင်း ခွဆုံတွင်ထိုင်လျက် အခြေအနေတစ်ခုလုံးအပေါ်တွင် သုံးသပ်ဆင်ခြင်နေလေရာ ည နေခင်းနေရောင်ပင် ကွယ်ပျောက်သွားပြီး အမှောင်ကြီးစိုးလာ တော့၏။ ကျွန်ုပ်သည် အချိန်အနည်းငယ်ကြာမြင့်သည်အထိ ထပ်မံစောင့်ကြည့်ရန် ဆုံးဖြတ်လိုက်ပြီးနောက် မထင်မှတ်သည့် အခြေအနေတစ်ခုကို တွေ့လိုက်ရ၏။

သစ်ရွက်ခြောက်များအပေါ် နင်းလျှောက်သွားသည့် ချိုးချိုးချွတ်ချွတ်အသံကိုကြားလိုက်ရသဖြင့် အသံလာရာဆီသို့ ကြည့်လိုက်ရာ အသက်ငါးဆယ်ဝန်းကျင်အရွယ် ရှမ်းအဘိုးကြီး တစ်ဦးကို တွေ့ရလေ၏။ ဝါးဖက်ခမောက်ဆောင်းထားသဖြင့် အဘိုးကြီး၏မျက်နှာကို မတွေ့ရပေ။ ကျွန်ုပ်သည် ပိန္နဲပင်ကြီးပေါ် မှ ကြည့်ရှုနေရသဖြင့် ထိုအဘိုးကြီးကို အသေးစိတ်လေ့လာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုရသည်မှာ များစွာအဆင်ပြေ၏။

အဘိုးကြီးမှာ အရောင်အဆင်း လွင့်ပြယ်လျက်ရှိသည့် ပင်နီအင်္ကျီစုတ်ကို ဝတ်ဆင်ထားပြီး အနက်ရောင်ဘောင်းဘီအပွကြီးကို ဝတ်ဆင်ထားလျက် လက်လုပ်ခံ့ဖိနပ်အထူကြီးကို စီးထားလေရာ ထိုအသွင်အပြင်ကိုမြင်ရုံဖြင့် ဆင်းရဲသားလက်လုပ်လက်စားဖြစ်ကြောင်း ယူဆလိုက်မိ၏။

သူသည် ပလိုင်းနှစ်လုံးကို တံပိုးတင်၍ထမ်းလျက် လက်မှ ဝါးရင်းတုတ်ကြီးဖြင့်သစ်ပင်ပေါင်းပင်များကို ဖယ်ရှားရှင်းလင်းလျက် လျှောက်လှမ်းလာလေ၏။ ထိုအဘိုးကြီးနှင့် ဂူ၌နေရာသည် မည်သို့ဆက်စပ်ပတ်သက်နေပါသလဲ။ မည်သူမျှ အနားပင်မသီ ဝံ့သည့်ဂူ၌နေရာသို့ ရောက်ရှိလာသည့် ၎င်းရှမ်းအဘိုးကြီးကို ကျွန်ုပ်သည် မျက်တောင်မခတ် စူးစိုက်ကြည့်နေမိသည်။

အဘိုးကြီး၏မျက်နှာကို မတွေ့ရသော်လည်း ၎င်း၏လှုပ်ရှားသွားလာသည့် အမူအရာနှင့် ခန္ဓာကိုယ်ပေါ်က ထင်ရှားသည့် အမှတ်အသားအချို့ကို ရှာဖွေကြည့်ရှုနေမိသည်။ ထိုအခိုက် အတန့်မှာပဲ သံသယဖြစ်ဖွယ်အခြေအနေတစ်ခုကို သတိထားလိုက်မိ၏။

အဘိုးကြီးထမ်းယူလာသည့် ပလိုင်းနှစ်လုံးတွင်းရှိ အရာဝတ္ထုများကို မထင်မှတ်ဘဲမြင်လိုက်ရသောကြောင့်ဖြစ်သည်။





ပလိုင်းနှစ်လုံးပေါ်တွင်ဖုံးအုပ်ထားသည့် အဝတ်စများက သူတို့သွားသောလမ်းဘေးရှိ ဆူးခက်အချို့နှင့် ငြိသွားသဖြင့် အဝတ်စကိုဆွဲဖယ်လိုက်သလိုဖြစ်သွားရာ ပလိုင်းထဲတွင် ဂိုးလ်ဒင်းပတ်မုန့်သေတ္တာ၊ ငါးသေတ္တာ၊ အိုဗာတင်းဘူး၊ နို့ဆီ၊ ထောပတ် စသော အစားအသောက်ပစ္စည်းများကိုတွေ့ရလေ၏။

အဘိုးကြီး၏အသွင်အပြင်နှင့် ၎င်းပစ္စည်းများမှာ မည်သို့မျှဆက်စပ်ပတ်သက်၍ မရသဖြင့် ကျွန်ုပ်လည်း အထူးအဆန်းလိုကြည့်နေလေရာ ထပ်မံမြင်တွေ့လိုက်ရသည့်အခြေအနေကြောင့် ကျွန်ုပ်၏မျက်ဝန်းများမှာ အထိတ်တလန့်ပြူးကျယ်သွားတော့၏။

အဘိုးကြီးသည် အုတ်ဂူကလေးနှင့် ပေငါးဆယ်ခန့်အကွာအဝေးတွင်ရှိသော နဘူးချုံကြီးအတွင်းသို့ တိုးဝင်သွားလေ၏။

ချုံကြီးမှာ အကိုင်းအနွယ်များရှုပ်၍ အရွက်အခက်များပြည့်ကျပ်လျက်ရှိရာ အဘိုးကြီး၏လှုပ်ရှားမှုများကို အမြင့်ပိုင်းတွင်ရှိနေ၍သာ ကောင်းစွာတွေ့မြင်ရခြင်းဖြစ်၏။ အဘိုးကြီးက သူ၏ထမ်းပိုးကိုချကာ မြေပြင်သို့ခါးကိုင်းပြီး တစ်စုံတစ်ခုကို နှိုက်ယူနေ၏။ ပြန်၍ခါးမတ်လိုက်သည်နှင့် သူ၏လက်တွင် သံဖုံးကဲ့သို့ သံပြားဝိုင်းကြီးတစ်ခု မြောက်ပါလာပြီး နံဘေးသို့ရွှေ့ထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ပလိုင်းနှစ်ခုကို အတွင်းသို့ချကာ သူကိုယ်တိုင်လည်းမြေတွင်းထဲသို့ဆင်းသက်ပြီး အံဖုံးကိုပြန်ပိတ်လိုက်သည်နှင့် ထိုနေရာမှာ မူလထုံးစံအတိုင်း အပြောင်းအလဲမရှိဖြစ်သွားလေ၏။

ထိုအခိုက်အတန့်မှာပဲ ကျွန်ုပ်သည် အခြေအနေတစ်ခုလုံးအပေါ် ကောင်းစွာသိရှိလိုက်ရပြီဖြစ်၍ အချိန်ဖင့်နွဲ့မနေတော့ဘဲ သစ်ပင်ခွဆုံပေါ်မှဆင်းသက်ခဲ့ပြီး ခြံဝန်းအပြင်သို့ ကပျာကယာထွက်ခွာခဲ့တော့၏။

ထိုသို့ထွက်ခွာလာရင်းက ကျွန်ုပ်သည် လွန်စွာစိတ်အားတက်ကြွနေမိသည်။ သားကောင်သည် ကျွန်ုပ်နှင့် များစွာမကွာဝေးတော့ပေ။ ၎င်း၏ခြေရာများကို တွေ့ရှိနေရပြီဖြစ်ရာ နောက်ကာလများစွာမကြာခင် အမိအရဖမ်းဆီးနိုင်တော့မည်ဖြစ်သည်။

ကျွန်ုပ်တွေ့မြင်ခဲ့ရသည့် ရှမ်းအဘိုးကြီးကိုပြန်လည် မြင်ယောင်မိ၏။ ၎င်း၏မျက်နှာကို သဲကွဲစွာမြင်တွေ့ရခြင်းမရှိသော်လည်း အမူအရာလှုပ်ရှားမှုများနှင့် ခန္ဓာကိုယ်ပေါ်က ထင်ရှားသည့်အမှတ်လက္ခဏာများကို ကျွန်ုပ်၏အာရုံဝယ် စူးနစ်စွာ မှတ်သားခဲ့လေ၏။

ထိုအဘိုးကြီးသည် အိမ်တွင်း၌ ပုန်းအောင်းနေသူနှင့်ဆက်သွယ်လျက်ရှိပြီး အစားအစာရိက္ခာများ ပို့ဆောင်ပေးနေခြင်း





မှာ သိသာထင်ရှား၏။ အိမ်ကြီးအပေါ်ထပ်နှင့် အတွင်းတံခါးအချို့ ပိတ်ထားသော်လည်း လျှို့ဝှက်သောဥမင်လိုဏ်ခေါင်းလမ်းဖြင့် အတွင်းသို့ဝင်နိုင်ကြောင်းကို ကျွန်ုပ်သိလိုက်ရပြီဖြစ်၏။

ဒုစရိုက်သားကောင်သည် မည်သူမှထင်မှတ်မထားသည့် အခြေအနေမျိုးဖြင့် နေထိုင်လျက် အမှုအခင်းများကျူးလွန်နေသည်ဟု ကျွန်ုပ်သည် ရရှိခဲ့သည့်သဲလွန်စများအပေါ် ခြေရာခံပြီး အနိုင်အမာယုံကြည်လိုက်တော့သည်။

ပုန်းခိုနေသည့်သားကောင်ကို မိမိ၏စားကျက်တွင်းသို့ရောက်ရှိရန်တောခြောက်သကဲ့သို့ ခြောက်လှန့်ရမည်ဖြစ်သည်။

အချိန်အနည်းငယ်အတွင်း ကျွန်ုပ်သည် အနက်ရောင်အော်စတင်ကားကိုအပြင်းမောင်းလျက် တစ်နေရာသို့ဦးတည်ထွက်ခွာခဲ့တော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

## စားကျက်အတွင်းရောက်ရှိလာသည့်တစ္ဆေ

ကျွန်ုပ်သည် မန္တလေး ပြင်ဦးလွင် ကားလမ်းမကြီးနံဘေး ရှိ အထင်ကရဆေးရုံတစ်ရုံပေါ်တွင် လူနာအဖြစ် ရောက်ရှိနေ သည်မှာ သုံးရက်လွန်မြောက်ခဲ့ပြီဖြစ်၏။

ထိုဆေးရုံသို့ ရောက်ရှိခဲ့ရခြင်းမှာ ဒုစရိုက်သားကောင် ကို စားကျက်အတွင်းသို့ ဆွဲခေါ်ရန် အနီးဆုံးတိုးဝင်လိုက်ခြင်းဖြစ် သည်။ ကျွန်ုပ်ရရှိခဲ့သည့် သဲလွန်စများကို တစ်ဆင့်ပြီးတစ်ဆင့် ခြေရာခံလိုက်ပါလာခဲ့ရာ ဒုစရိုက်သားကောင်နှင့် လွန်စွာနီးကပ်





လာပြီဖြစ်၍ အထူးသတိထားနေရ၏။

သုံးရက်ဟူသောကာလအတွင်း ကျွန်ုပ်သည် ၎င်းဆေး ရုံပိုင်ရှင် ဒေါက်တာမျိုးဆွေနှင့်လည်းကောင်း၊ သူ၏သား ဒေါက် တာအောင်ခန့်၊ ဒေါက်တာအောင်ခန့်၏ဇနီး ကလေးမိခင် ဒေါက် တာစပယ်မြိုင်နှင့်လည်းကောင်း၊ ဒေါက်တာစံပယ်မြိုင်မှာ ကြိုး မိန့်ဖြင့် သေဆုံးသွားသည့် ဆရာဝန်ကြီးဦးမိုးမောင်၏ တစ်ဦး တည်းသောသမီးပင်။ သူတို့နှင့် ရင်းနှီးခင်မင်ခဲ့လေ၏။

၎င်းတို့နှင့် များစွာမတူဘဲ ကျွန်ုပ်အပေါ်တွင် အထူးအ လေးထား ဆက်ဆံသူမှာ မိန်းမချောလေး ဒေါက်တာဇာလီမော် ဖြစ်သည်။ သူမသည် ဒေါက်တာမျိုးဆွေ၏ သမီးထွေးဖြစ်၏။ ဒေါက်တာမျိုးဆွေသာမက သူ၏သားသမီး ချွေးမတို့မှာလည်း ဆရာဝန်များဖြစ်ကြလေရာ မည်သည့်ဆေးရုံဆေးခန်းတွင်မှ သွားရောက်လုပ်ကိုင်ခြင်းမပြုဘဲ မိမိတို့၏ ကိုယ်ပိုင်ဆေးရုံတွင် သာ တာဝန်ကိုယ်စီဖြင့် ဝင်ရောက်လုပ်ကိုင်ကြ၏။

ဒေါက်တာအောင်ခန့်မှာ တည်တည်တံ့တံ့အမူအရာဖြင့် နေထိုင်သော်လည်း လူနာများအပေါ်တွင် ယုယကြင်နာစွာ ပြော ဆိုဆက်ဆံသူဖြစ်၏။ အကြောင်းအရာတစ်ခုကို တစ်ပါးသူ သဘောပေါက်နားလည်စေရန် စိတ်ရှည်စွာ ရှင်းပြပြောဆိုနိုင်စွမ်း ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဇာလီမော်မှာလည်း စိတ်သဘောနူးညံ့သည့် မိန်းကလေးဖြစ်ကြောင်းကို သူမ၏ ချိုသာရွှင်ပျသော မျက်နှာကလေးက သက်သေခံလျက်ရှိ၏။

လွန်ခဲ့သော သုံးရက်မြောက်နေ့ ညနေခင်းအချိန်တွင် ကျွန်ုပ်သည် ဆရာဝန်ကြီးဦးမိုးမှောင်နေထိုင်သည့် ခြံအိုကြီးအတွင်းသို့ ရောက်ရှိခဲ့ပြီး ထူးခြားသည့်မြင်ကွင်းကို တွေ့မြင်ခဲ့ရပြီးသည်နှင့် ၎င်းနေရာမှ အော်စတင်ကားကိုမောင်းနှင်လျက် ထိုဆေးရုံသို့ ရောက်ရှိလာခဲ့၏။

ဆေးရုံသို့ ရောက်ရှိသည်တွင် ကားကို ဆေးရုံနှင့် မလှမ်းမကမ်းတွင် ရပ်ထားပြီး ဆေးရုံတွင်းသို့ အကဲခတ်ကြည့်နေမိသည်။ အချိန်မှာ ညဦးပိုင်းဖြစ်သည်ကြောင့် နာမကျန်းဖြစ်၍ ဆေးဝါးကုသရန်ရောက်ရှိလာသည့် လူနာများဖြင့် ဆေးရုံမှာ အတန်အသင့် စည်ကားလျက်ရှိ၏။ ကျွန်ုပ်အတွက် များစွာ အဆင်ပြေသွား၏။ ထိုလူနာများစုဝေးရာသို့ သွားရောက်ပြီး ကျွန်ုပ်လည်း ဆေးဝါးကုသရန် ရောက်ရှိလာသကဲ့သို့ နေထိုင်ရင်းဖြင့် ကောင်းစွာ အကဲခတ်ကြည့်ရှုခွင့် ရရှိလိုက်၏။

အချိန်အနည်းငယ်အတွင်းမှာပဲ ကျွန်ုပ်၏ သံသယအတွေးများမှာ ကွယ်ပျောက်သွားတော့၏။ ပိုးတိုက်ပုံ၊ နှံ့သာရောင် ဘန်ကောက်လုံချည်ကို တွဲဖက်ဝတ်ဆင်ထားပြီး ခန့်ညား





သည့်အသွင်ဖြင့် ဒေါက်တာမျိုးဆွေကို မြင်လိုက်ရသောကြောင့် ဖြစ်သည်။ ဒေါက်တာမျိုးဆွေမှာ ပြုံးရွှင်သောမျက်နှာဖြင့် လူနာများကို ဆေးဝါးကုသနေလေ၏။

သေချာမှုရှိစေရန် အနည်းငယ် စုံစမ်းမေးမြန်းလိုက်သောအခါ ဒေါက်တာမျိုးဆွေသည် လူနာများကို ကိုယ်တိုင်ကိုယ်ကျ ဆေးဝါးကုသနေသည်မှာ နာရီဝက်ခန့်ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း သိရှိရလေ၏။

ကျွန်ုပ်သည် ဦးမိုးမှောင်၏ ခြံအိုကြီးအတွင်းမှ ထွက်ခွာခဲ့ပြီးသည်နှင့် အော်စတင်ကားကို အပြင်းမောင်းနှင်လာခဲ့ရာ တစ်နာရီနီးပါးခန့်ကြာမြင့်သည်တွင် ထိုဆေးရုံသို့ ရောက်ရှိလာခဲ့၏။ ကျွန်ုပ်၏အတွေးအာရုံ၌ ထင်ဟပ်နေသည့် အနည်းငယ်မျှသော သံသယကို ပြတ်သားစွာ ရှင်းလင်းသွားစေရန် အကောင်အထည်ဖော်လိုက်ခြင်း ဖြစ်သည်။

မြင်လိုက်ရသည့် အခြေအနေကြောင့် ၎င်းသံသယမှာ ရှင်းလင်းသွားပါသည်။ အကယ်၍ အိမ်အိုကြီးအတွင်း၌ လျှို့ဝှက်စွာနေထိုင်သူမှာ ဒေါက်တာမျိုးဆွေဖြစ်ပါက ထိုမျှတိုတောင်းသည့် အချိန်အတွင်း သူ၏ဆေးရုံသို့ ရောက်ရှိနိုင်မည်မဟုတ်ပေ။ သူသည် မြေငြှိုးမိုးပျံ ကိုယ်ပျောက်ဝိဇ္ဇာကဲ့သို့ အစွမ်းရှိမှသာ ရောက်ရှိနိုင်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမှတစ်ဆင့် ကျွန်ုပ်သည် စက်ရှင်မင်းကြီးဦးငွေစိုး၏ အိမ်သို့ ပြန်လာခဲ့ပြီး နောက်တစ်နေ့မှာပဲ ဒေါက်တာမျိုးဆွေ၏ ဆေးရုံသို့ ဆေးကုသမှုခံယူရန် လူနာအဖြစ် ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

ကျွန်ုပ်၏ကျန်းမာရေးအခြေအနေမှာ အနည်းငယ်မျှ ချို့ယွင်းမှုမရှိပေ။ သို့ကြောင့်လည်း ၎င်းဆေးရုံတွင် လူနာအဖြစ် ဆေးဝါးကုသလိုကြောင်း ပြောဆိုသည့်အခါ ဒေါက်တာမျိုးဆွေ သည် အထူးပင်အံ့ဩလို့နေ၏။

သို့သော်လည်း ကျွန်ုပ်မှာ ၎င်းလက်ခံနိုင်လောက်မည့် အကြောင်းပြချက်များဖြင့် ပြောဆိုနိုင်ခဲ့သောကြောင့် ကျွန်ုပ်၏ ဆန္ဒကို လိုက်လျောခဲ့လေ၏။ ဒေါက်တာမျိုးဆွေ၏ဆေးရုံမှာ ပုဂ္ဂလိကပိုင်ဆေးရုံဖြစ်၍ ငွေကြေးသုံးစွဲနိုင်ဖို့သာ အရေးကြီး၏။

ကျွန်ုပ်သည် ငွေကြေးကြွယ်ဝပြည့်စုံသည့် ဂုဏ်သရေ ရှိ လူကြီးလူကောင်းအသွင်ဖြင့် သွားရောက်ခဲ့ပြီး သာမန်ဖြစ်ရိုး ဖြစ်စဉ်ဝေဒနာများကို ပြောပြပြီးနောက် ၎င်းဆေးရုံတွင် ရက်သတ္တ တစ်ပတ်ခန့် အနားယူကုသလိုကြောင်းနှင့် ထိုကာလအတွင်း ကျသင့်သည့် စားသောက်စရိတ်၊ အခန်းစရိတ်များကိုလည်း ပေးချေလိုက်လေ၏။

ဆရာဝန်တို့၏အစဉ်အလာအတိုင်း ဒေါက်တာမျိုးဆွေ





က ကျွန်ုပ်၏ ကျန်းမာရေးအခြေအနေကို ကြည့်ရှုစမ်းသပ်၏။ ကျွန်ုပ်၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကိုလည်း မေးမြန်းစုံ စမ်း၏။

ကျွန်ုပ်မှာ ကျောက်မျက်ရတနာ ကုန်သည်တစ်ဦးဖြစ် ကြောင်း၊ မိုးကုတ် မန္တလေး ရန်ကုန် စသဖြင့် မပြတ်ခရီးထွက် နေရကြောင်း၊ သွားလာလှုပ်ရှားမှုများပြားသည့်အပြင် စဉ်းစား ဆုံးဖြတ်ရသည့် လုပ်ငန်းဖြစ်၍ ကာလကြာမြင့်လာသည်နှင့်အမျှ အစားအသောက်များမှအစ အအိပ်အနေများပါ ချို့ယွင်းလာ ကြောင်း၊ ထိုအခါ ခန္ဓာကိုယ်တစ်ခုလုံးမှာ မအီမသာဖြင့် မလှုပ် ချင်မရှားချင်လောက်အောင် လေးလံထိုင်းမှိုင်းနေကြောင်း၊ သို့ ဖြစ်၍ မည်သည့်ရောဂါအခံများရှိနေ၍ ၎င်းဝေဒနာများ ခံစားနေ ရသည်ကို သိရှိလိုသကဲ့သို့ ထိုမျှဆိတ်ငြိမ်အေးချမ်းသည့် ဆေးရုံ တွင် ရက်အနည်းငယ်မျှတက်ရောက်ပြီး ဆေးဝါးကုသခံလိုက် ပါက မိမိ၏ဝေဒနာများ လျော့ပါးသက်သာသွားမည်ဟု ယုံကြည် ပါကြောင်း ပြောဆိုလေရာ ဒေါက်တာမျိုးဆွေသည် ကျွန်ုပ်၏ စကားများကို တလေးတစား နားထောင်ပြီးနောက် အစဉ်သဖြင့် ပြုံးရွှင်သောမျက်နှာဖြင့် အားပေးစကားပြောကြားလေ၏။

သူသည် အချိန်အတော်ကြာသည်အထိ စမ်းသပ်ကြည့် ရှုပြီးနောက်တွင် ...



www.burmeseclassic.com

www.burmeseclassic.com



"ညီလေးရဲ့ ကျန်းမာရေးအခြေအနေက ချို့ယွင်းချက် လို့ အနည်းငယ်မျှ မတွေ့ရပါဘူး၊ စောစောတုန်းက ညီလေ ပြောပြတဲ့ ဝေဒနာတွေက သာမန်လူတွေမှာ ဖြစ်လေ့ဖြစ် ရှိကြစမြဲပါ၊ အထူးသဖြင့် ညီလေးတို့လို တွေးခေါ်ကြံဆပြီး သက်မွေးဝမ်းကျောင်းပြုနေရတဲ့ လူအများစုဟာ အဲဒီလိုဝေဒနာ မျိုး ခံစားကြရပါတယ်၊ သို့သော်လည်း ကောင်းမွန်စွာအနားယူ ပြီး အစားအသောက် အနေအထိုင်ကို ဂရုစိုက်လိုက်ရင် အဲ ဝေဒနာတွေ လျော့ပါးပျောက်ကင်းသွားပါလိမ့်မယ်"

ကျွန်ုပ်သည် ဒေါက်တာမျိုးဆွေနှင့် စကားပြောဆိုသည့် အခိုက်အတန့်မှာပဲ ၎င်း၏အတွင်းစိတ်ဓာတ်ခံမှာ အဘယ်မျှ မွန်မြတ်သန့်စင်ကြောင်း ကျွန်ုပ် သိရှိလိုက်လေ၏။ သူသည် အသပြာဆရာဝန်မဟုတ်၊ စေတနာဆရာဝန်တစ်ဦးပင် ဖြစ် သည်။

ကျွန်ုပ်သည် ငွေကြေးကို နှမြောတွန့်တိုခြင်းမရှိဘဲ သုံး နိုင်သည့် ဂုဏ်သရေရှိ လူပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်းကို ဒေါက်တာ မျိုးဆွေသည် လက်ခံယုံကြည်ထား၏။ သူသည် ကိုယ်ပိုင်ပုဂ္ဂလိ ကဆေးရုံ တည်ထောင်ထားသူဖြစ်သည်။ ကျွန်ုပ်ကဲ့သို့ ပုဂ္ဂိုလ် တစ်ဦးကို လိုက်လျောညီထွေဆက်ဆံပြီး ကျွန်ုပ်၏ဆန္ဒအတိုင်း သူ၏ဆေးရုံတွင် လက်ခံလိုက်မည်ဆိုပါက သူသည် အခကြေး





ငွေ များစွာရရှိမည်ဖြစ်၏။

အချို့သော ပုဂ္ဂလိကဆေးရုံများမှာ ထိုအခွင့်အရေးမျိုး ကြုံကြိုက်လာပါက မည်သည့်နည်းနှင့်မျှ လက်လွှတ်ခံလိမ့်မည် မဟုတ်ပေ။ မရှိသောရောဂါကို ပုံကြီးချဲ့ပြီး အကြောင်းပြချက် အမျိုးမျိုးဖြင့် ကျွန်ုပ်ထံမှငွေကြေးကို ကြံကိုအရည်ညှစ်သကဲ့သို့ ညှစ်ယူကြမှာ သေချာသည်။

ဒေါက်တာမျိုးဆွေတွင် ထိုသို့ အောက်တန်းကျသည့် ပြုအမူမျိုး ရှိမနေသည့်အပြင် သူ၏ဆန္ဒထက် တစ်ပါးသူ၏ ဆန္ဒကိုသာ အလေးထားသူဖြစ်လေရာ ကျွန်ုပ်မှာ စိတ်သဘော ထားမြင့်မြတ်သည့် သမားတော်ကြီးအဖြစ် လေးမြတ်ကြည်ညို မိတော့သည်။

သူသည် ကျွန်ုပ်၏ဆန္ဒကို မေးမြန်း၏။ ကျွန်ုပ်မှာ ဆေးရုံ တက်ရအောင် ကြီးမားသည့်ဝေဒနာမျိုးမရှိကြောင်း၊ စိတ်ဖိစီးမှု လျော့ပါးသွားစေရန် ဆေးအချို့မှီဝဲပါက ပျောက်ကင်းသွားမည် ဖြစ်ကြောင်း၊ အကယ်၍ မိမိ၏ဆေးရုံတွင် အနားယူလိုသည့်သ ဘောဖြင့် ဆေးကုသမှုခံယူပါက ကုန်ကျစရိတ်သက်သာအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း စသဖြင့် ပြောဆိုလေ၏။

ကျွန်ုပ်မှာလည်း မိမိအကြံအစည်ဖြင့် ရောက်ရှိလာသူ ဖြစ်၍ အနားယူလိုသည့်သဘောဖြင့် ရက်သတ္တတစ်ပတ်ခန့်



www.burmeseclassic.com

www.burmeseclassic.com



တက်ရောက်ခွင့်ပြုရန် ထပ်မံဆန္ဒပြုပြောလိုက်လေရာ ဒေါက်တာမျိုးဆွေသည် ထိုနေ့မှစ၍ ၎င်း၏လူနာစာရင်းတွင် ကျွန်ုပ်၏အမည်ကို ထည့်သွင်းလိုက်တော့၏။

ဆေးရုံမှာ သုံးထပ်အဆောက်အအုံဖြစ်သည့်အပြင် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေသည့် ကုန်းအမြင့်ပိုင်းတွင် တည်ရှိသဖြင့် ဆေးရုံတွင်တက်ရောက်၍ ဆေးကုသမှုခံကြရမည့် လူနာများအတွက် အထူးပင် စိတ်အေးလက်အေးရှိလွန်းလှ၏။

ကျွန်ုပ်အတွက် ပေးထားသည့်အခန်းမှာ ဆေးရုံ၏အပေါ်ဆုံးထပ်တွင်ဖြစ်ပြီး သီးသန့်အခန်းတစ်ခန်းဖြစ်သည်။ လေသာဆောင်ဝရန်တာမှာ အခန်းနှင့်ကပ်လျက်တည်ရှိသဖြင့် ၎င်းဝရန်တာမှတစ်ဆင့် စိမ်းမြအုံ့ဆိုင်းနေသည့် သဘာဝရှုခင်းရှုကွက်များကို ကြည့်ရှုရသည်မှာ မြို့ပြတွင် နေထိုင်ခဲ့သည့် ကျွန်ုပ်အဖို့မည်သည့်အရာနှင့်မျှ နှိုင်းယှဉ်မရမည့် စိတ်ကျေနပ်မှုကို ခံစားရလေ၏။

ဒေါက်တာမျိုးဆွေက ကျွန်ုပ်မှာ စဉ်းစားတွေးခေါ်ခြင်းအရာတွင် ဝီရိယစိုက်၍ လုပ်ကိုင်နေသူတို့တွင် ဖြစ်ပေါ်လေ့ရှိသည့် စိတ်ဖိစီးမှုဝေဒနာမျိုးဟု ယူဆသဖြင့် စိတ်ငြိမ်အေးချမ်းသည့် ၎င်းအခန်းကို နေရာချပေးခြင်းဖြစ်သည်။





ကျွန်ုပ်သည် တုံးလုံးပက်လက်လဲနေသော လူနာမျိုးမဟုတ်သဖြင့် ကျန်းကျန်းမာမာအခြေအနေဖြင့် အစမ်းသပ်ခံရသူဖြစ်ရာ ဆေးကုစမ်းသပ်နေသည့် အချိန်မှလွဲ၍ ကျွန်ုပ်သည် တဖတ်ခြင်း၊ ဟိုသည်လျှောက်သွားခြင်းဖြင့် ဆေးတိုက်တစ်ခုလုံး၏ အခြေအနေကို ကောင်းစွာလေ့လာကြည့်ရှုနေတော့သည်။

ရက်အနည်းငယ်အတွင်း ဒေါက်တာမျိုးဆွေသာလျှင်မက ၎င်း၏သား ဒေါက်တာအောင်ခန့်နှင့် သမီးထွေး ဒေါက်တာလီမော်တို့နှင့်လည်း အထိုက်အလျောက် ရင်းနှီးခင်မင်ခဲ့လေ၏။ (ထိုအခြေအနေမှသည်) ၎င်းတို့အနားယူသည့်အခန်းမှာ ဆေးရုံ၏အပေါ်ဆုံးထပ်တွင် တည်ရှိပြီး ကျွန်ုပ်၏အခန်းနှင့်လည်းများစွာမကွာဝေးသောကြောင့် မကြာခဏတွေ့ဆုံကြရင်းဖြင့် ရင်းနှီးခဲ့ခြင်းဖြစ်၏။

အထူးသဖြင့် ပင်ကိုအားဖြင့် စိတ်ရင်းစေတနာ ကောင်းမွန်ပြည့်ဝပြီး လူကြီးပိုင်းအရွယ်ရောက်ရှိနေပြီဖြစ်သည့် ဒေါက်တာမျိုးဆွေနှင့် ကျွန်ုပ်သည် အခြားသူများထက် ရင်းနှီးခင်မင်ခဲ့လေ၏။

သို့ကြောင့်လည်း ကျွန်ုပ်သည် ၎င်းတို့၏အခြေအနေကို အနီးကပ်စောင့်ကြည့်ရာတွင် အထူးတလည် ကြိုးစားအားထုတ်ရန် မလိုဘဲ အခွင့်အရေးသာခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သုံးရက်လွန်မြောက်သည့်နေ့တွင် ဖြစ်သည်။ ထိုနေ့ ညနေခင်းအချိန်တွင် မထင်မှတ်ဘဲ ကျွန်ုပ် စောင့်ဆိုင်းနေသည့် အခွင့်အရေးကို ရရှိခဲ့၏။

ကျွန်ုပ်သည် ညနေစာစားသောက်ပြီး လေသာဆောင် ဝရန်တာသို့ ထွက်လာသည့်အချိန်တွင် ဒေါက်တာမျိုးဆွေက ဆရာဝန်များနားနေခန်းတွင်ရှိနေပြီး ကျွန်ုပ်ကိုမြင်သည်နှင့် ရေနွေးကြမ်းသောက်ပြီး စကားစမြည်ပြောရန် ဖိတ်ခေါ်လေ၏။ ညနေစောင်းအချိန်များမှာ ပုံမှန်အားဖြင့် ဒေါက်တာမျိုးဆွေ အနားယူသည့်အချိန်ဖြစ်သည်။

ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသည့် လူနာများမှာလည်း ပါးရှားသည့်အချိန်ဖြစ်၍ ၎င်းတို့ကလည်း အေးအေးလူလူဖြင့် အချိန်များစွာ အနားယူခွင့်ရသဖြင့် ကျွန်ုပ်ကို ကောင်းမွန်စွာ ဧည့်ခံစကားပြောနိုင်ခြင်းဖြစ်သည်။ ထိုနေ့ညနေခင်းတွင် ဒေါက်တာမျိုးဆွေသာမက သူ၏သား ဒေါက်တာအောင်ခန့်နှင့် သမီးထွေး ဇာလီမော်တို့လည်း ဒေါက်တာမျိုးဆွေနှင့် အတူရှိနေကြ၏။

ဇာလီမော်သည် လုပသည့် မိန်းကလေးတို့၏ သဘာဝအတိုင်း ကျောက်မျက်ရတနာ အဆင်တန်ဆာများအကြောင်းကို အထူးစိတ်ဝင်စားလျက်ရှိ၏။ ကျွန်ုပ်မှာ မိုးကုတ်မြို့မှ ကျောက်မျက်ရတနာများကို အဝယ်ဒိုင်ဖွင့်လှစ်ပြီး မန္တလေး ရန်ကုန်မြို့ကြီးများသို့ လှည့်လည်ကူးသန်းရောင်းဝယ်သည့် ကုန်သည်တစ်ဦးဟု သိရှိထားသဖြင့် ကျွန်ုပ်အား ထိုအကြောင်းအရာများကို ဇာလီမော်က စိတ်ဝင်တစား မေးမြန်းလေ၏။





ကျွန်ုပ်အတွက် များစွာအခက်အခဲမရှိပေ။ ကျွန်ုပ်သည် မြစ်ကြီးနား၊ ဖန်းမော်ဒေသရှိ မော်တွင်းသို့ အမှုအခင်းကိစ္စဖြင့် ကိုယ်တိုင်သွားရောက်ခဲ့ဖူးလေရာ ထိုဒေသ၏သဘာဝနှင့် ကျောက်မျက်ရတနာတွင်းထွက်ပစ္စည်းများအကြောင်းကို အတော်အတန် လေ့လာသိရှိခဲ့၏။ ထို့အပြင် ရတနာကုန်သည်များနှင့်လည်း ခင်မင်ရင်းနှီးခဲ့သဖြင့် ထိုလုပ်ငန်း၏ ကူးသန်းရောင်းဝယ်မှု သဘောကရားများကိုလည်း ဗဟုသုတအဖြစ် မှတ်သားခဲ့၏။

ဒေါက်တာဇာလီမော်သည် ကျောက်မျက်ရတနာများတွင် သာမန်လူတို့ သိနားလည်ခြင်းမရှိသည့် လျှို့ဝှက်ချက်များကို သိရှိသဖြင့် ကျွန်ုပ်အပေါ်တွင် အထူးပင် အထင်ကြီးလေးစားသွား၏။ ဒေါက်တာမျိုးဆွေကိုယ်တိုင်လည်း သူနှင့် အကျွမ်းတဝင်မရှိသည့် နယ်ပယ်တစ်ခု၏ ဗဟုသုတများကို ကြားသိရသဖြင့် စိတ်ဝင်တစား နားထောင်လေ၏။

ထိုသို့ ပြောဆိုဆွေးနွေးရင်းဖြင့် ကျွန်ုပ်အတွက် မထင်မှတ်သော အခွင့်အရေးကို ရရှိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမျိုးဆွေက မည်သည့်အချိန်ကာလကစ၍ ဂုင်းအသက်မွေးဝမ်းကျောင်းအလုပ်ကို လုပ်ကိုင်ခဲ့ပါသလဲဟု မေးမြန်းလေရာ ကျွန်ုပ်က အဘိုးဖြစ်သူမှာ ကျွန်ုပ်ငယ်စဉ်ကတည်းက ဂုင်းအတတ်ပညာများကို အနီးကပ်သင်ကြားပေးခဲ့ကြောင်း ပြောဆိုပြီး ကျွန်ုပ်၏အဘိုးမှာ ရန်ကုန်မြို့ ရွှေဘုံသာလမ်းတွင် ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း တည်ထောင်ဖွင့်လှစ်ခဲ့ကြောင်း ရှင်းပြလိုက်၏။

ကျွန်ုပ်က ကာလပိုင်းအခြားနှင့် တွဲဖက်၍ ပြောလိုက်ရာ ဒေါက်တာမျိုးဆွေမှာ မျက်ခုံးနှစ်ဖက် တွန့်ကွေးသည်အထိ တအံ့တသြဖြစ်သွား၏။

"ဘယ်လို . . . ရွှေဘုံသာအလယ်လမ်းက ရောင်ခြည်ဦး ဆေးရုံကြီးနဲ့ မျက်နှာချင်းဆိုင်မှာ ဖွင့်လှစ်ခဲ့တဲ့ 'လိုတရ'ကျောက်မျက်ရတနာဆိုင် . . . ဟုတ်လား ညီလေး"

ကျွန်ုပ်က အခါးရည်ကို တစ်ကျိုက်တည်း မော့သောက်လိုက်ပြီး အားရကျေနပ်စွာပြုံးလျက်က . . .

"ဟုတ်ပါတယ် ဒေါက်တာ၊ အဲဒီတုန်းက ကျွန်တော်က မက်ထရစ်ကျောင်းသား ဆယ်ကျော်သက်အရွယ်ပဲ ရှိပါသေးတယ်၊ နှစ်ကာလလည်း ကြာခဲ့ပြီဖြစ်သလို ဒေါက်တာတို့ ဆရာဝန်ဆိုတာလည်း လူအများနဲ့ ဆက်ဆံပြောဆိုရလေတော့ ကိုယ်





ကသာ မမှတ်မိရှိရမယ် . . . ကိုယ့်ကို အများက မှတ်မိကြသလို ကျွန်တော်လည်း ဒေါက်တာ့ကို မြင်ကတည်းက မှတ်မိခဲ့ပါတယ်"

"အို . . . ဟုတ်လား၊ အစောကတည်းက ပြောရောပေါ့ ညီလေးရယ်၊ ဟုတ်ပါတယ် . . . အဲဒီကာလတုန်းက ကိုယ့်ဆရာနဲ့အတူ ရောင်ခြည်ဦးဆေးရုံကို ဖွင့်လှစ်ခဲ့တာပေါ့၊ နို့ . . . ငါ့ညီက အဲဒီတုန်းက ကိုယ်တို့ဆေးရုံကို ရောက်ဖူးတယ်ပေါ့"

"ဟုတ်ကဲ့ . . . အကြိမ်ကြိမ်ရောက်ခဲ့ပါတယ်၊ ဒေါက်တာတို့ဆေးရုံမှာ ကျွန်တော့်အဘိုးဟာ နာတာရှည်ရောဂါနဲ့ ကာလအတန်ကြာ ဆေးရုံတက်ရောက်ခဲ့လို့ ရောက်ရှိခဲ့တာပါ၊ ဒါကြောင့်လည်း ဒေါက်တာနဲ့ ဒေါက်တာရဲ့ဆရာဖြစ်တဲ့ အင်မတန် ဆေးပညာထူးချွန်တဲ့ ဆရာဝန်ကြီးဦးမိုးမှောင်ကို သိနေခဲ့တာပေါ့"

ဆရာဝန်ကြီးဦးမိုးမှောင်၏ ဂုဏ်ပုဒ်များကို ထုတ်ဖော်ပြောလိုက်သည်နှင့် ဒေါက်တာမျိုးဆွေသည် လေးနက်တည်ငြိမ်သွားပြီး မျက်ဝန်းအကြည့်များကို ပြတင်းအပြင်သို့ ရွေ့လျားလိုက်လေ၏။ စိတ်နှလုံးမအီမသာဖြင့် သူ၏မျက်နှာမှာ သိသာစွာ ညှိုးငယ်သွားသည်ကို အကဲခတ်လိုက်မိသည်။

ဒေါက်တာအောင်ခန့်နှင့် ဇာလီမော်တို့မှာလည်း ဆရာဝန်ကြီးဦးမိုးမှောင်နှင့်ပတ်သက်၍ အလုံးစုံသိရှိနေသည့် ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



ကို အံ့သြသည့်မျက်ဝန်းများဖြင့် ကြည့်နေလေတော့၏။

ကျွန်ုပ်ကလည်း ဆရာဝန်ကြီးဦးမိုးမောင်နှင့်ပတ်သက်၍ စကားလမ်းကြောင်းကို သွေဖယ်မသွားအောင် စိတ်အားထက်သန်စွာပြောနေလေရာ ၎င်းတို့မှာလည်း အံ့သြလွန်းမက အံ့သြရင်းဖြင့် ကျွန်ုပ်ကိုသာ ငေးကြည့်နေတော့၏။

ကျွန်ုပ်က ဆရာဝန်ကြီးဦးမိုးမောင်မှာ အလွန်ကြည်ညိုစရာကောင်းသည့်ပုဂ္ဂိုလ်ကြီးဖြစ်ကြောင်း၊ ကံမကောင်းအကြောင်းမသင့်၍ မဟုတ်မဟတ် စွပ်စွဲခံရသဖြင့် ကြိုးမိန့်ဖြင့် အသတ်ခံရသည်ထင်ကြောင်း၊ ဦးမိုးမောင်ကဲ့သို့ ပညာရှင်မျိုး ဆုံးပါးသွားရခြင်းမှာ မြန်မာနိုင်ငံအတွက် အလွန်ပင်နစ်နာသည်ဟု ယူဆကြောင်း၊ ယခုကြားရသည့်သတင်းမှာ လွန်စွာ စိတ်မချမ်းမြေ့ဖွယ်ကောင်းကြောင်း၊ ဦးမိုးမောင်မှာ ဝိညာဉ်ဘဝဖြင့် မကျွတ်မလွတ်ဘဲရှိနေရာက လူ့ဘဝမှာ သူ့အပေါ် မတရားအပြစ်ဒဏ်စီရင်ခဲ့သည်ဟု ယူဆသူများကို ခြောက်လှန့်ကာလဲ့စားချေသတ်နေကြောင်း၊ လူလေးငါးယောက်မျှ သေဆုံးကြရပြီဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့သို့ရောက်ရှိစဉ် နောက်ဆုံးသတင်းကြားခဲ့ရကြောင်း၊ သူ့အား ကြိုးမိန့်ဖြင့် စီရင်သတ်ခဲ့သည့် စက်ရှင်မင်းကြီးဦးငွေစိုးကို ယခင် လူများကဲ့သို့ ခြောက်လှန့်သတ်ဖြတ်ရန် ရောက်ရှိလာခြင်းပင်ဖြစ်ကြောင်း၊ စက်ရှင်မင်းကြီးမှာ သရဲဦးမိုးမောင်ကို သည်း





ခြေပျက်မတတ် ကြောက်လန့်လွန်းသဖြင့် အလုပ်တာဝန်မှပင် ခွင့်ရက်ရှည်ယူထားရကြောင်း၊ အိမ်အတွင်းသာမက ခြံဝန်းတစ်ခုလုံးတွင်လည်း အစောင့်အကြပ်များစွာ ချထားကြောင်းပြောဆိုပြီး စက်ရှင်မင်းကြီးဦးငွေစိုးကို ခြောက်ပုံခြောက်နည်းနှင့်တကွ ပြောပြလေရာ ၎င်းတို့သုံးဦးမှာ တစ်ဦးကိုတစ်ဦးကြည့်လျက် မျက်နှာပျက်ယွင်းသွားကြတော့၏။

သေဆုံးသူ ဆရာဝန်ကြီးဦးမိုးမောင်မှာ ၎င်းတို့မိသားစုနှင့် အတွင်းကျကျ ပတ်သက်ဆက်နွယ်ခဲ့သူဖြစ်ရာ ကျွန်ုပ်ကဲ့သို့ ထင်မှတ်မထားသည့် ပုဂ္ဂိုလ်တစ်ဦးက ထိုမျှ အတွင်းကျကျ သိရှိနေခြင်းအတွက် လွန်စွာအံ့သြသွားကြသည်ကို ၎င်းတို့မျက်နှာအမူအရာများက သက်သေပြနေ၏။

ဒေါက်တာအောင်ခန့်နှင့် ဒေါက်တာဇာလီမော်တို့နှစ်ဦးမှာ ဟန်ပင်မဆောင်နိုင်လောက်အောင် အမူအရာပျက်ယွင်းနေသော်လည်း သူတို့၏ဖခင် ဒေါက်တာမျိုးဆွေကတော့ ကြီးစွာသောကြူ့ဖြင့် လေးနက်စွာတွေးတောနေရာမှ အတန်ကြာသည်တွင် ...

"ညီလေးပြောသလိုသာ အမှန်ဖြစ်နေရင် အားလုံးအတွက် စိတ်မကောင်းစရာပေါ့ကွယ်၊ ကိုယ်တို့လည်း လူအများက ညီလေးပြောသလို ပြောနေကြတာ သိုးသိုးသဲ့သဲ့ကြားရမယ့်



www.burmeseclassic.com

www.burmeseclassic.com



အခုလောက်အခြေအနေဆိုးတဲ့အဖြစ်မျိုး မကြားမိခဲ့ဘူး''

ဟု လေးလေးပင်ပင်ပြောလေ၏။ ထို့နောက် ကျွန်ုပ်၏ မျက်နှာကို စူးစမ်းသလိုကြည့်လိုက်ပြီး . . .

''တစ္ဆေသရဲက လုပ်ကြံတယ်လို့ စွပ်စွဲပြောဆိုနေကြတာက တစ်ဆိတ် လွန်လွန်းပြီလို့ ကိုယ်ယူဆတယ်''

''ဟုတ်ပါတယ် ဒေါက်တာ၊ ယနေ့ လောကဓာတ်နည်းပညာခေတ်ကြီးအတွင်းမှာ အဲဒီအယူအဆအစွဲတွေကို ကျွန်တော်လည်း လက်မခံချင်ပါဘူး၊ တကယ်တော့ ဦးမိုးမောင်ကြီးအမိန့်နဲ့သေသွားတာ အားလုံးမျက်မြင်ဖြစ်ခဲ့တာပဲလေ''

''သေချာတာပေါ့၊ ကိုယ်ကိုယ်တိုင် သူ့အလောင်းကို ထုတ်ယူပြီး မီးသဂြိုဟ်ခဲ့တယ်၊ သူ့ဆန္ဒအတိုင်း အရိုးပြာကို မြဝင်းထဲမှာ ဂူသွင်းထားခဲ့တယ်၊ ဦးမိုးမောင်ရဲ့သမီး ကိုယ့်ရဲ့ချေးမကလည်း အိမ်ကြီးနဲ့ ခြံဝင်းကို ရောင်းချဖို့ စိတ်ကူးရှိပါတယ်၊ သို့သော်လည်း ခြံဝန်းကြီးထဲက ဆရာကြီးရဲ့အုတ်ဂူရှိနေလို့ ဘယ်သူမှ မဝယ်ဝံ့ကြဘူး''

ထိုမျှသာပြောပြီးသည်နှင့် ဒေါက်တာမျိုးဆွေသည် တိတ်ဆိတ်လျက် တစ်စုံတစ်ရာကို အလေးအနက် တွေးနေပြန်၏။ ကျွန်ုပ်က ထိုစကားကိုပြောဆိုမိသည့်အတွက် ၎င်းတို့အဖို့ စိတ်မချမ်းမြေ့ဖြစ်သွားပါက တောင်းပန်ပါကြောင်း၊ ကျွန်ုပ်နှင့် မိသား





စုသဖွယ် ရင်းနှီးခင်မင်သည့်စိတ်ထားဖြင့် ပြောဆိုလိုက်ခြင်းဖြစ်ကြောင်း ပြောလိုက်လေရာ လွန်စွာလူမှုရေးသိတတ်သည့် ၎င်းတို့မိသားစုက ကျွန်ုပ်အပေါ်တွင် မည်သို့မျှ သဘောမထားပါကြောင်း၊ ထိုသို့ သတိပေးပြောကြားသည့်အတွက်ပင် ကျေးဇူးတင်ကြောင်း စသဖြင့် ပြန်လည်ပြောဆိုလေ၏။

ထို့နောက် ကျွန်ုပ်တို့စကားဝိုင်းမှာ အတန်ကြာမျှ တိတ်ဆိတ်သွားလေ၏။ ကျွန်ုပ်မှာ လွန်စွာခါးသက်သည့် ဧော်ဘွားနှုတ်ခမ်းမွေးဟု အမည်ထင်ရှားသည့် လက်ဖက်ရည်ခါးခါးကို တစ်ခွက်ပြီးတစ်ခွက် သောက်လျက်ရှိနေစဉ် ၎င်းတို့သုံးဦးလုံးကို မသိမသာ အကဲခတ်နေမိသည်။

တစ်စုံတစ်ခုသော ခံစားမှုသည် သူတို့၏စိတ်နှလုံးကို ဆုပ်ကိုင်ထားသည်ထင်၏။ သူတို့၏ မျက်နှာအမူအရာများမှာ သိသာစွာ ညှိုးငယ်နေလျက် မကြာခဏဆိုသလို စိတ်မသက်မသာ ခံစားမှုဖြင့် ပင့်သက်ရှိုက်နေသည်ကို ကောင်းစွာအကဲခတ်မိ၏။

ကျွန်ုပ်သည် ချေသည်တစ်ဦးပီသစွာဖြင့် နားလည်သိတတ်ရမည်ဖြစ်၍ ကျွန်ုပ်၏ဆန္ဒအမှန်ကိုပြောရလျှင် ကွယ်လွန်သူ ဆရာဝန်ကြီးဦးမိုးမောင်နှင့်ပတ်သက်၍ ၎င်းတို့၏ အထင်အမြင် အယူအဆများကို သည့်ထက်မက ကြားသိလို၏။ သူတို့



www.burmeseclassic.com

www.burmeseclassic.com



အယူအဆများကို ကြည့်ခြင်းဖြင့် ထိုအကြောင်းကိစ္စများကို အနည်းငယ်မျှ ပြောလိုသည့်ဆန္ဒမရှိကြောင်း ထင်ရှားနေပြီဖြစ်၏။

သို့သော်လည်း မထင်မှတ်သည့် ကျွန်ုပ်၏အပြုအမူ ကြောင့် ထိုကိစ္စ၏ လျှို့ဝှက်မှုတစ်စိတ်တစ်ပိုင်းကို သိလိုက်ရ တော့၏။ ကျွန်ုပ်က ကျွန်ုပ်၏အခန်းသို့ ပြန်လည်ထွက်ခွာရန် နှုတ်ဆက်လိုက်သည်နှင့် ဒေါက်တာမျိုးဆွေသည် စိုးရိမ်သောက မအေးသည့် အမူအရာဖြင့်ကြည့်လျက် . . .

"အခုလို စိတ်ရင်းစေတနာနဲ့ ကိုယ်တို့ကို အသိပေးပြော ပြခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကိုယ်တို့မိသားစုနဲ့ပတ်သက် ပြီး အလွန်အရေးကြီးဟဲ့ ပြဿနာတစ်ခုကို ညီလေးကို ပြော ပါ့မယ်၊ ကွယ်လွန်ခဲ့ပြီဖြစ်တဲ့ ဆရာဝန်ကြီးဦးမိုးမောင်ရဲ့သမီး ဒေါက်တာစံပယ်မြိုင်ဟာ ကိုယ့်သားအောင်ခန့်ရဲ့ဇနီး ကိုယ့်ရဲ့ ချွေးမပါ၊ ဒီသတင်းကို စံပယ်မြိုင်သာသိရင် သွေးနုသားနုအချိန် ဖြစ်လို့ စိတ်ထိခိုက်ပြီး ကျန်းမာရေးချို့ယွင်းသွားမှာ အလူးစိုး ရိမ်ရပါတယ်၊ ဒါကြောင့်မို့ အကယ်၍များ သူနဲ့ကြုံဆုံတဲ့အခါမျိုး မှာ ဒီသတင်းစကားကို မသိစေချင်ဘူးလေ၊ ကိုယ်စိုးရိမ်တာက ညီလေးက စိတ်ရင်းစေတနာနဲ့ သူ့ကိုပြောမိမှာစိုးလို့ပါ"

"စိတ်ချပါ ဒေါက်တာ၊ အခုလိုသိထားတော့ ကျွန်တော် ပိုပြီးဆင်ခြင်လို့ရတာပေါ့၊ ဒေါက်တာပြောပြမှ သူဟာ သွေး





သားနုအခြေအနေလို့ သိရတာ၊ ကျွန်တော်က ကုန်သည်ဆိုတော့ နေရာဒေသအနှံ့ သွားလာနေရတော့ ကြားရတဲ့သတင်းကို မိသား စုလိုရင်းနှီးလို့ ပြောမိတာပါ"

"ညီလေးရဲ့စေတနာကို ကိုယ်နားလည်ပါတယ်၊ ကိုယ် တို့ကတော့ လုပ်ငန်းသဘာဝအရ ဆေးရုံကခွာလို့မရတော့ တချို့ ကိစ္စတွေကို မသိနိုင်ဘူးလေ"

"ဟုတ်တာပေါ့လေ"

ကျွန်ုပ်သည် ထိုင်ရာကထရန် ဟန်ပြင်လိုက်စဉ် တစ်စုံ တစ်ခုကို သတိရသွားဟန်ဖြင့် တုံ့ဆိုင်းလျက် ၎င်းတို့ကို အကဲ ခတ်လိုက်ရာ ၎င်းတို့ကလည်း အကင်းပါးစွာဖြင့် ကျွန်ုပ်၏မျက်နှာ ကို ရှုစမ်းကြည့်လေ၏။

ဒေါက်တာအောင်ခန့်က . . .

"အစ်ကို့မှာ ပြောစရာစကားတွေ ကျန်သေးတယ်ထင် တယ် . . . ဘယ်လိုအကြောင်းများလဲ၊ ကျွန်တော်တို့လည်းသိရ အောင် ပြောပါဦး"

ဟု ပြုံးရွှင်သောမျက်နှာထားဖြင့် မေးမြန်းလေ၏။

ထိုအခိုက်အတန့်မှာပဲ ကျွန်ုပ်သည် ရင်၌ လှိုက်ခနဲ ဖြစ်သွားသောပျော်ရွှင်သွား၏။ ပန်းတိုင်ကို ဦးတည်ပြီး မနားတမ်းပြေး လွှားနေသူသည် ပန်းတိုင်ဧရိယာအတွင်းသို့ တစ်ရှိန်ထိုး ရောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိသွားသည့်အခြေအနေမျိုး ဖြစ်သည်။

ကျွန်ုပ်သည် နေရာတွင်ပြန်ထိုင်လျက် ဆယ်မိနစ်ခ စကားပြောလေရာ ကျွန်ုပ်ပြောဆိုသည့်စကားများကို နားထော လျက်က ၎င်းတို့သည် အံ့သြခြင်း၊ ထိတ်လန့်တုန်လှုပ်ခြင်းနှ ယူကျုံးမရ ခံစားရခြင်း စသည့်ခံစားမှုများမှာ ၎င်းတို့၏မျက်နှ ပေါ်တွင် ရှန်းကန်လွန်ဆွဲလျက် တစ်ခါတစ်ရံတွင် အာမေဋိ စကားသံများပင် ထွက်ပေါ်နေတော့၏။

၎င်းတို့အထဲတွင် ဒေါက်တာဇာလီမော်မှာ ကြာမြင့်ပျ လောက်အောင် သိသာစွာ တုန်လှုပ်ချောက်ချားလျက်ရှိ၏။

ထိုနေ့ညက ကျွန်ုပ်၏အိပ်ခန်းသို့ ပြန်လည်ရောက်ရှိလ သောအခါ ကျွန်ုပ်သည် ညဥ့်နက်သည့်တိုင်အောင် အိပ်မပျေ ဘဲ ၎င်းတို့နှင့်ပြောဆိုခဲ့သည့် စကားများကိုလည်းကောင်း၊ ၎င်း တို့၏ အမူအရာများကိုလည်းကောင်း ပြန်လည်တွေးမြင်ယော လျက် အားရကျေနပ်နေမိသည်။

ကျွန်ုပ် အခိုင်အမာယုံကြည်လိုက်လေ၏။ သားကော သည် ကျွန်ုပ်နှင့် လက်တစ်ကမ်းအကွာတွင် ရောက်ရှိနေပြီပျ ဖြစ်၏။

* * *

## အခန်း (၁၄)

## မေတ္တာခင်း၍သတင်းပေးသူ

နောက်တစ်နေ့မနက်ခင်း ရှစ်နာရီကျော်ခန့်အချိန်တွင် ပုမှာရင်ဖုံးအင်္ကျီနှင့် ချိတ်ထဘီကိုဝတ်ဆင်ထားသော ,မိန်းမချော လေးတစ်ဦးသည် ကျွန်ုပ်၏အခန်းသို့ ရောက်ရှိလာလေ၏။ ကျွန်ုပ် ခန်းတွင်းသို့ သူမရောက်ရှိနေသည်မှာ မိနစ်အနည်းငယ်မျှပင် နေခဲ့ပြီဖြစ်၏။

ထိုအချိန်တွင် ကျွန်ုပ်မှာ မနက်ခင်းတိုင်း ပြုလုပ်မြဲအလေ့ ကျင့်ဖြစ်သည့် နစ်မိုင်မျှခရီးကို ကျန်းမာရေးအတွက် လမ်း



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ထွက်နေသဖြင့် ကျွန်ုပ်ပြန်လည်ရောက်ရှိလာသည့်အခါ တွင်မှ အခန်းတွင်းသို့ သူမ ရောက်ရှိနေသည်ကို တွေ့လိုက်ရ၏။

ကြိုတင်ချိန်းဆိုထားခြင်းမရှိဘဲ ထိုသို့ သူမရောက်ရှိလာ ခြင်းအတွက် ကျွန်ုပ်သည် အံ့သြခြင်းမဖြစ်မိပါ။

သို့သော်လည်း ထိုသို့ မြန်ဆန်လိမ့်မည်ဟူ၍ ထင်မှတ် မထားသဖြင့် အခြေအနေကို မည်သို့ကိုင်တွယ်ရမှန်းမသိအောင် အကြီခက်နေမိသည်။

ကျွန်ုပ် လမ်းလျှောက်ထွက်ပြီး ပြန်လည်ရောက်ရှိလာ သည့်အချိန်မှာ တစ်နာရီခန့်မျှသာ အချိန်ကြာ၏။ ထိုသို့ လမ်းလျှောက်ထွက်လေတိုင်း ကျွန်ုပ်သည် အခန်းတံခါးကို အမြဲပ ပိတ်ထားမြဲဖြစ်သော်လည်း ထိုနေ့မနက်မှာတော့ မိမိအကြ အစည်ဖြင့် မိမိအခန်းတံခါးကို ဖွင့်ခဲ့ခြင်းဖြစ်သည်။

သို့သော် ကျွန်ုပ်ကြံစည်ထားသည့် အခြေအနေမျိုး ဖြစ် လာလိမ့်မည်ဟု များစွာမျှော်လင့်မထားခဲ့ပေ။

သို့သော်လည်း လမ်းလျှောက်ထွက်ပြီး ပြန်လည်ရောက် ရှိလာသည့်အခါ ၎င်းမျှော်လင့်မထားသော အခြေအနေမှာ ဖြစ် လိုက်ရသည်မြင်ကွင်းကြောင့် အမှန်ပင်ဆိုက်ရောက်လာပြီဟု ကျွန်ုပ် ကောင်းစွာနားလည်လိုက်တော့သည်။

ထိုပဒုမ္မာအင်္ကျီဝတ်ဆင်ထားသည့် မိန်းမလှလေးမှာ





အခြားသူ မဟုတ်၊ ဒေါက်တာမျိုးဆွေ၏သမီးထွေး ဒေါက်တာဇာ လီမော်ပင်ဖြစ်သည်၊ သူမသည် အခန်းဝသို့ ကျွန်ုပ်ရောက်ရှိလာ သည်ကို မရိပ်မိ၊ ကျွန်ုပ်၏ခုတင်နံဘေးရှိ ခုံပုကလေးတွင် အခန်းဝကိုကျောခိုင်းလျက် ထိုင်နေ၏။

ငြိမ်သက်စွာဖြင့် မလှုပ်မယှက်ရှိနေသော သူမသည် မည်သည့်အရာကိုမှ စိတ်ဝင်စားမှုမရှိဘဲ တစ်စုံတစ်ရာအပေါ် တွင်သာ အာရုံဝင်စားလျက်ရှိကြောင်း သူမအမူအရာများက ဖော်ပြနေပါသည်။ ၎င်းနေရာမှာပင် ဖြစ်၏။ သူမ၏အကြည့် များသည် ထိုဓာတ်ပုံမှန်ပေါင်ဆီမှ ဖယ်ခွာမရနိုင်အောင် စူးနစ်စွာ ကျ ရောက်လျက်ရှိ၏။

မနေ့ညက သူမနှင့်တကွ ဒေါက်တာမျိုးဆွေတို့နှင့် အချိန်ကြာမြင့်စွာ စကားပြောဆိုခဲ့၏။ ကွယ်လွန်သူဆရာဝန်ကြီး ဦးမိုးမှောင်နှင့်ပတ်သက်ပြီး ကျွန်ုပ်ပြောဆိုခဲ့သည့် စကားများကို နားထောင်လျက်က သူမတို့မိသားစုမှာ လန့်စွာအံ့သြတုန်လှုပ် နေကြ၏။ သူမသည် သူမ၏ဖခင်နှင့်အစ်ကိုတို့ထက်ပင် ထူးခြား လွန်ကဲစွာ စိုးရိမ်ခံစားလျက်ရှိကြောင်း ကျွန်ုပ် ကောင်းစွာအကဲ ခတ်မိသည်။

အထူးသဖြင့် နှုတ်ဆက်ထွက်ခွာရန် ဟန်ပြင်သည့် အချိန်တွင် ကျွန်ုပ်အားကြည့်လိုက်သည့် သူမ၏အကြည့်ပျောက်



www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်ချက်နှင့် တစ်စုံတစ်ခုအတွက် စိုးရိမ်ကြောင့်ကြသည့် အရိပ်အငွေ့များ သိသာစွာ ထင်ဟပ်နေခြင်းဖြစ်သည်။

ကျွန်ုပ်သည် အင်းစိန်စီအိုင်ဒီမှ အင်စပက်တော်တစ်ဦး ဖြစ်၍ အမှုအခင်းများစွာနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့သူဖြစ်ရာ အချို့ သောအမှုအခင်းများမှာ မိမိ ဘယ်လိုမှ မျှော်လင့်မထားသော ရှုထောင့်မှ အမှုအခင်းကြီးတစ်ခုလုံး၏သော့ချက်ကို ရရှိလိုက် သကဲ့သို့ အလုံးစုံပြီးမြောက်သွားရသည့် ဖြစ်ရပ်များနှင့် မကြာ ခဏ ကြုံတွေ့ခဲ့ရ၏။

ကျွန်ုပ်၏အခန်းသို့ ဒေါက်တာဇာလီမော် ရောက်ရှိလာ ခြင်းမှာလည်း ကျွန်ုပ် ဘယ်လိုမှ မျှော်လင့်မထားသည့် အခြေ အနေပင်ဖြစ်သည်။ သူမထံမှကြားသိရသည့် ဖြစ်စဉ်မှာ လွန်စွာ ရှုပ်ထွေးသည့် ပြဿနာကြီးတစ်ခုလုံးကို တိကျရှင်းလင်းသွားစေ မည့် သော့ချက်ဟု ယူဆရပေတော့မည်။

ထိုအခြေအနေမျိုး ဖြစ်သွားရခြင်းမှာ ကျွန်ုပ်၏ခုတင် ခေါင်းရင်းနံဘေးရှိ စားပွဲခုံလေးပေါ်တွင် တင်ထားသည့်ဓာတ်ပုံ ကြောင့်ပင်ဖြစ်၏။

အခန်းဝသို့ ရောက်ရှိနေသော်လည်း ကျွန်ုပ်သည် ရုတ် တရက် အခန်းတွင်းသို့ဝင်ရောက်ခြင်းမပြုဘဲ အခြေအနေကို အကဲခတ်ကြည့်ရှုပြီးမှ ကျွန်ုပ်ရောက်ရှိနေကြောင်းကို သူမ သို့





ရန် ချောင်းဟန့်ပြီး အသိပေးလိုက်၏။

ထိုအသံကြောင့် သူမသည် အထိတ်တလန့်ဖြင့် ပခုံး လေးနှစ်ဖက် ဆတ်ခနဲတွန့်သွား၏။ တစ်ဆက်တည်းပင် ကျွန်ုပ် က ပြုံးရွှင်စွာဖြင့် ကောင်းသောနံနက်ခင်းပါဒေါက်တာဟု နှုတ် ဆက်လျက် အခန်းတွင်းဝင်လိုက်ရာ သူမကလည်း ထိုသို့ပင် တုံ့ပြန်နှုတ်ဆက်ပြီး ထိုင်ရာမှ ထရပ်လိုက်လေ၏။

ကျွန်ုပ်က အလိုက်သိစွာဖြင့် ...

"ထိုင်ပါ ဒေါက်တာ၊ နေသာသလိုနေပါ၊ ကျွန်တော်က ရင်နွေများကလို မနက်ဆယ်နာရီလောက်မှာ ကျွန်တော့်ကို ...မ်းသပ်ဖို့ ရောက်လာလိမ့်မယ်ပဲ ထင်ထားတာ၊ အခုလို စော ...စောစီးစီးရောက်လာမယ်မှန်းသိရင် ကျွန်တော် လမ်းလျှောက် ...တွက်ပါဘူး"

ဟု ပြောလိုက်လေရာ သူမသည် ရုတ်တရက်ပင် ပျာ ...ျာသလဲ အမူအရာဖြင့် ...

"အို ... ကျွန် ... ကျွန်မက တောင်းပန်ရမှာပါရှင်၊ ...က အစ်ကိုကို နှောင့်ယှက်သလိုဖြစ်နေပါပြီ၊ ပြီး ... ပြီးတော့ ...ခွင့်မရှိဘဲ အစ်ကို့အခန်းထဲ ဝင်ခဲ့မိတဲ့အတွက် တောင်းပန်ပါ ...ယ်"

ဟု အားတုံ့အားနာဖြင့် ပြောလေ၏။ မတိုးမကျယ်



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သည့် သူမ၏ စကားသံများမှာ သိသာစွာ တုန်ယင်နေ၏။ သူမသည် စောစောတုန်းကထိုင်ခဲ့သည့် ခွေးခြေ[ပု]လေးတွင် ပြန်ထိုင်လျက် ငြိမ်သက်စွာရှိနေရာမှ တစ်ချက်တွင် သူမ၏အကြည့်က စားပွဲပေါ်ရှိ ဓာတ်ပုံဆီသို့ ကျရောက်သွားသည်ကို ကျွန်ုပ် သတိပြုမိလိုက်၏။

ထိုအခိုက်အတန့်မှာပဲ ကျွန်ုပ်သည် အခြေအနေတစ်ရပ်လုံးကို ကောင်းစွာနားလည်သွား၏။ ကျွန်ုပ်ထံသို့ သူမရောက်ရှိလာခြင်းမှာ ကျွန်ုပ်အား မနက်ခင်းတိုင်း ဆောင်ရွက်နေကျဖြစ်သည့် စမ်းသပ်ရန် မဟုတ်မူဘဲ လွန်စွာအရေးပါသည့် အကြောင်းကိစ္စတစ်ခုကြောင့်ပင် ဖြစ်သည်။

အထွေအထူး တွေးစရာပင် မလိုတော့ပါ၊ ၎င်းကိစ္စမှာ ကွယ်လွန်သူဆရာဝန်ကြီး ဦးမိုးမောင်နှင့် ပတ်သက်ဆက်နွယ်ခြင်းဟု ကျွန်ုပ် အခိုင်အမာ ယုံကြည်လိုက်ပါသည်။

ကျွန်ုပ်က ခန္ဓာကိုယ်မှချွေးများကို မွေးပွတဘက်ဖြင့် သုတ်ရင်း ...

"ဘယ့်နှယ် ဒေါက်တာရယ်၊ ဆရာဝန်က လူနာကို တောင်းပန်ရတယ်လို့၊ ဆရာဝန်ဆိုတာ ဆေးရုံပေါ်မှာ ဘယ်လို လူနာအခန်းကိုဖြစ်ဖြစ် အခွင့်တောင်းစရာမလိုဘဲ ဝင်ထွက်ခွင့်ရှိပါတယ်၊ လူနာကသာ ဆရာဝန်ရောက်လာရင် အသင့်ရှိနေရမှာ





ပေါ့၊ အခုတော့ ကျွန်တော်က ကိုယ်သွားချင်ရာသွားနေတော့ ဆရာဝန်က လူနာကို လိုက်ရှာသလိုဖြစ်နေပြီလေ၊ ဒါကြောင့် ကျွန်တော်က ဒေါက်တာ့ကို တောင်းပန်ရမှာပါ"

ဟူ၍ ရယ်မောပြောလိုက်သောအခါ သူမကလည်း လိုက်ပါရယ်မောရင်းဖြင့် ...

"ဒီက အစ်ကိုကတော့ ကုန်သည်ပွဲစားလို့ မပြောရဘူး၊ တစ်ဖက်သူ စိတ်ချမ်းသာအောင် ပြောတတ်တယ်နော်" ဟူ၍ ပြောလေတော့၏။

သူမသည် စောစောတုန်းကကဲ့သို့ လေးလံထိုင်းမှိုင်းသည့် အမူအရာများ လျော့ပါးသွားသည်ကို ကြည်ကြည်လင်လင်ဖြင့် ပြုံးရွှင်လာသည့် သူမမျက်နှာလေးက ဖော်ပြနေလေ၏။

ဘယ်လိုမှ ဖုံးကွယ်မရဘဲ ထင်[ဟ]နေသည်မှာ သူမ၏ မျက်ဝန်းတစ်စုံဖြစ်၏။ မျက်ခွံနှစ်ဖက်မှာ မို့အစ်နေပြီး ရဲရဲနီလျက်ရှိရာ ၎င်းလက္ခဏာမှာ အချိန်ကြာမြင့်စွာ ငိုရှိုက်ထားခြင်းဖြစ်ကြောင်း ပေါ်လွင်နေလေ၏။

ကျွန်ုပ်က ခေတ္တစောင့်ဆိုင်းရန် ခွင့်ပန်ပြီး အခန်းတစ်ဖက်သို့ဝင်ရောက်၍ အဝတ်အစားလဲလှယ်ပြီးနောက် သူမရှေ့သို့ ရောက်ရှိသည်တွင် သူမက တုံ့ဆိုင်းဆိုင်းအမူအရာဖြင့် ...

"ဖာလီ အစ်ကို့ဆီကို ခုလို စောစောစီးစီးရောက်လာ[တာ]



www.burmeseclassic.com

www.burmeseclassic.com



တာ အစ်ကို့ကို စမ်းသပ်ဖို့မဟုတ်ပါဘူး၊ ဇာလီတို့မိသားစုမှာ ရှောင်လွှဲမရတဲ့ အကျဉ်းအကျပ်ပြဿနာကြီးတစ်ခုကို အစ်ကို့ကို ပြောပြပြီး အကြံဉာဏ်တောင်းချင်လို့ပါ''

သူမက ကျွန်ုပ်ကို စူးစမ်းသည့်မျက်ဝန်းဖြင့်ကြည့်လျက် ထပ်မံပြောဆိုမည့် စကားများအတွက် တွေးဆနေလေ၏။ ယခင်တုန်းက ကျွန်ုပ်နှင့် စကားပြောဆိုရာတွင် သူမသည် မိမိကိုယ်မိမိ ကျွန်မဟူ၍ သုံးနှုန်းပြောဆိုစမြဲဖြစ်သည်။ ယခုတော့ ထိုသို့သုံးနှုန်းခြင်းမပြုဘဲ သူမ၏အမည်ကို တိုက်ရိုက်သုံးနှုန်းလေရာ မိသားစုသဖွယ် ရင်းနှီးခင်မင်သူများကိုသာ ထိုသို့ပြောဆိုခြင်းဟု ကျွန်ုပ်သိရှိထားသဖြင့် အနည်းငယ်အံ့ဩမိလေ၏။

သို့သော်လည်း ထပ်မံ၍ပြောလာသည့် သူမစကားများကို ကြားသိရစဉ်မှာတော့ သူမသည် ကျွန်ုပ်အပေါ်တွင် မိသားစုသဖွယ် ခင်မင်သည့်စိတ်ရင်းစေတနာဖြင့် ရင်းနှီးပွင့်လင်းစွာ ဆက်ဆံခြင်းဟု နားလည်ရတော့၏။

''တကယ်တော့ အစ်ကိုရယ် အဲဒီပြဿနာကြီးကြောင့် ဖေဖေနှင့် ကိုကိုတို့ထက်ပိုပြီး ဇာလီက စိတ်ဆင်းရဲနေရတာပါ၊ ဇာလီတို့မိသားစုမှာ ထွက်ပေါက်ပိတ်နေတဲ့သားကောင်လို အပြေ မရှိတဲ့ပုဏ္ဏာလို နေ့စဉ်နှင့်အမျှ စိတ်ဒုက္ခခံစားနေရတယ်၊ ကိုယ့် အဖြစ်ကို ဘယ်သူ့ကိုမှလည်း ဖွင့်ဟ အကြံဉာဏ် မတောင်းပံ့





ဘူးလေ၊ အခုတော့ ဖေဖေနဲ့ ကိုကို ဘယ်လောက်ပဲ မျိုသိပ်နိုင်စွမ်းပေမယ့် ဇာလီ့အဖို့တော့ ဆက်ပြီးမျိုသိပ်နိုင်စွမ်း မရှိတော့ဘူး၊ မနေ့က အစ်ကို့ဆီက ကြားသိရပြီးတဲ့နောက် ဇာလီ ဘယ်လိုမှ တောင့်ခံနိုင်စွမ်းမရှိတော့ဘူး၊ ဒီလောက်ပြောရင်ပဲ အခု ဇာလီ ဘယ်လိုအကြောင်းနဲ့ ရောက်ခဲ့တယ်ဆိုတာကို အစ်ကို ရိပ်မိတန်ကောင်းပါရဲ့''

''အတိုင်းအတာတစ်ခုတော့ ရိပ်မိပါတယ် ဒေါက်တာ၊ ကွယ်လွန်သူ ဆရာဝန်ကြီးဦးမိုးမှော်နဲ့ တိုက်ရိုက်ပတ်သက်နေတဲ့ ကိစ္စလို့ ယူဆပါတယ်''

ကျွန်ုပ်မှာ အစောပိုင်းကတည်းက သိရှိထားပြီဖြစ်၍ ကွယ်ဝှက်မနေဘဲ ပွင့်လင်းစွာပြောလိုက်ရာ သူမကလည်း နှမ်းလျစွာပြုံးလျက် ခေါင်းညိတ်ဝန်ခံလေ၏။

''ကျွန်မတို့ဆေးရုံမှာ လူနာအဖြစ် ရောက်ရှိလာပေမယ့် အစ်ကို့ကို မိတ်ဆွေရင်းလို ခင်မင်မိပါတယ်၊ အစ်ကို့ရဲ့ အပြောအဆို အနေအထိုင်တွေကို အကဲခတ်ရင် အစ်ကိုဟာ တစ်ပါးသူအပေါ်ကို ကူညီဖေးမတက်တဲ့ စိတ်ရင်းစေတနာကောင်းရှိသူလို့ ယုံကြည်မိပါတယ်၊ ဒါကြောင့်လည်း ဇာလီတို့မိသားစု ရင်ဆိုင်နေရတဲ့ အခက်အခဲကို အစ်ကို့ကိုဖွင့်ပြောပြီး အကြံဉာဏ်ယူဖို့ ဆုံးဖြတ်လိုက်တာပါ''



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အပေါ်မှာ မိသားစုသဖွယ် အသိအမှတ်ပြု တဲ့အတွက် ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ ကျွန်တော်ကလည်း မိတ်ဆွေကောင်းပီသစွာနဲ့ ကူညီဖို့ ဝန်မလေးပါဘူး၊ ဘယ်လို အခက်အခဲမျိုးလဲဆိုတာ ပွင့်ပွင့်လင်းလင်းသာပြောပါ၊ ကျွန်တော် အစွမ်းကုန်ကူညီဖို့ ကတိပြုပါတယ်"

"ကျေးဇူးတင်ပါတယ် အစ်ကို၊ ယုံလည်းယုံကြည်ပါ တယ်၊ ဇာလီ အခုလိုဆုံးဖြတ်လိုက်တာကို ဖေဖေနဲ့ ကိုကိုအောင် ခန့်တို့ကို အသိမပေးဘဲ ကိုယ့်သဘောနဲ့ကိုယ် ဆုံးဖြတ်ခဲ့တာပါ၊ အဲဒီလို ဆုံးဖြတ်ခဲ့ရတဲ့ အဓိကအကြောင်းရင်းကတော့ ..."

သူမသည် စကားကိုရပ်တန့်လိုက်ပြီး စားပွဲပေါ်ရှိ ဓာတ် ပုံဆီသို့ ကြည့်လိုက်လေ၏။ သူမ၏မျက်ဝန်းတွေက တစ်စုံတစ် ခုအတွက် စိုးရိမ်ကြောင့်ကြဟန်ဖြင့် ရီဝေလျက်ရှိ၏။ သူမသည် ပင့်သက်ကိုရှိုက်လိုက်ပြီး ...

"မနေ့ညက ဌာနအုပ်ကိုမိုးဇွေနဲ့ပတ်သက်ပြီး အစ်ကို ပြောသွားတဲ့ စကားကြောင့်ပါရှင်"

ဟု ပြောလေ၏။ ထို့နောက် သူမက စားပွဲပေါ်ရှိ ဓာတ် ပုံကိုကြည့်လိုက်၏။

သည်တစ်ကြိမ်မှာတော့ သူမသည် ကြည့်ရုံသာမက ထိုဓာတ်ပုံကိုပင် မ,ယူလျက် တောက်ပသည့်မျက်ဝန်းဖြင့် စူးစိုက်





စွာကြည့်လေ၏။

ကျွန်ုပ်သည် စိတ်တွင်း၌ ကျိတ်၍ပြုံးလိုက်မိသည်။ ထိုမျှ ထိရောက်သွားလိမ့်မည်ဟု မထင်မှတ်ထားခဲ့ပေ။ မီးတောက် သည် အညွန့်တလူလူဖြင့် လောင်ကျွမ်းရန် အစပျိုးနေလေပြီ၊ လေတစ်ချက်တိုးဝှေ့လိုက်ရုံဖြင့် မီးအရှိန်မြင့်တက်လာမည့် အခွင့် အရေးဖြစ်သောကြောင့် ကျွန်ုပ်အဖို့ မိမိရရ အသုံးချရပေတော့ မည်။

"အို ...ဟုတ်လား၊ ကျွန်တော် သတိမထားမိလိုက် ဘူးဗျာ၊ ဌာနအုပ် ကိုမိုးဇွေနဲ့ ဒေါက်တာတို့မိသားစု ဘယ်လိုပတ် သက်တယ်ဆိုတာ အမှန်မသိလို့ ရိုးရိုးသားသားပြောမိတာပါ"

"ဒီလိုဖွင့်ပြောလိုက်တဲ့အတွက် ဇာလီ အစ်ကို့ကို အမှန်ပဲ ကျေးဇူးတင်မိတယ်၊ နို့မဟုတ်ရင် အချိန်ကုန်သွားလို့ မဖြစ်သင့် တာဖြစ်သွားရင် ဇာလီ တစ်သက်လုံး ဖြေဆည်နိုင်မှာ မဟုတ် ဘူး၊ ဒီကိစ္စဟာ ဖေဖေနဲ့ ကိုကို့အတွက် ပြဿနာမဟုတ်ပေမယ့် ဇာလီ့အတွက်တော့ သေရေးရှင်ရေးလို အရေးကြီးလှပါတယ်၊ ဇာလီ အချိန်မီမတားဆီးလိုက်နိုင်ရင် ဌာနအုပ်မိုးဇွေအတွက် မတွေးဝံ့စရာအဖြစ်မျိုး ရင်ဆိုင်ကြုံတွေ့သွားမှာ အလွန်စိုးရိမ်မိ တယ်"

"ဘယ်လိုကြောင့်လဲဒေါက်တာရယ်၊ တကယ်တွေး



www.burmeseclassic.com

www.burmeseclassic.com



ကိုမိုးစွေလို ပုလိပ်အရာရှိဟာ လူစွမ်းလူစအရာမှာ ညံ့ဖျင်းတဲ့သူ မဟုတ်ပါဘူး၊ ပြင်ဦးလွင်ခရိုင်ကို ရာထူးတိုးပြီး ရောက်ရှိလာပေမယ့် သူဟာ ဥပဒေဘက်တော်သားပီသစွာ တရားသဖြင့် စီရင်ဆောင်ရွက်လုပ်ကိုင်တဲ့ လူငယ်အရာရှိတစ်ယောက်ပါ''

''ဟုတ်ပါတယ် အစ်ကိုရယ်၊ ကိုမိုးစွေအကြောင်းကို ဇာလီလည်း သိပါတယ်၊ သိနေလို့လည်း အခုလို အစ်ကိုကတစ်ဆင့် အချိန်မီတားဆီးဖို့ ဇာလီ ဆုံးဖြတ်လိုက်တာပေါ့၊ အစ်ကိုနဲ့ ကိုမိုးစွေ ဘယ်လောက်အတိုင်းအတာထိ ရင်းနှီးခင်မင်တယ်ဆိုတာကို ဒီဓာတ်ပုံကိုမြင်ကတည်းက ဇာလီ ခန့်မှန်းမိပါတယ်၊ ညက ဇာလီ တစ်ညလုံး အိပ်မပျော်ဘူးအစ်ကို၊ ကိုမိုးစွေရဲ့ အသက်အန္တရာယ်အတွက် စိုးရိမ်နေမိတာကြောင့် ဘယ်လိုနည်းနဲ့ ကာကွယ်ပေးရမလဲလို့တွေးရင်း အိပ်မပျော်နိုင်အောင် ဖြစ်နေရတာပေါ့၊ ဆရာဝန်ကြီးဦးမိုးမောင်ရဲ့နေအိမ်ကို ပုလိပ်တွေနဲ့ ဝင်ရောက်စီးနင်းမယ့် အစီအစဉ်ကို ဘယ်တော့မှ မပြုလုပ်ပါနဲ့လို့ ကိုမိုးစွေကို ပြောလိုက်ပါ အစ်ကို၊ အဲဒီအကြံအစည်ဟာ အထမြောက် အောင်မြင်မှာမဟုတ်တဲ့အပြင် ကြံစည်လုပ်ကိုင်သူတွေအားလုံး မရှုမလှ အသက်ဆုံးရှုံးရမယ့်အဖြစ်မျိုး ရင်ဆိုင်ကြရလိမ့်မယ်''

ကျွန်ုပ်က နားမလည်သည့်မျက်ဝန်းဖြင့် သူမကိုကြည့်





လျက် ...

''ကျွန်တော်နဲ့ ကိုမိုးစွေဟာ ညီရင်းအစ်ကိုလို ချစ်ခင်သံယောဇဉ်ရှိကြသူတွေပါ၊ ဒေါက်တာ၊ သူ့အတွက် အန္တရာယ်ကြီးမားမယ့် ကိစ္စမျိုးဆိုရင် ကျွန်တော် တားဆီးရမှာပေါ့လေ၊ သို့သော်လည်း ဘယ်လိုအန္တရာယ်မျိုးဖြစ်လို့ ဒီကိစ္စကိုရှောင်ရှားသင့်တယ်ဆိုတာ အကျိုးသင့်အကြောင်းသင့် ရှင်းပြဖို့တော့ လိုလိမ့်မယ်ထင်တယ်''

ဟူ၍ သူမစကားပေါ်တွင် အလိုက်သင့်ပြန်လည်၍ မေးခွန်းထုတ်လိုက်ရာ သူမက အားတက်သရောအမူအရာဖြင့် ...

''မှန်တာပေါ့ အစ်ကို၊ သူကိုတားဆီးဖို့ အကျိုးသင့်အကြောင်းသင့် ရှင်းပြရမှာပေါ့၊ ဇာလီပြောပြတဲ့ အဖြစ်အပျက်တွေကိုသာ အစ်ကိုသိရရင် ဘယ်လိုကြောင့် သူ့ကို ဟန့်တားရတယ်ဆိုတာ အစ်ကို သဘောပေါက် နားလည်သွားပါလိမ့်မယ်၊ ကိုမိုးစွေကိုလည်း သဘောပေါက်နားလည်ဖို့ အစ်ကိုကပဲ ထိထိရောက်ရောက် ကူညီစေချင်ပါတယ်''

ဟု ပြောလေရာ ကျွန်ုပ်ကလည်း မိတ်ဆွေကောင်းတို့ မည်သည်မှာ တစ်ဦးကိုတစ်ဦး ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ သူမဆန္ဒရှိသည့်အတိုင်း ထိထိရောက်ရောက် ကူညီမည်ဟု ကတိပြုပြောလိုက်သည်နှင့် သူမသည် တာကျိုး



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ထွက်လာသည့် ရေများကဲ့သို့ သူမ၏ရင်နှင့်အမျှ သိမ်းဆည်းထားသည့် ခံစားမှုများကို ဖွင့်ဟပြောပြလေတော့၏။

* * *

## အခန်း (၁၅)

## ပရော်ဖက်ဆာကြီး၏ရမ္မက်ဆန္ဒ

ကျွန်ုပ်သည် အင်းစိန်စီအိုင်ဒီမှ အထူးကိစ္စတစ်ရပ်ဖြင့် တာဝန်ပေးစေလွှတ်ခဲ့သည့် စီအိုင်ဒီစုံထောက်တစ်ဦးဖြစ်သည်။ ပုဒေအာက်တော်သားဖြစ်သည့် ကျွန်ုပ်သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထိပါးစော်ကားလာသည့် ဒုစရိုက်သမားများကို အသက်နှင့်လဲ၍ ကာကွယ်စောင့်ရှောက်ရန် သန္နိဋ္ဌာန်ချထားသူဖြစ်၏။

ပြည်သူလူထုသည် ဥပဒေအပေါ်တွင် အားကိုးယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



ခြင်း၊ လေးစားကြည်ညိုခြင်းဖြင့် မိမိတို့၏ လူနေမှုဘဝကို စိတ် အေးချမ်းသာစွာ တည်ဆောက်နိုင်ရမည်ဖြစ်သည်။ ဥပဒေ၏ အထက်တွင် မည်သူမျှမရှိ ဟူသကဲ့သို့ တရားသဖြင့် ဆောင် ရွက်လုပ်ကိုင်နေခြင်းမှာ ကျွန်ုပ်တို့ ဥပဒေအမူထမ်းများ အစဉ် စောင့်ထိန်းလိုက်နာရမည့် အသက်သွေးကြောပင်ဖြစ်သည်။

သို့ကြောင့်လည်း ဒုစရိုက်သမားများနှင့် ကျွန်ုပ်တို့သည် တစ်ကြိမ်မဟုတ်တစ်ကြိမ် တွေ့ဆုံရစမြဲဖြစ်၏။ တစ်ခါတစ်ရံတွင် ဒုစရိုက်သမားများသည် မိမိတို့ စုံထောက်များထက် ဉာဏ်ရည် သာလျက် လှည့်စားနိုင်စွမ်း ရှိကြလေရာ ထိုအခါများတွင် ဒုစရိုက်သမားမှာ မုဆိုးဖြစ်သွားပြီး ကျွန်ုပ်တို့မှာ သားကောင် ပမာ ရင်ဆိုင်ကြရလေ၏။

တစ်ခါတစ်ရံတွင်မှာတော့ ကျွန်ုပ်တို့မှာ မုဆိုးဖြစ်သွားပြီး ဒုစရိုက်သမားများမှာ သားကောင်အဖြစ် ကျရောက်သွားပြန်၏။ ထိုအစဉ်အလာမှာ မည်သည့်ခေတ်ကာလတွင်ဖြစ်စေ မရိုးနိုင် သော နိယာမပင်ဖြစ်သည်။ အထူးသတိထားရမည်မှာ အ ကြောင်း စွအပေါ်တွင် လေ့လာသုံးသပ်မြင်းမပြုဘဲ အများ၏ အထင်အမြင် အယူအဆများကို အမှန်ယူဆပြီး အဆောတလျင် ဆောင်ရွက်ခြင်း မပြုမိရန်ပင်ဖြစ်သည်။

အခြေအနေနှင့် အချိန်အခါကို ကောင်းစွာတွက်ချက်နိုင်





စွမ်းရှိမှသာ မည်သည့်ကိစ္စမဆို အောင်မြင်ပြီးမြောက်မည်ဟု ကျွန်ုပ်ယုံကြည်၏။ ၎င်းယုံကြည်မှုအတိုင်း ကျွန်ုပ်သည် တစ် ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့သဖြင့် လွန်စွာလျှို့ဝှက်ပြီး ကြောက် ရွံ့တုန်လှုပ်ဖွယ် အမှုအခင်းကြီးကို အဆုံးတိုင် ဖော်ထုတ်နိုင်တော့ မည်ဖြစ်သည်။

ကျွန်ုပ်စားကျက်အတွင်းသို့ သားကောင်သည် ထင်ရှား စွာ ရောက်ရှိလာပြီဖြစ်သည်။ ထိုသားကောင်ကို ကျွန်ုပ်သည် အမိအရ ချိန်ရွယ်ပစ်ခတ်ရန်သာ လိုတော့သည်။ ထွက်ပေါက် များကိုလည်း ပိတ်ဆို့ထားပြီးဖြစ်၏။ သို့သော်လည်း သားကောင် သည် ပါးနပ်ပြီး လွန်စွာဉာဏ်ပညာမြင့်မားသူဖြစ်၍ သတိဝီရိယ ထားပြီး ချဉ်းကပ်ရမည်ဖြစ်သည်။

ဒေါက်တာဇာလီမော်သည် အချိန်နှစ်နာရီခန့် ကြာ မြင့်လာသည်အထိ သူမရင်တွင်းက လျှို့ဝှက်ထားသမျှကို အလုံး စုံ ဖွင့်ဟခဲ့လေ၏။ ကျွန်ုပ်ထံသို့ သူမ ရောက်ရှိလာခြင်းမှာ ထို သို့ဖွင့်ပြောရန်အထိ ရည်ရွယ်ခြင်းမရှိခဲ့ပေ။ တစ်ဦးတစ်ယောက် အပေါ်တွင် ကျရောက်မည့် ဘေးအန္တရာယ်ဆိုးအတွက် စိုးရိမ်မိ၍ ဟန့်တားလိုသည့်သဘောဖြင့်သာ ရောက်ရှိလာခြင်းဖြစ်သည်။

ထိုသူမှာ ကျွန်ုပ်နှင့် များစွာခင်မင်ရင်းနှီးသည့် ပြင် ဦးလွင်ခရိုင်သို့ ပြောင်းရွှေ့ရောက်ရှိလာသော ဌာနအုပ်မိုးဇွေပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ မိုးဗွေသည် ရာထူးအားဖြင့် ကြီးမြင့်သော်လည်း အသက် အရွယ်မှာ နှစ်ဆယ့်ငါးနှစ်အရွယ် လူငယ်တစ်ဦးသာဖြစ်သည်။

အသားညိုပြီး အရပ်အမောင်းမြင့်လျက် ခန့်ညားသိမ်မွေ့သူဖြစ်သည်။ ရုပ်ရည်ခန့်ညားသကဲ့သို့ ရာထူးအရှိန်အဝါလည်း ရှိသူဖြစ်လေရာ အမျိုးကောင်းသားသမီးများအလယ်တွင် အထူးပင် မျက်နှာပွင့်လန်းသူဖြစ်သည်။ မိုးဗွေသည် မန္တလေးတွင် အမှုစစ်အရာရှိအဖြစ် တာဝန်ထမ်းဆောင်နေရာမှ ပြင်ဦးလွင်ခရိုင်တွင် လစ်လပ်သွားသည့် ဌာနအုပ်ရာထူးသို့ တိုးမြှင့်ခြင်းခံရသဖြင့် ပြောင်းရွှေ့လာသူဖြစ်၏။

ယခင်ပုလိပ်အရာရှိဌာနအုပ်မှာ ဆရာဝန်ကြီးဦးမိုးမောင်ကို လူသတ်မှုထင်ရှားသဖြင့် ဖမ်းဆီးအရေးယူခဲ့သူဖြစ်သည်။ ၎င်းကိုယ်တိုင် ရုံးတင်၍ သက်သေထွက်ဆိုခဲ့၏။ သူနှင့်အတူ ငယ်သားပုလိပ်နှစ်ဦးလည်း သက်သေထွက်ဆိုကြ၏။

သို့သော် ၎င်းဌာနအုပ်နှင့် ပုလိပ်နှစ်ဦးမှာ ကြုံးမိန့်ဖြင့် သေဆုံးသွားသည့် ဦးမိုးမောင်က တစ္ဆေဘဝဖြင့် ပြန်လည်၍သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်ဟု အများက ယုံကြည်ကြလေ၏။ ထိုသူတို့သည် ဦးမိုးမောင်၏ အရိုးပြာများကို ဂူသွင်းထားသည့် အုတ်ဂူအနီးတွင် မရှုမလှ သေဆုံးခဲ့ကြသည်။ ထိုစဉ်က မိုးဗွေသည် အမှုစစ်အရာရှိအဖြစ် မန္တလေးတွင် တာဝန်ထမ်းဆောင်လျက်





ရှိ၏။

ပြင်ဦးလွင်ခရိုင် ပုလိပ်ဌာနအုပ် သေဆုံးသွားသဖြင့် လစ်လပ်သွားသည့် ၎င်းရာထူးနေရာသို့ မိုးဗွေအား ခန့်အပ်ခဲ့လေ၏။

ကျွန်ုပ်သည် စုံထောက်မင်းကြီး၏အမိန့်ဖြင့် ပြင်ဦးလွင်သို့ရောက်ရှိပြီး နောက်တစ်နေ့မှာပင် ပုလိပ်အရာရှိ ဌာနအုပ်မိုးဗွေနှင့် သွားရောက်တွေ့ဆုံခဲ့၏။ ထိုသို့တွေ့ဆုံရာတွင် ကျွန်ုပ်တို့နှစ်ဦးသည် လျှို့ဝှက်တွေ့ဆုံခဲ့ခြင်းဖြစ်၏။

မိုးဗွေသည် လူငယ်တစ်ဦးပင်ဖြစ်သော်လည်း အသက်အရွယ်နှင့်မလိုက်အောင် အနေအထိုင်၊ အပြောအဆိုနှင့် ယူဆချက်များမှာ ရင့်ကျက်တည်ငြိမ်လှလေ၏။ ၎င်း၏ ခန့်ညားသိမ်မွေ့သော အသွင်အပြင်မှာ တစ်ဖက်သား၏စိတ်ကို မြင်ရုံခဏဖြင့် လွှမ်းမိုးနိုင်စွမ်းသူဖြစ်ကြောင်း ကျွန်ုပ် အကဲခတ်မိ၏။

မိုးဗွေသည် ပုလိပ်အရာရှိပင်ဖြစ်သော်လည်း လုပ်သက်အရသော်လည်းကောင်း၊ အတွေ့အကြုံအရသော်လည်းကောင်း ၎င်းထက် များစွာသာလွန်ရင့်ကျက်သည့် ကျွန်ုပ်အပေါ်တွင် တလေးတစားဖြင့် နေရာပေးဆက်ဆံ၏။ ၎င်းလက်လှမ်းမမီသော အတွေ့အကြုံများကိုလည်း မေးမြန်းလျက် နည်းယူမှတ်သား၏။

ကျွန်ုပ်တို့နှစ်ဦးမှာ ဥပဒေဘက်တော်သားအချင်းချင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးနှင့်တစ်ဦး ရင်းနှီးပွင့်လင်းစွာ ပြောဆိုကြရင်းဖြင့် တွေ့ဆုံသည့် အခိုက်အတန့်မှာပဲ မိတ်ဆွေရင်းကဲ့သို့ ခင်မင်ခဲ့ကြ၏။ မိုးစွေမှာလည်း ကွယ်လွန်သူ ဆရာဝန်ကြီးဦးမိုးမောင်က လူများအပေါ် ခြောက်လှန့်သတ်ဖြတ်သည်ဟူသော အမှုအခင်းပေါ်တွင် များစွာသံသယရှိသူဖြစ်ကြောင်း ကျွန်ုပ်သိခဲ့ရ၏။

ကျွန်ုပ်တို့နှစ်ဦး ညှိနှိုင်းပြီး ထိုကိစ္စကို စုံစမ်းဖော်ထုတ်ရန် ဆုံးဖြတ်ပြီးသည်တွင် မိုးစွေသည် ကျွန်ုပ်လိုအပ်သည်များကို တိတ်တဆိတ် ပံ့ပိုးပေးလေ၏။ ထိုသို့ဖြင့် သံသယဖြစ်ဖွယ် သဲလွန်စများကို တွေ့ရှိရသည်တွင် အဆုံးသတ် ကောက်ချက်ချနိုင်ဖို့အတွက် ဆရာဝန်ကြီးဦးမိုးမောင်၏ တပည့်ရင်းဖြစ်သည့် ဒေါက်တာမျိုးဆွေ၏ဆေးရုံတွင် လူနာအဖြစ် ဆေးရုံတက်ရောက်ရန် ဆုံးဖြတ်လိုက်လေ၏။

ထိုအခါ ကျွန်ုပ်သည် ၎င်းအမှုအခင်းနှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိသော အကြောင်းကိစ္စတစ်ခုကို သိခဲ့ရ၏။

မိုးစွေနှင့် ဒေါက်တာဇာလီမော်တို့၏ လူငယ်သဘာဝ နှောင်ဖွဲ့ခဲ့ကြသည့် ချစ်ခြင်းသံယောဇဉ်ဇာတ်လမ်းလေးပင် ဖြစ်သည်။ မိုးစွေသည် ထိုကိစ္စကို မည်သို့မျှမရည်ရွယ်ဘဲ ကျွန်ုပ်အားပြောပြခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်အပေါ်တွင် မိတ်ဆွေရင်းပမာ ခင်မင်နေလေရာ လူငယ်သဘာဝ ဖြစ်လေ့ဖြစ်ထရှိသည့် မှို





ကျပ်ခံစားမှုများကို မိတ်ဆွေအပေါင်းအသင်းများအား ဖွင့်ဟပြောပြခြင်းသည်။ တစ်နည်းအားဖြင့် သူ၏ခံစားမှုကို ပေါ့ပါးသွားစေလို၍ ဖြစ်သည်။

ထိုဆေးရုံသို့ ကျွန်ုပ်ရောက်ရှိသည့်တွင် သူ၏ချစ်သူ ဒေါက်တာဇာလီမော်နှင့် ကျွန်ုပ်မှာ မဖြစ်မနေ ဆုံတွေ့ရမည်ဖြစ်သည်။ သူသည် ချစ်သူအပေါ်မှာ လွမ်းတသသ ခံစားနေရခြင်းဖြစ်ကြောင်း ကျွန်ုပ် ကောင်းစွာသိရှိလိုက်၏။ ချစ်သူတို့သဘာဝ မာနချင်းပြိုင်လျက် ဝေးကွာနေကြပေမယ့် အမြဲပင် သတိတရဖြစ်နေပုံရ၏။

ကျွန်ုပ်သည် မထင်မှတ်ဘဲ အတွေးတစ်ချက် ရရှိလိုက်၏။ ကျွန်ုပ်သည် မိုးစွေကိုအဖော်ခေါ်လျက် ပိတ်ချင်းမြောင်ရေတံခွန်သို့ သွားရောက်ပြီး နှစ်ယောက်တွဲဓာတ်ပုံတစ်ပုံကို ရိုက်ယူလိုက်၏။ ထိုဓာတ်ပုံကို ခြောက်လက်မပတ်လည် အရွယ်အစား ကူးယူလိုက်ပြီး မှန်ပေါင်ဖြင့် ခန့်ခန့်ညားညား ထည့်သွင်းလိုက်လေ၏။

မိုးစွေမှာ ကျွန်ုပ်၏အပြုအမူများအတွက် နားမလည်နိုင်အောင် ဖြစ်နေလေ၏။ ကျွန်ုပ်မှာတော့ မိမိအတွေးဖြင့် မိမိကျေနပ်နေမိသည်။ ၎င်း၏ချစ်သူရှိသည့်ဆေးရုံသို့ သွားရောက်ရမည့်နေ့တွင် ကျွန်ုပ်အား လာရောက်တွေ့ဆုံသည့်အခါ ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



က ...

"ဒီမှာ မိတ်ဆွေ ... ပိတ်ချင်းမြောင်ရေတံခွန်မှာ ကို
တို့ ဓာတ်ပုံတွဲရိုက်ခဲ့ကြတယ် မဟုတ်လား၊ အဲဒီဓာတ်ပုံကို မော
ရင် သေချာကြည့်ထားစမ်းပါ၊ တစ်ချိန်ချိန်မှာ မောင်ရင့်ဘေး
ရှိနေတဲ့သူဟာ ကိုယ်မဟုတ်ဘဲ မောင်ရင့်ချစ်သူလေး ဖြစ်နေ
မယ်"

ဟု ရယ်မောပြောဆိုလိုက်ရာ မိုးစွေက စိတ်ရှုပ်
ဟန်ဖြင့် ခေါင်းကုတ်လိုက်ပြီး ...

"ဆရာရယ် နေမြင့်လေ အရှုးရင့်လေ ဖြစ်နေရတဲ့
ဝေဒနာကို တိုးအောင်လုပ်နေပြန်ပြီ"

ဟု မချိပြုံးဖြင့် ပြောလေ၏။ ကျွန်ုပ်ကလည်း အား
လေသံဖြင့် ...

"ကိုယ့်လူ တယ်လောကြီးတာကိုး၊ ဒီအချိန်မှာ ကို
ဟာ စုံထောက်တစ်ယောက်မဟုတ်ဘူးလေ၊ ကိုယ့်ကို စက်ရုပ်
ကြီးကိုယ်တိုင် အထက်လမ်းဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်အဖြစ် ယုံကြည်
အမှတ်ပြုထားတာ မောင်ရင် မေ့နေပြီထင်တယ်၊ ကိုယ့်ရဲ့
ကြိမ်လုံးအစွမ်း ဘယ်လောက်အစွမ်းသတ္တိရှိတယ်ဆိုတာ
ရင် သိရမှာပါ၊ အဲဒီအခါကျရင်သာ မောင်ရင် ကိုယ့်ကို
လောက်အောင် ပြုစုပေတော့"





ထိုအခါ မိုးစွေသည် သဘောကျစွာ ရယ်မောလိုက်ပြီး

"အိုကေ အိုကေ ကျွန်တော် သဘောပေါက်ပါပြီဗျာ၊ စိတ်ချပါ ဆရာ၊ ကျွန်တော့်ရင်ခုန်သံတွေ ပြန်လည်နိုးကြားအောင် စွမ်းဆောင်ပေးတဲ့ ဆရာ့ကို သဘောရှိပြုစုပါ့မယ်ဗျာ"

ဟူ၍ ပြောလေတော့၏။

ဆေးရုံတွင် လူနာအဖြစ် ရောက်ရှိခဲ့သော်လည်း ကျွန်ုပ်သည် ၎င်းဓာတ်ပုံလေးကို အဝတ်အစားသေတ္တာတွင်း၌သာ ထားရှိခဲ့လေ၏။ ရက်အနည်းငယ်အတွင်း ကျွန်ုပ်သည် ဒေါက်တာမျိုးဆွေနှင့်သာမက ၎င်း၏သားဖြစ်သူ ဒေါက်တာအောင်ခန့်နှင့်လည်းကောင်း၊ သမီးဖြစ်သူ ဒေါက်တာဇာလီမော်နှင့်လည်းကောင်း ခင်မင်ရင်းနှီးခဲ့သည်တွင် ကျွန်ုပ် အထူးသတိထားစောင့်ကြည့်မိသည်မှာ ဒေါက်တာဇာလီမော်ဖြစ်သည်။

ထိုသို့ဖြင့် ၎င်းတို့မိသားစုနှင့် စကားလက်ဆုံပြောဆိုကြသည့်တစ်နေ့တွင် ကျွန်ုပ်သည် မထင်မှတ်ဘဲ ရရှိလိုက်သည့် အခွင့်အရေးကို မိမိရရ အသုံးချလိုက်၏။

ထိုနေ့ညက ကျွန်ုပ်သည် ကွယ်လွန်သူ ဆရာဝန်ကြီးဦးမိုးမှောင်နှင့် ပတ်သက်ပြီး စကားများစွာပြောဆိုကြစဉ် ကျွန်ုပ်ပြောပြသည့် ဖြစ်စဉ်များအပေါ်တွင် ၎င်းတို့မိသားတစ်စုလုံးအံ့သြမှင်တက်ဖြစ်သွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် ပုလိပ်အရာရှိ ဌာနအုပ်မိုးစွေမှာ မည်သို့ အစွမ်းအစရှိကြောင်း၊ ကျွန်ုပ် စုံစမ်းသိရှိခဲ့ရသည့် သဲလွန်စများကို မိုးစွေထံမှတစ်ဆင့် သိရှိရသကဲ့သို့ ပြောဆိုလိုက်ရာ ၎င်းတို့အမှုအရာမှာ ကြောက်ရွံ့ခြင်းနှင့် အံ့ဩခြင်းတို့ ရောထွေးလျက် ဝေးငိုင်သွားလေ၏။

ကျွန်ုပ်က မိုးစွေသည် လွန်စွာရဲဝံ့စွန့်စားသည့် လူငယ်ဖြစ်၍ ထူးဆန်းစွာသေဆုံးသွားသူများနှင့် ပတ်သက်ပြီး ၎င်းသေဆုံးသူများကို ကွယ်လွန်သူ ဆရာဝန်ကြီးဦးမိုးမောင်က တစ္ဆေခြောက်၍သတ်ဖြတ်ခြင်းအပေါ်မှာ အနည်းငယ်မျှ ယုံကြည်ခြင်းမရှိကြောင်း၊ ၎င်းကိုယ်တိုင် စုံစမ်းဖော်ထုတ်ရန် သဲလွန်စများလည်း ရရှိထားပြီဖြစ်ကြောင်းကို ကျွန်ုပ်က အချက်အလက်များနှင့်တကွ ရှင်းပြလိုက်၏။

ထိုသဲလွန်စများမှာ ကျွန်ုပ်သိရှိထားသော ကိစ္စများဖြစ်၏။ ဦးမိုးမောင်၏ခြံအိုကြီးအတွင်း တိတ်တဆိတ် ဝင်ရောက်စဉ် ဆိုင်းထမ်းဖြင့် မြင်တွေ့ခဲ့ရသည့် ရှမ်းအဘိုးကြီးတစ်ဦးအကြောင်း၊ စက်ရှင်မင်းကြီး၏နေအိမ်တွင် ကျွန်ုပ်ရှိစဉ်က ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်များအကြောင်းကို ဌာနအုပ်မိုးစွေကိုယ်တိုင် စုံစမ်းသိရှိသကဲ့သို့ တစ်ဖက်လှည့်နှင့် ပြောဆိုလိုက်လေရာ ထိုစကားများကို နားထောင်နေသည့် ဒေါက်တာမျိုးဆွေ၏အမူအရာများမှာ ဟန်





မဆောင်နိုင်လောက်အောင် ပျက်ယွင်းနေတော့၏။

မျက်ဝန်းကလေးများ ပြူးကျယ်လျက် ထူးထူးခြားခြား တုန်လှုပ်ထိတ်လန့်နေသူမှာ ဒေါက်တာဇာလီမော်ဖြစ်သည်။ စကားပိုင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာစဉ်မှာပဲ ကျွန်ုပ်သည် အားရကျေနပ်စွာ ပြုံးလိုက်မိ၏။

ကျွန်ုပ်သည် သားကောင်ကို မိမိ၏စားကျက်မြေထဲသို့ ပိုင်နိုင်စွာ မောင်းသွင်းလိုက်နိုင်ပြီဟု ယုံကြည်လိုက်၍ဖြစ်သည်။ အခန်းသို့ရောက်ရှိပြီး အိပ်စက်ခြင်းမပြုမီတွင် ကျွန်ုပ်သည် မိုးစွေနှင့်အတူ ယှဉ်တွဲရိုက်ယူခဲ့သည့် ဓာတ်ပုံကို ခုတင်ခေါင်းရင်းနံဘေးရှိ စားပွဲပေါ်တွင် ထောက်စင်ဖြင့် တင်ထားလိုက်၏။

နောက်တစ်နေ့မနက်ခင်းမှာပဲ ဒေါက်တာဇာလီမော်သည် ကျွန်ုပ်အခန်းသို့ ရောက်ရှိလာစဉ် ထိုဓာတ်ပုံကို မြင်တွေ့သွားပြီး သူမရင်တွင်း၌ မျိုသိပ်ထားခဲ့သည့် လျှို့ဝှက်ချက်များကို ဖွင့်ဟပြောပြခဲ့ခြင်းဖြစ်၏။

ဒေါက်တာဇာလီမော်သည် အစပိုင်းတွင် ကျွန်ုပ်ပေါ်၌ မဝံ့မရဲ မယုံမရဲ ဖြစ်နေသော်လည်း သူမချစ်သူမိုးစွေနှင့် ကျွန်ုပ်၏ဓာတ်ပုံကို တွေ့မြင်လိုက်ရသည်တွင် ယုံကြည်ကိုးစားမှုဖြင့် ဖွင့်ဟလေတော့၏။

သူမက မိုးစွေနှင့် အဘယ်မျှ ရင်းနှီးသံယောဇဉ်ဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကို အတိတ်ကို လွှမ်းဆွတ်သည့်မျက်ဝန်းဖြင့် ရီဝေစွာ
ပြောပြပြီးနောက် မိုးစွေကို အဘယ်ကြောင့် ဆရာဝန်ကြီးဦး
မိုးမောင်နေအိမ်အား ဝင်ရောက်စီးနင်းခြင်းမပြုဖို့ ဟန့်တားရ
ကြောင်းကို ရှင်းပြလေ၏။

ကျွန်ုပ်တို့လူ့လောကတွင် အချို့သောအဖြစ်အပျက်များ
သည် လူတို့၏အသိဉာဏ်ဖြင့် လိုက်၍မမီနိုင်အောင် ထူးဆန်းအံ့
သြဖွယ် ကောင်းလှပေ၏။ ထိုသို့သော အဖြစ်အပျက်များကို
ကြားသိရသည့်အခါ လူအများသည် မိမိတို့ ထင်ရာမြင်ရာ အယူ
အစွဲကို ထပ်ခါတလဲလဲသုံးစွဲပြီး အမျိုးမျိုးသောထင်မြင်ချက်များ
ကို ပြောဆိုကြ၏။

လူအများက ကြိုးမိန့်အပြစ်ဒဏ်ကျခံရသည့် ဆရာဝန်
ကြီးဦးမိုးမောင်ကိုလည်း ထိုသို့ပင် ထင်ရာမြင်ရာ ပြောဆိုကြခြင်း
ဖြစ်ကြောင်း ကျွန်ုပ်သိရှိရလေ၏။ ထိုဆရာဝန်ကြီးမှာ မကျူးလွန်
မလွှတ်ဘဲ တချွေသရဲဘဝသို့ ရောက်ရှိပြီး ၎င်းမကျေနပ်သော
လူများကို ခြောက်လှန့်သတ်ဖြတ်နေခြင်းဟု ယုံကြည်ထားကြ၏။

ဒေါက်တာဇာလီမော်ပြောပြသည့် ဖြစ်ပျက်မှုများသည်
မည်သို့မျှ ယုံနိုင်ဖွယ်မရှိချေ။ အကယ်၍ ထိုသို့ပြောပြနေသူမှာ
အခြားသူတစ်ဦးတစ်ယောက် ဖြစ်နေပါက ကျွန်ုပ်သည် အနည်း
ငယ်မျှ ယုံကြည်လက်ခံလိမ့်မည် မဟုတ်ပေ။ ဒေါက်တာဇာလီ





မော်သည် ထိုဖြစ်ပျက်မှုများတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ပတ်
သက်ခဲ့သော အထောက်အထား အချက်အလက်များနှင့်တကွ
ပြောပြနိုင်ခြင်းဖြစ်သည်။

ဆရာဝန်ကြီးဦးမိုးမောင်၏ ဖြစ်စဉ်မှာ လူတစ်သိန်းတစ်
သောင်းတွင် တစ်ယောက်တလေ ကြုံတွေ့လျှင် ဖြစ်နိုင်ခြေမရှိ
သော လွန်စွာထူးဆန်းအံ့သြဖွယ်ကောင်းသည့် ဖြစ်စဉ်ဖြစ်သည်။

ဆရာဝန်ကြီးဦးမိုးမောင်သည် ပင်ကိုအားဖြင့် ဉာဏ်
ပညာထူးချွန်ထက်မြက်သကဲ့သို့ ငွေကြေးလည်း ပြည့်စုံကြွယ်ဝ
သူဖြစ်သည်။ ဒေါက်တာမျိုးဆွေမှာ နွမ်းပါးချို့တဲ့သူဖြစ်ပြီး ဆေး
ကျောင်းတစ်ဖက်တက်ရင်း ဆရာဝန်ကြီးဦးမိုးမောင်ထံ၌လည်း
ဆေးပညာကို လက်တွေ့ဆည်းပူးသင်ယူခဲ့၏။ ဦးမိုးမောင်က
လည်း ကျိုးနွံသစွာရှိသည့် ဒေါက်တာမျိုးဆွေကို ထူးထူးခြားခြား
ခင်မင်သံယောဇဉ်ဖြစ်ခဲ့၏။ မိသားစုသဖွယ် ညီရင်းအစ်ကိုကဲ့သို့
သဘောထားလျက် ပေးကမ်းစောင့်ရှောက်ခဲ့၏။

ဦးမိုးမောင်၏ ကျေးဇူးတရားကြောင့် ဒေါက်တာမျိုးဆွေ
တို့မိသားစု ထိုသို့ ပြည့်စုံချမ်းသာသည့် ဘဝအခြေအနေမျိုး
ရောက်ရှိခဲ့ကြ၏။ သို့ကြောင့်လည်း ဒေါက်တာမျိုးဆွေသာမက
သူ၏ဇနီး၊ သားနှင့်သမီးတို့မှာ ဦးမိုးမောင်အပေါ်တွင် မိမိတို့၏
မိဘသဖွယ် အထူးပင် လေးစားကြည်ညိုကြ၏။



www.burmeseclassic.com

www.burmeseclassic.com



လောကဓာတ်ပညာတွင် အာရှတိုက်ကိုသာမက၊ ဥရော ပ နိုင်ငံကြီးများတွင်လည်း ထိပ်ဆုံးရောက်အောင် တိုးတက်မြင့် မားလျက်ရှိသည့် ဂျာမနီနိုင်ငံတွင် ဆေးပညာဆည်းပူးသင်ကြားခဲ့ သည့် ဦးမိုးမောင်သည် ကမ္ဘာပေါ်တွင် မည်သူမျှ ကြံစည်တွေး ခေါ်ခြင်းမရှိသည့် သုတေသနလုပ်ငန်းကို နှစ်ကာလများစွာ တစိုက်မတ်မတ် လုပ်ကိုင်ခဲ့၏။ ဒေါက်တာမျိုးဆွေမှာ သူ၏လုပ် ငန်းများတွင် လိုအပ်သည်များကို အနီးကပ်ပံ့ပိုးပေးခဲ့၏။

ထိုလုပ်ငန်းကို သူသည် မြန်မာတစ်မျိုးသားလုံးအတွက် ရည်ရွယ်ခဲ့ခြင်း ဖြစ်သည်။ မိမိ အကြံအစည် အထမြောက်အောင် မြင်ခြင်း မရှိသေးသည့်ကာလတွင် သူသည် ဒေါက်တာမျိုးဆွေ မှတစ်ပါး အသိပေးခြင်းမရှိဘဲ အထူးပင် လျှို့ဝှက်ထားခဲ့၏။ ထိုသုတေသနလုပ်ငန်းကြီးမှာ အသက်ဝိညာဉ်ကင်းမဲ့သည့် လူသေကို အသက်ပြန်လည်ရှင်သန်အောင် လောကဓာတ်ပညာ ဖြင့် အသက်သွင်းသည့်လုပ်ငန်းဖြစ်သည်။

လောကကြီးတွင် လူတို့ပြောဆိုသုံးနှုန်းကြသည့် လွန်စွာ ရိုးစင်းသည့် စကားပုံတစ်ခုရှိ၏။ မများသောရှေ့နေ မသေသော ဆေးသမား ဟူသည့်စကားပုံပင်ဖြစ်သည်။ မည်သို့ပင် သတ္တ ဝိရိယကြီးစွာ ဆောင်ရွက်ပါက ပညာတတ်ကြီးပင်ဖြစ်လင့်ကစား အများအယွင်းဟူ၍ ရှိကြစမြဲဖြစ်လေရာ ထိုသဘောကို ရည်ရွယ်





ပြောဆိုကြခြင်းပင်ဖြစ်သည်။

ဦးမိုးမောင်လည်း ထိုသို့ယူဆရမည်ဖြစ်သည်။ သူသည် သူ၏ သုတေသနလုပ်ငန်းတွင် တိရစ္ဆာန်ကလေးများကို အသုံးချ ၍ စမ်းသပ်ရာ အောင်မြင်မှုအကြိမ်ကြိမ် ရရှိခဲ့လေ၏။ သူသည် ထိုမျှနှင့် ကျေနပ်ရောင့်ရဲခြင်းမရှိပေ။ လူကို လက်တွေ့ကျကျ စမ်းသပ်ရန်အထိ ကြံစည်အားထုတ်လေ၏။

ထို့ကြောင့် ဦးမိုးမောင်သည် လူတစ်ယောက်၏အသက် ကို နုတ်ပယ်ပြီး တစ်ဖန်ပြန်လည်၍ အသက်သွင်းရန် စမ်းသပ် လုပ်ကိုင်နေစဉ်မှာပဲ လူ့လောကတွင် မည်သူမျှ ခွင့်မလွှတ်နိုင် သည့် အမှားကို ကျူးလွန်ခဲ့ခြင်းဖြစ်သည်။

ဒေါက်တာဇာလီမော်သည် ဦးမိုးမောင်၏ဖြစ်စဉ်ကို ပြော ပြရာတွင် ဦးမိုးမောင်ကို ဘဘကြီးဟူ၍ သုံးနှုန်းပြောဆို၏။

"ဘဘကြီး ကြိုးမိန့်မကျခင်နှစ်နှစ်လောက်က ဘဘကြီး ရဲ့ တစ်ဦးတည်းသောသမီး စံပယ်မြိုင်နဲ့ ဇာလီ့အစ်ကိုတို့ လက် ထပ်ခဲ့ကြတယ်၊ ဘဘကြီးဟာ သူ့ဇနီးဆုံးပါးသွားပြီးကတည်းက ဆေးကုသတဲ့အလုပ်ကို အဖေနဲ့လွှဲအပ်ပြီး သူ အင်မတန်စိတ်အား ထက်သန်တဲ့ သုတေသနလုပ်ငန်းကိုပဲ ဇောက်ချလုပ်ကိုင်ခဲ့တယ်၊ စံပယ်မြိုင်ကိုလည်း ဖေဖေက တာဝန်ယူကျွေးမွေးပြီး ပညာသင် စေခဲ့တယ်၊ စံပယ်မြိုင်ဟာ ဇာလီတို့မိသားစုနဲ့ နေထိုင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးပြင်းခဲ့ရတာပေါ့၊ တကယ့်ညီအစ်မရင်းလိုပါပဲ အစ်ကိုရယ်၊ စံပယ်မြိုင်ကလည်း ဖေဖေ့ကို ကိုယ့်မိဘအရင်းလို ခင်မင်တွယ်တာခဲ့တယ်၊ ဘဘကြီးက သမီးအရင်းကိုတောင်မှ သူတွေ့ချင်မှ တွေ့တယ်၊ နောက်ပိုင်းမှာ တစ်လကိုးသီတင်းနေလို့ တစ်ခါမတွေ့တော့တဲ့အထိ သူ့လုပ်ငန်းအပေါ်မှာပဲ ကိုယ်ရောစိတ်ပါ လုပ်ကိုင်တော့တယ်၊ ကြာတော့ စံပယ်မြိုင်လည်း သူ့အဖေရဲ့ သဘာဝကို နားလည်သွားပြီး ဇာလီတို့နဲ့ပဲ ပျော်ပျော်ရွှင်ရွှင် နေထိုင်ကြီးပြင်းခဲ့တယ် ...။

ဇာလီတို့သုံးယောက်စလုံး ဆေးကျောင်းကို တက်ရောက်ပညာသင်တုန်းမှာပဲ ကိုကိုနဲ့ စံပယ်မြိုင်တို့ လူငယ်သဘာဝ မေတ္တာမျှခဲ့ကြတယ်၊ မိဘချင်းကလည်း မိသားစုသဖွယ် ရင်းနှီးနေကြပြီဖြစ်လို့ ဆရာဝန်ဘွဲ့ရရှိပြီးတဲ့အခါမှာ ကိုကိုနဲ့ စံပယ်မြိုင်ကို လက်ထပ်ပေးခဲ့ကြတယ်၊ ဘဘကြီးဟာ ဘယ်လောက်အထိ သူ့အလုပ်ပေါ်မှာ ဖွဲကြီးသလဲဆိုရင် သူ့ဘဝရဲ့ တစ်ဦးတည်းသောသမီး လက်ထပ်တဲ့မင်္ဂလာပွဲကိုတောင် ရောက်မလာနိုင်ခဲ့ဘူး၊ အဲဒီနေ့က အရေးကြီးတဲ့ ဆေးဝါးတစ်မျိုး စမ်းသပ်လုပ်ကိုင်နေလို့ ဘယ်လိုမှ အချိန်မရတော့ဘူးဆိုတဲ့စကားကို ခြံစောင့်ဦးစိန်တိုးနဲ့ မှာလိုက်လေရဲ့၊ စံပယ်မြိုင်ဆိုတာလေ အတော့်ကို စိတ်မကောင်းဖြစ်သွားတာပေါ့၊ ဒါပေမယ့် သူ့ဖနီးရဲ့ လက်ဝတ်





လက်စား ကျောက်မျက်ရတနာတွေကိုတော့ မင်္ဂလာလက်ဖွဲ့ အဖြစ် လွှဲပြောင်းပေးအပ်ခဲ့တယ် ...။

သမီးအပေါ်မှာ လျစ်လျူရှုနိုင်ပေမယ့် မြေးဦးလေးရရှိတဲ့အခါမှာတော့ ဘဘကြီးရဲ့သဘောထားတွေ ပြောင်းလာတယ်လေ၊ ဘဘကြီးရဲ့ခြံထဲကိုသွားတိုင်း ဖေဖေဟာ မြေးလေးကို ခေါ်သွားရတယ်၊ ကျန်တဲ့သူတွေကိုတော့ ခြံထဲကို အခွင့်မရှိဘဲ မသွားရဘူး၊ စံပယ်မြိုင်ကတော့ ဘဘကြီးကို နှစ်ကာလများစွာ လူသူကင်းဝေးပြီး အထီးကျန်နေတဲ့အဖြစ်က ရုန်းထွက်ပြီး မိသားစုလို စုစုစည်းစည်း နေထိုင်စေလိုတယ်၊ အဲဒီဆန္ဒကို ဘဘကြီး သိအောင် ဖေဖေကတစ်ဆင့် အမြဲမှာကြားခဲ့တယ် ...။

တစ်နေ့မှာတော့ ဘဘကြီးက သူ့သမီးရဲ့ဆန္ဒအတိုင်း မကြာခင် နေထိုင်တော့မယ်ဆိုတဲ့ အကြောင်းပြန်ချက် ရရှိခဲ့တယ်၊ အဲဒီစကားကြောင့် စံပယ်မြိုင်သာလျှင်မဟုတ်ဘူး ... ဇာလီတို့လည်း အလွန်ပျော်ရွှင်ခဲ့ကြတာပေါ့၊ ဘဘကြီးက သူ့ရဲ့ သုတေသနလုပ်ငန်း အဆုံးသတ်တော့မယ်၊ နှစ်ကာလများစွာ ရင်းနှီးလုပ်ကိုင်ခဲ့တဲ့ သုတေသနလုပ်ငန်းရဲ့ စမ်းသပ်တွေ့ရှိချက်တွေ ကို လူ့လောကကြီးအတွက် အကျိုးပြုလုပ်ငန်းတွေ လုပ်ကိုင်တော့မယ်၊ မကြာခင်ဆောင်ရွက်မယ့် သုတေသနလုပ်ငန်း ပြီးဆုံးသွားတဲ့အထိ စောင့်ဆိုင်းသည်းခံဖို့ သူ့သမီးကို မှာကြားလိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ် ...။

တကယ်လို့သာ ဘဘကြီးရဲ့ နောက်ဆုံးသုတေသန လုပ်ငန်းကို စံပယ်မြိုင်သိရှိခဲ့ရင် အဲဒီလုပ်ငန်းကို အပြင်းအထန် တားဆီးမှာ သေချာတယ်၊ ကမ္ဘာပေါ်မှာ ဘယ်လိုပညာရှင်မှ ကြိုးစည်အားထုတ်ဖို့ စိတ်ကူးဝံ့တဲ့ လုပ်ငန်းမျိုးမဟုတ်ဘူးလေ၊ အသက်ရှိနေတဲ့ လူတစ်ယောက်ကို အသက်ဝိညာဉ်ထုတ်ပယ်ပြီး ဆေးဝါးနည်းပညာနဲ့ အသက်ပြန်သွင်းတဲ့ သုတေသနလုပ်ငန်း မျိုးကို ဘယ်သူကများ ကြိုးစည်ဝံ့ပါ့မလဲ၊ ပြီးတော့ ဘေးအန္တရာယ် ဘယ်လောက်ကြီးမားတဲ့ လုပ်ငန်းမျိုးလဲ၊ ဘဘကြီးဟာ သူ့လုပ် ငန်းအောင်မြင်ဖို့ကိုပဲ အာရုံဝင်စားပြီး ဘယ်လိုဘေးအန္တရာယ်မျိုး နဲ့ ရင်ဆိုင်ရမယ်ဆိုတာ နည်းနည်းလေးမှ မတွေးခဲ့ဘူး၊ ဒါ ကြောင့်လည်း ခြေလွန်လက်လွန်အဖြစ်မျိုး ရင်ဆိုင်ရပြီး စက်ရုံ တရားရုံးက ကြိုးမိန့်အပြစ်ဒဏ်ချမှတ်ခြင်းကို ခံခဲ့ရစာပေါ့''

* * *

## အခန်း (၁၆)

## သေမင်းခံတွင်းဝက ဆွဲထုတ်နိုင်ခဲ့ပြီ

ကျွန်ုပ်သည် ဒေါက်တာဇာလီမော်၏ **စကားများကို** ကြား ရသည်မှာ ကြက်သီးများထမလောက် ဖြစ်သွားမိပါသည်။

လောကဓာတ်ပညာရှင်ကြီးများသည် သူတို့စမ်းသပ် အောင်မြင်သည့် နည်းပညာများကို စေတနာကောင်းဖြင့် အသုံး ချပါက လူသားတွေအဖို့ များစွာအကျိုးခံစားရ၏။ တစ်ခါတစ်ရံ ကိုးဝါးသည့် အစီအမံများဖြင့် ရက်စက်စွာကြံပါကလည်း သူတို့၏ နည်းကို အမှီပြုကာ သတ္တဝါများ အမြောက်အမြား သေဆုံးရ



www.burmeseclassic.com

www.burmeseclassic.com



ပေသည်ဟု စဉ်းစားမိသည်။

အနောက်နိုင်ငံကြီးများတွင် လောကဓာတ်ဆရာကြီး အတတ်ဆန်းမှုကြောင့် အရာရာအသုံးဝင်လှသည့် လျှပ်စစ်ဓ အား ပေါ်ပေါက်လာခဲ့၏။ သို့ကြောင့် လူများ အမျိုးမျိုး အကျိုးကို ခံစားကြရ၏။

ထိုအရာများကြောင့် ဓာတ်ငွေ့ဗုံးတွေ၊ မီးလောင်ဗုံး ပေါက်ပြီး မြို့ကြီးတွေနှင့်တကွ လူသတ္တဝါများ အတုန်းအ ပျက်ပြုန်းသေဆုံးခဲ့ကြရ၏။ ကောင်းကျိုးပေးသလောက် ဆိုး ကိုလည်း ဝင်းဝင်းတောက်အောင် ပေးလေ၏။

လောကဓာတ်ပညာရှင်ကြီး ဦးမိုးမောင်မှာလည်း သတ္တဝါများအတွက် ကောင်းကျိုးကို ဦးတည်သလား ဆိုးကျိုး ဦးတည်ပါသလား၊ သူသာလျှင် အသိဆုံးဖြစ်ပါလိမ့်မည်။ သော်လည်း လက်ရှိမြင်တွေ့နေရသည့် အခြေအနေမှာ ဆိုးကျိုးကို မီးကုန်ယမ်းကုန် လုပ်ဆောင်နေသည်မှာ ထင်ရှား တော့သည်။

ဦးမိုးမောင်သည် လူ့လောကတွင် မည်သူမျှ နား ခွင့်လွှတ်၍မရသည့် အမှားကို ကျူးလွန်ခဲ့သဖြင့် ၎င်းပြစ်မှု ထိုက်တန်သည့် ကြိုးမိန့်ဖြင့်သေစေရန် အပြစ်ဒဏ်ခံခဲ့ရ သို့သော် ကံကြမ္မာက ဦးမိုးမောင်ကို သေမင်းခံတွင်းဝမှ





ယ်ကောင်းစွာ ခွဲထုတ်နိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင်မဆိုထား င့် ကမ္ဘာပေါ်တွင်လည်း ဘယ်တုန်းကမှ မရှိခဲ့ဖူးသည့်အဖြစ်မျိုး ု ယူဆရမည်ဖြစ်သည်။

အကယ်၍ ထိုအဖြစ်ကို သိရှိခဲ့ပါက ဦးမိုးမောင်သည် ကမ္ဘာပေါ်တွင် လွန်စွာအံ့ဩဖွယ်ကောင်းသည့် ပုဂ္ဂိုလ်ထူးကြီးအ ဖြစ် ထင်ရှားကျော်ကြားသွားမှာ သေချာ၏။ အင်္ဂလိပ်အစိုးရ ည်လည်း အထူးပင် တုန်လှုပ်ချောက်ချားသွားဖွယ်ရာရှိ၏။

ဦးမိုးမောင်သည် လွန်စွာစိတ်ဓာတ်ပြင်းထန်သူ ဖြစ် ည်။ ယုံကြည်ရာကို မဆုတ်မနစ် ကြိုးစားလုပ်ကိုင်သူဖြစ်၏။ ူသည် ကြိုးစင်ပေါ်သို့ တည်တည်ငြိမ်ငြိမ်ဖြင့်ပင် တက်ရောက် ားခဲ့၏။ သူ့အား ကြိုးမိန့်ဖြင့် စီရင်မည့်နေ့မတိုင် နှစ်ရက်ခန့် လိုတွင် သူသည် ဒေါက်တာမျိုးဆွေကို ခေါ်ယူတွေ့ဆုံပြီး ၏အကြံအစည်များကို ဖွင့်ဟပြောပြလေ၏။ သူသည် မောင် ဟူသောလူငယ်ကို အခကြေးငွေပေးပြီး စမ်းသပ်နေစဉ်မှာပဲ းဆုံးမရောက်မီ ပျက်စီးသွားရခြင်းအပေါ်တွင် လွန်စွာမကျေ နပ် ဖြစ်နေလေ၏။

ထိုလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး ဒေါက်တာမျိုးဆွေမှာ နီးကပ်လေ့လာမှတ်သားခဲ့သူ ဖြစ်သည်။ သူသည် ထိုစမ်းသပ် ပ်ကိုင်ခြင်းအပေါ်တွင် အပြည့်အဝ ယုံကြည်နေလေရာ ကြိုးမိန့်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် မိမိအသက်ခံရပြီးသည်နှင့် ပူပူနွေးနွေးအလောင်းကို အလျှ
အမြန်ထုတ်ယူရမည်ဖြစ်ကြောင်း၊ အလောင်းရရှိသည်နှင့် သူ
စမ်းသပ်လုပ်ကိုင်သည့် နည်းစနစ်အတိုင်း သူ၏အသက်ကို ပြ
လည်သွင်းယူရမည်ဟု မှာကြားခဲ့လေ၏။ ဒေါက်တာမျိုးဆွေ
လည်း သူ၏ဆရာ မှာကြားသည့်အတိုင်း အတိမ်းအစောင်းမ
စေရန် ဆရာ၏ မာတ်ခွဲခန်းအတွင်း၌ စက်ပစ္စည်းကိရိယာမျ
ဆေးဝါးပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားလေ၏။

ထို့နောက် ဒေါက်တာမျိုးဆွေသည် သူ၏ဆရာ
လောင်းကို ကြိုးစင်မှဖြုတ်ချသည်နှင့် ယူဆောင်ခွင့်ရရှိ
ထောင်အာဏာပိုင်များထံ ချဉ်းကပ်ကြိုးစားလေ၏။ ဂုဏ်ရှိ
ကြီးမားသည့် ဒေါက်တာမျိုးဆွေကို ထောင်အာဏာပိုင်များ
လည်း လေးစားချစ်ခင်ကြလေရာ ထိုကိစ္စမှာ အထူးတ
ကြိုးစားရန် မလိုဘဲ အဆင်ပြေချောမွေ့သွားခဲ့၏။

ဒေါက်တာမျိုးဆွေသည် ကိုယ်ပိုင်ဆေးတိုက်ဖွင့်၍ လူ
များကို လက်ခံကုသနေသည့် ဆရာဝန်ဖြစ်၍ ထောင်ဆရာ
မှာ ဆရာဝန်အချင်းချင်းပင် ဖြစ်လင့်ကစား ဒေါက်တာမျိုး
အပေါ်တွင် များစွာအထင်ကြီး လေးစား၏။ သို့ကြောင့်
ဒေါက်တာမျိုးဆွေ၏ဆန္ဒကို ကူညီမည်ဟု ကတိပြုလေ
သာမန်အားဖြင့် ကြိုးစင်မှဒေါက်ဖြုတ်လိုက်သည်နှင့် လူ





ကိုယ်မှာ တွဲလောင်းကျဆင်းသွားသည်နှင့် အသက်သေဆုံးသွား
ပြီဟု မှတ်ယူထားကြ၏။ ကြိုးစင်ပေါ်သို့ တက်ရောက်ခြင်းမပြုမီ
ရာဇဝတ်သားကို ထောင်ဆရာဝန်က ကျန်းမာရေးစစ်ဆေးရ
၏။ ကြိုးစင်မှဖြုတ်ချပြီး၍ သေဆုံးသွားသည့် ရာဇဝတ်သားကို
စမ်းသပ်ကြည့်ရှုခြင်း မပြုရတော့ပေ။

ဒေါက်တာမျိုးဆွေက ဦးမိုးမှောင်၏ ရုပ်အလောင်းကို
ပူပူနွေးနွေးရှိဆဲတွင် အရယူလိုသည်။ ထိုအခါ ထောင်ဆရာဝန်
နှင့် ညှိနှိုင်းတိုင်ပင်ရာ ထောင်ဆရာဝန်က ...

''ကြိုးဒေါက်ဖြုတ်ချပြီးလို့ လူကိုယ်ကြီး အောက်ကို
ဒုတ်ခနဲရောက်သွားပြီး ကြိုးငြိမ်သွားတာနဲ့ ရာဇဝတ်သားလည်း
သေဆုံးသွားပြီဖြစ်လို့ ကြိုးစင်က ကြိုးဖြုတ်ချလို့ရပါပြီ''

ဟု ပြောလေရာ ဒေါက်တာမျိုးဆွေမှာ ဦးမိုးမှောင်
မှာကြားသည့်အတိုင်း အသက်သေဆုံးသည်နှင့် အလောင်းကို
ပူပူနွေးနွေး ရယူလိုသဖြင့် ...

''ဒီလိုဖြစ်ရင် ကျွန်တော့်ကို ကူညီလက်စနဲ့ ဆုံးခန်းတိုင်
အောင်ကူညီပါ ဒေါက်တာရယ်''

''ဒေါက်တာမျိုးဆွေကို ကျွန်တော် လေးစားပြီးသားပါ၊
ဒေါက်တာကြီးဦးမိုးမှောင်ကိုလည်း အခုလိုအဖြစ်မျိုး ရင်ဆိုင်ကြုံ
တွေ့ရလို့ ကျွန်တော် အလွန်ပဲ နှမြောမိတယ်၊ မြန်မာပြည်မှာ



www.burmeseclassic.com

www.burmeseclassic.com



အခုလောက်ထူးချွန်တဲ့ ပညာရှင်မျိုး ဆုံးရှုံးသွားရတာ အလွန့်ကို နစ်နာပါတယ်လေ၊ ပြောပါ ဒေါက်တာ . . . ကျွန်တော် အတတ်နိုင်ဆုံး ကူညီပေးပါ့မယ်''

''အခုလို နားလည်ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ၊ ဦးမိုးမောင်ဟာ ကျွန်တော့်ကို မိဘအရင်းသဖွယ် ကူညီစောင့်ရှောက်ခဲ့တာပါ၊ အဲဒီကျေးဇူးတရားကို တုံ့ပြန်လိုတဲ့ သဘောနဲ့ သူ့ဆန္ဒကို ဖြည့်ဆည်းပေးချင်ပါတယ်၊ သူ့ရဲ့ ရုပ်ခန္ဓာကို သေပြီးခဏမှာပဲ မီးသင်္ဂြိုဟ်ဖို့ ကျွန်တော့်ကို အတန်တန်မှာကြားပါတယ်၊ သူ့မှာ ထူးခြားတဲ့အယူအစွဲရှိပါတယ်၊ အဲဒီလို မီးသင်္ဂြိုဟ်ခွင့်ရလိုက်တဲ့အတွက် နောက်ဘဝများစွာမှာလည်း အခုဘဝလို ပညာရှင်ကြီးအဖြစ် ထင်ရှားကျော်ကြားလိမ့်မယ်ဆိုတဲ့ ယုံကြည်မှုကြောင့် ကျွန်တော့်ကို သူ့ဆန္ဒအတိုင်း ဆောင်ရွက်ဖို့ မှာကြားနေတာပါ ဒေါက်တာ''

''ကောင်းပါပြီလေ၊ ဒေါက်တာက ဘယ်လိုဖြစ်စေချင်သလဲဆိုတာ ပြောပါ''

''ကျွန်တော့်ဆန္ဒအရ ကြိုးမိန့်ချမှတ်မယ့်အချိန်မှာ အလောင်းလာသယ်ဖို့ ထောင်ပိုင်ကြီးရုံးခန်းက ကျွန်တော်စောင့်နေပါ့မယ်၊ ဒေါက်တာ ကြိုးဒေါက်ဖြုတ်ချပြီးတာနဲ့ ဆရာကြီးရဲ့ အလောင်းကို ကြိုးစင်ကဖြုတ်ပြီး ကျွန်တော့်ဆီကို လွှဲအပ်ပေး





စေချင်ပါတယ်''

''ဒေါက်တာ့ဆန္ဒအတိုင်း ဖြစ်မြောက်အောင် ကူညီဖို့ ကျွန်တော်ကတိပေးပါတယ်၊ ကြိုးဒေါက်ဖြုတ်ချပြီး လူကိုယ်တွဲလောင်းကျသွားတဲ့အခါ ပုံမှန်အတိုင်းဆိုရင် ကြိုးငြိမ်သည်အထိ စက္ကန့်ခြောက်ဆယ်လောက် စောင့်ဆိုင်းပြီးမှ လူသေကို ကြိုးကဖြုတ်ယူကြပေမယ့် ဒေါက်တာရဲ့ဆရာကြီး ဦးမိုးမောင်ကိုတော့ စက္ကန့်သုံးဆယ်အတွင်း ကြိုးစင်ကဖြုတ်ယူပြီး သူ့အလောင်းကို ဒေါက်တာဆီ လွှဲအပ်ပေးပါ့မယ်''

ထောင်ဆရာဝန်သည် သူပြောခဲ့သည့်ကတိအတိုင်း အမှန်ပင် ဖြစ်မြောက်သည်အထိ ကူညီခဲ့ပါသည်။ ဒေါက်တာမျိုးဆွေကလည်း သူ၏ဆရာကြီးဦးမိုးမောင်၏ ရုပ်အလောင်းကို အသက်ပြန်လည်သွင်းနိုင်ရေးအတွက် ဓာတ်ခွဲခန်းအတွင်း၌ ကြိုတင်ပြင်ဆင်မှုများကို အသင့်စီစဉ်ထားလေ၏။

ထိုနေ့တွင် ကြိုးဒေါက်မှဖြုတ်ချပြီးသည်နှင့် ထောင်ဆရာဝန်သည် ၎င်း၏ကတိအတိုင်း စက္ကန့်သုံးဆယ်အတွင်း ဦးမိုးမောင်၏ ရုပ်အလောင်းကို ဒေါက်တာမျိုးဆွေထံ ပေးအပ်ခဲ့၏။

ဒေါက်တာမျိုးဆွေ၏သား ဒေါက်တာအောင်ခန့်မှာလည်း ဆရာဝန်တစ်ဦးဖြစ်၍ သူ၏ဖခင်ကိုကူညီရန် ဦးမိုးမောင်နေအိမ်အတွင်းရှိ ဓာတ်ခွဲခန်းအတွင်း၌ စောင့်ဆိုင်းနေလေ၏။ သူသည်

www.burmeseclassic.com

www.burmeseclassic.com



သူ၏ဖခင်နှင့် ဦးမိုးမောင်တို့၏ လွန်စွာထူးဆန်းအံ့ဩဖွယ်ကောင်းလှသည့် သုတေသနလုပ်ငန်းကို ထိုအခါကျမှ သိရှိရခြင်းဖြစ်သည်။

ဂုဏ်းစမ်းသပ်ခန်းအတွင်း၌ မြင်တွေ့ရသည့် ပစ္စည်းကိရိယာများကိုကြည့်၍ သူသည် တအံ့တဩ ဖြစ်နေလေ၏။

ဆရာဝန်ကြီးဦးမိုးမောင်၏ ကြီးကျယ်ခမ်းနားသည့် စိတ်ကူးအကြံအစည်ပေါ်တွင်လည်း များစွာအံ့ဩမိလေ၏။

သူ၏ဖခင် ဒေါက်တာမျိုးဆွေမှာ မလွှဲသာ၍သာ သူ့အား ဖွင့်ပြောခဲ့ခြင်းဖြစ်လေ၏။ အကြောင်းကား ဦးမိုးမောင်အား ပြန်လည်အသက်သွင်းသည့်အခါတွင် အခြားမည်သူတစ်ဦးတစ်ယောက်ကိုမှ အနည်းငယ်မျှ သတင်းပေါက်ကြားသွား၍ မဖြစ်နိုင်သောကြောင့် မိမိအား ကူညီဆောင်ရွက်ရန် ခေါ်ခဲ့ခြင်းဖြစ်သည်။

ဒေါက်တာအောင်ခန့်သည် ဆေးကျောင်းမှ လက်မှတ်ရပြီးခါစ လူငယ်ဆရာဝန်တစ်ဦးဖြစ်သည်။ သူ၏တစ်သက်တွင် ထိုမျှ ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းလှသည့် သုတေသနလုပ်ငန်းမျိုး တစ်ကြိမ်တစ်ခါမျှ မကြားဖူး မကြုံဖူးခဲ့ပေ။ နောင်လည်း ဘယ်တော့မှ ကြုံတွေ့တော့မည်မဟုတ်ပေ။

သူ၏ဖခင်သယ်ယူလာသည့် ဦးမိုးမောင်၏ ရုပ်အလောင်းကိုမြင်သောအခါ သူသည် အထူးပင် တုန်လှုပ်ချောက်





ချားသွားလေ၏။ ဆရာဝန်တစ်ဦးဖြစ်၍ လူသေအလောင်းများနှင့် အတွေ့အထိရှိခဲ့ဖူးသော်လည်း ဦးမိုးမောင်၏အလောင်းကို မြင်ရစဉ်မှာတော့ ခန္ဓာကိုယ်တစ်ခုလုံး ကြက်သီးမွေးညှင်း တဖျင်းဖျင်းထသွားလေ၏။

ကြိုးစင်မှာ ကြိုးတန်းလန်းနှင့် မချိမဆံ့ အသက်ချုပ်ပြီး သေရသည့်အတွက် လည်ပင်းကြီးမှာ အဆမတန်ရှည်ထွက်နေပြီး မျက်လုံးကြီးမှာလည်း ပုစွန်မျက်လုံးကဲ့သို့ အပြင်သို့ ပြူးထွက်နေလေ၏။

အရုပ်အဆင်းမှာ ဦးမိုးမောင်ဟူ၍ ထင်မှတ်စရာမရှိလောက်အောင် ယိုယွင်းပျက်စီးနေတော့၏။

ဒေါက်တာမျိုးဆွေမှာ အချိန်[illegible]ပိုင်းမနေဘဲ ဦးမိုးမောင်၏အသက်ကို ရုပ်အလောင်းအက[illegible]မှ ရောက်ရှိရန် စီစဉ်ဆောင်ရွက်လေတော့၏။

ဒေါက်တာအောင်ခန့်မှာ ဖခင်ညွှန်ကြားသည့်အတိုင်း ဦးမိုးမောင်၏ ရုပ်အလောင်းအား ထည့်သွင်းထားသည့် မှန်ခေါင်းသေတ္တာကြီးအတွင်း၌ စမ်းသပ်ကိရိယာပစ္စည်းများကို သူ့နေရာနှင့်သူ အစီအစဉ်တကျ တပ်ဆင်လေ၏။

ဒေါက်တာအောင်ခန့်သည် စိတ်လှုပ်ရှားလွန်းသဖြင့် ချွေးစေးများဖြင့် ခန္ဓာကိုယ်တစ်ခုလုံးမှာ ရွှဲနစ်နေတော့၏။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်သလို အခြေအနေမျိုး ရောက်ရှိလာပါ့မလားဟူ၍လည်း စိုးရိမ်ကြောင့်ကြနေပြန်၏။

အစီအစဉ်တကျ ဆောင်ရွက်ပြီးသောအခါတွင် သူတို့သည် မထင်မှတ်သောအဖြစ်နှင့် ကြုံတွေ့ရလေ၏။

ကံကြမ္မာသည် လွန်စွာအံ့ဩဖွယ်ကောင်းလှပေ၏။

ဒေါက်တာအောင်ခန့်သည် ဦးမိုးမောင်၏ရုပ်အလောင်းကို ထည့်သွင်းထားသော မှန်သေတ္တာအနီးတွင်ရှိနေရာမှ ဦးမိုးမောင်ကို အနီးကပ်ကြည့်မိသည်တွင် မည်သို့ဖြစ်လာမည်မသိ စိတ်ထဲ၌ တစ်စုံတစ်ခုအတွက် စိုးရိမ်သကဲ့သို့ ခံစားလိုက်ရ၏။

ထိုအခါ သူသည် ဦးမိုးမောင်၏ရုပ်အလောင်းကို အနီးကပ်ကြည့်လျက် စမ်းသပ်ကြည့်ရှုသည်တွင် ရုတ်တရက် သိရှိလိုက်ရသည့် အခြေအနေကြောင့် အခန်းတံခါးများ ပွင့်ထွက်သွားမတတ် အော်ဟစ်လိုက်တော့၏။

“ဟာ ...ဖေဖေ လာ ...လာပါဦး၊ ဘဘကြီး အသက်မထွက်သေးဘူး၊ နှလုံးခုန်သံ မျှဉ်းမျှဉ်းကလေး ကြားရတယ်”

ဒေါက်တာမျိုးဆွေမှာလည်း ယုံနိုင်ဖွယ်မရှိသည့် အခြေအနေကြောင့် တအံ့တဩဖြစ်သွားပြီး သူ၏သားမှာ လူငယ်ဆရာဝန်ဖြစ်၍ ထင်ရာမြင်ရာ ပြောနေသည်ဟု သံသယအတွေးဖြင့်





အနားသို့ရောက်ရှိလာပြီး အသေအချာ စမ်းသပ်ကြည့်ရှုရာ ...

“အို ...ဘုရား ဘုရား”

ဟူ၍ မျက်ဝန်းများပြူးကျယ်သွားသည်အထိ တအံ့တဩဖြစ်သွားတော့၏။

ဦးမိုးမောင်၏ နှလုံးခုန်နှုန်းမှာ မျှဉ်းမျှဉ်းကလေးမျှသာဖြစ်၏။ သားအဖနှစ်ယောက်သည် ခေါင်းချင်းဆိုင်လျက် အကြံရခက်နေကြ၏။

အထူးသဖြင့် ဒေါက်တာမျိုးဆွေမှာ ဆုံးဖြတ်ချက်ချနိုင်စွမ်းမရှိဘဲ တွေဝေနေသဖြင့် လူငယ်ပီပီ စိတ်မြန်လက်မြန်ရှိလှသော သားဖြစ်သူ ဒေါက်တာအောင်ခန့်က ...

“ဖေဖေရယ် အခုအခြေအနေအတိုင်း ဘဘကြီးကို အစွမ်းထက်တဲ့ဆေးဝါးတွေနဲ့ ကုမယ်ဆိုရင် သေမင်းခံတွင်းဝက ကယ်တင်နိုင်ဖို့ သုံးဆယ်ရာခိုင်နှုန်းလောက် မျှော်လင့်နိုင်ပါသေးတယ်၊ အခု ဖေဖေစိတ်ကူးတဲ့ အစီအစဉ်အတိုင်း လုပ်မယ်ဆိုရင် အသက်ငွေ့ငွေ့လေး ကျန်နေသေးတဲ့ ဘဘကြီးရဲ့ နှလုံးခုန်နှုန်းကို ရပ်တန့်သွားအောင်လုပ်ရမယ်၊ အဲဒီလိုလုပ်ခြင်းဟာ ဘဘကြီးကိုသတ်လိုက်တာပဲ၊ နှလုံးခုန်ရပ်လို့ သေသွားပြီးမှ ဘဘကြီးမှာကြားခဲ့တဲ့ စမ်းသပ်ကိရိယာတွေနဲ့ ဘဘကြီးကို အသက်ပြန်သွင်းရမယ်ဆိုတဲ့ ကိစ္စကြီးဟာ အလွန်ပဲ စိတ်မချမ်း



www.burmeseclassic.com

www.burmeseclassic.com



မြေ့ဖွယ် ကောင်းလှပါတယ်၊ ပြီးတော့ အဲဒီစမ်းသပ်မှုဟာ တစ်ကြိမ်တစ်ခါမှ အောင်မြင်ခဲ့တာ မရှိခဲ့သေးဘူး၊ တိရစ္ဆာန်လေးတွေကို စမ်းသပ်ပြီးမှ အောင်မြင်ခဲ့တာကိုတော့ လက်ခံနိုင်ပေမယ့် တိရစ္ဆာန်နဲ့ လူဆိုတာ မျိုးဗီဇ သဘာဝအရပဲဖြစ်ဖြစ်၊ သွေးသားကလပ်စည်း ဖွဲ့စည်းမှုအရပဲဖြစ်ဖြစ် တူညီကြတာမဟုတ်ဘူး''

ဒေါက်တာမျိုးဆွေသည် ကျိုးကြောင်းဆီလျော်သည့် သားဖြစ်သူ၏ဆန္ဒကို ငြင်းပယ်နိုင်စွမ်းမရှိလောက်အောင် ဖြစ်နေပြန်၏။

ကြိုးမိန့်ဖြင့် အသတ်ခံရသော ဦးမိုးမောင်သည် မြန်မာနိုင်ငံတွင်သာမက တစ်ကမ္ဘာလုံးတွင် မကြုံဘူးမကြားဘူးသည့် အဖြစ်မျိုး ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

ဦးမိုးမောင်၏အဖြစ်ကို ကြားသိရပါက အင်္ဂလိပ်အစိုးရသည် လွန်စွာအံ့သြသွားပါလိမ့်မည်။

ဒေါက်တာမျိုးဆွေအဖို့ အချိန်များစွာ တုံ့ဆိုင်းတွေဝေနေ၍ မဖြစ်တော့ပေ၊ သို့နှင့် သူသည် သားဖြစ်သူ၏ဆန္ဒအတိုင်း ဆောင်ရွက်ရန် ဆုံးဖြတ်လိုက်လေ၏။

*(ထိုခေတ်ထိုအခါက ကျွန်ုပ်၏ဇာတ်ကောင်ဦးမိုးမောင်ကြုံတွေ့ရသကဲ့သို့ အလားသဏ္ဌာန်တူသည့် ဖြစ်ပျက်မှုမှာ နှောင်*





နှစ်ကာလအတန်ကြာသည့်တွင် တစ်ကြိမ် ထပ်မံဖြစ်ပွားခဲ့လေ၏။ ထိုအဖြစ်ကြောင့် ထောင်အာဏာပိုင်များနှင့်တကွ အင်္ဂလိပ်အစိုးရသည် အထူးပင် တုန်လှုပ်ချောက်ချားသွားလေ၏။ ကမ္ဘာပေါ်တွင် မည်သည့်ကြိုးတိုက်တွင်မှ မကြုံဖူးသည့် လွန်စွာထူးကဲသည့်အဖြစ်ကြောင့် ထိုသတင်းမှာ မြန်မာတွင်မက ကမ္ဘာသိကျော်ကြားသွားခဲ့၏။

ဦးမိုးမောင်၏အဖြစ်မှာ အနည်းငယ်မျှပင် သတင်းပေါက်ကြားခြင်း မရှိခဲ့ပေ၊ ဖြစ်ပွားပုံမှာလည်း ကွဲပြားခြားနား၏၊ ဦးမိုးမောင်သည် ကြိုးစင်မှ ဒေါက်ဖြုတ်ချပြီး သူ၏ခန္ဓာကိုယ်မှာ ကြိုးတန်းလန်းဖြင့်ရှိနေရာမှ အသက်ရှင်သန်လာခဲ့ခြင်းဖြစ်၏။ ၎င်းနှင့် အလားသဏ္ဌာန်တူသည့်အဖြစ်မှာ ထိုသို့မဟုတ်ပေ။ ကြိုးစင်မှ ဒေါက်ဖြုတ်လိုက်သည်နှင့် အလွန်ခိုင်ခန့်သော ငါးမူးလုံးခန့်ရှိသည့် မနီလာအုန်းဆံကြိုး ကြိုးလုံးကြီးမှာ ဖြောင်းခနဲမြည်ပြီး ပြတ်ထွက်သွားခြင်းဖြစ်သည်။

ရာဇဝတ်သားမှာ အသက်နှစ်ဆယ့်ငါးနှစ်အရွယ် လူငယ်တစ်ဦးဖြစ်သည်။ ခန္ဓာကိုယ်မှာ ကြီးမားကြံ့ခိုင်ပြီး အားကစားလိုက်စားသည့် တက္ကသိုလ်ကျောင်းသားလူငယ်ဖြစ်သည်။

သူသည် ရိုးသားစွာနေထိုင်သူဖြစ်ပါလျက် ယုတ်မာကောက်ကျစ်သူ မိတ်ဆွေတစ်ဦး၏လုပ်ရပ်ကြောင့် ကံမကောင်း



www.burmeseclassic.com

www.burmeseclassic.com



စွာ ကြိုးမိန့်ချမှတ်ခံရသူဖြစ်သည်။ ထိုလူငယ်၏အမည်မှာ ထွန်းနိုင်ဟူ၍ဖြစ်၏။ မနီလာအုန်းဆံကြိုး ပြတ်တောက်သွားသည့်အခါ ထွန်းနိုင်၏ခန္ဓာကိုယ်မှာ ကြိုးစင်အောက်သို့ ဝုန်းခနဲ ပြုတ်ကျသွား၏။

ထိုအဖြစ်ကိုမြင်လိုက်ရသည့် ရာဇဝတ်တရားသူကြီး၊ ထောင်ပိုင်ကြီး၊ ထောင်ဆရာဝန်၊ ကြိုးတိုက်ထောင်မှူး၊ ထောင်ဝါဒါများသည် တအံ့တသြဖြင့် ငေးကြောင်သွားကြ၏။ ထွန်းနိုင်ဟူသောလူငယ်သည် ကြိုးစင်အောက်သမံတလင်းပေါ်တွင် ခွေခွေကလေး လဲနေ၏။ မြန်မာပြည်တွင်မက ကမ္ဘာတွင်ပင် တစ်ကြိမ်တစ်ခါမျှ မဖြစ်ဖူးသော အဖြစ်အပျက်ပင်ဖြစ်၏။ ထောင်ဝါဒါများက ကြိုးစင်အောက်တွင် လဲနေသော ထွန်းနိုင်ကို ပွေ့ယူလာခဲ့၏။

သူ၏ခန္ဓာကိုယ်မှာ လှုပ်ရှားနေ၏။ မျက်နှာဖုံးကို ချွတ်လိုက်သောအခါ ထွန်းနိုင်သည် ပြူးကြောင်ကြောင်နှင့် ကြည့်နေ၏။ ထောင်ပိုင်က ကြိုးအသစ်တစ်ချောင်းဖြင့် နောက်တစ်ကြိမ် ကြိုးဒဏ်ပေးရန် အဆိုပြုသောအခါ ရာဇဝတ်တရားသူကြီးက တရားခံကို ဥပဒေအတိုင်း အပြစ်ဒဏ်ချမှတ်ပြီးဖြစ်၍ နောက်တစ်ကြိမ်အပြစ်ပေးရန် မလိုတော့ကြောင်း၊ မိမိတို့မှာ တရားခံကို ကြိုးပေးသတ်ဖို့သာ တာဝန်ရှိကြောင်း၊ မသေမချင်း ကြိုး





ကွင်းစွပ်သတ်ရမည်ဟု အမိန့်မရှိကြောင်း၊ တရားခံ သေခြင်း မသေခြင်းမှာ မိမိတို့အလုပ်မဟုတ်ကြောင်း၊ စသဖြင့် ပြတ်သားစွာ ငြင်းဆိုလိုက်၏။

ထိုကိစ္စမှာ ဟိုက်ကုတ်ရှိ တရားရေးဝန်ကြီးချုပ်မှတစ်ဆင့် ဘုရင်ခံထံ ရောက်ရှိသွား၏။ ဘုရင်ခံက တရားရေးဝန်ကြီးချုပ်သဘောအတိုင်း ဆောင်ရွက်ရန် တာဝန်ပေးလေရာ တရားရေးဝန်ကြီးချုပ်သည် တရားခံအား သေဒဏ်အပြစ်ပေးပြီးဖြစ်၍ ဒုတိယအကြိမ် သေဒဏ်ပေးရန် မလိုအပ်တော့ဟု ဆုံးဖြတ်လိုက်လေ၏။

တရားသူကြီးတစ်ယောက်က ထိုလူငယ်ကို သေဒဏ်အမိန့်ပေးခဲ့သော်လည်း ထိုတရားသူကြီးကပင် လူငယ်ကို သေဒဏ်မှ လွှတ်ပေးလိုက်၏။ ထွန်းနိုင်ဟူသော လူငယ်၏ အဖြစ်အပျက်ကြောင့် အကျဉ်းထောင်မင်းကြီးသည် စုံစမ်းရေးကော်မရှင်အဖွဲ့ကိုဖွဲ့စည်းပြီး ထိုကိစ္စကို အားချင်းစစ်ဆေးသော်လည်း သံသယဖြစ်ဖွယ် အနည်းငယ်မျှ မတွေ့ရပေ။

ထိုကိစ္စအပေါ်တွင် အားလုံး ယုံကြည်လက်ခံလိုက်ကြသည်မှာ တရားကို နတ်စောင့်သည်ဟူ၍ ဖြစ်၏။

ထိုစဉ်က လူသတ်မှုကို စီရင်ပိုင်ခွင့်ရှိသော စက်ရှင်မင်းကြီးများသည် တရားခံကို သေဒဏ်ပေးလျှင် လည်ပင်းကို ကြိုး



www.burmeseclassic.com

www.burmeseclassic.com



ကွင်းစွပ်သတ်ရန် အင်္ဂလိပ်ဘာသာဖြင့် *HANG* ခေါ် *DEATH SENTENCE* ပေးလေ့ရှိသည်။ ၎င်းသေဒဏ်စီရင်ရန်ဟူသည့် အမိန့်စာတွင် မသေမချင်း ကြိုးကွင်းစွပ်သတ်ဟူသော တိကျသော အမိန့်စာမျိုး ရေးသားခြင်းမပြုခဲ့ပေ။ သို့ကြောင့်လည်း ထိုလူငယ်ထွန်းနိုင်မှာ သေဒဏ်မှ ကွင်းလုံးကျွတ် လွတ်သွားခြင်း ဖြစ်သည်။

ထူးခြားအံ့သြဖွယ်ကောင်းသော ၎င်းကိစ္စဖြစ်ပြီးနောက် ပိုင်းတွင် စက်ရှင်မင်းကြီးများက သေဒဏ်ပေးသော အမိန့်စာများ တွင် 'မသေမချင်း ကြိုးကွင်းစွပ်သတ်စေ' ဟူသောစာပိုဒ်ကို အတိအကျ ထည့်သွင်းအမိန့်ပေးရတော့သည်။

အင်္ဂလိပ်ဘာသာအားဖြင့် *TILL HE DIE* ဟူ၍ဖြစ်၏။

၎င်းအမိန့်အရ နောင်ကွင် ထိုလူငယ်ကဲ့သို့ ကြိုးပြတ် ကျသော အလားတူကိစ္စမျိုးဖြစ်လျှင် အကြိမ်ကြိမ်ထပ်မံ၍ ကြိုး ကွင်းစွပ်သတ်နိုင်၏။ သို့သော်လည်း ၎င်း *TILL HE DIE* ဟူ သော သေဆုံးသည်အထိ မသေမချင်းသတ်စေဟူသော အမိန့် မှာလည်း အပိုပင်ဖြစ်ခဲ့သည်။

ကမ္ဘာတွင် ထိုလူငယ်တစ်ဦးသာ ကြိုးဒဏ်ကြောင့် မသေခဲ့ပါ၊ ထိုအမိန့်စာထွက်ပြီးနောက်ပိုင်းတွင် မည်သူမျှ ကြိုး ပြတ်ခဲ့ဖူးခြင်းမရှိပါ၊ သေဒဏ်ကိုလည်း နှစ်ကြိမ်ပြန်ပြီး ပေးခဲ့ဖူး





ခြင်းမရှိပေ။

၎င်းအဖြစ်အပျက်မျိုးသည် ကမ္ဘာတွင် မြန်မာတစ်နိုင်ငံ တည်းသာလျှင် ဖြစ်ပျက်ခဲ့ဖူးသည်။ မြန်မာနိုင်ငံတွင်လည်း မြင်းခြံ ထောင်တွင် တစ်ကြိမ်သာဖြစ်ခဲ့ဖူးသည်။ ထိုဖြစ်ပျက်မှုမှာ မြန်မာ နိုင်ငံကို အင်္ဂလိပ်အစိုးရ အုပ်ချုပ်နေချိန်တွင်ဖြစ်ပါသည်။

စာရေးသူ)

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

## လေပွေဝဲတစ္ဆေ

"ဒေါက်တာ့နေရာမှာ တခြားသူတစ်ယောက်ကသာ ပြောပြနေရင် အဲဒီအဖြစ်အပျက်တွေဟာ ယုံတမ်းစကားလို လူတွေစိတ်ဝင်စားအောင် လုပ်ကြံဖန်တီးထားတဲ့ စိတ်ကူးယဉ်ဝတ္ထုတစ်ပုဒ်လို ယုံကြည်မိမှာ သေချာပါတယ်၊ ဒီလောက် အံ့သြဖွယ်ကောင်းတဲ့အဖြစ်မျိုး ဒီကမ္ဘာပေါ်မှာရှိမယ်တောင် မထင်ဘူး"

"ဒီနောက်ပိုင်းအဖြစ်အပျက်တွေကလည်း အံ့သြစရာကြီးပါပဲ အစ်ကိုရယ်"





"ဟုတ်လား ... ကြားပါရစေ ဒေါက်တာရယ်"

"ပြောပါ့မယ် အစ်ကို၊ အဲဒီနောက်ပိုင်းမှာတော့ ဖာလီတို့မိသားတစ်စုလုံး ဘဘကြီးအတွက် အမှန်ပဲ စိတ်ဆင်းရဲကြရတယ်၊ အထူးသဖြင့် ဘဘကြီးရဲ့ အရင်တုန်းကနဲ့မတူတဲ့ ထူးခြားတဲ့အပြုမူတွေကြောင့်ပေါ့"

"ဒါဆို ဦးမိုးမှောင် ဘယ်လိုပုံစံမျိုးနဲ့ အသက်ပြန်ရှင်လာတယ်ဆိုတာကိုလည်း ပြောပါဦး ဒေါက်တာ"

"အို ဟုတ်ပါရဲ့၊ ဖာလီ စကားပြော လောကြီးသွားတယ်၊ ဒီလို အစ်ကို ... ဘဘကြီးရဲ့အဖြစ်က မယုံနိုင်စရာ အံ့သြဖွယ်ကောင်းနေတော့ ဖေဖေနဲ့ ကိုကိုတို့လည်း ဆုံးဖြတ်ရခက်နေကြတယ်၊ ဘဘကြီးမှာကြားခဲ့တဲ့အတိုင်း သုတေသနစက်ပစ္စည်းတွေ, ဆေးဝါးတွေကို အသုံးပြုပြီး အသက်သွင်းမယ်ဆိုရင် ဘဘကြီးရဲ့ နှလုံးခုန်နှုန်းကို ရပ်တန့်သွားအောင်ပြုလုပ်ပြီး ဖေဖေက ဘဘကြီးကို နှလုံးခုန်ရပ်တန့်ပြီး သေဆုံးသွားအောင် မလုပ်ရက်ဘူးဖြစ်နေတယ်၊ ကြိုးစင်မှာ သေဆုံးခဲ့ရင်တော့ အကြောင်းမဟုတ်ဘူးပေါ့ ...။

နောက်ပြီး ဘဘကြီးမှာကြားတဲ့အတိုင်း လုပ်ကိုင်ခဲ့လို့ အောင်မြင်မယ် မအောင်မြင်ဘူးဆိုတာကလည်း အသေအချာ ပြောနိုင်တဲ့ကိစ္စ မဟုတ်ဘူးလေ၊ တကယ်လို့ မအောင်မြင်ခဲ့ရင်



www.burmeseclassic.com

www.burmeseclassic.com



ဘဘကြီးအသက်ပြန်ရှင်ဖို့ဆိုတာ မျှော်လင့်ချက်မရှိတော့ဘူး၊ လက်ရှိအခြေအနေကလည်း မျှော်လင့်ချက်ရှိလှတယ်လို့တော့ မဟုတ်ဘူး၊ သို့သော်လည်း အစွမ်းထက်တဲ့ဆေးဝါးတွေနဲ့ အလျင်အမြန် ကုသရင်တော့ အသက်ရှင်ဖို့ သုံးဆယ်ရာခိုင်နှုန်းလောက်တော့ မျှော်လင့်လို့ရတယ် ...။

ဘဘကြီးရဲ့ကံတရားကလည်း မယုံနိုင်စရာပါ အစ်ကိုရယ်၊ ဖေဖေဟာ ဆရာဝန်ဖြစ်ကတည်းက နှလုံးရောဂါနဲ့ပတ်သက်ပြီး တစိုက်မတ်မတ် လေ့လာလိုက်စားခဲ့သူဖြစ်တယ်၊ ကိုကိုကလည်း ဆရာဝန်တစ်ယောက်ဖြစ်လေတော့ သူတို့နှစ်ဦးဟာ ဘဘကြီးရဲ့ နှလုံးခုန်သံ ပုံမှန်အခြေအနေ ပြန်လည်ရောက်ရှိလာဖို့ အပြင်းအထန် ကြိုးစားကြတယ်၊ အောက်စီဂျင်ပိုက်တွေ၊ သွေးလေပုံမှန်လည်ပတ်စေဖို့ အစွမ်းထက်တဲ့ဆေးဝါးတွေကို ဘဘကြီးရဲ့ အကြောအသားတွေထဲကို ထိုးသွင်းကြတယ် ...။

အဲဒီလို အပြင်းအထန်ကြိုးစားရင်း သုံးရက်မြောက်နေ့မှာပဲ ဘဘကြီးရဲ့ အသက်ဝိညာဉ်ကို သေမင်းခံတွင်းဝကနေ ဆွဲထုတ်နိုင်ခဲ့ကြတယ်၊ အသိတရား ပြန်လည်ကောင်းမွန်လာတဲ့ အချိန်မှာ ဘဘကြီးဟာ မှတ်ဉာဏ်အနည်းငယ်မျှ ချို့ယွင်းမှုမရှိဘဲ ယခင်တုန်းကအတိုင်း ပကတိကောင်းမွန်နေတယ်၊ သူစမ်းသပ်ခဲ့တဲ့ ပညာရပ်တွေကိုလည်း မှတ်မိနေတယ်၊ သူ အသက်ပြန်





လည်ရှင်သန်ခြင်းဟာ ဖေဖေက သူ့ကို သုတေသန စက်ပစ္စည်းကိရိယာတွေကို အသုံးပြုပြီး ပြန်လည်အသက်သွင်းပေးခဲ့တယ်လို့ ယုံကြည်နေတယ် ...။

ဖေဖေနဲ့ ကိုကိုက အခြေအနေမှန်ကို သဘောပေါက်လက်ခံဖို့ တော်တော်လေးပြောယူခဲ့ရတယ်၊ အဲဒီနောက်မှာတော့ ဘဘကြီးဟာ သေလူတစ်ယောက်လို သူ့ဘဝကို ဖာတ်မြှုပ်နေထိုင်ဖို့ ဆုံးဖြတ်လိုက်တယ်၊ ဒီအဖြစ်ကို အာဏာပိုင်တွေ သိရှိသွားရင်လည်း ပြဿနာက ပိုပြီးရှုပ်ထွေးသွားနိုင်တယ်၊ ကြိုးမိန့်နဲ့သတ်ရန်အမိန့်ချမှတ်ပြီး ရာဇဝတ်သားမှာ အသက်မသေဘဲ လွတ်မြောက်ခဲ့တဲ့အတွက် နောက်တစ်ကြိမ် ကြိုးမိန့်ကျခံရမှာကို စိုးရိမ်မိလို့ပေါ့ ...။

သူ့ကိုယ်ကလည်း လူမြင်ရင် အင်မတန်ကြောက်စရာကောင်းနေတယ် မဟုတ်လား၊ ဒါကြောင့် ဒီကိစ္စကို ပေါက်ကြားမှုမရှိအောင် ဖာလီတို့မိသားတစ်စုလုံး ထိန်းသိမ်းခဲ့ရတာပေါ့။

ဖေဖေကလည်း လူတွေယုံကြည်မှုရှိဖို့ သင့်ပြုပြင်တဲ့အနေနဲ့ သင်္ချိုင်းက တခြားလူသေအရိုးတွေကို ကောက်ယူပြာချပြီး ဂူသွင်းထားလိုက်ရတယ်၊ ဖာလီတို့မိသားစုတစ်ခုလုံးမှာ အဲဒီအကြောင်းကို အသိမပေးခဲ့တာဆိုလို့ ဘဘကြီးရဲ့သမီး စံပယ်မြိုင်တစ်ဦးသာ ရှိတယ်၊ ဒါကလည်း ဘဘကြီးရဲ့ဆန္ဒကြောင့်ပါ၊ အစ်ကိုရဲ့



www.burmeseclassic.com

www.burmeseclassic.com



စံပယ်မြိုင်က အဲဒီအဖြစ်ကိုသိခဲ့ရင်လည်း သူ့ဖခင်အတွက် အတော့်ကို ကြေကွဲဝမ်းနည်းမှာကို စိုးရိမ်ရတယ်၊ မဖြစ်သင့်တာ တွေဖြစ်ကုန်ပြီး ထိန်းသိမ်းရခက်တဲ့အခြေအနေမျိုးဖြစ်သွားလဲ အစိုးရဘက်က သိရှိသွားရင် ပြဿနာက ဖြေရှင်းမရနိုင်အော ရှုပ်ထွေးသွားနိုင်တယ်၊ ဒါကြောင့် စံပယ်မြိုင့်ကို အသိမပေးခဲ့တာ ပေါ့ ...။

ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်လာခဲ့တ ဘဘကြီးဟာ အရင်တုန်းက အမူအကျင့်တွေနဲ့ တဖြည်းဖြည်း ကွဲပြားလာတယ်၊ အထူးသဖြင့် သူ့အမှုတုန်းက မကျေမချမ်းခဲ တဲ့လူတွေကို အမြဲလို ဒေါသတကြီး ကြိမ်းမောင်းနေတယ်၊ ဖေဖေ က အမျိုးမျိုး ဖျောင်းဖျနှစ်သိမ့်ပေမယ့် လက်မခံခဲ့ဘူး၊ လအတန် ကြာတော့ အဲဒီလူတွေကို သူ့ရဲ့အတတ်ပညာနဲ့ လက်စားချေ တော့တာပဲ၊ သေလူလို့ သတ်မှတ်ခံရထားပြီးဖြစ်တဲ့ ဘဘကြီ ဟာ သရဲယောင်ဆောင်ပြီး အဲဒီလူတွေရဲ့အိမ်ကို တိတ်တဆိတ် သွားတယ်၊ အိပ်ပျော်စေတဲ့ မှိုင်းငွေ့တွေအမျိုးမျိုးလွှတ်ပြီး အ လုံးအိပ်ပျော်သွားတဲ့အခါ အိမ်ပေါ်တက်ပြီး သူလက်စားချေချင်တဲ့ လူတစ်ယောက်တည်းကိုရွေးပြီး အိပ်မွေ့ဖြည်လိုက်တယ် ...။

ပြီးတော့ ကြောက်စရာကောင်းတဲ့ သူ့မျက်လုံးကြီးတွေ ပြူးပြခြောက်ပြီး ခေါ်တယ်၊ အခြောက်ခံရတဲ့လူတွေ ဘ





လောက်သွေးပျက်ကြမယ်ဆိုတာ စဉ်းစားသာကြည့်ပါတော့ အစ်ကိုရယ်''

ဒေါက်တာဇာလီမော် ပြောပြနေသည်ကို နားထောင်ရင်းဖြင့် ကျွန်ုပ်သည် ထိုအဖြစ်အပျက်များကို အတွေးဖြင့် မြင်ယောင်နေမိသည်။ ဦးမိုးမောင်သည် စနစ်တကျ အကွက်ချပြီး လက်တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။ ယုံမှားသံသယမရှိစေရန် သူ၏ဆေးဝါးအတတ်ပညာများကို ပိုင်နိုင်စွာ အသုံးချခဲ့လေ၏။ တကယ်ဆိုလျှင် သူသည် လက်စားချေမည့် သူတစ်ဦးတစ်ယောက်ကို နေရာတွင်ပင် အဆုံးစီရင်ခြင်းပြုနိုင်ပါလျက် ထိုသို့မပြုလုပ်ဘဲ ထိုသူကို သူ၏ခြံဝန်းကြီးဆီသို့ လာရောက်ရန် အကြိမ်ကြိမ် ခြောက်လှန့်ခေါ်ယူပြီး ခေါ်ယူခံရသည့်ပုဂ္ဂိုလ်မှာ မနေသာတော့ဘဲ သူ၏ခြံဝင်းသို့ ရောက်ရှိလာတော့မှ လျှပ်စီးချောင်းခြည်အလင်းဖြင့် အဆုံးစီရင်ခြင်းဖြစ်သည်။

ရောင်ခြည်အထိခံရသူသည် လျှပ်တစ်ပြက်အတွင်း မီးသွေးတုံးပမာ ညှိုးမည်းပြီး သေဆုံးသွားခြင်းဖြစ်သည်။

ဒေါက်တာမျိုးဆွေသည် ဦးမိုးမောင်၏လုပ်ရပ်ကို မနှစ်မြို့သော်လည်း အစဉ်သဖြင့် ကျိုးနွံစွာ နေထိုင်ဆက်ဆံလာခဲ့သူဖြစ်၍ သူ၏ဆန္ဒကို ပြောင်ပြောင်တင်းတင်းပြော၍ ဟန့်တားရန် မဝံ့မရဲဖြစ်နေတော့၏။ ဦးမိုးမောင်ကိုယ်၌ကလည်း ထိုသို့လက်တုံ့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရသည်ကို အထူးပင် ကျေနပ်ပျော်ရွှင်နေလေရာ အခြေအနေမှာ ထိန်းသိမ်း၍မရလောက်အောင် ဆိုးဝါးလာလေ၏။

ထိုနည်းဖြင့် တစ်ဦးပြီးတစ်ဦး လိုက်လံလက်စားချေတော့၏။ အသိတရားမှာ ဆိုးသွမ်းခြင်းမရှိသော်လည်း စိတ်နေစိတ်ထားကတော့ လွန်စွာရက်စက်ကြမ်းကြုတ်လာလေ၏။ အရုပ်ဆိုးအကျည်းတန်သကဲ့သို့ စိတ်သဘောမှာလည်း ဆိုးသွမ်းလာသည်ကို ဒေါက်တာမျိုးဆွေတို့ မိသားတစ်စုလုံး နားမလည်နိုင်အောင် ဖြစ်ရလေ၏။

ဦးမိုးမှောင်သည် ယခင်ဘဝမျိုးထက် ထိုသို့သောဘဝမျိုးဖြင့် ကျင်လည်နေရသည်ကို ပို၍ပင် နှစ်သက်စွဲလမ်းနေတော့၏။ သူ၏ သုတေသနလုပ်ငန်းများကိုလည်း ယခင်ကထက်ပိုပြီး လုပ်ကိုင်လျက်ရှိရာမှ သုံးလခန့်ကြာမြင့်သည်တွင် လွန်စွာအံ့သြဖွယ်ကောင်းသည့် သုတေသနလုပ်ငန်းတစ်ခုကို အောင်မြင်စွာတီထွင်နိုင်ခဲ့၏။ ၎င်းတွေ့ရှိချက်မှာ ဆေးပညာကုထုံးများတွင် အသုံးပြုနိုင်သကဲ့သို့ အခြားသော စက်မှုနည်းပညာများတွင်လည်း အသုံးပြုနိုင်သည့် နည်းပညာတွေ့ချက်ဖြစ်သည်။

ဒေါက်တာမျိုးဆွေသည် ဦးမိုးမှောင်၏ ဉာဏ်ပညာစွမ်းရည်ကို အထူးပင်အံ့သြသွားခဲ့၏။ ထိုတွေ့ရှိချက်မှာ ကမ္ဘာတွင် မည်သည့်ပညာရှင်မှ လက်လှမ်းမမီသည့် နည်းပညာအထူးပြု





လုပ်ချက်များဖြစ်၍ ကမ္ဘာသို့ အသိပေးကြေညာလိုက်ပါက ပညာရှင်လောကတွင် တုနှိုင်းမရသည့် သြဇာအရှိန်အဝါကို ရရှိသွားမည်ဖြစ်သည်။

ထိုတွေ့ရှိချက်ကို ဦးမိုးမှောင်က သေမင်းရောင်ခြည်ဟု အမည်သတ်မှတ်လိုက်လေ၏။

(ယခုခေတ်ကာလတွင် ဆေးဝါးကုထုံးများနှင့် အမျိုးမျိုးသော စက်မှုနည်းပညာတွင် အသုံးပြုနေကြသည့် လေဆာရောင်ခြည်ကဲ့သို့ အစွမ်းသတ္တိရှိသည့် ရောင်ခြည်မျိုးဖြစ်သည်။

စာရေးသူ)

ထို့နောက်မှာတော့ ဦးမိုးမှောင်သည် သူ၏တွေ့ရှိချက်များကို လက်တွေ့စမ်းသပ်မှုများပြုလုပ်ရာ ၎င်းစမ်းသပ်မှုများကို မြင်တွေ့နေရသည့် ဒေါက်တာမျိုးဆွေအဖို့ အထူးပင် တုန်လှုပ်ချောက်ချားခဲ့ရ၏။ သူသည် ၎င်း သေမင်းရောင်ခြည် လျှပ်စစ်ဓာတ်ဖြင့် သူ့ပေါ် မဆင်မခြင် ဆောင်ရွက်ခဲ့သည်ဟု ယူဆသူများကို သရဲဟန်ဆောင်ခြောက်လှန့်ပြီး သတ်ဖြတ်ခြင်းပင်ဖြစ်သည်။

"အဲဒီ သေမင်းရောင်ပြန်ကို ဘဘကြီးက ရောင်းဖို့စိတ်ကူးသေးတယ်၊ စစ်ဖြစ်တဲ့အခါ အသုံးပြုဖို့ အလွန်အရေးကြီးတယ်၊ လေယာဉ်ပျံနဲ့ မြို့တွေကို ဗုံးကြဲတာတို့, တိုပီဒိုနဲ့ တိုက်



www.burmeseclassic.com

www.burmeseclassic.com



သဘော်တွေကို နှစ်ပစ်တာမျိုးထက် ယဉ်ယဉ်ကလေးနဲ့ အရာရောက်တဲ့အတွက် ကမ္ဘာပေါ်မှာ ကုန်းတပ် လေတပ်များတယ်ဆိုတဲ့ ဂျာမန်တို့, ရုရှားတို့ရဲ့ တပ်ကြီးမျိုးတွေကို မိနစ်ပိုင်းကလေးနဲ့ အနိုင်ယူနိုင်တဲ့ လက်နက်အစွမ်းမျိုးမို့ အဖိုး အဆမတန်ရမှ ရောင်းမယ်လို့ ဖေဖေ့ကိုပြောတယ် . . .

သို့ပေမယ့် အင်္ဂလိပ်အစိုးရက အာဏာနဲ့သိမ်းသွားမှာကိုလည်း စိုးရိမ်ရသေးတော့ ဒီရောင်ခြည်ရှိတယ်ဆိုတာလည်း အသိမပေးဝံ့ဘူး။ ဖေဖေကတော့ အဖိုးတန်မှန်းလည်း သိပါတယ်၊ သို့ပေမယ့် လူတွေရဲ့အသက်ကို ပုရွက်,ခြပုံများသတ်သလို ရက်ရက်စက်စက်သတ်ရတဲ့ လက်နက်မျိုးဖြစ်လို့ ဘယ်လိုအဖွဲ့အစည်းမျိုးကိုမှ အသုံးမချစေချင်ဘူး၊ အထူးသဖြင့် အာဏာရှင်နိုင်ငံက စစ်ဗိုလ်ချုပ်ကြီးတွေလက်ထဲကိုသာ ရောက်သွားရင် ကမ္ဘာ့နိုင်ငံတွေ ဘယ်လောက် အန္တရာယ်များလိုက်မလဲဆိုတာ တွေးကြည့်ပေါ့ အစ်ကိုရယ်''

''ဩော် . . . ဦးမိုးမှောင်ဟာ အတော့်ကို ပညာဉာဏ်ကြီးမားလှပါပေတယ်၊ ကြိုးကြိုးစားစား အပင်အပန်းခံပြီး ကြံစည်သလောက် အံ့ဖွယ်သရဲ ထူးကဲတဲ့အစွမ်းနဲ့ ပြည့်စုံတာပဲ၊ သူ့တစ်သက်မှာ ထူးဆန်းထက်မြက်တဲ့ လူသတ်နည်းနဲ့ ပြောလို့မှ ယုံနိုင်စရာမရှိတဲ့ လူသေကို ပြန်ရှင်အောင်လုပ်တဲ့နည်း နှစ်ခုကို တွေ့ထားတဲ့အတွက် ကျွန်တော်တို့ အရှေ့တိုင်း မြန်မာတွေလည်း မညံ့လှပါဘူး၊ ဒီလို ထူးချွန်ထက်မြက်တဲ့ ပညာရှင်ကြီးတွေလည်း ရှိပါသေးလားလို့ ကိုယ့်လူမျိုးအတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ် ဒေါက်တာရယ် . . .။

သို့ပေမယ့် ဒေါက်တာရယ် . . . သေတာကို ရှင်အောင်လုပ်နိုင်တယ်ဆိုတာ တစ်ယောက်တည်းရယ်ပါ၊ သေအောင်သတ်ဖို့ကျတော့ တစ်ပြုံလုံးတစ်မလုံးကို တစ်ခဏအတွင်း သေစေနိုင်တာကတော့ လူသတ္တဝါတွေအဖို့ အလွန်ပဲ အန္တရာယ်များလှပါတယ်''

''ဖာလီတို့ကလည်း အဲဒါကိုပဲ စိုးရိမ်နေမိတာပေါ့၊ ကောင်းကျိုးကိုမလိုလားဘဲ ဆိုးကျိုးကိုလိုလားတဲ့ လူပုဂ္ဂိုလ်အဖွဲ့အစည်း, နိုင်ငံတစ်နိုင်ငံ စသဖြင့်ပေါ့လေ မသမာတဲ့လူတွေလက်ထဲရောက်သွားရင် ဘယ်လောက်ဘေးအန္တရာယ်များလိုက်မလဲ၊ သေအောင်သတ်တဲ့နည်းက စက္ကန့်ပိုင်းနဲ့ မြန်သလောက် ရှင်အောင်လုပ်တဲ့နည်းက လူတစ်ယောက်ကို အနည်းဆုံး သုံးလေးနာရီကြာအောင် လုပ်ယူရတယ်၊ ပြီးတော့ ရိုးရိုးတမ်းတမ်းနာတာရှည်နဲ့ မမာပြီးသေတဲ့လူ, ဓာတ်သဘာဝပျက်ပြီး သေတဲ့လူတွေကို ရှင်အောင်မလုပ်နိုင်ဘူးလေ၊ လောလောလတ်လတ် အစိမ်းသေ ပူပူနွေးနွေးကိုမှ သူ့နည်းနဲ့ အသက်ပြန်ဆက်လို့ရတယ်တဲ့''







www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ဦးမိုးမှောင်ဟာ တကယ့်မော်ဆရာကြီး တစ်ဦးလို အစွမ်းထက်လှပါပေတယ်၊ ဒီလို ပညာဉာဏ်ကြီးမားသူတွေဟာ အကောင်းဘက်ကိုဦးတည်ရင် လူသားတွေအတွက် အကျိုးဖြစ်ထွန်းပေမယ့် အဆိုးဘက်ကိုဦးတည်ရင်တော့ မတွေးဝံ့စရာပဲ ဒေါက်တာရယ်"

"ဟုတ်တာပေါ့ရှင်၊ ဘဘကြီးဟာ အကောင်းဘက်ကို မရောက်ဘဲ အဆိုးဘက်ကိုချည်း ဦးတည်နေလို့ သူ့ကြောင့် လူတွေ တစ်ယောက်ပြီးတစ်ယောက် သေနေကြရပြီလေ၊ ဒါကြောင့်လည်း ကိုမိုးစွေအတွက် စိုးရိမ်မိတာကြောင့် အချိန်မီသတိပေးနေရတာပေါ့"

ဒေါက်တာဇာလီမော်၏ မျက်နှာလေးမှာ ဌာနအုပ်ကိုမိုးစွေအတွက် သောကရိပ်မကင်းသည့် အမူအရာများ ထင်ဟပ်နေလေ၏။ သူမရင်ထဲက လျှို့ဝှက်သိမ်းဆည်းထားရသည့် ခံစားမှုများကို အားပါးတရဖွင့်ထုတ်လိုက်ရသဖြင့် အတန်ငယ် ပေါ့ပါးသွားပုံရ၏။ ဖြစ်စဉ်များကို ပြောစတုန်းကကဲ့သို့ တွန့်ဆုတ်ခြင်းမရှိဘဲ စိတ်ပါလက်ပါရှိလွန်းလှ၏။

ကျွန်ုပ်သည် အခြေအနေတစ်ခုလုံးကို ပိုင်ပိုင်နိုင်နိုင် သိရှိလိုက်ပြီးဖြစ်သည်။ ကျွန်ုပ်တို့နှစ်ဦး စကားပြောဆိုနေကြသည်မှာ အချိန်တစ်နာရီနီးပါးခန့် ကြာမြင့်ခဲ့ပြီဖြစ်၏။





ကျွန်ုပ် သူမကို အကဲခတ်ကြည့်မိသည်တွင် သူမသည် တစ်စုံတစ်ခုကို ပြောဆိုချင်သေးသည့် အမူအရာဖြင့် တွန့်ဆုတ်တွေဝေနေပြန်၏။ ကျွန်ုပ်က သူမအား အစပျိုးဖို့ လွယ်ကူစေရန် စကားလမ်းကြောင်းခင်းပေးလိုက်သည်။

ကျွန်ုပ်က သူမနှင့် ကိုမိုးစွေတို့၏ နှလုံးသားရေးရာ ခံစားချက်များကို တီးခေါက်မေးမြန်းလိုက်ရာ သူမကလည်း ပြောချင်ရဲ့လက်တို့ဆိုသကဲ့သို့ အဆုံးစွန် ဖွင့်ဟလေတော့၏။

အမှန်တော့ ထိုအကြောင်းအရာများကို ကျွန်ုပ်သည် ဌာနအုပ်ကိုမိုးစွေ ပြောပြထားသဖြင့် သိရှိခဲ့ရပြီးဖြစ်၏။ သို့သော်လည်း သူမ၏ ရင်ဖွင့်ခံစားချက်များကို ကြားရစဉ်မှာတော့ ကျွန်ုပ်သည် အင်းစိန်စီအိုင်ဒီက စုံထောက်သာလျှင်မဟုတ်ဘဲ ၎င်းတို့နှစ်ဦးအတွက် အောင်သွယ်တော်ဟူသည့် ရာထူးကိုပင် လက်ခံရမည်ကဲ့သို့ ဖြစ်သွားလေ၏။

သူတို့နှစ်ဦးမှာ မန္တလေးတွင် ကျောင်းတက်စဉ်ကတည်းက တစ်ဦးနှင့်တစ်ဦး မေတ္တာမျှခဲ့ကြသည်။ သူမမှာ ဆေးကျောင်းတက်ရောက်ခဲ့ပြီး ကိုမိုးစွေကတော့ ဆပ်ကျောင်း (ရဲအရာရှိသင်တန်းကျောင်း) တက်ရောက်ခဲ့သည်။ ပညာရေးပြီးဆုံးသည်နှင့် လက်ထပ်ရန် ရည်ရွယ်ခဲ့ကြသော်လည်း ထိုအကြံအစည်မှာ အထမြောက်အောင်မြင်ခြင်း မရှိခဲ့ပေ။ သူမက ဆရာဝန်ဘွဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် နှစ်နှစ်ခန့် စောင့်ဆိုင်းလိုက်၏။ သူမ၏အကြောင်းပြချက်က ဆရာဝန်အဖြစ်နှင့် မိဘများနှင့်အတူ နှစ်နှစ်ခန့် အလုပ်လုပ်ကိုင်ပြီးမှ လက်ထပ်လိုကြောင်း၊ ကျောင်းပြီးသည်နှင့် ထိုသို့အိမ်ထောင်ပြုလိုက်ပါက မိဘများအနေဖြင့် စိတ်ချမ်းမြေ့မည်မဟုတ်ကြောင်း အကြောင်းပြပြောဆိုလိုက်သည်ကို ကိုမိုးဇွေက အထင်အမြင်လွဲမှားသွားပြီး မိမိမှာ ငွေကြေးအင်အားမပြည့်စုံသဖြင့် အကြောင်းမဲ့ငြင်းပယ်လိုက်သည်ဟု ယုံကြည်သွားလေ၏။

သူတို့နှစ်ဦးမှာ နားလည်မှုလွဲပြီး မာနချင်းပြိုင်နေကြသည်ဖြစ်ရာ ကျွန်ုပ်အနေဖြင့် နှစ်ဦးနှစ်ဖက် ညှိနှိုင်းပေးလိုက်ရုံဖြင့် အဆင်ပြေချောမွေ့သွားမည်ဖြစ်၍ အစွမ်းကုန်ကူညီပါမည့်အကြောင်း ကတိပြုပြောကြားလိုက်ရာ ဒေါက်တာဇာလီမော်မှာ ဝမ်းမြောက်ဝမ်းသာဖြစ်လျက် ကြွေပြင်မဆောင်နိုင်တော့ဘဲ ကျေးဇူးတင်စကား ပြောလေတော့၏။

ထိုအကြောင်းကို နားထောင်နေစဉ်မှာပဲ ကျွန်ုပ်သည် မရှင်းလင်းသောအချက်များကို သူမအားမေးမြန်းရန် စိတ်ကူးထားပြီးဖြစ်၏။

သူမသည် ကျွန်ုပ်အပေါ်တွင် အဆုံးစွန် ယုံကြည်မှုရှိနေပြီဖြစ်ရာ ကျွန်ုပ်မေးသမျှကိုလည်း အနည်းငယ်မျှ ထိန်းချုပ်မှုမရှိဘဲ ပြောပြလေ၏။ ကျွန်ုပ်က ဦးမိုးမောင်၏ခြံဝင်းအတွင်း တွေ့ရှိ





ခဲ့ရသည့် ရှမ်းအဘိုးကြီးတစ်ယောက်၏ မသင်္ကာဖွယ်ရာ အခြေအနေကို မေးမြန်းရာ ထိုအဘိုးကြီးမှာ အခြားသူမဟုတ်ဘဲ ယခင်က ထိုခြံဝန်းကြီး၏ခြံစောင့် ဦးစိန်တိုးပင်ဖြစ်ကြောင်း သိရှိလိုက်ရ၏။

အများ၏အမြင်တွင် ယုံကြည်မှုရှိစေရန် ခြံစောင့်အဘိုးကြီးကို ထိုခြံကြီးမှာ သရဲခြောက်သဖြင့် မနေဝံ့တော့၍ အခြားတစ်နေရာသို့ ရောက်ရှိသွားကြောင်း သတင်းလွှင့်ထားခဲ့ခြင်းဖြစ်သည်။

ခြံစောင့်ကြီးမှာ ဦးမိုးမောင်နှင့် နှစ်ရှည်လများ နေထိုင်ခဲ့ပြီး သစ္စာရှိသည့် လူယုံကြီးဖြစ်၍ ဦးမိုးမောင်က တစ်ဖက်လှည့်ဖြင့် သူ၏အနီးတွင် အလုပ်အကျွေးပြုစုရန် ခေါ်ယူခဲ့လေ၏။

အစားအသောက်များနှင့် သူအလိုရှိသည့် ပစ္စည်းကိရိယာများကို ဝယ်ယူရန် ထိုအဘိုးကြီးကို စေခိုင်းရာတွင်လည်း ရုပ်ပြောင်းရုပ်လွှဲဖြင့် သွားလာလှုပ်ရှားရန် သင်ကြားပေးလေ၏။

''ဒေါက်တာပြောပြမှပဲ ရှင်းသွားတော့တယ်၊ အခုဆိုရင် ကိုမိုးဇွေဟာ မသင်္ကာဖွယ်ရာတွေကို တွေ့ရှိနေရတော့ အိမ်ကြီးကို အတင်းပဲ ဝင်ရောက်စီးနင်းဖို့ ဆန္ဒပြင်းပြနေတယ်၊ အခုအခြေအနေမှာ ကျွန်တော့်ရဲ့စိတ်ကူးကို ဒေါက်တာ လက်ခံမယ်ဆိုရင် ပြောပြချင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါအစ်ကို၊ အားလုံးအတွက် ကောင်းဖို့ ညှိနှိုင်း ဆွေးနွေးနေတယ်လို့ ဇာလီ သဘောထားပါတယ်"

"လောကကြီးမှာ တချို့ပြဿနာကြီးတွေက ကိုယ့်အကျိုးထက် သူများအကျိုးကိုငဲ့နေတဲ့အတွက် ပိုပြီးကြီးထွားသွားကြတယ်၊ သူများအကျိုးအတွက် ငဲ့နေတိုင်း ကောင်းတာလည်းရှိသလို ဆိုးတာလည်းရှိတယ်၊ ဒါကြောင့် ကိုမိုးစွေကို မှန်တဲ့အတိုင်း ပြောပြလိုက်ရင် ဆိုးဝါးလာမယ့်အခြေအနေကို ထိန်းသိမ်းနိုင်မယ့်အပြင် ဒေါက်တာ့ရင်ထဲက စစ်မှန်တဲ့စေတနာတွေကိုလည်း သိရှိသွားလိမ့်မယ်"

"ဇာလီတော့ ထူပူနေလို့ ဒီကိစ္စကို အစ်ကိုကပဲ တာဝန်ယူဆောင်ရွက်ပေးစေချင်တယ်၊ အခုလောလောဆယ်မှာလည်း ဇာလီတို့မိသားစုမှာ တကယ့်ကို စိတ်မချမ်းမြေ့စရာအဖြစ်နဲ့ ရင်ဆိုင်နေရတယ်"

"ဘယ်လိုများလဲ ဒေါက်တာရယ်၊ ကျွန်တော် ကူညီနိုင်တဲ့ အခြေအနေမျိုးဆိုရင် ကျွန်တော် ကူညီပါ့မယ်"

"ဘယ်လိုမှ ကူညီနိုင်မှာ မဟုတ်ပါဘူးလေ၊ သေခြင်းတရားကို မြတ်စွာဘုရားသော်မှ ရှောင်လွှဲနိုင်တာမှ မဟုတ်ဘဲ၊ ကိုကိုနဲ့ စံပယ်မြိုင်တို့ရဲ့ သားဦးလေးဟာ အတော့်ကို မမာမကျန်း ဖြစ်နေတယ်၊ စံပယ်မြိုင်လည်း ကလေးအတွက်နဲ့ မျက်ရည်နဲ့





မျက်ခွက်ဖြစ်နေရှာတယ်"

"အို ‥ စိတ်မကောင်းစရာပဲဒေါက်တာရယ်၊ ဒါကြောင့် ဒေါက်တာစံပယ်မြိုင်ကို မတွေ့မိတာကိုး၊ စပ်စုတယ်မထင်ပါနဲ့ ဒေါက်တာရယ်၊ ဒီကိစ္စကို ဆရာဝန်ကြီးဦးမိုးမှောင် သိမှာပေါ့နော်"

"သိရုံဘယ်ကမလဲရှင်၊ သူ့မြေးလေးကို မွေးတယ်ဆိုကတည်းက ကျွန်မတို့မမြင်ရအောင် တိတ်တိတ်ပုန်းလာလာပြီး ချောင်းကြည့်နေတယ်လေ၊ သမီးကိုလည်း အသက်လောက်ချစ်တော့ မြေးကလေးဆို ပြောစရာမရှိတော့ဘူး၊ အခုလည်း ကလေးက အသည်းအသန်ဖြစ်ပြီး နေမကောင်းဖြစ်နေလို့ နေ့မအိပ် ညမအိပ် ကုသပေးမယ့် ကလေးရဲ့ကံက ဒီမျှလောက်ပဲ ပါလာတယ်ထင်ပါရဲ့၊ အခြေအနေက တိုးတက်မလာဘဲ တဖြည်းဖြည်း လက်လွှတ်ရတော့မလို ဖြစ်နေတယ်၊ ဒီသတင်းကို ဘဘကြီးက သိနေတယ်၊ သမီးကိုလည်းချစ်တော့ သူ့သမီး စိတ်သောက ရောက်နေတာကို မကြည့်ရက်ဘူးဖြစ်နေတယ်၊ မြေးကလေးကို မသေစေချင်ရှာဘူး၊ ဆရာဝန်လက်လျှော့ပြီး သေတော့မယ့်ဆဲဆဲ မြေးကလေးကို ရိုးရိုးရောဂါနဲ့ အသေမခံနိုင်ဘူး၊ ငါကိုယ်တိုင် သတ်ပြီး ပူပူနွေးနွေးမှာ အသက်ပြန်သွင်းပေးမယ်လို့ ခြိမ်းခြောက် စိန်တိုးကို ပြောလိုက်တယ်လေ၊ ဒါကြောင့် ဖေဖေနဲ့ ကိုကိုတို့



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းချင်းရိုက်နေကြတာပေါ့''

''ဟာ . . . ကြားရတဲ့သတင်းက တကယ့်ကို အံ့သြစရာပါလား ဒေါက်တာရယ်၊ ဒါဖြင့်ရင် ကလေးကို သူ့ဆီကိုပို့ပေးရမှာပေါ့''

''ဟင့်အင်း . . . သူကိုယ်တိုင် ဒီဆေးတိုက်ကိုလာယူမှာ''

''ဟင်''

''ဟုတ်တယ် အစ်ကို၊ ကလေးကို သူ့ဆီသွားပို့လို့လည်း မဖြစ်ဘူးလေ၊ စံပယ်မြိုင်က သူ့သားအနီးမှာ အချိန်ပြည့်ရှိနေတာမဟုတ်လား၊ စံပယ်မြိုင်က ဘဘကြီးကို သေပြီလို့သိထားတယ်၊ ပြီးတော့ သူ့ကလေးကိုသတ်ပြီး အသက်ပြန်သွင်းမယ်ဆိုတာကိုလည်း ဘယ်လိုမှ လက်ခံမှာမဟုတ်ဘူး၊ အဲဒီလို ဘဘကြီးကို ဖျောင်းဖျလိုက်ရင် သူ့ကိုဆန့်ကျင်တယ်, အယုံအကြည်မရှိဘူးလို့ အထင်ခံရမှာလည်း စိုးရိမ်တဲ့အတွက် အခက်တွေ့နေတာပေါ့''

''ဒါကြောင့် ဒီရက်ပိုင်းအတွင်း ဒေါက်တာတို့တွေ မျက်စိမျက်နှာ မကောင်းဖြစ်နေတာကို''

''ဘယ်လိုလုပ် ကောင်းနိုင်ပါ့မလဲလေ၊ ဒီကြားထဲ မနေ့ညက ဘာရယ်မဟုတ်ဘဲ အစ်ကိုနဲ့ စကားလက်ဆုံကျမိတဲ့အခါ





ဘဘကြီးရဲ့သတင်းကို အစ်ကို့ဆီက ကြားရပြန်တော့ ဇာလီတို့တွေ အတော်ပဲ စိတ်မချမ်းမသာဖြစ်ရတယ်၊ ရှေ့အဖို့ ဘယ်လိုပြဿနာမျိုးတွေ ရင်ဆိုင်ရလိမ့်မယ်ဆိုတာ မတွေးဝံ့အောင်ပါပဲ၊ အခုဆိုရင် ဘဘကြီးက သူ့ဆန္ဒကို အားချင်းလုပ်ကိုင်တော့မယ်၊ ဒီညမှာပဲ သူ့မြေးကိုလာခေါ်မယ်လို့ ခြံစောင့်ဦးစိန်တိုးကို မှာလိုက်ပြီလေ''

''အို . . .''

ကျွန်ုပ်သည် ရုတ်တရက်ပင် အိုင်ယာလန်ထီပေါက်သူကဲ့သို့ ဝမ်းသာပျော်ရွှင်သွားလေ၏။ အကြောင်းအကျိုး တိုက်ဆိုင်လာသည့် ကံကြမ္မာကို အထူးပင် ကျေးဇူးတင်ရပါလိမ့်မည်။ ထိုမျှ အခွင့်အခါကောင်းကို ကျွန်ုပ်အနေဖြင့် ဘယ်လိုမှ လက်လွှတ်ခံ၍မဖြစ်ပါ၊

ကျွန်ုပ်က ဒေါက်တာဇာလီမော် ယုံကြည်မှုရှိစေရန် မည်သို့သောအခက်အခဲမျိုးကိုဖြစ်ပစေ ကိုမိုးစွေနှင့်လက်တွဲပြီး ကူညီဆောင်ရွက်ပေးမည်ဟု ကတိပြုပြောဆိုပြီး ၎င်းတို့ကဲ့သို့ စိတ်ရင်းစေတနာကောင်းမွန်စွာဖြင့် ရိုးသားစွာနေထိုင်သူများအတွက် ဆိုးဝါးသည့်အန္တရာယ်မျိုး ကျရောက်မည်မဟုတ်ကြောင်း နှစ်သိမ့်ပြောဆိုလိုက်၏။

ထိုစကားများကို ကျွန်ုပ်သည် မိမိ၏ စိတ်ရင်းစေတနာ



www.burmeseclassic.com

www.burmeseclassic.com



အမှန်ဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ ကျွန်ုပ်က ဖြစ်နိုင်လျှင် ဆရာဝန်ကြီးဦးမိုးမှောင် ရောက်ရှိလာပါက လှေလာအကဲခတ်ကြည့်ရှုလိုကြောင်း ပြောဆိုရာ သူမကလည်း မည်သို့မည်ပုံ အနေအထားဖြင့် စောင့်ကြည့်ရန်နှင့် ရောက်ရှိလာမည့်အချိန်ကိုလည်း ခန့်မှန်းပြောဆိုလေ၏။

ထိုနေ့ဝတစ်နေ့လုံး ကျွန်ုပ်သည် ဆောင်ရွက်ဖွယ်ကိစ္စများကို အချိန်မဆိုင်းဘဲ အစီအစဉ်တကျ လုပ်ကိုင်တော့၏။ ဌာနအုပ်ကိုမိုးစွေနှင့်လည်း လျှို့ဝှက်စွာတွေ့ဆုံပြီး ကြိုတင်ပြင်ဆင်မှုများကို အသေးစိတ်မှာကြားခဲ့၏။

အချိန်အနည်းငယ်ရသည်နှင့် ကျွန်ုပ်သည် စက်ရှင်မင်းကြီး၏နေအိမ်သို့ သွားရောက်ခဲ့ရာ မြင်လိုက်ရသည့် အခြေအနေကြောင့် မျက်ဝန်းများ ပြူးကျယ်သွားသည်အထိ အံ့သြမိလေ၏။ အိမ်ခြံဝန်းကြီးတစ်ခုလုံးမှာ အကျဉ်းထောင်ကြီးပမာ အစောင့်အကြပ်များဖြင့် တရုန်းရုန်းရှိနေသည်ကို တွေ့ရလေ၏။ ကျွန်ုပ်ကိုမြင်သည်နှင့် မင်းကြီးဦးငွေစိုးနှင့် မိသားစုများက ...

"အောင်မယ်လေး ပျောက်သွားလိုက်တာ ကိုယ်တော်လေးရယ်၊ ကျွန်တော်တို့ကို ပစ်ထားရက်တယ်ဗျာ၊ ကိုယ်တော်လေးမရှိတဲ့အချိန်မှာ ကျုပ်အဖို့ ငရဲပြည်လက်ပစ်ကူးနေရသလိုပဲ"

ဟု မင်းကြီးဦးငွေစိုးက နတ်သံနှော၍ ဆိုလေတော့၏။





ကျွန်ုပ်က အခြေအနေကိုမေးမြန်းရာ ကျွန်ုပ်ထွက်ခွာသွားပြီး နှစ်ရက်မြောက်နေ့ ညဉ့်နက်ပိုင်းအချိန်တွင် သရဲဦးမိုးမှောင် ရောက်ရှိလာကြောင်း၊ ကျွန်ုပ်မှာကြားသည့်အတိုင်း စိမ်းရွှေရွှေအနံ့များရရှိသည်နှင့် အသင့်ဆောင်ထားသည့် သံပရာသီးများကို ရှူရှိုက်သကဲ့သို့ အမူးပြေစေသည့် ဆေးဝါးများကိုလည်း သောက်ကြကြောင်း၊ သံပုံးများခေါက်၊ လက်နက်များကိုင်ပြီး အော်ဟစ်ခုန်ပေါက်ကြကြောင်း၊ ထိုအခါ ၎င်းအနံ့မှာ ပျောက်ကွယ်သွားကြောင်း၊ သို့နှင့် နံနက်လင်းအရုဏ်ချိန်မှာ အဲဒီအနံ့မျိုး ရရှိပြန်ကြောင်း၊ ထိုအချိန်တွင် အစောင့်အချို့မှာ အိပ်ပျော်နေကြပြီး ကျန်သူများမှာလည်း အနည်းငယ်ငိုက်နေသဖြင့် ထိုအနံ့ကိုရှူရှိုက်မိသည်နှင့် အိပ်ပျော်သွားကြကြောင်း၊ မိမိမှာ ညဦးပိုင်းကတည်းက နှစ်ခြိုက်စွာ အိပ်စက်လိုက်သဖြင့် စောစီးစွာ အိပ်ရာနိုးနေသဖြင့် သရဲဦးမိုးမှောင်နှင့် ထိပ်တိုက်ရင်ဆိုင်လိုက်ရကြောင်း၊

ကျွန်ုပ်သည် အခြားသောအခြေအနေမျိုးဖြင့်ဆိုပါက ရင်တစ်ခုလုံးပွင့်ထွက်မတတ် ရယ်မောမိမှာသေချာ၏။ ဒုစရိုက်သမားများကို သေစားရှင်စေ အမိန့်ချမှတ်နိုင်စွမ်းသည့် စက်ရှင်မင်းကြီး၏အဖြစ်မှာ ကလေးငယ်တစ်ဦးက လူကြီးတစ်ဦးကို ဖွင့်ကြားနေသကဲ့သို့ လက်ဟန်ခြေဟန်ဖြင့် ပြောဆိုနေလေ၏။ ထို



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ကို ခာတ်ပုံရိုက် မိတ္တူပွားပြီး ၎င်းအမိန့်ချမှတ်ခဲ့၍ ထောင်တွင်းအကျဉ်းကျနေသည့် ရာဇဝတ်သားများကို ဖြန့်ဝေလိုက်ပါက စက်ရှင်မင်းကြီးသည် တကယ့်မျောက်ဖိုးစိန်အဖြစ် ထင်ရှားသွားပါလိမ့်မည်။

ထိုညက သူရင်ဆိုင်ခဲ့ရသည်မှာလည်း သူပြောသလိုပင် ရဲပြည်၌ လက်ပစ်ကူးခဲ့ရလေ၏။ မနက်လင်းအရုဏ်ရောင်ခြည် မသန်းခင်အချိန်တွင် သရဲဦးမိုးမှောင်သည် အိပ်မွေ့ချဆေးအနံ့များကို အသုံးပြု၍ နောက်တစ်ကြိမ်ရောက်ရှိလာရာ စက်ရှင်မင်းကြီးနှင့် ထိပ်တိုက်တွေ့ဆုံတော့၏။ ထိုအချိန်တွင် အစောင့်များမှာ အတုံးအရုံး အိပ်ပျော်နေကြပြီ။ မင်းကြီးဦးငွေစိုးမှာ သူ၏အခန်းပြတင်းဝမှ အခြေအနေအားလုံးကို တွေ့မြင်နေရသဖြင့် သည်းခြေပျက်မတတ် ကြောက်လန့်နေလေ၏။

သူသည် အသားများ တဆတ်ဆတ်တုန်ယင်လျက် လွန်စွာပြင်းထန်သည့် ကြောက်စိတ်ကြောင့် သူ့ကိုယ်အတွင်းက အာရုံကြောများမှာ ထိန်းချုပ်နိုင်စွမ်းမဲ့သွားပြီး သတိလက်လွတ်ဖြစ်ကုန်ကြ၏။

ဆီးများ၊ ဝမ်းများ ထွက်ကျသည်အထိ သတိလက်လွတ်ဖြစ်သွားတော့၏။ သရဲဦးမိုးမှောင်၏ အစွမ်းသတ္တိမှာလည်း ကြောက်ခမန်းလိလိပင် ဖြစ်သည်။ သရဲကြီးသည် ကြောက်မက်





ဖွယ်အသွင်အပြင်ဖြင့် ခြံဝင်းအတွင်းသို့ ရောက်ရှိလာပြီး အိမ်ကြီးတစ်ခုလုံးကို ဦးခေါင်းကြီးငိုက်စိုက်ငိုက်စိုက်ဖြင့် အကဲခတ်ကြည့်ရှုလေ၏။

ထို့နောက် သူသည် မီးဖိုအနီးတွင် အလဲလဲအပြိုပြို အိပ်ပျော်နေကြသည့် ခြံစောင့် ဂေါ်ရာပုလိပ်များအနီးတွင် ဟိုသည်လျှောက်နေလျက်က ၎င်းတို့ကို သေချာစွာစူးစိုက်ကြည့်ပြီးနောက် ၎င်းတို့၏ အဝတ်အစားများကို ဆွဲချွတ်လေတော့၏။ ထိုမြင်ကွင်းကိုကြည့်နေရင်းက မင်းကြီးဦးငွေစိုးသည် အကြောက်လွန်လျက် အော်ဟစ်ခုန်ပေါက်နေလေရာ အစောင့်များမှာ အိပ်မောကျနေပြီဖြစ်၍ သူ၏အသံကို မည်သူမျှ ကြားနိုင်စွမ်းမရှိတော့ပေ။

သရဲကြီးက ပုလိပ်များ၏အဝတ်မ¸ားကို ချွတ်ယူပြီး ထိုအဝတ်များကို အနီးရှိ ဝါးရုံပင်ကြီး၏အမြင့်သို့ ပစ်တင်လိုက်ပြီး အဝတ်ဗလာဖြစ်သွားကြသည့် ပုလိပ်များကိုကြည့်၍ သဘောကျစွာဖြင့် သူ၏ဦးခေါင်းကို တညိတ်ညိတ်ဖြင့် ဘယ်ညာခါယမ်းလိုက်လေ၏။

စက်ရှင်မင်းကြီးက ထိုလူများကို သရဲကြီးက အဆုံးစီရင်လိမ့်မည်ဟု ထင်မှတ်ထားခဲ့၏။ သို့သော် သရဲကြီးမှာ အနည်းငယ်မျှပင် ရန်ရှာခြင်းမပြုဘဲ ထိုသူများကို တစ်ဦးနှင့်တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



အနွေးဓာတ်ရရှိစေရန် ဗလာကျင်းနေသည့် သူတို့၏ခန္ဓာကိုယ်ကို တစ်ဦးနှင့်တစ်ဦး ပူးကပ်ထားလိုက်ပြီး အိမ်ကြီးဆီသို့ ထွက်လာခဲ့၏။

မင်းကြီးဦးငွေစိုးသည့် မကြာမီရောက်ရှိလာတော့မည့် သရဲကြီးကို ရင်မဆိုင်ဝံ့၍ အခန်းတွင်း၌ ကဆုန်ပေါက်နေတော့၏။ အခန်းတံခါးဖွင့်၍ အော်ဟစ်အကူအညီတောင်းပါကလည်း မည်သို့မျှ အကြောင်းထူးမည်မဟုတ်သဖြင့် သူသည် အခန်းတွင်း၌ အသံမြည်နိုင်သည့်ပစ္စည်းများကို ရှာဖွေပြီး တီးခတ်ခြောက်လှန့်လေ၏။

အလွယ်တကူတွေ့ရှိရသည့် အရာများမှာ သူ လွန်စွာနှစ်သက်၍ သောက်သုံးခဲ့သည့် အရက်ပုလင်းခွံများဖြစ်၏။ သူသည် ထိုပုလင်းများကို တစ်လုံးနှင့်တစ်လုံး တဒေါင်ဒေါင်ဖြင့် ရိုက်ခတ်လေရာ အချို့ပုလင်းများမှာ ကွဲကြေကုန်ကြ၏။ အဝတ်အစားများမှာလည်း ချွေးနံ့သေးနံ့များဖြင့် ရွှဲနစ်နံစော်လျက်ရှိသည်ကို သတိမပြုနိုင်ဘဲ ရှိနေတော့၏။

အခန်းတံခါးကိုဖွင့်ရန် အနည်းငယ်မျှ မကြိုးစားဝံ့တော့ပေ။ တံခါးကို အပြင်ဘက်ထပ် အတွင်းတစ်ထပ်ဖြင့် အနိုင်အမာသော့ခတ်ထားခြင်းဖြစ်သည်။ ထိုသို့ရှိနေစဉ်မှာပဲ သရဲကြီးက ယခင်ရောက်ရှိလာသကဲ့သို့ သူ၏အခန်းတံခါးဝတွင် ရပ်တန့်





လိုက်၏။ တံခါးရွက်အပေါ်ပိုင်းမှာ မှန်ဖြစ်၍ အတွင်းမှအခြေအနေကို ကောင်းစွာမြင်တွေ့ရသည်တွင် သရဲကြီး၏ ကြောက်စရာကောင်းသည့် ပုစွန်မျက်လုံးကြီးနှစ်လုံးမှာ အပြင်သို့ အဆမတန်ပြူးထွက်သွားလေ၏။ ထိုမျက်လုံးကြီးဖြင့် အတန်ကြာမျှ စူးစိုက်ကြည့်နေရင်းက သူ၏ဦးခေါင်းကို တဆတ်ဆတ်ညိတ်ရင်း ပြဲကားနေသည့် ပါးစပ်ကြီးဖြင့် ရယ်မောလေတော့၏။

ထိုရယ်သံကြီးကြောင့် မင်းကြီးဦးငွေစိုးမှာ သတိလစ်မေ့မြောသွားမတတ် တုန်လှုပ်ချောက်ချားသွားပြီး ...

"ဟေ့ သရဲဆရာဝန် ... အခုချက်ချင်း ထွက်သွားစမ်း၊ ငါ့တစ်အိမ်လုံးကို အင်မတန်အစွမ်းထက်တဲ့ ဒိဗ္ဗစက္ခုအင်းနဲ့ စီရင်ထားတယ်၊ အတင့်ရဲလှပါလား၊ သင်မသွားဘူးဆိုရင် ဝိဇ္ဇာဖော်ကျို တပသီအတတ်နဲ့ စီရင်ထားတဲ့ ပါဘိုရဲ့ဆရာကိုယ်တော်လေးရဲ့ ဆေးကြိမ်လုံးနဲ့ အရိုက်ခံရမယ်၊ နင် ထွက်သွား ... ထွက်သွားစမ်း"

ဟု၍ ကြိမ်းမောင်းအော်ဟစ်လေရာ ထိုအသံကိုကြားရသည်နှင့် သရဲကြီးမှာ ပို၍ပင် အားပါးတရ ရယ်လေတော့၏။ ထိုစဉ် အခန်းတံခါး၏ အပြင်သော့မှာ ချောက်ခနဲပွင့်သွားပြီး တံခါးရွက်ကိုတွန်းလိုက်သည်ကို တွေ့ရ၏။ သို့သော် အတွင်းမှ သံကြိုးဖြင့် သော့တစ်ထပ်ခတ်ထားသည့်အတွက် တံခါးမှာ



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်မျှသာ ဟသွားလေ၏။

ထိုအဖြစ်ကို မြင်လိုက်ရသည့် မင်းကြီးဦးငွေစိုး၏ ကြိမ်းမောင်းစကားသံများမှာ လွန်ကဲသည့်အကြောက်တရားဖြင့် ပီသခြင်းမရှိဘဲ ဗလုံးဗထွေးဖြစ်နေတော့၏။

သရဲကြီးမှာလည်း တံခါးပွင့်သွားအောင် ထပ်မံကြိုးစားခြင်းမပြုတော့ဘဲ မင်းကြီးဦးငွေစိုး၏အဖြစ်ကိုကြည့်လျက် ရယ်မောနေလေ၏။ ထိုရယ်သံကိုကြားရလေ ကြောက်လန့်လေဖြစ်နေသော မင်းကြီးဦးငွေစိုးမှာ သူ၏အရက်ပုလင်းများကို တဒိုင်းဒိုင်းတီးခတ်ခြင်းဖြင့် ကဆုန်ပေါက်နေလေရာ ပုလင်းများလည်း တစ်လုံးပြီးတစ်လုံး ကွဲကြေသွားပြီး အချိန်ကြာမြင့်လာသည်တွင် မောဟိုက်ပင်ပန်းလာသည့်ကြောင့် နေရာမှ မထနိုင်အောင် နုံးပျော့ခွေသွားတော့၏။

မနက်လင်းအရုဏ် ရောင်ခြည်သန်းလာသည့်အချိန်တွင် သရဲကြီးမှာ သူ၏အသံသြသြကြီးဖြင့် အခန်းအပြင်မှနေ၍ . . .

"အားရတယ် အားရတယ်ဟေ့၊ ခင်ဗျားဟာ တကယ့်မျောက်ဖိုးစိန်ကြီးပဲ၊ မျောက်တွေခုန်ပေါက်တာပဲ မြင်ဖူးတယ်၊ ခင်ဗျားလို မင်းကြီးတစ်ယောက်က ခုလို မျောက်ဖိုးစိန်လို ကတာမျိုးကို ဒီတစ်ခါပဲ မြင်ဖူးသေးတယ်"

ဟူ၍ ပြောဆိုပြီး ထွက်ခွာသွားလေ၏။

◉ စေတနာလွှင်စာပေ ◉



အထက်ပါအဖြစ်အပျက်ကို ကြားသိရသည့် ကျွန်ုပ်အဖို့ ရင်တွင်း၌ လှိုက်၍တက်လာသည့် ရယ်ချင်စိတ်ကို မနည်းမျိုသိပ်ထားရလေ၏။ ၎င်းတို့၏အမြင်မှာ ကျွန်ုပ်သည် အထက်လမ်းဆရာတစ်ဦးကဲ့သို့ ထင်မှတ်ထားသည့်ကြောင့် ဣန္ဒြေသိက္ခာကို ထိန်းသိမ်းနေထိုင်ရသဖြင့် စိတ်လွတ်ကိုယ်လွတ် ရယ်ချင်စိတ်ကို ထိန်းချုပ်ထားရခြင်းဖြစ်သည်။

၎င်းနှင့်အတူ မိသားစုများမှာ ကျွန်ုပ်၏အနီး၌ စုပြုံရောက်ရှိနေကြပြီး အားကိုးတကြီးအမူအရာဖြင့် အမျိုးမျိုး တိုင်တည်ပြောဆိုနေလေရာ ထိုအဖြစ်များကိုနားထောင်ပြီးသည်နှင့် ကျွန်ုပ်က နောင်တွင် ထိုသရဲကြီး၏အန္တရာယ်ကို အနည်းငယ်မျှ စိုးရိမ်စရာမလိုတော့ကြောင်း၊ ၎င်းကို အဆုံးတိုင် နှိမ်နင်းဖမ်းဆီးတော့မည်ဖြစ်ကြောင်း၊ မည်သို့ဖမ်းဆီးချုပ်နှောင်ရမည်ကို စီစဉ်ထားပြီးဖြစ်ကြောင်း ပြောကြားလိုက်ရာ ၎င်းတို့သည် အံ့သြခြင်း၊ မယုံနိုင်ခြင်း၊ ထိတ်လန့်တုန်လှုပ်ခြင်းမျက်ဝန်းများဖြင့် စုပြုံကြည့်ကြလေ၏။

"ကြား . . . ကြားရတဲ့သတင်းက မယုံနိုင်စရာပါလားကိုယ်တော်လေးရယ်၊ တစ္ဆေသရဲဆိုတာကို ဘယ်လိုများ ဖမ်းဆီးမှာလဲ၊ ကိုယ်တော်လေးက လူကိုဖမ်းသလို ဖမ်းမယ်ဆိုတာ မယုံနိုင်စရာပါပဲဗျာ"

◉ စေတနာလွှင်စာပေ ◉

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကျွန်ုပ်မှာ သဘောကျစွာရယ် ...ီး ...

"အခု ကျွန်တော် မင်းကြီးတို့ကို ဒီအခြေ ...သတိ ပေးတာပါ၊ ဒီရက်ပိုင်းအတွင်း ကျွန်တော်ကျင်ငြ ...သိဒ္ဓိ အစွမ်းတွေနဲ့ မနက်ဖြန်ပဲ ခုလို လူတွေကိုဒုက္ခပေးနေတဲ့ ... ဒ် ဖမ်းဆီးပြီး နောက်တစ်ကြိမ် ကြိုးစင်ပို့တော့မယ်"

ထိုအခါ စက်ရှင်မင်းကြီးမှာ ...

"မြတ်စွာဘုရား"

ဟူ၍ အထိတ်တလန့် အော်ဟစ်လိုက်ပြီး ပြူးကျယ် သောမျက်ဝန်းဖြင့် ကျွန်ုပ်ကိုကြည့်နေလေရာ ကျွန်ုပ်လည်း မရိုး မရွဖြစ်လာပြီး ...

"ဒီတစ်ကြိမ်မှာလည်း အဲဒီလောက်ဆိုးသွမ်းတဲ့ သရဲကို မင်းကြီးကိုယ်တိုင် စက်ရှင်တရားရုံးမှာ ကြိုးမိန့်ပြစ်ဒဏ်ချမှတ် ရမယ်"

ဟု ပြောလိုက်သည်နှင့် စက်ရှင်မင်းကြီးသည် ငိုသံကြီး ဖြင့် ...

"မ ... မလုပ်ပါရစေနဲ့ ကိုယ်တော်လေးရယ်၊ ကြားရ ရုံနဲ့ တစ်ကိုယ်လုံး ကြက်သီးထလာပြီး ထပ်ပြီး သေးတွေချေးတွေ ထွက်ကျလာတော့မယ် ထင်တယ်"

ဟု တောင်းပန်ပြောဆိုလေတော့၏။





ကျွန်ုပ်သည် ၎င်းတို့နှင့် အတန်ကြာပြောဆိုပြီး မှောင် ရိပ်မသန်းခင်အချိန်တွင် ဆေးရုံသို့ အရောက်ပြန်ခဲ့၏။ ဆေးရုံသို့ ရောက်သည်နှင့် အခန်းတွင်း၌ လဲလျောင်းအနားယူနေစဉ်မှာပင် ဒေါက်တာမျိုးဆွေသည် ရောက်ရှိလာလေ၏။

ကျွန်ုပ်က ပြုံးရွှင်စွာနှုတ်ဆက်သော်လည်း သူ၏မျက်နှာ မှာ စိုးရိမ်သောကမအေးသော အရိပ်အရောင်များ မှေးယှက်ရစ် သန်းနေသည်ကို ရိပ်မိလိုက်၏။ ကျွန်ုပ်အား သွေးပေါင်ချိန်တိုင်း ခြင်း၊ ဆေးသောက်သုံးသည့် အခြေအနေ မေးမြန်းခြင်း စသဖြင့် သူ၏တာဝန်အတိုင်း မေးမြန်းပြီး နှုတ်ဆက်လျက် အရေးတကြီး ထွက်ခွာသွားလေ၏။

ထိုညပိုင်းတွင် သူတို့၏အမူအရာများမှာ များစွာထူးခြား နေလေ၏။

ဆရာဝန်ကြီးဦးမိုးမောင်၏သမီး ဒေါက်တာစံပယ်မြိုင် ကိုလည်း ညှိုးငယ်သောမျက်နှာဖြင့် တွေ့ရလေ၏။ ၎င်းတို့ရှိရာ အခန်းမှာ ကျွန်ုပ်ရှိရာအခန်းနှင့် တစ်ထပ်တည်းဖြစ်၍ ၎င်းတို့၏ အမူအရာကို ကောင်းစွာအကဲခတ်ကြည့်ရှုနိုင်ခြင်းဖြစ်သည်။

ညစာစားသောက်ပြီးနောက် ကျွန်ုပ်သည် ၎င်းတို့အခန်း အနီးသို့ မယောင်မလည်ဖြင့် ချဉ်းကပ်သွားပြီး အခန်းတွင်းမှ စကားသံများကို နားစွင့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"စံပယ်စိတ်ကို သိပ်ပြီးအပင်ပန်းမခံပါနဲ့ကွယ်၊ ကိုကိုတို့လည်း ကိုယ်တတ်သိနားလည်ထားသလောက် အစွမ်းကုန် ကြိုးစားကုကြတာပဲ၊ သူ့ကုသိုလ်ကံအတိုင်းပေါ့၊ သွေးနုသားနုနဲ့ ဒီလောက် အအိပ်ပျက်အစားပျက် စိတ်ဆင်းရဲမခံပါနဲ့ကွယ်"

ဒေါက်တာအောင်ခန့်သည် စံပယ်မြိုင်၏ပခုံးကို ပွေ့လျက် ဖျောင်းဖျပြောဆိုသော်လည်း စံပယ်မြိုင်မှာ ဖြေမဆည်နိုင်အောင် ခံစားနေရပြီး တရှုပ်ရှုပ်ငိုကြွေးနေရင်းမှ ...

"စံပယ်လည်းသိပါတယ် ကိုကိုရယ်၊ နားလည်ပါတယ်၊ ဒီပြင်လူနာတွေပေါ်မှာ ဆရာဝန်စိတ်ထားနိုင်ပေမယ့် ကိုယ့်ရဲ့သွေးသားဆိုတော့ ဘယ်လိုမှ တင်းလို့မရဘူး"

ဟုပြောကာ ရောဂါတက်၍ အသက်ဖုတ်လှိုက်ရှူနေသော သားကလေးကိုကြည့်ပြီး တဆွေးတည်းဆွေး၍ ဖြစ်နေရာ၏။

ကျွန်ုပ်သည် မနက်ခင်းက ဒေါက်တာဇာလီမော်ပြောပြခဲ့သည့် စကားများကို ပြန်လည်အမှတ်ရပြီး ထိုညကို သတိဝီရိယဖြင့် စောင့်ကြည့်အကဲခတ်ရန် ဆုံးဖြတ်ထားလေရာ ကျွန်ုပ်၏အခန်းသို့ပြန်လာပြီး အိပ်ရာပေါ်တွင် လဲလျောင်းနေလိုက်၏။

သို့နှင့် အချိန်ကား တစ်စတစ်စ ညဉ့်နက်လာလေ၏။ နာရီပြန်နှစ်ချက်လောက်ရှိသောအခါ သုံးထပ်တိုက်ကြီးတစ်ခုလုံး





တွင် တချက်ချက်မြည်နေသော တိုင်ကပ်နာရီချိန်သီးလှုပ်သံမှတစ်ပါး ငြိမ်သက်တိတ်ဆိတ်လျက်ရှိနေတော့၏။

ထိုမျှ တိတ်ဆိတ်ငြိမ်သက်စွာရှိနေဆဲ၌ တိုက်ရှေ့ကျောက်လမ်းဆီမှ ကားတစ်စီးထိုးရပ်လိုက်သောအသံကို ကြားလိုက်ရ၏။ ကားစက်သံမှာ မြည်မြဲမြည်နေသောကြောင့် ကားကို ရပ်ပြီး စက်နှိုးထားသည်မှာ သေချာ၏။

ထိုအချိန်တွင် ကျွန်ုပ်သည် ကော်ရစ်ဒါတစ်လျှောက် အမှောင်ရိပ်ခိုလျက် ၎င်းတို့အခန်းအနီးသို့ ရောက်ရှိနေပြီဖြစ်၏။ အခြေအနေကို စောင့်ကြည့်နေစဉ်မှာပဲ ကလေးပုခက်၏ ခေါင်းရင်းဘက်ရှိ မှန်ပြတင်းအထက်တွင် လောင်ပေါက်ထားသော သံဆန်ကာအနီး၌ လင်းနို့တစ်ကောင်သည် တဖျပ်ဖျပ် အတောင်ခတ်၍ တိုးနေသည်ကို တွေ့နေရ၏။

တစ်ချိန်တည်းလိုလိုမှာပဲ ကလိုရိုဖောင်းအနံ့နှင့် ခပ်ဆင်ဆင်တူသော အနံ့တစ်မျိုးကို ရရှိလိုက်လေရာ ကျွန်ုပ်သည် ထိုအနံ့ကြောင့် မူးဝေသကဲ့သို့ ခံစားလိုက်ရသဖြင့် အသင့်ယူဆောင်လာသော သံပရာသီးကို ပွတ်ခြေလျက် အားပါးတရ ရှူရှိုက်လိုက်တော့မှ အနည်းငယ်သက်သာသွား၏။

ဒေါက်တာအောင်ခန့်နှင့် စံပယ်မြိုင်မှာ ကလေးအနီး တွင်ရှိနေလျက် ငိုက်မြည်းနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုခဏ၌ မှန်ပြတင်းတွင် မည်းမည်းအရိပ်ကြီးတစ်ခု ဖြတ်ကူးသွားသည်ကို မြင်လိုက်ရ၏။ ထိုအချိန်တွင် ကျွန်ုပ်သည် အခန်းတံခါးဝအနီး ရောက်ရှိနေပြီဖြစ်ရာ မှန်ပြတင်းနှင့်တည့်တည့်နေရာတွင် ထိုမည်းမည်းအရိပ်ကြီး လာ၍ရပ်နေသည်ကို တွေ့ရလေ၏။

အရိပ်ကြီးသည် မဟာတဟာစေ့ထားသော မှန်ပြတင်းကို ဖြည်းညင်းစွာဖွင့်လျက် အခန်းထဲသို့ ပေါ့ပါးစွာ ခုန်ချလိုက်သည်တွင် ထိုအရိပ်ကြီးမှာ အဝတ်နက်ခြုံထားသော လူကြီးတစ်ယောက်ဖြစ်နေကြောင်း သိရပြီးလျှင် ထိုလူကြီး၏မျက်နှာမှာလည်း အထူးပင် စက်ဆုပ်ရွံရှာ ကြောက်စရာကောင်းလှပေ၏။

ဝက်ဖြူ၏အမွေးကဲ့သို့ ခပ်ကျဲကျဲထောင်နေသော ဆံပင်မွေး၊ နှုတ်ခမ်းမွေး၊ မျက်ခုံးမွေးများမှာ ရွံရှာဖွယ်ကောင်းလှ၏။ မျက်ခွံ၏အပြင်သို့ ပုစွန်မျက်လုံးပမာ ပြူးထွက်လျက်ရှိသော မျက်လုံး၊ ဖုထွက်နေသောနှာခေါင်း၊ အဆမတန် ထူအမ်းပြဲကျယ်နေသော ပါးစပ်နှင့် အကြည့်ရဆိုးလှသော မျက်နှာကြီးမှာ လိပ်ခေါင်းပမာ ရှည်ထွက်နေသောလည်ပင်း၏အထက်တွင် ကြောက်မက်ဖွယ်ရာ တည်ရှိနေပြီး ကျောပေါ်တွင်လည်း ဘုကြီးတစ်လုံးကို တပ်ထားသကဲ့သို့ ကျောကြီးကုန်းနေလေ၏။

ထိုလူကြီးသည် ဆရာဝန်ကြီးဦးမိုးမှောင် ဖြစ်နေသည်





ကို အထူးရှင်းပြရန် လိုမည်မထင်တော့ပေ။

သူသည် ပုခက်အတွင်းမှ ကလေးကို တစ်ဆက်တည်း ပွေ့ယူလိုက်သည်နှင့် တစ်ပြိုင်တည်း ကလေးကယည်း အံ့ခနဲ အသံထွက်ပေါ်သွားလေရာ စံပယ်မြိုင်မှာ လန့်နိုးသွားပြီး "အမယ်လေး သရဲကြီး" ဟု လန့်အော်ပြီး မေ့လဲသွားတော့၏။

ထိုအချိန်တွင် ကျွန်ုပ်လည်း အခန်းအတွင်းသို့ ရောက်ရှိသွားရာ ဒေါက်တာအောင်ခန့်မှာ ကျွန်ုပ်ကိုမြင်၍ အားကိုးတကြီးဖြင့် ...

"အစ်ကို ကျွန်တော့်ဇနီးကို ခဏလောက်ထိန်းထားပေးပါ၊ ကျွန်တော် သူသတိပြန်ရအောင် ဆေးသွားယူချင်လို့"

ဟု ပြောလေရာ ကျွန်ုပ်က အလောတကြီးအမူအရာဖြင့် ...

"ခုနက မည်းမည်းအရိပ်ကြီးတစ်ခုကို တွေ့လိုက်လို့ စိုးရိမ်ပြီး ကျွန်တော်ရောက်လာတာ၊ ဒေါက်တာ့ရဲ့ကလေးကို အဲဒီမည်းမည်းသတ္တဝါကြီး ယူသွားပြီမဟုတ်လား"

ဟု ပြောလိုက်သည့်အခါ ဒေါက်တာအောင်ခန့်သည် ပင့်သက်ကို လေးပင်စွာရှိုက်လျက် ...

"ဒီအကြောင်းတွေကို နောက်တော့ အစ်ကိုသိရမှာပါ၊ လောလောဆယ် ကျွန်တော့်ဇနီးသတိပြန်ရဖို့ ကျွန်တော့်ကိုကူညီ

www.burmeseclassic.com

www.burmeseclassic.com



ပါ''

ဟုပြောပြီး စံပယ်မြိုင်ကို ကျွန်တော့်အားစောင့်ကြည့်စေလျက် ဆေးအိတ်ယူရန် ထွက်ခွာသွားလေ၏။

ထိုအချိန်မှာပဲ ဂူးခနဲထိုးထွက်သွားသော ကားသံကို ကြားလိုက်ရ၏။

မကြာခင်မှာပဲ ဒေါက်တာအောင်ခန့်နှင့်အတူ သူ၏ဖခင်နှင့် ဒေါက်တာဇာလီမော်တို့ ညှိုးငယ်သောမျက်နှာဖြင့် လိုက်ပါလာလေ၏။ စံပယ်မြိုင်မှာ အချိန်အနည်းငယ်အတွင်း သတိပြန်လည်ရရှိသည်နှင့် ဆတ်ခနဲထ၍ ထိုင်လိုက်ပြီး ...

''အမလေး ကယ်ကြပါဦး၊ ကျွန်မကလေးကို သရဲကြီးယူပြေးပြီ၊ ကလေးတော့ ခုနှယ် သေများနေပြီလား မပြောတတ်ဘူး၊ ကယ်ကြပါဦး''

ဟုပြောကာ ရင်ပတ်စည်တီး အရူးမီးဝိုင်းဖြစ်နေရှာ၏။

ဒေါက်တာအောင်ခန့်ကလည်း ဖေးဖေးမမ ပြုစုနေရင်း

''စံပယ် သတိထားပါကွယ်၊ ကိုယ့်ကိုယ်ကို ညှင်းဆဲမနေပါနဲ့၊ သားလေးဟာ နောက်ဆုံးအခြေအနေရောက်နေပြီဆိုတာလည်း စံပယ်သိသားပဲ၊ သတိထားမှပေါ့''

''အို ... ဘယ်လိုအခြေအနေမျိုးဖြစ်ဖြစ်ပေါ့ ကိုကိုရယ်၊ ကိုယ့်မျက်စိအောက်မှာ ရှိနေရမှာပေါ့၊ အခုတော့ သေခါနီးဆဲဆဲ





ကလေးကို သရဲဆွဲသွားတာ ဘယ်လောက်ရင်နာစရာကောင်းလိုက်သလဲ၊ လိုက်ရှာကြပါဦး ကိုကိုရယ်၊ အလောင်းကလေးဖြစ်ဖြစ်တော့ ပြန်တွေ့ပါရစေ၊ မတွေ့ရရင် ကျွန်မ ရင်ကွဲသေရပါလိမ့်မယ်''

ဟု အလူးအလဲပြောဆိုရင်း ငိုနေပြန်တော့၏။

စံပယ်မြိုင်၏အဖြစ်ကိုကြည့်၍ ကျန်လူများမှာလည်း မျက်နှာညှိုးငယ်လျက် မည်သို့ဖျောင်းဖျပြောဆိုရမှန်းမသိ ဖြစ်နေကြ၏။ ဒေါက်တာမျိုးဆွေမှာ ပို၍ပင် စိတ်နှလုံးမသာမယာဖြစ်နေပုံရ၏။ သူသည် မျက်နှာကို အောက်ငုံ့လျက် မျက်မှောင်ကြုတ်ရင်း တစ်စုံတစ်ရာကို လေးနက်စွာတွေးနေလေရာ စံပယ်မြိုင်မှာ သူမ၏ခင်ပွန်းကို ပြောဆိုလျက်က ဒေါက်တာမျိုးဆွေလက်မောင်းကို ဖက်တွယ်လိုက်ပြီး သူမ၏သားကို ရှာဖွေပေးရန် ငိုယိုပြောဆိုပြန်၏။

ထိုအခါ သူသည် ချွေးမဖြစ်သူကို သနားကြင်နာစွာ ကြည့်လျက် တစ်စုံတစ်ခုကိုပြောရန် ပြင်လိုက်သော်လည်း ထိုစကားများမှာ လည်ဝသို့အရောက်မှာပဲ တစ်ဆို့သွားသလို ဖြစ်သွားလေ၏။

ထိုမျှရှုပ်ထွေးလွန်းသည့် အခြေအနေမှာ ကြာလေပို၍ဆိုးဝါးလေ ဖြစ်နေတော့၏။ ဒေါက်တာဇာလီမော်သည် ပင်စိက်



www.burmeseclassic.com

www.burmeseclassic.com



ကို ခပ်ပြင်းပြင်းရှိုက်လိုက်ပြီး တစ်စုံတစ်ရာကို ပြတ်သားစွာ ဆုံးဖြတ်လိုက်လေ၏။

"စံပယ်တော့ ငိုရတာနဲ့ ကြာရင် အမောဆို့သေတော့မယ်၊ ပြောသင့်ပြောထိုက်တာကို ပြောလိုက်ပါတော့၊ အဖြစ်မှန်ကိုသိလိုက်ရရင် စံပယ် စိတ်ဖြေသာပါလိမ့်မယ်"

ဒေါက်တာအောင်ခန့်ကလည်း ဇနီး၏အဖြစ်ကို မကြည့်ရက်နိုင်တော့သဖြင့် ...

"ဟုတ်ပါတယ် ဖေဖေ၊ စံပယ်သိသင့်တာ ကြာပါပြီ၊ ဒီအခြေအနေမျိုးမှာ မပြောရင် မဖြစ်တော့ဘူး"

ဟု သူ၏ဖခင်ကို တိုက်တွန်းပြောဆိုလေရာ ဒေါက်တာမျိုးဆွေလည်း ချွေးတို့ဖြင့်စိုရွှဲနေသည့် သူ၏မျက်နှာကို လက်ကိုင်ပဝါဖြင့် ပွတ်သုတ်လိုက်ပြီး ...

"မငိုပါနဲ့တော့ သမီးရယ်၊ ဖေဖေ ပြောပြပါ့မယ်၊ အခုသမီးကလေးကို ယူသွားတာ သရဲမဟုတ်ဘူး၊ ကလေးမသေအောင် အသက်ပြန်ဆက်ပေးမလို့ ယူသွားတာပါ"

ဟု ပြောလိုက်သည်နှင့် စံပယ်မြိုင်မှာ ပါးစပ်ကလေးဟလျက် တအံ့တသြဖြစ်သွားတော့၏။

ထို့နောက်ပိုင်း ပြောဆိုကြသည့် စကားများကို ကျွန်ုပ်ကြားသိခြင်း မရှိတော့ပါ။ အကြောင်းကား ကျွန်ုပ်သည် ညွှ





သူစိမ်းဖြစ်၍ တစ်ပါးသူ၏ မိသားစုအတွင်းရေးကိစ္စများ ပြောဆိုနေကြသည်ကို အလိုက်တသိ ရှောင်ထွက်ခဲ့၍ဖြစ်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

## မရဏကျိန်စာ

ထိုညက ကျွန်ုပ်သည် မနက်မိုးလင်းသည့်တိုင်အောင် တစ်မှေးမျှ အိပ်စက်ခြင်းမပြုဘဲ **နောက်တစ်**နေ့တွင် ဆောင်ရွက်ရမည့် အစီအစဉ်များကို တွေးတောပုံဖော်နေမိသည်။

အထူးသဖြင့် ဥပဒေလမ်းကြောင်းအရ ဆောင်ရွက်ရာတွင် ရှိးသားသည့်လူပုဂ္ဂိုလ်များကို ထိခိုက်နစ်နာမှုမရှိစေရန် ကိုင်တွယ်ဆောင်ရွက်နိုင်ရေးအတွက် ဖြစ်သည်။

ဒေါက်တာမျိုးဆွေတို့မိသားစုကို လူဆိုးအားပေးသည်





ဟု အမှုမရောက်စေခြင်းငှာ ဌာနအုပ်ကိုမိုးဇွေနှင့်တိုင်ပင်ပြီး ကာကွယ်လျှို့ဝှက်ထားရမည်ဖြစ်သည်။

အများ၏အမြင်တွင် အိမ်ပျက်ကြီးပေါ်က လူဆိုးနှစ်ယောက်ကို မသင်္ကာသဖြင့် ဝင်ရောက်ဖမ်းဆီးသည်ဟု အစီရင်ခံစာတွင် ဖော်ပြရန် ကျွန်ုပ်နှင့် ကိုမိုးဇွေတို့ ညှိနှိုင်းဆုံးဖြတ်ထားကြ၏။

ဖြစ်စဉ်တစ်ခုလုံးကို ကျွန်ုပ်တို့နှစ်ဦးသာလျှင် သိရှိထားသဖြင့် အကောင်းဆုံးနှင့် အထိရောက်ဆုံး နည်းလမ်းများကို ကြိုတင်စိတ်ကူးစီစဉ်ထားလေ၏။

ကိုမိုးဇွေကား သူငြိုးထားသော လူဆိုးကြီးကို လက်ရဖမ်းဆီးနိုင်တော့မည်ဖြစ်၍ တရှုရှု အူမြူးနေတော့၏။ ကျွန်ုပ်တို့အပေါ် ကျရောက်လာမည့် အန္တရာယ်ကိုလည်း ကာကွယ်နိုင်ရေးအတွက် တိုင်ပင်ဆွေးနွေးကြရ၏။

ထိုအန္တရာယ်မှာ ဦးမိုးမောင်၏ ထက်မြက်လှသော သေမင်းရောင်ခြည်ပင်ဖြစ်သည်။

ကျွန်ုပ်နှင့် ကိုမိုးဇွေတို့ဦးဆောင်သော လူအင်အားမှာ ဆယ့်ငါးယောက်ခန့်ရှိသည်။ ကိုမိုးဇွေနှင့်တကွ အင်စပက်တော်တစ်ယောက်နှင့် ရာဇဝတ်အုပ်သုံးယောက်မှာ ခြောက်လုံးပြူး ကိုယ်စီ ကိုင်ဆောင်ထားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့၏ အစီအစဉ်မှာ နောက်ပါလူအနည်းငယ်နှင့် အိမ်ကြီးအတွင်းသို့ လျှို့ဝှက်မြေဥမင်လမ်းမှဝင်၍ အခြေအနေကို ကြည့်ရှုရန်၊ အခြားနောက်လိုက်ရဲများနှင့် ရဲအရာရှိများကို အိမ်ရှေ့တံခါးမှ အသံပြု၍ ဝင်ရောက်ရှာဖွေစေရန်၊ အကယ်၍ ဦးမိုးမှောင်က ရှေ့ပေါက်မှဝင်လာသူများကို ရန်မူခဲ့ပါက ကျွန်ုပ်တို့က ၎င်း၏နောက်မှနေ၍ သေနတ်နှင့် ခြိမ်းခြောက်ဖမ်းဆီးရန်ဟူ၍ ဖြစ်သည်။

ကျွန်ုပ်တို့လူစုသည် ခြံဝင်းကြီးအတွင်းရှိ ချုံကြိုချုံကြားများတွင် ဝင်ရောက်ပုန်းခိုပြီး စောင့်ကြည့်နေစဉ်မှာပဲ ထူးခြားမှုတစ်ခုကို တွေ့လိုက်ရ၏။ ထိုမြင်ကွင်းကြောင့် ဌာနအုပ်ကိုမိုးဆွေမှာ တအံ့တဩဖြစ်သွားလေ၏။

ကျွန်ုပ်က ဆန္ဒမစောရန်နှင့် အခြေအနေကိုစောင့်ကြည့်ရန် ညွှန်ကြားပြောဆိုလိုက်ရ၏။ ထိုမြင်ကွင်းမှာ ရှမ်းအဘိုးအိုတစ်ဦးကဲ့သို့ ဟန်ဆောင်ရုပ်ဖျက်ထားသည့် ဦးစိန်တိုးကြီးသည် မြေဥမင်လမ်း၏ထွက်ပေါက်ဖြစ်သော နဘူးချုံကြီးအောက်မှ ပျာယီးပျာယာအမူအရာဖြင့် ထွက်လာသည်ကို မြင်လိုက်ရခြင်းဖြစ်သည်။

ထိုအခြေအနေမှာ ကျွန်ုပ်တို့အတွက် အခွင့်အခါကောင်းပင်ဖြစ်သည်။

◉ စေတနာလွှင်စာပေ ◉



"ကဲ ကိုမိုးဆွေ . . . ကံကြမ္မာကတော့ ကျုပ်တို့ကို မျက်နှာသာပေးလိုက်ပြီ၊ အိမ်ထဲမှာ အဘိုးကြီးတစ်ယောက်တည်းပဲ ရှိလိမ့်မယ်၊ ကျုပ်နဲ့ ခင်ဗျား ဒီဥမင်လမ်းအတိုင်း ဝင်ရောက်ပြီး အဘိုးကြီးအခြေအနေကို အကဲခတ်ရအောင်၊ ကျုပ်တို့ အထဲဝင်နေတုန်း ခင်ဗျားလူတွေကို သတိဝီရိယနဲ့စောင့်ကြည့်ဖို့ ပြောထားပါ၊ တကယ်လို့ မလွယ်ပေါက်က တစ်ယောက်ယောက်ဝင်လာရင် မဝင်နိုင်အောင်စောင့်ဖမ်းဖို့ ပြောထားပါ၊ နဘူးချုံထဲမှာ ပုလိပ်နှစ်ယောက်လောက်ကို အစောင့်ချထားရမယ်"

ကိုမိုးဆွေမှာ ကျွန်ုပ်၏အစီအစဉ်အတိုင်း သူ၏လူများကို စီမံခန့်ခွဲလိုက်လေ၏။

ကျွန်ုပ်တို့သည် မလွယ်တံခါးမှဝင်၍ မြေဥမင်လမ်းမှ တဖြည်းဖြည်း စမ်းသပ်၍ဝင်သွားကြရာ ပါစ်ခဏာမျှအကြာတွင် အပေါ်သို့ တဖြည်းဖြည်းမြင့်တက်သွားကာ အုတ်လှေကားထစ်များကို နင်းမိလေ၏။

ထိုလှေကားအတိုင်း ဆယ်ထစ်လောက်လှမ်းမိလျှင် တံခါးရွက်တစ်ခုကို တွေ့လိုက်ရ၏။ တံခါးရွက်ကို ဖြည်းညင်းစွာ တွန်းလိုက်ရ၏။

ထိုတံခါးမှာ တံခါးအစစ်မဟုတ်ဘဲ ဆေးပုလင်းများတင်ထားသော စင်မြင့်ဗီရိုတစ်ခုဖြစ်နေသည်ကို အံ့ဩဖွယ်တွေ့

◉ စေတနာလွှင်စာပေ ◉

www.burmeseclassic.com

www.burmeseclassic.com



ရ၏။

အခန်းထောင့်တွင် ကပ်၍တပ်ဆင်ထားသော သံလှေကားငယ်လေးမှတစ်ဆင့် တက်သွားကြရာ လှေကားဆုံးသည်နှင့် မစေ့တစေ့ အံကျပိတ်ထားသည့် နှစ်ပေပတ်လည်ခန့် ကြမ်းပေါက်တံခါးတစ်ခုကို လက်နှင့်တွန်း၍ မ,တင်လိုက်သောအခါ အပေါ်ထပ်အခန်းတစ်ခန်းသို့ ရောက်ရှိသွားလေ၏။

အောက်မှပင့်တင်လိုက်စဉ်က ကြမ်းပြင်ဟုထင်ရသော်လည်း အပေါ်သို့ရောက်သောအခါ ကြမ်းပြင်နှင့် အသေတွယ်ထားသော ဆိုဖာထိုင်ခုံကြီးတစ်ခု ဖြစ်နေ၏။

အခန်း၏အခြေအနေကို အကဲခတ်ကြည့်ရာ ဆေးဝါး ကိရိယာ အဟောင်းအမြင်းများနှင့် အိမ်အသုံးအဆောင်များ စုရုံးသိုလှောင်ထားသော အခန်းကြီးတစ်ခုဖြစ်နေကြောင်း သိရ၏။

အခန်းပတ်လည်တွင် ဟောင်းနွမ်း၍ မြူမှုန်များ အလိမ်းလိမ်းပေကျံနေသော မှန်ပြတင်းပေါက်များ၊ လေဝင်ပေါက်များနှင့် အပေါက်စေ့တပ်ဆင်ထားသော ထူထဲဟောင်းနွမ်းလှသည့် ခန်းဆီးအစုတ်အဟောင်းများကိုလည်း တွေ့ရလေ၏။

ကျွန်ုပ်တို့လည်း လေးဘက်တွား၍ ပြတင်းပေါက်လေးပေါက်မှ ချောင်းမြောင်းကြည့်ရှုရာ နောက်ဆုံး ကျွန်ုပ်တို့ တွေ့မြင်လိုက်ရသောအရာမှာ ကျွန်ုပ်တို့အလိုရှိခဲ့သော သေရွာပြန်လူဆိုး





ကြီး ဦးမိုးမှောင်ပင် ဖြစ်ပေတော့သတည်း။

ဦးမိုးမှောင်သည် တစ်ဖက်အခန်းတွင်း၌ ဝါယာခတ်ကြိုးအမျိုးမျိုး တပ်ဆင်ထားသော မှန်သေတ္တာရှည်ကလေးတစ်ခုအတွင်းရှိ ကလေးသေအလောင်းကလေးကိုကြည့်ကာ သူ၏ဆိုးဝါးကြောက်မက်ဖွယ်ကောင်းသော မျက်နှာကြီးဖြင့် တောက်တခတ်ခတ် စုတ်တသပ်သပ်လုပ်ကာ တစ်စုံတစ်ရာ အကြံမမြှောက်၍ ခံပြင်းဒေါသဖြစ်လျက် လက်ကြီးကိုနောက်ပစ်၍ အခေါက်ခေါက်အပြန်ပြန် စကြံလျှောက်နေသည်ကို တွေ့မြင်ရလေ၏။

အခန်းကြီးတစ်ခုလုံးမှာလည်း ဆေးခွက်၊ ဓာတ်ခွက်၊ ဖန်ဘူး၊ ဖန်ပုလင်း၊ ဖန်ပြွန်များကို အများအပြား တွေ့ရလေ၏။

မှန်ပြတင်းပေါက်တစ်ခုအနီးတွင်မူကား ဘက်ထရီအားနှင့် ပြုပြင်စီမံထားသည့် လူတစ်ရပ်စာမျှရှိသော ဆပ်ချလိုက်ဓာတ်မီးကြီးတစ်ခုကို တွေ့ရလေ၏။ ကျွန်ုပ်တို့သည် အံ့ဩသည့်မျက်ဝန်းဖြင့် ထိုအရာကြီးကို စူးစိုက်ကြည့်နေမိကြသည်။ ထိုအရာမှာ သေမင်းရောင်ခြည်ခေါ်သည့် လျှပ်စစ်ဓာတ်မှန်ထည့်ထားသော ကိရိယာပင်ဖြစ်သည်။

ဦးမိုးမှောင်ကား သူ၏ လျှို့ဝှက်သောအိမ်ကြီးအတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



သူ့အားရန်ရှာမည့်သူများ ရောက်ရှိနေခြင်းကို အလျှဉ်းရိပ်မိပုံ မရချေ။ သူသည် သူ၏မြေးကလေးကို အသက်သွင်း၍မရသဖြင့် တစ်ဦးဟည်း ကြိတ်မနိုင်ခဲမရ ဖြစ်နေပုံရ၏။

ကျွန်ုပ်တို့လည်း အခြေအနေကို ကောင်းစွာသိရှိလိုက်ပြီဖြစ်၍ ကျန်ရစ်ခဲ့သည့် ပုလိပ်များနှင့် အစီအစဉ်ကို အကွက်ချ၍ အိမ်ကြီးအား ဝင်ရောက်စီးနင်းရန် လာလမ်းအတိုင်း တိတ်တဆိတ် ထွက်ခွာခဲ့ကြ၏။

တိုအချိန်မှာ နေ့လယ်နှစ်နာရီခန့်ဖြစ်ပြီး မိုးအနည်းငယ် အုံ့ဆိုင်းနေလေရာ တောရိပ်တောင်ရိပ် သစ်ပင်များကြောင့် အိမ်ကြီးပတ်ဝန်းကျင်မှာ မည်းမှောင်လို့နေ၏။

ကျွန်ုပ်တို့လည်း အကွက်ချစီစဉ်ထားသည့်အတိုင်း အဝင်တံခါးမကြီးကို တဘုံးဘုံးထုနက်သံပေးပြီး တွန်းဖွင့်လိုက်ရာ လွန်စွာပါးနပ်သည့် ဦးမိုးမှောင်မှာ ထိုခဏမှာပင် ပုလိပ်များရောက်ရှိလာကြောင်း သိရှိသွားပြီး ကျွန်ုပ်တို့ကိုရင်ဆိုင်ရန် ပြင်ဆင်လေတော့၏။

ရုတ်တရက် မှန်ပြတင်းတစ်ချပ်ပွင့်သွားပြီး ဆပ်ချလိုက် မီးရောင်တန်းကြီးတစ်တန်း ဖျတ်ခနဲထွက်ပေါ်လာ၏။ ကျွန်ုပ်တို့လည်း အံ့အားလျက်ရှိနေစဉ်မှာပဲ မလွယ်ပေါက်တံခါးမှတစ်ဆင့် ဝင်ရောက်သွားသည့် အင်စပက်တော်တို့လူစုက ဦးမိုးမှောင်ကို





သေနတ်နှင့်ချိန်ပြီး ဟန့်တားလိုက်လေ၏။

ထို့ကြောင့် ထိုမီးရောင်မှာ လှုပ်ရှားကူးပြောင်းမလာတော့ဘဲ သက်တန့်များကဲ့သို့ တစ်နေရာတည်းတွင် မလှုပ်မယှက် ငြိမ်သက်သွားလေ၏။

ကျွန်ုပ်တို့မှာ အားရဝမ်းသာဖြင့် ခတ်မီးရောင်ကျရာ အလင်းကွက်ကိုကွင်းရှောင်လျက် လှေကားဆီသို့သွားရောက်ရန် ဟန်ပြင်စဉ်မှာပဲ ...

"ကိုမိုးဇွေ ... ကိုမိုးဇွေ ... ရှေ့မတိုးနဲ့ ... ရှေ့မတိုးနဲ့"

ဟု အော်လိုက်သည့် မိန်းမအသံကြောင့် တအံ့တဩဖြင့် နောက်လှည့်ကြည့်လိုက်ရာ အထိတ်တလန့်အမူအရာဖြင့် ရှေ့ဆုံးမှပြေးလာသော ဒေါက်တာဇာလီမော်ကို တွေ့လိုက်ရလေ၏။

သူမ၏နောက်တွင် ခြံစောင့်ကြီးဦးစိန်တိုး၊ ဒေါက်တာမျိုးဆွေ၊ ဒေါက်တာအောင်ခန့်နှင့် မောဟိုက်နွမ်းနယ်နေရှာသည့် စံပယ်မြိုင်တို့ လိုက်ပါလာကြ၏။

ဒေါက်တာဇာလီမော်သည် ကျွန်ုပ်တို့အနီးသို့ ရောက်ရှိလာပြီး ကိုမိုးဇွေ၏လက်ကိုဆွဲကာ ...

"ကိုမိုးဇွေ မသွားနဲ့၊ ဟိုအထဲကို မသွားပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု အတင်းဆွဲခေါ်နေတော့၏။

ဒေါက်တာမျိုးဆွေတို့ လူတစ်စုမှာလည်း ပုလိပ်များကို တစ်လှည့် မီးရောင်ကြီးကိုတစ်လှည့်ကြည့်လျက် တုန်လှုပ်ချောက်ချားနေကြ၏။

ထိုအခိုက်အတန့်မှာပဲ အခြေအနေမှာ ရုတ်တရက် ပြောင်းလဲသွား၏။ စံပယ်မြိုင်သည် သားဇောဖြင့် မည်သူ့ကိုမျှ ဂရုမထားနိုင်ဘဲ ...

"အောင်မယ်လေး ဖေဖေရယ် ... စံပယ့်သားလေးကို သတ်ပစ်လိုက်ပြီလား။ ဖေဖေ့ရဲ့မြေးကလေးကို ရက်ရက်စက်စက် သတ်ပြီးမှ သမီးကိုလည်း ချန်မထားပါနဲ့၊ ဖေဖေ့ဓာတ်ရောင်ခြည်နဲ့ သတ်လိုက်ပါတော့"

ဟု ပြော၍ငိုပြီး မီးရောင်ထဲသို့ ပြေးသွားမည်တကဲကဲ ရှိလေရာ ကျန်သူများမှာ သူမကို မနည်းဆွဲ၍ထားကြရ၏။

ထိုအခိုက်တွင် ဆပ်ချလိုက်မီးရောင်မှာ စံပယ်မြိုင်ကို ရှောင်ရှားလျက် ရွေ့လျားနေလေရာ စံပယ်မြိုင်မှာ မီးရောင်ကျရာဆီသို့ ရှန်းကန်ပြေးထွက်သွားပြီး ...

"သတ်ပါ ဖေဖေရဲ့ ... စံပယ်လည်း မနေပါရစေနဲ့တော့"

ဟု အော်ဟစ်နေတော့၏။





မီးရောင်ကလည်း ရှောင်၍သာ ရွေ့လျားနေလေရာ စံပယ်မြိုင်သာ ကျွန်ုပ်တို့ရှေ့မှ ကန့်လန့်ကန့်လန့်ရှိမနေပါလျှင် ထိုမီးရောင်မှာ ကျွန်ုပ်တို့အား ထိမှန်သွားမှာသေချာ၏။

ထိုအဖြစ်ကိုသိရှိ၍ ကိုမိုးစွေမှာ ဦးမိုးမှောင်အား သေနတ်ဖြင့်ချိန်ရွယ်ထားသော အင်စပက်တော်ကို အော်ဟစ်၍ သတိပေးလိုက်၏။

"ဗျိုး ကိုသိန်းဇော် ... ကြပ်ကြပ်သတိထားဗျို့"

"စိတ်ချ ကိုမိုးစွေ ... သူ့ လျှပ်စစ်ဓာတ်မှန်ကို ကိုင်လိုက်တာနဲ့ တစ်ချက်တည်း ခလုတ်နှိပ်လိုက်မယ်"

ထိုအသံကိုကြားလိုက်သည်နှင့် ဦးမိုးမှောင်သည် မခံမရပ်နိုင်ဖြစ်သွားပုံရ၏။

သူသည် ဒေါသတကြီးလေသံဖြင့် ...

"ဟေ့ ခွေးပုလိပ်တွေ ... နင်တို့ခြောက်လုံးပြူးလောက်ကို ငါ မကြောက်ဘူး၊ ငါက သေလူ ... မထူးဘူး၊ ငါတစ်ယောက်တည်းရဲ့အသက်နဲ့ နင်တို့တစ်ပြုံလုံးရဲ့အသက်ကို လဲနိုင်တယ်"

ဟု ဟစ်အော်ပြောလိုက်သောအခါ အိမ်ကြီးအတွင်း၌ သူ၏အသံကြီးမှာ ပဲ့တင်ထပ်သွားတော့၏။

ထို့နောက် သူသည် ကြေကွဲဆို့နင့်သောလေသံ[illegible] ...



www.burmeseclassic.com

www.burmeseclassic.com



“သမီးရယ် ဖေဖေ့ကို အထင်မလွဲပါနဲ့၊ မြေးကလေးကို အသက်ရှင်စေလိုတဲ့ဆန္ဒနဲ့ ဖေဖေ ကြိုးစားလိုက်တာပါ၊ ဝေဒနာက ကြီးလွန်းတော့ မတတ်နိုင်ဘူးဖြစ်သွားတယ်၊ သေခါနီးဆဲဆဲကလေးမှာ ဖေဖေ သတ်လိုက်မိတာကို ခွင့်လွှတ်ပါသမီးရယ်၊ ဒီတော့ သမီးရှေ့မှာပဲ ဖေဖေလည်းသေတော့မယ်၊ ဒီလောက် အနှောင့်အယှက်တွေများပြီး မုန်းစရာကောင်းတဲ့လူ လူ့လောကကြီးမှာ ဖေဖေ အသက်မရှင်ချင်တော့ဘူး”

ဟု ပြောပြီးသည်နှင့် ဦးမိုးမှောင်သည် သေမင်းရောင်ခြည်မှုန်သားကို ဖျတ်ခနဲဖြုတ်ချလိုက်ရာ စိမ်းစိမ်း ဝါဝါ ပြာပြာ နီနီ အရောင်များ ဖြာထွက်လာပြီး လျှပ်တစ်ပြက်အတွင်းမှာပဲ ဦးမိုးမှောင်၏ခန္ဓာကိုယ်ကြီးမှာ ထိုမီးရောင်များ၏ ရစ်ပတ်ခြင်းကို ခံလိုက်ရပြီး နေရာမှာပင် လဲကျသွားတော့၏။

စက္ကန့်ပိုင်းကလေးအတွင်း၌ ဖြစ်ပျက်သွားသည့် မြင်ကွင်းကို မတုန်မလှုပ် ငေးစိုက်ကြည့်နေရာမှ ထပ်မံဖြစ်ပေါ်လာသည့် အခြေအနေမှာ ပို၍ပင် တုန်လှုပ်ချောက်ချားစရာကောင်းလှ ပေ၏။

ဦးမိုးမှောင် စမ်းသပ်တီထွင်ထားသည့် ကိရိယာများမှာ ၎င်းသေမင်းရောင်ခြည်တပ်ဆင်ထားသည့် ဆင်ချလိုက်မီးအိမ်နှင့် ချိတ်ဆက်ထားသည်ဖြစ်ရာ ထိုပစ္စည်းများမှာ တစ်ခုပြီးတစ်ခု





ပေါက်ကွဲကြပြီး မီးတောက်မီးလျှံများ ကူးစက်လောင်ကျွမ်းသွားခြင်းပင်ဖြစ်သည်။

မီးတောက်မီးလျှံများမှာ အချိန်တစ်ခဏအတွင်း တဟုန်းဟုန်း ကူးစက်လောင်ကျွမ်းလေရာ ထိုမီးတောက်မီးလျှံများကို အနည်းငယ်မျှပင် မသတ်နိုင်တော့ဘဲ ကျွန်ုပ်တို့လူတစ်စုမှာ အလျင်အမြန် ထွက်ပြေးကြရလေ၏။

ကြီးမားသောအိမ်ကြီးမှာ မီးတောက်မီးလျှံများ၏ ဝါးမျိုခြင်းကို မရှုမလှခံနေရသည့် မြင်ကွင်းမှာ လွန်စွာစိတ်မသက်မသာဖွယ် ကောင်းလှပေ၏။

ကျွန်ုပ်တို့အားလုံး ဘေးအန္တရာယ် ကျရောက်ခြင်းမရှိဘဲ စုစည်းမိကြသည်တွင် လူအုပ်စုမှာ သုံးစုကွဲလျက်ဖြစ်သွားလေ၏။ ပထမလူစုမှာ အင်စပက်တော်ရဲအရာရှိနှင့် ၎င်း၏ယေသားများဖြစ်ပြီး ဒုတိယလူတစ်စုမှာ ဒေါက်တာမျိုးဆွေ၊ ဦးစိန်တိုးနှင့် ဒေါက်တာအောင်ခန့်တို့ ဖြစ်သည်၊ ၎င်းတို့နှင့်အတူ အဖေလည်းဆုံး သားလည်းဆုံးနှင့် ယူကျုံးမရဖြစ်နေသော စံပယ်မြိုင်လည်းရှိလေ၏။

ဒေါက်တာအောင်ခန့်သည် သူ၏ဇနီးကို ယုယစွာထွေးပွေ့လျက် နှစ်သိမ့်ဖျောင်းဖျနေ၏။ တတိယလူတစ်စုမှာ ကျွန်ုပ်နှင့် အနီးဆုံးတွင်ရှိနေသော နှစ်ယောက်တည်းသာရှိသည့် လူစု



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ကိုမိုးစွေနှင့် ဒေါက်တာဇာလီမော်တို့ဖြစ်၏။

ဒေါက်တာဇာလီမော်ကို ကိုမိုးစွေက တယုတယပွေ့ဖက်လျက် ...

"ဇာလီဟာ ကိုမိုးစွေကိုမချစ်ဘူးလို့ ထင်ခဲ့မိတာ၊ ခုလိုတကယ့်အရေးကျမှ အသက်ပေးပြီး စောင့်ရှောက်တာတွေ့ရတော့ အရင်ကထက်တောင် ပိုပြီးချစ်သွားပြီ"

"အို ... ဒါဆို ကိုက အရင်တုန်းကတော့ မချစ်ဘူးပေါ့ ... ဒီလိုလား"

"နိုး .. နိုး .. ကိုယ်က အဲဒီသဘောနဲ့ပြောတာမဟုတ်ပါဘူး ဇာလီရယ်၊ အရင်တုန်းကထက် ပိုပြီးလေးနက်သွားဘယ်ဆိုတဲ့ သဘောပါ"

"ဟင့်အင်း ... ဒီလောက်လေးနက်ရုံနဲ့တော့ ဇာလီမကျေနပ်ဘူး"

"ကောင်းပြီလေ၊ ဒီထက်ပိုလေးနက်သွားအောင် ကိုယ်သက်သေပြမယ်၊ ဇာလီ့ကို ပြန်မလွှတ်တော့ဘူး၊ အခုပဲ လူကြီးတွေကိုဖွင့်ပြောပြီး လက်ထပ်တော့မယ်"

"သွား ... ဒီက ဘာများလဲလို့၊ တော်တော်လည်တဲ့လူလည်ကြီး"

သူတို့နှင့်မလှမ်းမကမ်းတွင် ကျွန်ုပ်ရှိနေသည်ကို သူတို့





နှစ်ဦး အနည်းငယ်မျှ ရိပ်မိပုံမရပေ။

ထို့ကြောင့် ကျွန်ုပ်လည်း ထိုနေရာမှထွက်ခွာရန် ချောင်းဟန့်သံပေးလိုက်မှ သူတို့လည်း သတိပြုမိသွားပြီး မျက်ဝန်းကလေးများ ပိုင်းစက်သွားလေ၏။

ကျွန်ုပ်သည် ပြုံးပြနှုတ်ဆက်လျက် နေရာမှထွက်ခွာခဲ့ပြီး မြင်ကွင်းတစ်ခုလုံးအပေါ် လေးလေးနက်နက် တွေးတောနေမိသည်။

လောကကြီးတွင် မဖြစ်နိုင်တာမရှိ၊ မဖြစ်သေးတာပဲရှိတယ်ဟူသော အမိပ္ပာယ်ကို လောကဓာတ်ပညာရှင်ကြီး ဦးမိုးမှောင်သည် ကျွန်ုပ်တို့ကို အထင်အရှား ပြသခဲ့လေ၏။

ဦးမိုးမှောင်ကဲ့သို့ ပညာရှင်ကြီးများသည် ကျွန်ုပ်တို့၏လောကကြီးတွင် အဘယ်မျှပေါ်ထွန်းလာကြလိမ့်မည်ကို ဘယ်သူမှ သိရှိနိုင်မည်မဟုတ်ပေ။

အကယ်၍ ၎င်းပညာရှင်များ ပေါ်ထွန်းလာပါက ကမ္ဘာသူကမ္ဘာသားများ၏အကျိုးကျေးဇူးကို စာနာနားလည်နိုင်စွမ်းသည့် စိတ်ရင်းစေတနာမျိုး ထားရှိနိုင်ပါစေဟု ကျွန်ုပ် လှိုက်လှိုက်လှဲလှဲ ဆုတောင်းလိုက်မိသည်။

ပညာရှင်ကြီးဦးမိုးမှောင်ကဲ့သို့ အဆုံးသတ်နိဂုံးမလှသည့်ဘဝမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ခြင်းမရှိပါစေနှင့်ဟု ဆုတောင်းရင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ထိုနေရာမှ ကျောခိုင်းထွက်ခွာခဲ့တော့၏။

စာဖတ်ပရိသတ်၏ မေတ္တာကိုခံယူလျက်

ကိုတွံ့မ

* * * * * * * * * * * * * * *

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

